www.burmeseclassic.com

# ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ

# မြန်မာ့ဗဟုသုတ ၁၀၀

နန္ဒာမိုးကြယ်
ပြုစုသည်

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်း - ၂၀၁၃ ခုနှစ်၊ မေလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၅၀၀ ကျပ်

အဖုံးဒီဇိုင်း - သန့်ဇော်သစ်

အတွင်းဖလင် - A-7 Group

စာအုပ်ချုပ် - ပန်းဝေဝေ

ထုတ်ဝေသူ - ဦးခင်မောင်ဦး (မြ-၀၄၀၇၃)
မြဝတ်ပန်းရဂုံစာပေ၊
၄၇၃(က)၊ နီလာ(၆)လမ်း၊ (ဝ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်သိန်း (မြ-၀၆၃၈၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၈၀၈.၈၄

နန္ဒာမိုးကြယ်
ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ မြန်မာ့ဗဟုသုတ(၁၀၀) / နန္ဒာမိုးကြယ်။ ရန်ကုန်၊
မြဝတ်ပန်းရဂုံစာပေ၊ ၂၀၁၃။
၁၈၄-စာ၊ ၁၀.၅ × ၁၆.၅ စင်တီ။
(၁) ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ မြန်မာ့ဗဟုသုတ(၁၀၀)

# ခြေခြေမြစ်မြစ်
# နှစ်နှစ်ကာကာ
# မြန်မာ့ဗဟုသုတ [၁၀၀]

## နန္ဒာမိုးကြယ်
ပြုစုသည်

www.burmeseclassic.com

# မာတိကာ


၁။ ကိုလိုနီခေတ်နောက်ပိုင်း မြန်မာစာပေလောကမှာ ဘယ်သူတွေ ဘယ်လိုစာအရေးကောင်းသလဲ ၁

၂။ ကိုးနှဝင်းကို အလေးထားခဲ့တဲ့ ကုန်းဘောင်မင်းဆက်ဆိုတာ ဘယ်သူလဲ ၄

၃။ ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ တပ်တယ်ဆိုတာ ဘယ်ချင်ခြင်းတွေလဲ ၇

၄။ ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ ရှောင်ကြဉ်သင့်တာ ဘာတွေတဲ့လဲ ၁၀

၅။ ကျက်မှတ်ထားသင့်တဲ့ ကမ္ဘာသုံး **Abbreviation** အတိုကောက်ဝေါဟာရတွေ ဆိုတာ ဘာတွေလဲ ၁၄

၆။ ကုန်းဘောင်ခေတ်မှာ အရေးကြီးလေတိုင်း ရွှေဘိုမြို့ကို သွားပြီး ဘယ်မင်းတွေ အောင်မြေနင်းခဲ့ကြသလဲ ၁၈

၇။ ကျီးငှက်တွေဆီမှာ ဘာအတုယူစရာတွေရှိသလဲ ၂၁

၈။ ကျောင်းဝတ်စုံကိစ္စနဲ့ ပတ်သက်လို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သဘောထား ဘယ်လိုရှိသလဲ ၂၅

၉။ ကျောက်ဆင်းတုတော်ကို ပူဇော်လျှင် ခိုက်တတ်သလား ၂၉

၁၀။ ကြိုးစင်ကို မကြောက်တဲ့နယ်ချဲ့တော်လှန်ရေး သားအဖသုံးယောက်ဆိုတာ ဘယ်သူတွေတဲ့လဲ ၃၂

၁၁။ ခုနစ်စဉ်ကြယ်နဲ့ မူ့ဝံကြယ် ဘယ်လိုကွာခြားသလဲ ၃၆

၁၂။ 'ချဉ်ပေါင်မှုက်သည် မောင်မှိုင်းဝတ္ထု' ကို တုပပြီး ဘယ်ဝတ္ထုတွေ ပေါ်ထွက်လာခဲ့သလဲ ၃၉

၁၃။ ဂဠုန်ဦးစောကြိုးပေးမခံရမီ သမီးဘောဘီစောကို စာဘယ်လိုရေးပေးခဲ့သလဲ ၄၂

၁၄။ ဂဠုန်ဦးစောတို့ကို ဘယ်လိုကြိုးပေးခဲ့သလဲ ၄၆

၁၅။ ဂါထာမန္တန်ကိုရွတ်လျှင် အဘယ်ကြောင့် (၃၇) ခေါက် ရွတ်ဆိုရတာတဲ့လဲ ၅၀

၁၆။ ဂီတစာဆိုရွှေတိုင်ညွှန့်ကို ဗိုလ်ချုပ်အောင်ဆန်းက အချက်အလက်တွေ ပေးပြီး ရေးစပ်စေခဲ့တာဘယ်သီချင်းလဲ ၅၅

၁၇။ ဂျပန်ခေတ်မှာ မြန်မာတွေ ဘယ်လိုခါးစည်းပြီး ခံခဲ့ကြရသလဲ ၅၉


www.burmeseclassic.com

www.burmeseclassic.com


၁၈။ ဂျူးဘုရင်ချီးမြှင့်တဲ့ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ပထမဦးဆုံး ချီးမြှင့်ခြင်းခံရတဲ့ လူပုဂ္ဂိုလ်ဆိုတာ ဘယ်သူလဲ ၆၂

၁၉။ စာကောင်းပေမွန်ဖြစ်ဖို့ဆရာကြီးပီမိုးနင်း ဘယ်လိုထောက်ပြဝေဖန်ခဲ့သလဲ ၆၆

၂၀။ စာရေးဆရာကြီး အိပ်ချ်–ဂျီဝဲလ်စ်ကို ဧည့်ခံခဲ့တုန်းက စုပေါင်းဓာတ်ပုံ အရိုက်မခံခဲ့တာ ဘယ်သူလဲ ၆၉

၂၁။ စစ်သူကြီးမဟာဗန္ဓုလကို နယ်ချဲ့အင်္ဂလိပ်တို့ ဘာကြောင့် လေးစားသွားခဲ့ရသလဲ ၇၃

၂၂။ စစ်ပြီးခေတ်ကာလမှာ ဘယ်သူတွေက ဘယ်စကားလုံးသစ်တွေ တီထွင်ခဲ့သလဲ ၇၆

၂၃။ ဆရာကြီးပီမိုးနင်းက 'အယ်ဒီတာ' ဆိုတာကို ဘယ်လိုဖွင့်ဆိုခဲ့သလဲ ၇၉

၂၄။ ဆရာကြီးရွှေဥဒေါင်းကို ဘာကြောင့် ဘာသာပြန်ဆရာတို့ရဲ့ ဖခင်လို့ခေါ်ကြတာလဲ ၈၃

၂၅။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဋီကာမှာ ဘာထူးခြားချက်တွေ တွေ့နိုင်သလဲ ၈၇

၂၆။ ဆရာစံကို ဘယ်လို ကြိုးပေးခဲ့ကြသလဲ ၉၁

၂၇။ ဆဋ္ဌသင်္ဂါယနာရဲ့ ဖွားဖက်တော်ဆိုတာ ဘယ်ဆရာတော်တဲ့လဲ ၉၅

၂၈။ ဆရာတော်ဦးဝိစာရ ရုပ်တု ကျောက်တိုင်ဖွင့်ပွဲမှာ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ပြီး ဘာတွေပြောခဲ့သလဲ ၉၉

၂၉။ ဆိုင်းလောကမှာ ဝင်လယ်ရပ်ခြား တိုင်းတစ်ပါးကို ပထမဦးဆုံးသွားရောက်ခဲ့တဲ့ ဆိုင်းဆရာဆိုတာ ဘယ်သူလဲ ၁၀၃

၃၀။ 'တပည့်' နဲ့ 'တပြည့်' ဘယ်လို ကွာခြားသလဲ ၁၀၆

၃၁။ တောင်ငူကို ဘယ်မင်းတွေ စိုးစံခဲ့သလဲ ၁၁၀

၃၂။ နယ်ချဲ့အင်္ဂလိပ်လက်အောက်မှာ အပြင်းအထန် ပုန်ကန်ခဲ့ကြတဲ့ခေါင်းဆောင်တွေဆိုတာ ဘယ်သူတွေတဲ့လဲ ၁၁၃

၃၃။ နယ်လှည့်ဓမ္မကထိကတွေရဲ့ ဂုဏ်အင်္ဂါအရည်အချင်းတွေဆိုတာ ဘာတွေတဲ့လဲ ၁၁၆

၃၄။ နိုင်ငံရေးသမားတွေအပေါ် ဆရာကြီးရွှေဥဒေါင်း ဘယ်လိုမြင်ခဲ့သလဲ ၁၁၉

၃၅။ နိုင်ငံရေးအမှုနဲ့ ပထမဆုံးထောင်ဒဏ် အပြစ်ပေးခံရတဲ့ ကိုယ်တော်ကြီးဆိုတာ ဘယ်သူလဲ ၁၂၃

၃၆။ နိုင်ငံတော်ရဲ့ အမြင့်ဆုံးဘွဲ့ဖြစ်တဲ့ 'အောင်ဆန်းတံခွန်ဘွဲ့' ကို ကွယ်လွန်ပြီးမှ ချီးမြှင့်ခြင်းခံရတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ ၁၂၆

၃၇။ နိုင်ငံရပ်ခြားဘုရင်များထံမှ ဆုတံဆိပ်အများဆုံး ရရှိခဲ့တဲ့ ရှေးမြန်မာမင်းမှူးထမ်းဆိုတာ ဘယ်သူလဲ ၁၂၉


www.burmeseclassic.com

www.burmeseclassic.com

၃၈။ ပညာနဲ့ပတ်သက်လို့ ၁၃၃
ဗိုလ်ချုပ်အောင်ဆန်း ဘယ်လိုသုံးသပ်ခဲ့သလဲ
၃၉။ ပထမဆုံး မြန်မာကာလပေါ်ဝတ္ထုရေး ၁၃၇
ဆရာမဆိုတာ ဘယ်သူလဲ
၄၀။ ပထမဆုံး မြန်မာအသံထွက်ရုပ်ရှင်ဓာတ်ကားဟာ ၁၄၁
ဘာဓာတ်ကားလဲ
၄၁။ ပလ္လင်ဆိုတာ ဘာလဲ၊ ပလ္လင်ဘယ်နှမျိုးရှိသလဲ ၁၄၄
၄၂။ ပယော်ဦးကဗျာကို ၁၄၈
ရေးစာဆိုတွေ ဘယ်လိုရေးခဲ့သလဲ
၄၃။ ပုဂံခေတ်ကျောက်စာတွေရဲ့ ၁၅၂
စကားပြေအသုံးအနှုန်းဟာ ဘယ်လိုရှိသလဲ
၄၄။ ပုံနှိပ်စက်ပေါ်မှာတင် တစ်ချီတည်း ၁၅၅
အုပ်ရေတစ်သိန်း ရောင်းလိုက်ရတာ
ဘယ်ဝတ္ထုစာအုပ်လဲ
၄၅။ ပန်းချီပညာကို စွန့်လွှတ်ပြီး ၁၅၉
ဆန်အရောင်းအဝယ်လုပ်ဖို့ စိတ်ကူးခဲ့တာ
ဘယ်ပန်းချီဆရာကြီးလဲ
၄၆။ ပြဇာတ်ခေတ်ဦးမှာ အစောဆုံးထွက်ခဲ့တဲ့ ၁၆၂
ပြဇာတ်သုံးစောင်ဆိုတာ ဘာတွေလဲ
၄၇။ ဖက်ဆစ်စနစ်ရဲ့ ဆိုးရွားကြမ်းကြုတ်ပုံတွေကို ၁၆၆
ဘယ်လိုမှတ်တမ်းတင်ခဲ့ကြသလဲ
၄၈။ ဖက်ဆစ်တော်လှန်ရေးအတွက် အငြိမ့်ကရင်း ၁၇၀
လှူစုပေးခဲ့ရတဲ့ဓာတ်မင်းသမီးဆိုတာ ဘယ်သူလဲ
၄၉။ ဗုဒ္ဓဘုရားရှင် သာသနာပြုဖို့ရာ ၁၇၃
မြန်မာနိုင်ငံကို ဘယ်နှကြိမ်ကြွခဲ့သလဲ
၅၀။ ဗိုလ်ချုပ်ဆိုတာ ဘယ်လို လူစားလဲ ၁၇၆
၅၁။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ ၁၈၀
ခေါင်းဆောင်အင်္ဂါရပ်တွေဆိုတာ ဘာတွေလဲ
၅၂။ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ၁၈၄
ဘာဘွဲ့တွေ ဆွတ်ခူးရရှိခဲ့သလဲ
၅၃။ ဗိုလ်ချုပ်မန်းခြိက ဗိုလ်ချုပ်ကြေးရုပ်ကို ၁၈၇
ထုလုပ်ခဲ့တာ ဘယ်သူလဲ
၅၄။ ဗိုလ်ချုပ်တို့ မင်္ဂလာပွဲမှာ ဆရာရွှေပြည်အေး ၁၉၀
ဘယ်သီချင်းကို ရေးဖွဲ့လို့ ဂုဏ်ပြုခဲ့သလဲ
၅၅။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးတဲ့နောက် ၁၉၄
ဘယ်သူတွေ ဘယ်လိုမှတ်တမ်းတင်
ဂုဏ်ပြုခဲ့ကြသလဲ
၅၆။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရွှေတံဆိပ်ဆု ၁၉၈
ချီးမြှင့်ခြင်းခံရတဲ့ဓာတ်မင်းသားဆိုတာ
ဘယ်သူလဲ
၅၇။ ဗိုလ်ချုပ်အောင်ဆန်းမှာ ဘယ်လိုမျိုး ၂၀၁
အနုပညာစိတ်ဓာတ်တွေ ကိန်းအောင်းနေသလဲ
၅၈။ ဘိုးတော်ဘုရားလက်ထက် သကြိန်စာနဲ့ ၂၀၅
ပတ်သက်လို့ ဘာတွေဖြစ်ခဲ့သလဲ

www.burmeseclassic.com

www.burmeseclassic.com


၅၉။ ဘုရားဆွမ်းတော်တင်ပြီး ပြန်စွန့်ထားတာကို စားသောက်ကောင်းပါသလား ၂၀၈

၆၀။ 'မင်္ဂလာပါ...' ဆိုတဲ့ နှုတ်ခွန်းဆက်စကားကို ဘယ်သူစတင် တီထွင်ခဲ့သလဲ ၂၁၁

၆၁။ မင်းလှမ်တပ်ကြီးကို ဘယ်သူတွေ ဦးဆောင်ပြီး တည်ဆောက်ခဲ့တာလဲ ၂၁၅

၆၂။ မဟာဗန္ဓုလဝန်းမြို့ထဲက လွတ်လပ်ရေး မော်ကွန်းကျောက်တိုင်ကြီးမှာ ဘာတွေ ရေးထိုးထားသလဲ ၂၁၉

၆၃။ ချက်မှောက်စ်ခေတ်သုံး မြန်မာကောဓာသက္ကရာဇ် မြန်မာ့ရိုးရာ ပြက္ခဒိန်ကို စတင်ဖန်တီးခဲ့တာ ဘယ်သူလဲ ၂၂၂

၆၄။ မြန်မာနိုင်ငံမှာ မီးရထား၊ မီးသင်္ဘောတွေကို ပထမတန်းကနေပြီး အခမဲ့စီးနင်းခွင့်ရတဲ့ ကျောင်းအမကြီးဆိုတာ ဘယ်သူလဲ ၂၂၅

၆၅။ မြန်မာကာတွန်းဓာတ်လမ်းရုပ်ရှင်တွေရဲ့ လမ်းကြောင်းဟာ ဘယ်လိုရှိခဲ့လဲ ၂၂၉

၆၆။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဆုံးအမျိုးသမီးဝန်ကြီးဆိုတာ ဘယ်သူလဲ ၂၃၂

၆၇။ မြန်မာနိုင်ငံမှာ 'ကျောင်းသားနေ့' ဆိုပြီး ဘယ်တုန်းက ပေါ်ပေါက်ခဲ့သလဲ ၂၃၅

၆၈။ မြန်မာနိုင်ငံမှာ ပထမဆုံးပြည်ထဲရေးဝန်ကြီး ဖြစ်ခဲ့တာ ဘယ်သူလဲ ၂၃၈

၆၉။ မြန်မာ့ဓာတ်သဘင်လောကမှာ ကတုံးကြောင့် စပြီး နာမည်ကြီးသွားခဲ့တာ ဘယ်မင်းသားလဲ ၂၄

၇၀။ မြန်မာသတင်းစာလောကမှာ ပထမဆုံး မြန်မာအမျိုးသမီး သတင်းစာဆရာဆိုတာဘယ်သူလဲ ၂၄

၇၁။ မြန်မာ့နိုင်ငံရေးသမိုင်းမှာ 'သမတ' နာမည်နဲ့ ရှေးဦးစွာ ကျော်ကြားခဲ့တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်သူလဲ ၂၄

၇၂။ မြန်မာ့ရုပ်ရှင်လုပ်ငန်းကို စတင်ပျိုးထောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဆိုတာ ဘယ်သူလဲ ၂၅

၇၃။ မြတ်စွာဘုရားရှင်ဟာ ရာဇဂြိုဟ်မှာရှိစဉ် ဘယ်ကျောင်းတော်တွေမှာ သီတင်းသုံးခဲ့သလဲ ၂၅

၇၄။ မြန်မာနိုင်ငံမှာ ပထမဆုံးအလုပ်သမားနေ့ (MAY DAY) အထိမ်းအမှတ်ကို ဘယ်ကာလမှာ စတင်ကျင်းပခဲ့ပြီးဗိုလ်ချုပ်အောင်ဆန်းကဘာတွေ ပြောခဲ့သလဲ ၂၅

၇၅။ မြန်မာ့အလုပ်သမား လွှတ်တန်းစားကို မြန်မာ့နိုင်ငံရေး ဓာတ်ခုံပေါ်ပထမဆုံးတင်ပေး လိုက်တာက ဘာတိုက်ပွဲလဲ ၂၆

၇၆။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ပထမဆုံးစတင် လှုပ်ရှားခဲ့တဲ့ အသင်းကြီးဆိုတာ ဘာလဲ ၂၆


www.burmeseclassic.com

www.burmeseclassic.com


၇၇။ မြန်မာစာနယ်ဇင်းသမိုင်းမှာ ၂၆၉
ပထမဆုံး ထုတ်ဝေခဲ့တဲ့ ဂျာနယ်ဆိုတာ
ဘယ်ဂျာနယ်တဲ့လဲ

၇၈။ ရယ်မောခြင်း ဘယ်နပါးရှိသလဲ ၂၇၃

၇၉။ ရေနံမြေအရေးတော်ပုံမှာ ၂၇၇
ချောက်မြို့မျက်နှာဖြူအရေးပိုင်ကို
ပါးရိုက်ခဲ့တဲ့ သခင်မဆိုတာ ဘယ်သူလဲ

၈၀။ ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေး ၂၈၁
အခမ်းအနားမှာ အမှာစကားပြောရင်း
ရုတ်တရက် မူးမေ့လဲကျကွယ်လွန်သွားခဲ့တာ
ဘယ်စာရေးဆရာလဲ

၈၁။ ရန်ကုန်မြို့တော်မှာ ၂၈၅
မြတ်ဗုဒ္ဓခြေတော်ရာပါဒစေတီတည်ရှိတဲ့
ဘုရားစေတီတွေ ဘယ်လောက်ရှိသလဲ

၈၂။ ရှင်သာမဏေကို ၂၈၈
ဘယ်အချိန်မှာဝတ်ပေးသင့်သလဲ

၈၃။ ရွှေတိဂုံစေတီတော်မြတ်ကြီးမှ ၂၉၂
အံ့ဖွယ် (၂၁) ပါး၊ ဘုရားဘွဲ့တော်များဆိုတာ
ဘာတွေလဲ

၈၄။ လယ်တီဆရာတော်ဘုရားကြီးထံကို ၂၉၈
အန္တရာယ်ကင်းတံဆိပ်တော် ဘယ်လိုဘယ်ပုံ
ရောက်ရှိလာခဲ့သလဲ

၈၅။ လူသေပြီး ခုနစ်ရက်တိုင် အိမ်မှာ နေနိုင်သလား ၃၀၂

၈၆။ လွတ်လပ်ရေးအရသာနဲ့ ကျွန်ဘဝအကြောင်းကို ၃၀၅
ဆရာကြီး သခင်ကိုယ်တော်မှိုင်း
ဘယ်လိုရင်ဖွင့်ခဲ့သလဲ

၈၇။ သတင်းဆောင်းပါးရေးတာနဲ့ ပတ်သက်လို့ ၃၀၉
ဆရာဇဝန ဘယ်လိုလမ်းညွှန်ခဲ့သလဲ

၈၈။ သိပ္ပံမောင်ဝရဲ့ လက်ထပ်မင်္ဂလာပွဲအတွက် ၃၁၃
လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ဘာကို
လက်ဖွဲ့ခဲ့သလဲ

၈၉။ သင်္ကန်းရဲ့ မူလအစက ဘယ်ကဖြစ်သလဲ ၃၁၆

၉၀။ သူတော်ကောင်းတို့ ကျင့်စဉ်တွေထဲမှာ ၃၂၀
ဝစီပိတ်ကျင့်စဉ်ပါသလား

၉၁။ အနှာမျိုး (၉၆) ပါးဆိုတာ ၃၂၄
ဘာတွေတဲ့လဲ

၉၂။ 'အဖေ' ဆိုတာ ဘယ်လိုမျိုး အဓိပ္ပာယ် ၃၃၄
တွေနဲ့ ဖွဲ့စည်းထားပါသလဲ

၉၃။ အရှင်နှစ်ပါးကို ထားဝရတာမ်းတပြီး ၃၃၇
'ပါတော်မူရေနဲ့' ကို တစ်ယောက်တည်း
ကျင်းပတာ ဘယ်သူလဲ

၉၄။ အာဇာနည်ဦးရာဇတ် ဘယ်လိုကဗျာရေးခဲ့သလဲ ၃၃၇

၉၅။ အင်္ဂလိပ်ပုံမြန်မာ်အဘိဓာန်ကြောင့် ၃၄၀


www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံမှာ ထိပ်တန်းပညာရှင်တစ်ဦး
ဖြစ်ခဲ့တာ ဘယ်သူလဲ
၉၆။ အင်္ဂလိပ်–မြန်မာအဘိဓာန်ကို မြန်မာတွေထဲက ၃၄၃
ပထမဦးဆုံး တီထွင်ပြုစုခဲ့တာ ဘယ်သူလဲ
၉၇။ အင်္ဂလိပ်နယ်ချဲ့အစိုးရရဲ့ ပထမဆုံးဆုငွေ ၃၄၇
အထူတ်ခံခဲ့ရတဲ့ တော်လှန်ရေးသမားဆိုတာ
ဘယ်သူလဲ
၉၈။ အိမ်သစ်ဆောက်လျှင် ၃၅၀
ဘာတွေသတိထားသင့်သလဲ
၉၉။ အက်ဆေး (essay) ရဲ့ ၃၅၄
သဘောသဘာဝဆိုတာ ဘယ်လိုရှိသလဲ
၁၀၀။ ဥပုသ်သည်တွေ နေ့လွဲညစာ ၃၅၈
ဘယ်အချိန်မှာ စားရသလဲ

# ကိုလိုနီခေတ်နောက်ပိုင်းမြန်မာစာပေလောကမှာ ဘယ်သူတွေ ဘယ်လို စာအရေးကောင်းသလဲ

ပုဂံခေတ်မှာ စတင်အခြေကြည်ခဲ့သော မြန်မာစာပေသည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ထိုမှ ကိုလိုနီခေတ် စသည်ဖြင့် အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့ပါသည်။

ကိုလိုနီခေတ်နောက်ပိုင်း၌ စံပြုလောက်သော ဆရာကြီးများနှင့် ၎င်းတို့၏ စာပေအရေးအသားများကို ၁၃၂၆ ခုနှစ်၊ စာဆိုတော် နတ်တော်လဆန်း မန္တလေးမြို့ အနောက်ကျုံးလမ်း ဓမ္မဗိမာန်တော်၌ စာပေဆွေးနွေးပွဲ ကျင်းပရာတွင် စာတမ်းတစ်စောင် တင်သွင်းခဲ့ပါသည်။ ထိုစာတမ်းကို ကောက်နုတ်၍ တင်ပြရသည် ရှိသော်

၁။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း

၂။ လယ်တီပဏ္ဍိတဦးမောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



၃။ ဦးဖေမောင်တင်
၄။ ပီမိုးနင်း
၅။ ဦးလတ်
၆။ ဦးဖိုးကျား
၇။ ရွှေဥဒေါင်း
၈။ သိပ္ပံမောင်ဝ
၉။ ဇေယျ
၁၀။ မဟာဆွေ
၁၁။ အရှင် ဇနကာဘိဝံသ
၁၂။ ဇော်ဂျီ
၁၃။ မင်းသုဝဏ်
၁၄။ သိန်းဖေမြင့်
၁၅။ ဒဂုန်တာရာ
၁၆။ လူထုဦးလှ
၁၇။ မောင်ထင် အစရှိသူတို့ ဖြစ်ကြသည်။

- ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ဒိုးဒိုးဒေါက်ဒေါက်နှင့် ဘွင်းဘွင်းကြီး ရေးတတ်သူဖြစ်ပါသည်။
- လယ်တီပဏ္ဍိတဦးမောင်ကြီးနှင့် ဦးလတ်တို့သည် စကားဝေဝေဆာဆာဖြင့် ကာရန်သဘောပါမိအောင် ရေးသားကြပါသည်။
- ဦးဖေမောင်တင်၊ ဇေယျ၊ ဦးဖိုးကျား၊ ရွှေဥဒေါင်း၊ အရှင်



ဇနကာဘိဝံသတို့ကား မှန်မှန်အေးအေးဖြင့် ဝါကျတို လေးဆေးစွာ တည်ဆောက်တတ်ပါသည်။

- ပီမိုးနင်းကား တိုစိတိုစိဖြင့် ဆိုလိုရင်းကိုမိအောင် ရေးသားတတ်သူ ဖြစ်ပါသည်။
- သိန်းဖေမြင့်သည် ခေတ်ကို ပြက်သိစေသော စကားသစ်များဖြင့် အဆန်းထွင်၍ လှုလှုပပရေးတတ်သူ ဖြစ်ပါသည်။
- ဒဂုန်တာရာသည်လည်း ခေတ်ကို ပြက်သိစေသော စကားသစ်များဖြင့် အနုစိတ်ခြယ်မှုန်း၍ ဖွဲ့နွဲ့ရေးသူ ဖြစ်ပါသည်။
- ဆရာမင်းသုဝဏ်သည် ဆိုလိုသောအချက်၌ အဓိပ္ပာယ်အထူးဆောင်သော စကားလုံးများကိုမှ ရွေးချယ်ကာ ကြိုးကြိုးစားစား စာရေးသူ ဖြစ်ပါသည်။
- ဆရာဇော်ဂျီ၊ မောင်ထင်၊ သိပ္ပံမောင်ဝ၊ လူထုဦးလှတို့ကား ပြည်သူသုံးသော စကားလုံးကို သဒ္ဒါနှောက်ဆက်ကလေးများ ဆက်ပြီးလျှင် ရိုးရိုးသားသား ပြန်လည်ဖောက်သည်ချကာ ရေးတတ်သူများဟု ထင်မြင်ပါသည်။

ထိုထိုသော စာရေးဆရာကြီးများ စာရေးသားကြရာတွင် အနည်းငယ်မျှစီ ပုံသဏ္ဌာန်ကွဲပြားကြောင်းကို တင်ပြခြင်း ဖြစ်ပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## ကိုးနဝင်းခါတ်ကို အလေးထားခဲ့တဲ့ ကုန်းဘောင်ခေတ်မင်းဆိုတာ ဘယ်သူလဲ

ကိုးနဝင်းခါတ် (၉ – ဂဏန်း) ကို အလေးထားခဲ့သော ကုန်းဘောင်ဆက်မင်းဆိုသူမှာ ၆ – ဆက်မြောက် ဘိုးတော်ဗဒုံမင်းတရားကြီး ဖြစ်ပါသည်။

ဘိုးတော်ဗဒုံမင်းတရားကြီးသည် သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် ရွှေနန်းစည်းစိမ်ကို ရရှိတော်မူသဖြင့် ကိုးနဝင်းခါတ်ဖြင့် အတိတ်ကောင်း နိမိတ်ကောင်း ယူတော်မူပြီး ဝမ်းမြောက်ဝမ်းသာရှိခဲ့သည်။ ရှေးခေတ်မြန်မာတို့သည် ယုတ္တိဗေဒနည်းကျ 'နဝင်းခါတ်' ကို အလေးထားခဲ့ကြသည်။ ဘုရားရှင်၏ ဂုဏ်တော်မှာ (၉) ပါး ဖြစ်၏။ ဂုဏ်တော်ကိုးပါးကို လေးစားပူဇော်သောအားဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် ဂုဏ်တော်ပုတီး၊ ကိုးနဝင်းကို စိပ်၍ ပူဇော်ကြသည်။ (၉) ပါးသီလ ဥပုသ်ကို စောင့်ကြသည်။ စင်စစ် (၉) ဂဏန်းသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ကျက်သရေမင်္ဂလာရှိသော ကိန်းဂဏန်းတစ်ခုဟု ဆိုလျှင် မမှားပေ။



ဘိုးတော်ဗဒုံမင်းတရားကြီးသည် ကျက်သရေမင်္ဂလာရှိလှစွာသော (၉) ဂဏန်းကို နဝင်းခါတ်အဖြစ် လွန်စွာနှစ်သက်တော်မူသည့်အတွက် မင်းကွန်းဒေသကြီး၌ သမိုင်းတွင်လောက်သည့် ဘုရားစေတီတစ်ဆူ တည်ထားကိုးကွယ်ရန် စိတ်အကြံရည်မှန်း၍ အမိန့်တော်ပြန်ခဲ့သည်။ နန်းစံသက် (၉) နှစ်မြောက်သောနှစ်သည် ၁၁၅၂ ခုနှစ်ဖြစ်သည်။ ထိုခုနှစ်သက္ကရာဇ်များကို ပေါင်းခြင်းသည် ကိုးနဝင်းကိုက်ရုံမက၊ နန်းစံသက်လည်း ဖြစ်နေသည့်အတွက် ထိုသက္ကရာဇ် ၁၁၅၂ ခုနှစ်၏ ကိုးနဝင်းလ၊ ကိုးလမြောက်ဖြစ်သော နတ်တော်လ (မြန်မာလများ၏ ၉ လမြောက်) ကတည်းကဖင် မင်းကွန်းဒေသသို့ ကြွရောက်၍ ဘုရားတည်ရန် စီမံမှုများကို စတင်လုပ်ဆောင်ခဲ့သည်။ နာမည်ကျော်၊ ကမ္ဘာကျော်မည့် မင်းကွန်းပုထိုးတော်ကြီးကို စတင်တည်ဆောက်တော့သည်။

ထိုသို့ ပုထိုးတော်ကြီး တည်နေချိန်မှာပင် 'ဘုရားလည်းပြီး၊ ပြည်ကြီး ပျက်လတ္တံ့။ မင်းကွန်းဘုရားကြီး အပြီးသတ်၊ မုဆိုးသုညကပ်' ဟူသော တဘောင်များ ပေါ်လာခြင်း၊ ပုထိုးတော်ကြီးပြီးစီးပါက ကုန်းဘောင်မင်းဆက်များ အဆက်ပြတ်သွားတော့မည်ဟု အယူတော်မင်္ဂလာက သံတော်ဦးတင်ခြင်းတို့ကြောင့် ဘိုးတော်ဘုရားလည်း ရှေးမင်းအဆက်ဆက် အစဉ်အလာအတိုင်း အတိတ်၊ တဘောင် စသည်တို့ကို ယုံကြည်သည့် အားလျော်စွာ ပြီးဆုံးအောင်တည်ရန် ဝန်လေးခဲ့ပေသည်။ ထိုမှစ၍ ဆက်မတည်တော့ဘဲ ရုတ်တရက်ရပ်ဆိုင်းလိုက်သည်မှာ ယနေ့မြင်တွေ့နေ

www.burmeseclassic.com



ရသည့် အခြေအနေအတိုင်း ဖြစ်လေ၏။ စတုရန်းပေ (၄၅၀) နှင့် အမြင့် (၁၆၂) ပေသာ ရှိတော့ရာ သတိမူလျှင် ထိုအကျယ် အဝန်းနှင့် အမြင့်မှာ 'ကိုးနဝင်းဂဏန်း' သာ ဖြစ်ပေသည်။

ဘိုးတော်မင်းတရားကြီးမှာ ပုထိုးတော်ကြီးကို ပြီးစီးအောင် မဆောင်ရွက်တော့သော်လည်း 'ကိုးနဝင်းကြေလုပ်ငန်းများ' ကိုမူ နှစ်သက်ရှင်လန်းစွာ ဆက်လက် ဆောင်ရွက်တော်မူပါသည်။ ဝမာအားဖြင့် နန်းစံသက် (၁၈) နှစ်အရ (၁၁၆၂) ခုနှစ်တွင် တိုင်းခန်းလှည့်လည်၍ ကောင်းမှုကုသိုလ်ထူးကြီးများကို ပြုလုပ် ခဲ့သည်။ ၁၁၇၀ ပြည့်နှစ် 'နဝင်းကျ' နှစ်တွင် မင်းကွန်း ခေါင်းလောင်းကြီးကို သွန်းလုပ်တော်မူခဲ့သည်။ အရံပုတ်လည်း တွင် ခေါင်းလောင်း (၈) လုံး ချိတ်ဆွဲပူဇော်လှူဒါန်းခဲ့သဖြင့် စုစုပေါင်း (မင်းကွန်းခေါင်းလောင်းကြီးနှင့် ဆိုပါက) ၉ လုံး သွန်းလောင်းခဲ့သည်ကို သတိမူနိုင်ပါလိမ့်မည်။

ဘိုးတော်မင်းတရားကြီးသည် နန်းစံသက် (၃၆) နှစ်တွင်လည်း 'ကိုးနဝင်းကျသော နှစ်' ဖြစ်သောကြောင့် ကြက်ထောက် ကန်တော်ကြီးကို တူးဖော်လှူဒါန်းခြင်း၊ လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း စသော ယတြာများကို ပြုလုပ်တော်မူခဲ့ ပါသည်။ သို့ဖြစ်၍ ဘိုးတော်မင်းတရားကြီးအား ကိုးနဝင်းခေတ် အလေးထားသော ကုန်းဘောင်ဆက်မင်းအဖြစ် မှတ်တမ်းတင် ရမည် ဖြစ်ပါသည်။

❒

# ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ တပ်တယ်ဆိုတာ ဘယ်ချင်ခြင်းတွေလဲ

ကိုယ်ဝန်ဆောင် မိခင်လောင်းတို့သည် သားငယ်၊ သမီးငယ် ပဋိသန္ဓေတည်သည့် အချိန်မှစ၍ သို့အချိန်၊ သူ့အခါ၊ သူ့ရက် အလျောက် ထိုထိုစားသောက်ဖွယ်ရာ၊ အရသာများကို အလွန် အမင်း စားချင်သောက်ချင်သော ချင်ခြင်းများ တပ်လာလေ့ရှိ ကြသည်။

ဤနှိုက် ရင်သွေးဖြစ်လာမည့် သားသမီးတို့သည် မိခင်ဝမ်း၌ ကလလ ရေကြည်မှစ၍ သန္ဓေတည်ရာဝယ်–

- ကလလရေကြည် (၇) ရက်
- အမြှုပ် (၇) ရက်
- သွေးခဲ (၇) ရက်
- အသားခဲ (၇) ရက်
- ဦးခေါင်း၊ ခြေလက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်မငါးဖြာ (၇) စီ (၁၁) သတ္တဟရှိပြီး ရက်ပေါင်း (၇၇) ရက်တွင် ထင်ရှားပေါ်လွင်သော လူသားသန္ဓေ စတင်ဖြစ်ပေါ်ပါသည်။ သားသမီးကို ဖင်္ခသန္ဓေဆောင်လာရသော ကိုယ်ဝန်ဆောင် မိခင်လောင်းများသည်-

**၁။ ကိုယ်ဝန်တစ်လရှိပါက**

အိပ်မပျော်ခြင်း၊ မူးမော်ခြင်းတို့ ဖြစ်တတ်ပြီး အချဉ်အရသာကို တောင့်တတပ်မက်လာတတ်၏။

**၂။ ကိုယ်ဝန် နှစ်လရှိပါက**

အချိုမှုန်းသကာ အရသာကို ကြိုက်နှစ်သက်ကာ တောင့်တတပ်မက်လာတတ်၏။

**၃။ ကိုယ်ဝန် သုံးလရှိပါက**

မြေပဲ အစရှိသော အစိမ်းအရသာကို ကြိုက်နှစ်သက်ကာ တောင့်တတပ်မက်လာတတ်၏။

**၄။ ကိုယ်ဝန်လေးလ ရှိပါက**

တမာ အစရှိသော အခါးအရသာကို ကြိုက်နှစ်သက်ကာ တောင့်တတပ်မက်လာတတ်၏။

**၅။ ကိုယ်ဝန်ငါးလ ရှိပါက**

[illegible]၊ ဖန်ခါး စသောအဖန်အရသာကို ကြိုက်နှစ်သက်ကာ တောင့်တတပ်မက်လာတတ်၏။



**၆။ ကိုယ်ဝန် ခြောက်လရှိပါက**

ငရုတ်၊ ချင်း၊ ကြက်သွန် စသော အစပ်အရသာကို ကြိုက်နှစ်သက်ကာ တောင့်တတပ်မက်လာတတ်၏။

**၇။ ကိုယ်ဝန် ခုနစ်လရှိပါက**

ရင်ကြောများ စိမ်းလာတတ်၏။

**၈။ ကိုယ်ဝန် ရှစ်လရှိပါက**

ရေ ခဏခဏ ချိုးချင်လာတတ်၏။

**၉။ ကိုယ်ဝန် ကိုးလရှိပါက**

နဖူးဆံစများ ခြောက်သယောင်းကာ နားသယ်များ ကျလာတတ်၏။

**၁၀။ ကိုယ်ဝန် ဆယ်လရှိပါက**

မိန်းမရုပ်ပျက်ကာ သားဖွားလာပါတော့၏။

ထိုသို့ ကိုယ်ဝန်ဆောင်မိခင်တို့သည် ဓမ္မတာအတိုင်း ချင်ခြင်းတပ်လာကြသော်လည်း ရင်သွေးငယ် မချမ်းမသာ အန္တရာယ်ဖြစ်ကြမည်စိုး၍ ရင်သွေးငယ် အန္တရာယ်မဖြစ်စေရန် အပူ၊ အစပ်၊ အခါးများကို မိမိတို့ဘဝ အဆင်းရဲခံပြီး အင်တော်ခံကာ ရှောင်ကြဉ်ကြပါသည်။ ဆင်ခြင်ကြပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ ရှောင်ကြဉ်သင့်တာ ဘာတွေတဲ့လဲ

ကိုယ်ဝန်ဆောင်မိခင်များအဖို့ သားကောင်း၊ သမီးကောင်းတို့ကို ရရှိလိုကြပါသည်။ မွေးဖွားလာမည့် ရင်သွေးအဖို့ရာလည်း ခြေလက်အင်္ဂါစုံလင်၍ ချမ်းသာပကတိ ကျန်းမာစွာလည်း ရှိစေချင်ကြပါသည်။ ဤတွင် ရတနာသုံးပါး၊ မိဘဆရာသမားတို့ကို ဝတ်ကြီးဝတ်ငယ်နှင့်အညီ ဖူးမြော်နိုင်သမျှ ပြုစုခြင်း၊ ပဉ္စသီလ စသော သီလတရားမြဲခြင်း စသောသူတို့အား ကျက်သရေရှိသော၊ ဘုန်းကံရှိသော သားသမီးရတနာများ ကပ်ရောက်ဖွားမြင်တတ်သည်ဟု ဆိုပါသည်။

ကိုယ်ဝန်ဆောင်မိခင်လောင်းသည် ပူသော၊ ငန်သော၊ ချဉ်သော၊ စပ်သော၊ ခါးသော၊ အေးသော အာဟာရမျိုးကို ရှောင်ရှား၍ အဆင်း၊ အနံ့၊ အရသာတို့နှင့် ပြည့်စုံသော အာဟာရမျိုးတို့ကိုသာ ရွေးချယ်စီစစ်၍ စားသောက်သင့်ပေသည်။ မိခင်



စားသောက်သော အာဟာရသည် ကလေး၏ အာဟာရဖြစ်သောကြောင့် မိခင်သည် အစာအာဟာရကို အထူးသတိထားဆင်ခြင်ပြီးမှ စားသောက်ရပေမည်။ အလွန်ရုပ်ခြင်း၊ သွားခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့ကို မပြုလုပ်ရပေ။ ဘာဝပ္ပတ္တာသလောကီကျမ်း၌ ကိုယ်ဝန်ဆောင်မိခင်လောင်းများအဖို့ အောက်ပါအချက်များကို ရှောင်ရှားသင့်ကြောင်း အကြောင်းအကျိုးနှင့်တကွ ဖော်ပြထားပေသည်။

၁။ **ငိုကြွေးခြင်း မပြုရ။**
(ကလေးမျက်စိ ပျက်တတ်၏။)

၂။ **လက်သည်းခြေသည်း မလှီးရ။**
(မကောင်းသော ခြေသည်း၊ လက်သည်းများ ပါတတ်၏။)

၃။ **ကိုယ်ကို ဆီဖြင့် သုတ်လိမ်းခြင်း၊ နင်းနယ်ခြင်း မပြုရ။**
(နူနာပါတတ်၏)

၄။ **နံ့သာလိမ်းခြင်း၊ ရေအလွန်ချိုးခြင်း မပြုရ။**
(ဆင်းရဲသော အလေ့ပါတတ်၏။)

၅။ **နေ့ဘက်၌ အိပ်ခြင်း မပြုရ။**
(အအိပ်ကြီးသူ ဖြစ်တတ်၏)

၆။ **ပြေးလွှားခုန်ပေါက်၍ သွားလာခြင်း မပြုရ။**
(အဆော့သန်သောကလေး ဖြစ်တတ်၏။)

၇။ **လွန်မင်းစွာ ကျယ်လောင်စူးရှသောအသံကို နားမထောင်ရ။**
(ကလေး နားပင်းတတ်၏။)

www.burmeseclassic.com

www.burmeseclassic.com



၈။ **ပြင်းထန်စွာ မရယ်မောရ။**
(အာခေါင်း သွား၊ နှုတ်ခမ်း၊ လျှာတို့၌ အမည်းနက်ပါတတ်၏)

၉။ **အလွန်အမင်းစကားများ ပြောဆိုခြင်း မပြုကြ။**
(စကားမမှန်၊ အရည်မရ၊ အဖတ်မရ ပြောဆိုတတ်သော လေအိုးကလေး ဖြစ်တတ်၏။)

၁၀။ **မျက်စိဆေးကွင်းခြင်း မပြုရ။**
(မျက်စိကန်းတတ်၏။)

၁၁။ **ပင်ပင်ပန်းပန်း အလုပ်မလုပ်ရ။**
(အရူးအသွပ်အနာ ပါတတ်၏။)

၁၂။ **မြေတူးခြင်း မပြုရ။**
(စကားပြောရာတွင် ထစ်, အတတ်၏။)

၁၃။ **လေတိုက်မခံရ။**
(လေလာရူးကလေး ဖြစ်တတ်၏။)

ဟူသော ရှေးရှေး ဆရာတို့ စီရင်ရေးသားအပ်သော လောကီကျမ်းအလိုအရ ကိုယ်ဝန်ဆောင်မိခင်လောင်းတို့ စောင့်ထိန်းရှောင်ကြဉ်အပ်သော အချက်အလက်များ ဖြစ်ကြပါသည်။ ဗုဒ္ဓဘာသာဝင်၊ သာသနာဝင်ကျမ်းများကလည်း–

"မိခင်တို့၏ ကိုယ်ဝန်သည် လေဖျက်ခြင်းကြောင့်လည်းကောင်း၊ ပိုးဖျက်ခြင်းကြောင့်လည်းကောင်း ပျက်တတ်သည်။ မိဘတို့သည် ဆရာကောင်း၊ သမားကောင်းများကို မိဝဲဆည်းကပ် ပြသပြီးလျှင် သားငယ်သမီးငယ်



မပျက်စီးရလေအောင် လေကို အေးသောဆေးဖြင့် ကုသရခြင်း၊ ပိုးကို နှိမ်နင်းနိုင်အောင် လုပ်ရခြင်းတို့ကို ဆောင်ရွက်ရသည်"

ဟု ဖော်ပြထားပါကြောင်း။

ယခုခေတ် မီးယပ်သားဖွား အထူးကု ဆရာဝန်ကြီးများထံ ကိုယ်ဝန်ကို အပ်နှံ၍ ကိုယ်ဝန်ကို ဘေးအန္တရာယ်မရှိအောင် ရောဂါအန္တရာယ်ကင်းအောင် စောင့်ရှောက်ခြင်းမျိုးကဲ့သို့ ဆောင်ရွက်သင့်ပေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# ကျက်မှတ်ထားသင့်တဲ့ ကမ္ဘာသုံး Abbreviation အတိုကောက်ဝေါဟာရတွေဆိုတာ ဘာတွေလဲ

မျက်မှောက်ခေတ်ကာလကား I.T နည်းပညာတို့ ထွန်းကားလျက်ရှိသော ခေတ်ဖြစ်၏။ ကမ္ဘာကြီးသည် ရွာတစ်ရွာဖြစ်လာသည်နှင့်အညီ ကမ္ဘာ့သတင်းမှန်သမျှသည် အချိန်ပိုင်းအတွင်းပင် ရောက်ရှိလာတော့သည်။ ဤသို့ ကမ္ဘာသုံး Abbreviation အတိုကောက်ဝေါဟာရတို့မှာ မသိမဖြစ် သိရှိရန် လိုအပ်လှပေရာ အောက်ဖော်ပြပါ ကမ္ဘာသုံး အတိုကောက် ဝေါဟာရတို့ကို ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါသည်။ လုပ်ငန်းဝင် အင်တာဗျူးအတွက် အသုံးဝင်နိုင်သဖြင့် အလွတ်ကျက်မှတ်ထားသင့်ပါသည်။

၁။ **H.E - His/ Her Excellency**
(လေးစားအပ်သော ပုဂ္ဂိုလ်ကြီး)

၂။ **E.C - Executive Committee**
(အလုပ်အမှုဆောင်အဖွဲ့)



၃။ **U.N - United Nations**
(ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့)

၄။ **W.H.O - World Health Organization**
(ကမ္ဘာ့ကုလသမဂ္ဂ ကျန်းမာရေးအဖွဲ့)

၅။ **U.N.D.P - United Nations Development Programme**
(ကမ္ဘာ့ကုလသမဂ္ဂ ကျန်းမာရေးအဖွဲ့)

၆။ **U.N.E.S.C.O - United Nations Educatoin, Science and Culture Organization**
(ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့)

၇။ **U.N.I.C.E.F - United Nations International Children Emergency Fund**
(ကုလသမဂ္ဂ၊ နိုင်ငံတကာ ကလေးသူငယ်များ အရေးပေါ်ရန်ပုံငွေအဖွဲ့)

၈။ **I.L.O - International Labour Organization**
(နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်)

၉။ **F.A.O - Food and Agricultural Organization**
(စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့)

၁၀။ **I.C.R.C - International Committee of Red Cross**
(အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်း)

www.burmeseclassic.com

www.burmeseclassic.com



၁၁။ **A.S.E.A.N - Association of South East Asia Nations**

(အရှေ့တောင်အာရှနိုင်ငံများအသင်း)

၁၂။ **B.M.S.T.E.C - Bengal Initiative for MultiSectoral Technical Economic Cooperation**

(ဘင်္ဂလားပင်လယ်အော်ဒေသ ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့)

၁၃။ **N.G.O - Non Government Organization**

(အစိုးရမဟုတ်သော အဖွဲ့အစည်း)

၁၄။ **O.P.E.C - Organization of Petroleum Exporting Countries**

(ရေနံတင်ပို့ရောင်းချသော နိုင်ငံများအသင်း)

၁၅။ **L.D.C - Less Development Countries**

(ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ)

၁၆။ **N.A.T.O - North Atlantic Treaty Oraganization**

(မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများအဖွဲ့)

၁၇။ **C.I.A - Central Intelligent American**

(အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့)

၁၈။ **F.B.I - Federal Bureau Intelligent**

(ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့)



၁၉။ **B.B.C - British Broadcasting Corporation**

(ဗြိတိသျှ အသံလွှင့်ဌာန)

၂၀။ **V.O.A - Voice Of America**

(အမေရိကန် အသံ)

၂၁။ **A.I.R - All India Radio**

(အိန္ဒိယများအားလုံး ရေဒီယို)

၂၂။ **R.F.A - Radio Free Asia**

(လွတ်လပ်သော အာရှရေဒီယို)

□

www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်ခေတ်မှာ အရေးကြုံလေတိုင်း ရွှေဘိုမြို့ကို သွားပြီး ဘယ်မင်းတွေ အောင်မြေနင်းခဲ့ကြသလဲ

ကုန်းဘောင်မင်းဆက် (၁၁) ဆက်ရှိပါသည်။

၎င်းတို့မှာ အလောင်းဘုရားဦးအောင်ဇေယျ၊ နောင်တော်ကြီး၊ ဆင်ဖြူရှင်၊ စဉ့်ကူးမင်း၊ ဖောင်းကားစားမောင်မောင်၊ ဘိုးတော်ဘုရား၊ ဘကြီးတော်ဘုရား၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ ဖြစ်ကြပါသည်။

ကုန်းဘောင်ခေတ်တွင် မင်းနေပြည်တော်ကို ရွှေဘိုမှ အမရပူရ မန္တလေးသို့ ပြောင်းရွှေ့ခဲ့၏။ ဤသို့ အရေးအခင်းပေါ်ပေါက်လာလေတိုင်း ရွှေဘိုသို့ သွားရောက်ခိုလှုံပြီး အောင်မြေနင်းခဲ့ကြသူတို့မှာ–

၁။ သာယာဝတီမင်း

၂။ မင်းတုန်းမင်းကြီး

၃။ ကနောင်မင်းသားကြီး



၄။ ပတိမ်းမင်းသား (ကနောင်မင်းကြီး၏ မင်းသားတော်) တို့ ဖြစ်ကြပါသည်။

အောင်မြေနှင့်ပတ်သက်၍ တင်ပြရလျှင် အလောင်းမင်းတရားကြီးဦးအောင်ဇေယျသည် မင်းအဖြစ်ကိုရရှိပြီး သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် မြို့နန်းတည်ထောင်ရန် ကြံရွယ်သောအခါ မြို့နန်းတည်သင့်သော အောင်မြေရပ်ကို အခြားကို ရှာဖွေရန်မရှိ။ မုဆိုးဖို အရပ်သည်ပင်လျှင် အောင်မြေဖြစ်ကြောင်းကို အတိအလင်း မိန့်ကြားခဲ့သည်။

"ထာဝရမြို့ကြီး တည်ထောင်တော်မူမည်ဆိုသောအခါလည်း ရန်အပေါင်းတို့ကို အောင်ရာဖြစ်သော အောင်မြေအရပ်ကို ရခဲ့သည်။ ယခု ငါတို့ မုဆိုးဖိုမြို့တော်သည် ဘူမိနက်သန် မြေကြန်ကောင်းမြတ်သည်မှန်၍ ဗိုလ်ခြေလေးသောင်း၊ ငါးသောင်း ချီတက်ဝန်းရံလာသော စစ်သည်တို့ကို အနည်းငယ်သာဖြစ်သော လေးဆယ့်ခြောက်ခွဲခေါင်းကျွန်တော်ရင်းတို့နှင့်သာ အလွယ်တကူ အောင်နိုင်တော်မူလိုက်သည်။ ယင်းသည် အောင်မြေက ချီတက်လုပ်ကြံလေသမျှ အရပ်ရပ်သူတော်တို့ကိုလည်း အောင်တော်မူသည်သာဖြစ်၍ အခြားအောင်မြေ ရှာဖွေရတော့မည် မဟုတ်ပြီ"

ရွှေဘိုမြို့အား 'အောင်မြေသုံးရပ်၊ ဝန်းပတ်ရန်ပြို၊ ငါးမည်ရှိပြည်ရွှေဘို' ဟူ၍ စာဖွဲ့ကြလေသည်။ အဆိုပါအောင်မြေသုံးရပ်ကား–

၁။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်တော်မူခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ရွှေတန်ဆာဘုရား တည်ရှိရာအရပ်သည် ‘ဗုဒ္ဓအောင်မြေ’ မည်၏။

၂။ ရဟန္တာအရှင်မြတ်များနှင့် ခေတ်အဆက်ဆက်မှ ရဟန်းတော်များ ကံကြီးကံငယ်ဆောင်ရာ၊ ဥပုသ်ပြုရာ ‘ရွှေသိမ်တော်ဘုရား’ သည် ‘သံဃာ့အောင်မြေ’ မည်၏။

၃။ မင်းအဆက်ဆက်တို့ အောင်ပွဲခံကာ မုဆိုးဖိုမြေအရပ်သည် ‘ရာဇအောင်မြေ’ မည်၏။

ဟူ၍ ယုံကြည်ယူဆခဲ့ကြလေ၏။

ယခုခေတ်ကာလတွင် ရွှေဘိုမြို့၏ တောင်ဘက်အထွတ်၌ တည်ရှိသော အောင်မြေရိပ်သာအတွင်းရှိ အောင်မြေဌာနကိုသာလျှင် ‘အောင်မြေ’ ဟူ၍ ရည်ညွှန်းပြောဆိုလျက် ရှိကြလေသည်။ စင်စစ်မူကား... ‘မုဆိုးဖို’ ဒေသတစ်ခုလုံးကို အောင်မြေဟူ၍ ရှေးအခါက လက်ခံယုံကြည်ခဲ့ကြပါကြောင်း။

“မတိမ်နိုင်ဂုဏ်တန်ခိုးနဲ့
မုဆိုးဖို ပြည်နကို
ဘေးရန်ညွှန့် ပြိုလေ့။
ဗိုလ်ပေါင်းရယ်ခို
ရန်အပေါင်းကို နှိမ်ဖြိုတဲ့
ပြည်ရွှေဘို အောင်မြေရဖို့
သာလှသလေး”

ဟူသည့် ရွှေဘိုဗုံကြီးသံ သီချင်းက သက်သေပြုနေပါတော့၏။

## ကျီးငှက်တွေဆီမှ ဘာအတုယူစရာတွေ ရှိသလဲ

‘ကျီးကန်း’ ဆိုလျှင် လူတိုင်းသိကြသည်။ အမွေးအတောင်မှောင်မည်းမည်း အသံက တအာအာ။ မလိုလားသူတို့က ကျီးတောင်မှ ရိုးရိုးကျီးမဟုတ်ဘဲ ‘ကျီးကန်း’ ဟု အမနာပပြောကြ၏။ လိုလားနှစ်သက်သူတို့ကမူ ‘ရွှေကျီးကလေး’၊ ‘ရွှေကျီးညို’ ဟု အမွှန်းတင်ခေါ်ဝေါ်ကြသည်။ ရှေးခေတ်ဟောင်းဇာတ်သဘင်လောက၌ ‘ရွှေကျီးညို’ အမည်ဖြင့် ဇာတ်မင်းသားကြီးတစ်ဦး ထွန်းကားပေါ်ပေါက်ခဲ့ဖူးသည်။

ကျီးသည် အစုံစားသတ္တဝါဖြစ်၏။ နွေရာသီလယ်တွင် သုံးဥမှ လေးဥအထိ ဥချလေ့ရှိပြီး မိုးရာသီတွင် သားပေါက်သည်။ ကျီးကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရလေ့ရှိသည်။ ကျီး၌ ‘တောကျီးကန်း’ ဟူ၍လည်း ရှိသေး၏။ တောကျီးကန်းသည် မြို့ကျီးကန်းထက် အရွယ်အနည်းငယ်ပိုကြီးပြီး တောတွင်း၌ တစ်ကောင်တည်း နေလေ့ရှိကာ သာမန်ကျီးက ‘အာ... အာ...’

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်သော်လည်း တောကျီးကန်းကမူ 'အာလောက်လောက်... အာလောက်လောက်' ဟု အော်မြည်လေ့ရှိ၏။

ကျီးကိုသရုပ်ခွဲကြည့်လျှင် (၅) မျိုးရှိ၏။ ၎င်းတို့မှာ...

(၁) ကိုယ်လုံးကြီးနှင့် နှုတ်သီးရှည်၍ မည်းနက်မှု ဗြဟ္မဏမျိုး၊

(၂) ကိုယ်ရောင်အထွေထွေထွက်၍ မျက်လုံးကြောင်နှင့် နှုတ်သီးနက်၊ ပြင်းသောအသံမြတ်၍ အလွန်ရဲရင့်သော ခတ္တိယမျိုး၊

(၃) ညိုပျော့သောအဆင်းရှိသည်။ ကိုယ်၊ ညိုသောနှုတ်သီးနှင့် အသံမပြင်းမှု ဗိဿမျိုး၊

(၄) ခြောက်ကပ်သောကိုယ်၊ ညှိုပြာသောအဆင်းနှင့် နီကျင်သော အရောင်ထွက်၍ ကြောက်မက်ဖွယ်အသံဖြင့် အနည်းနည်း မြည်မှု သဒ္ဒိယမျိုး၊

(၅) ကိုယ်လုံးသည် ခြောက်ကပ်သော အရောင်နှင့် လည်ပင်းရှည် အသံသေးသေး၊ ဆေးလေးငြိမ်သက်မှု အဏ္ဍဇမျိုး၊

ထိုကျီးတို့တွင် ကျီးဖြူပေါ်လာပါက မကောင်းဟူ၍ ဆါဟာရ လိနတ္တဒီပနီကျမ်း၌ ဖော်ပြထားပါသည်။ ရှေးလူကြီး၊ ရှေးပညာရှိများကြီးများသည်လည်း သူ့ခေတ်သူအခါအလျောက် သဘာဝပတ်ဝန်းကျင်ရှိ ကျေးငှက်တိရစ္ဆာန်များအား လေးလေးနက်နက် သုတေသန မှတ်တမ်းပြုခဲ့ကြပါသည်။ ဤ၌ လူတို့အနေဖြင့် ကျီးတို့ထံမှ လေ့လာအတုယူသင့်သော အချက် (၄) ချက်ရှိကြောင်း မှတ်သားရပါသည်။ ၎င်းတို့မှာ-



**(၁) ကျီးတို့သည် မေထုန်မှု၌ လျှို့ဝှက်ကြ**

၎င်းတို့မေထုန်မှုပြုသည်ကို မမြင်မတွေ့ဖူးဟု ဆိုကြ၏။ အခြားကျေးငှက် စသည့်သတ္တဝါတို့သည် ကျီးကဲ့သို့ လျှို့ဝှက်ခြင်း မရှိကြပေ။ လူတို့သည်လည်း အရှက်အကြောက်ရှိဖွာ မေထုန်အမှု၌ လျှို့ဝှက်သင့်ပေ၏။

**(၂) တိုက်သင့်သည့်ကာလတို့၌ အချင်းချင်းပေါင်းဆုံစုဝေးခြင်း**

ကျီးသည် တစ်ကောင်တည်း သီးခြားနေလေ့မရှိ၊ စုပေါင်း၍သာ နေထိုင်ကြ၏။ စုပေါင်းစားသောက်ကြပြီး ဘေးအန္တရာယ်ကိုလည်း စုပေါင်းဝိုင်းအုံ တွန်းလှန်တိုက်ခိုက်တတ်ကြသည်။ လူတို့သည်လည်း စုပေါင်းနေထိုင်တတ်သည့်လေ့၊ ကျရောက်လာသော ဘေးအန္တရာယ် မှန်သမျှကို တညီတညွတ်တည်း တော်လှန်ကြသည်။ ညီညွတ်ရေးရှိဖို့ လို၏။

**(၃) မမေ့မလျော့ခြင်း**

ကျီးများသည် အန္တရာယ်ကို သတိထားလေ့ရှိကြ၏။ အထူးသဖြင့် ကိုင်းတစ်ကိုင်းတွင် အမြဲနားလေ့ မရှိပေ။ အမြဲလှုပ်ရှားနေသဖြင့် ငှက်ပစ်သမားများသည် ကျီးတစ်ကောင်ကို ပစ်ခတ်နိုင်ရန် ခဲယဉ်း၏။ လူတို့သည်လည်း ကျီးကဲ့သို့ ဘေးအန္တရာယ်ကို အမြဲမမေ့မလျော့ သတိရှိဖို့လို၏။

**(၄) မပျင်းမရိခြင်း**

ကျီးတို့သည် အမြဲပင် ဖျတ်ဖျတ်လတ်လတ် ရှိ၏။ လူတို့

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ပျင်းရိခြင်းကင်းလျက် အမြဲတက်တက်ကြွကြွ ရှိဖို့ လိုပေ၏။

မည်သည့်အရာမဆို အဆိုးနှင့်အကောင်းသည် ဒွန်တွဲလျက် ရှိကြ၏။ ဤခြံ ကျိုးငှက်များ၌ ဆိုးသောအရာတွေလည်း ရှိနေပါလိမ့်မည်။ သို့ရာတွင် ကောင်းသောအချက်၊ ကောင်းသော ကိစ္စရပ်များကိုကား အတုယူဖို့ သင့်ပါကြောင်း။

❒



## ကျောင်းဝတ်စုံကိစ္စနဲ့ ပတ်သက်လို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သဘောထား ဘယ်လိုရှိခဲ့သလဲ

ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားဘဝ၊ အယ်ဒီတာဘဝက အောင်ဆန်းဟူသော ကလောင်အမည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၅ ခုနှစ်၊ မေလထုတ် ဂန္ထလောကမဂ္ဂဇင်း အတွဲ–၂၁၊ အမှတ် ၁၂၄ တွင် Freedom of Dress in Schools ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း အမှတ် (၁၂၅) တွင် From My School Window ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း... ကျောင်းဝတ်စုံကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

... လွတ်လပ်စွာ ဝတ်စားဆင်ယင်စေမှုမှာ တိုင်းပြည်လွတ်လပ်ရေးအတွက် မည်သို့မျှ အကျိုးမသက်ရောက်စေဘဲ အလဟဿသာလျှင် ဖြစ်စေသည်။ ငယ်စဉ်အခါက ရေနံချောင်းမြို့ အမျိုးသားကျောင်းတွင်နေစဉ် ဆရာများရော၊ ကျောင်းသား၊ ကျောင်းသားများပါ ပင်နီအကျႌနှင့် လုံချည်ဝတ်စုံ ဆင်တူ ဝတ်ဆင်ကြရသည်မှာ လွတ်လပ်ရေးအတွက် မျိုးချစ်စိတ်ဓာတ်များ တဖွားဖွား တိုးတက်လာစေပါသည်။

အမိမြန်မာပြည်ကြီးအတွက် ဆောင်ရွက်ရာတွင် တစ်အုတ်ဆင်း မိသားစုအချင်းချင်း လက်တွဲ ထမ်းဆောင်ရခြင်းနှင့်လည်း တူပါပေသည်။ ပြည်တွင်းဖြစ် အဝတ်အထည်ကိုသာ တူညီစွာ ဝတ်ဆင်ကြရသည်မှာ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် လွတ်လပ်ရေးကြီးအား ရင်ဝယ်ပိုက်



မိ၍ ပိုမိုနီးကပ်လာသည်ဟူ၍လည်း စိတ်တွင် ထင်မှတ်မိစေပေသည်။

... လွတ်လပ်စွာ ဝတ်စားဆင်ယင်စေမှုများကြောင့် ပေါင်းသင်းဆက်ဆံရေးမှာ အချင်းချင်းအဆင့်အတန်း ခွဲခြားမှုများ ဖြစ်ပေါ်စေလျက် မကောင်းမှုကိုသာ ဖန်တီးစေပေသည်။ ဆင်းရဲနွမ်းပါးသော ကျောင်းသားတစ်ယောက်မှာ ချမ်းသာသော အခြားကျောင်းသားတစ်ဦး၏ သစ်လွင်တောက်ပစွာ ဝတ်စားဆင်ယင်မှုကို တွေ့မြင်ရခြင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် စိတ်အားငယ်ခြင်း၊ နှိမ့်ချခြင်း၊ ရှိုးတိုးရှန့်တန့် ဖြစ်ပေါ်ခြင်းတို့ ဖြစ်ပေါ်လာတတ်ပေသည်။ ဝတ်စုံဆင်တူ ဝတ်စားဆင်ယင်စေခြင်းဖြင့် ကျောင်းသားများအားငင်းတို့၏ ကိုယ်ပိုင်လွတ်လပ်မှုကို မည်သို့မျှ မထိပါးနိုင်ချေ။ ထို့အပြင် အချင်းချင်း သာတူညီမျှမှု၊ သဘောထားမှု၊ လွတ်လပ်မှု စိတ်ဓာတ်၊ ညီရင်းအစ်ကိုတမျှ တစ်သွေးတစ်သားတည်း သဘောထားတတ်မှုများသည် တဖွားဖွား ပေါ်လာစေနိုင်ပါသည်။

... အတင်းအကြပ်စေခိုင်းခြင်း မဟုတ်ဘဲ ဆရာများက နမူနာသဖွယ် စတင်ဝတ်စားပြကာမျှဖြင့် ကျောင်းသားများလည်း အလိုလို လိုက်ပါဝတ်ဆင်လာကြခြင်းသာ ဖြစ်ပေသည်။ ဤကဲ့သို့ တူညီဝတ်စုံဆင်မြန်းပြီးသည့် နောက်

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျောင်းသားအရွယ်က အချင်းချင်း ညီရင်းအစ်ကို တမျှ သဘောပိုက်ကာ သွေးရင်းသားရင်း မိသားစု စိတ်ဓာတ်များ အလိုလိုရှိအောင်ပြီး ဖြစ်နေသည်ကို သတိပြု မိပေသည်။

❐

## ကျောက်ဆင်းတုတော်ကို ပူဇော်လျှင် ခိုက်တတ်သလား

ဗုဒ္ဓဘာသာဝင်များ ဖြစ်သော်ငြား အချို့သော ဗုဒ္ဓဘာသာဝင်တို့သည် 'ကျောက်ဆင်းတုတော်ကို မကိုးကွယ်သင့်၊ ကိုးကွယ်ပါက ခိုက်တတ်သည်' ဟု ပြောဆိုနေကြသည်။ ထိုစကားကို ပြောဆိုသော ဗုဒ္ဓဘာသာဝင်အဖို့ လွန်စွာမှ အပြစ်ကြီးမားလှပါသည်။ အချို့ကလည်း 'ကျောက်ဆင်းတုတော်မှာ လွန်စွာတန်ခိုးကြီးမားသည့်အတွက် အိမ်၌ မကိုးကွယ်ကောင်း' ဟူ၍လည်း အဆင်ခြင်မဲ့ ပြောဆိုပြန်ပါသေးသည်။

ထိုအပြောအဆိုတို့မှာ လုံးဝပြုပြင်ဖို့ လိုအပ်ပါသည်။ ထိုစကားကို အခြားသောဘာသာဝင်တို့ ကြားပါက 'ဗုဒ္ဓဘာသာဆိုသူများသည် သူတို့၏ ဘုရားကိုပင် သူတို့ မကိုးကွယ်ကောင်းဟု ပစ်ပယ်နေကြပါပေကော' ဟု ကောက်ချက်ပြုကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကျောက်ဆင်းတုတော်ကို ပူဇော်သင့်ပါသည်။ မခိုက်တတ်ပါ။ ရာဇဝင်ကို ပြန်ပြောင်းလေ့လာကြည့်လျှင် အလောင်းစည်သူမင်းမှ အစပြု၍ ဆင်ဖြူရှင် (အလောင်းဘုရား၏သားတော် ကုန်းဘောင်ဆက် တတိယမြောက်မင်း) မင်း လက်ထက်အထိ အင်းဝနန်းဦး၌ ကျောက်ဆင်းတုတော်ကို ကိုးကွယ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဘုရားဟော သင်္ဂါယနာတင်ကျမ်းစာများနှင့် ဆရာတော်ကြီးများ၏ အဆိုအမိန့်အရ ရုပ်ပွားဆင်းတုတော်မှန်သမျှသည် ကိုးကွယ်ထိုက်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မကိုးကွယ်ထိုက်၊ ခိုက်တတ်သည်ဟူသော အချက်တစ်ချက်မျှ ရှာမတွေ့ရပေ။

စကျင်ကျောက်သည် ခိုက်တတ်သည်ဆိုပါက အခြားသော ကျောက်စိမ်း၊ ပတ္တမြားစသော ကျောက်တို့သည် အဘယ်ကြောင့် မခိုက်ဘဲ နေရပါသနည်း။ ဘုရားရှင်ဆိုသည်မှာ အတုလံ-အတုမရှိသော ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ရကား ရွှေဆင်းတု၊ ကျောက်စိမ်း ရုပ်တုတို့ကို ကြီးပွားချမ်းသာလျှင် ချမ်းသာသလောက် ထုလုပ် ကိုးကွယ်ကြသည်။ သို့ရာတွင် လူတိုင်းသည် ကြီးပွားချမ်းသာကြသည် မဟုတ်။ လူတိုင်းကိုးကွယ်နိုင်သည့် ကျောက်ကို စဉ်းစားသည့်အခါ စကျင်ကျောက်ကို တွေ့ရှိရပေသည်။ စကျင်ကျောက်ကား ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံပြီး အပြစ်ကင်းသန့်ရှင်း၏။ ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူဝင်းနေ၏။

၎င်းတွင် ကျွမ်းကျင်သော ကျောက်ဆစ်ပညာရှင်တို့သည် စကျင်ကျောက်အား လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာ



တော်ငယ် ၈၀ တို့နှင့် တတ်နိုင်သလောက် ညီညွတ်အောင် ထုလုပ်ထားသည့်အတွက် လွန်စွာပင် သပ္ပာယ်၏။ ဝေဖန်စရာ မရှိလောက်အောင် အပြစ်ကင်းစင်၏။ ဘုရားရှင်ပွင့်တော်မူလာခြင်းသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားအတွက် ပွင့်တော်မူလာခြင်း ဖြစ်ရကား အယုတ်အလတ် အမြတ်မရွေး၊ ကြီးငယ်မရွေးပင် ချီးမြှင့်တော်မူခဲ့၏။ ကဿပဘုရားရှင်ဆိုလျှင် ကုန်းကောက်စရာ မရှိလောက်အောင် မွဲတေလှသော ဆင်းရဲသားမဟာဒုက်လင်မယား၏ အိမ်စုတ်ကလေးအတွင်းသို့ပင် ဝင်ရောက်ချီးမြှင့်ခဲ့၏။

ဘုရားရှင်သည် ကာလာမသုတ်တော်၌ အခြားတစ်ပါးသောသူ ပြောဆိုသည်ဆိုရုံမျှဖြင့်လည်း အမြဲမှန်သည်ဟု မှတ်ယူမထားကြနှင့်ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ သို့ဖြစ်၍ ကိုယ်ပိုင်အသိအမြင်အတွေးတို့ဖြင့် ကြံဆလျက် ဘာသာရေး စာကောင်းပေမွန်တို့ကို လေ့လာဆည်းပူးသင့်ကြပေသည်။ အများယောင်၍ လိုက်ယောင်သော မိစ္ဆာအယူအမှားမျိုးကို ပယ်စွန့်သင့်ပေသည်။

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတ္တပ္ပတရားနှင့် ပြည့်စုံသူများ ဖြစ်ကြလျက် ကျောက်ဆင်းတုတော်ကို ရိုသေလေးမြတ်စွာ ပူဇော်သင့်ကြပေ၏။

❐

www.burmeseclassic.com

www.burmeseclassic.com

## ကြိုးစင်ကို မကြောက်တဲ့ နယ်ချဲ့တော်လှန်ရေး သားအဖသုံးယောက်ဆိုတာ ဘယ်သူတွေတဲ့လဲ

ကြိုးစင်တက်ရမည်ကို ကြောက်ရွံ့ခြင်းအလျဉ်းမရှိ၊ နယ်ချဲ့ဗြိတိသျှတို့အား ဓားကိုင်ကာ ရဲရဲတောက် တိုက်ပွဲဝင်ခဲ့ကြသူ၊ နယ်ချဲ့တော်လှန်ရေးကြောင့် အဖမ်းခံရပြီး ကြိုးပေးကွပ်မျက်ရာ၌ ကြိုးစင်ကို မကြောက်ဘဲ ရဲရဲဝံ့ဝံ့ အသေခံသွားသော တော်လှန်ရေး သားအဖသုံးယောက်မှာ ပုဂံဗိုလ်ချိုနှင့် သားနှစ်ဦးဖြစ်ကြသော ဗိုလ်ဘိုးဆင်၊ ဗိုလ်ဘိုးဝင်းတို့ ဖြစ်ကြသည်။

ပုဂံဗိုလ်ချိုသည် ညောင်ဦးမြို့နယ်၊ သဲရောက်ဆယ်ရွာမှ သူရဲကောင်းတစ်ဦး ဖြစ်၏။ နယ်ချဲ့အင်္ဂလိပ်တို့ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ရပြီး ဗိုလ်ချိုတိုက်ပွဲဝင်ခဲ့သော တိုက်ပွဲများအနက် ကျောက်တံခါးတိုက်ပွဲ၊ ကန့်လန့်ကျော်တိုက်ပွဲနှင့် ပုလင်းရွာတိုက်ပွဲစသည့် တိုက်ပွဲများတွင် အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးနှင့် စစ်သားပေါင်း (၈၀) ကျော်တို့ ကျဆုံးခဲ့ရသည်။



ဗိုလ်ချို၏ဇနီးဖြစ်သူမှာလည်း မိန်းမအာဇာနည်တစ်ဦး ဖြစ်ပေသည်။ ဓားခုတ်၊ လှံထိုး၊ မြင်းစီးအတတ်တို့ ကျွမ်းဝင်လှပေ၏။

နယ်ချဲ့တို့ကား… လက်နက်အရာတွင် ပုဂံဗိုလ်ချိုတို့ထက် အစစအရာရာ သာလွန်ပေ၏။ ထိုနယ်ချဲ့တို့သည် ဗိုလ်ချိုအား ရာထူးဖြင့် သိမ်းသွင်းပါသေး၏။ ဗိုလ်ချိုကား လက်ခံခြင်းမရှိခဲ့။ ကာလတာရှည်စွာ တိုက်ပွဲဝင်ခဲ့ရာ ဗိုလ်ချိုအဖို့ တော်လှန်ရေးတပ်သားများ နည်းပါးလာခြင်း၊ လက်နက်အင်အားချို့တဲ့လာခြင်းတို့ကြောင့် ရန်သူတို့နှင့် ရင်ဆိုင်ရသည့်အခါဝယ် အင်အားမမျှ ဖြစ်လာခဲ့ရသည်။ ထို့ကြောင့် ရင်ဆိုင်တိုက်ပွဲများ၌ ဆုတ်ခွာရသည်က များလာသည်။ ထို့ကြောင့် ခရစ်နှစ် ၁၈၉၆ ခုနှစ်တွင် အင်္ဂလိပ်စစ်တပ်များသည် အလုံးအရင်းနှင့် သဲရောက်ဆယ်ရွာအား ဝန်းရံတိုက်ခိုက်ကြသည်။ ယင်းအချိန်တွင် ဗိုလ်ချိုသည် သားနှစ်ဦးဖြစ်သူ ဗိုလ်ဘိုးဆင်၊ ဗိုလ်ဘိုးဝင်းတို့နှင့်အတူ ရေအိုးစင်ချောင်းခေါ် သပြေချောင်းဘက်သို့ ရောက်ရှိလာပြီး ဂူပြောက်ဘုရားဝင်းအတွင်း၌ ခေတ္တစခန်းချနေလေ၏။

ဗိုလ်ချိုတို့ စခန်းချသော နေရာကို နယ်ချဲ့အင်္ဂလိပ်တို့ သိရှိသွားသဖြင့် ဗိုလ်မှူးစတုန်း ဦးဆောင်သော နယ်ချဲ့တပ်များက အမှတ်မထင်ဝင်ရောက်တိုက်ခိုက်ကြလေ၏။ ထိုတိုက်ပွဲ၌ ဗိုလ်ချိုတို့သားအဖသုံးဦးကို နယ်ချဲ့တပ်များက ဖမ်းမိသွားကြသဖြင့် လက်ပြန်ကြိုးတုပ်၍ ခေါ်ဆောင်သွားကြလေ၏။ ထိုစဉ်က ဗိုလ်ချို၏မျက်နှာသည် လုံးဝညှိုးနွမ်းခြင်းမရှိဘဲ တင်းမာ

www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်နေသော အသွင်ဆောင်နေသည်။ နယ်ချဲ့တပ်များက ဘုရားဝင်းကို ဝိုင်းမိထားစဉ် သားနှစ်ယောက်က ရန်သူအား ပြန်လည်ခုခံသောအခါ–

“ငါ့သားများ… ငါတို့မြန်မာတွေ အချိန်ကုန်ပြီ။ အဖမ်းခံလိုက်ကြတော့…”

ဟု ဆို့နှင့်သောအသံဖြင့် အကျိုးမရှိသော ခုခံမှုမျိုးဖြစ်မည်ကို စိုးရိမ်သည့်အတွက် ဝမ်းနည်းကြေကွဲစွာ တားမြစ်ခဲ့ပေ၏။ နယ်ချဲ့အင်္ဂလိပ်တို့သည် ဗိုလ်ချုပ်နှင့်သားနှစ်ယောက်အား ကြိုးပေးကွပ်မျက်ရန် တစ်ဖက်သတ်ဆုံးဖြတ်အမိန့်ချခဲ့၏။ ထိုသို့ အမိန့်ချပြီးနောက် ဗိုလ်ချုပ်နှင့်သားနှစ်ယောက်ကို ငသရောက်ဆယ်ရွာသို့ ပြန်လည်၍ ခေါ်ဆောင်ခဲ့သည်။ ထို့နောက် အင်္ဂလိပ်နယ်ချဲ့တို့က ရွာ၏ အရှေ့တောင်ဘက်ရှိ ကျောက်စေတီဘုရားကြီး၏ အနောက်မြောက်ထောင့်တွင် ကြိုးစင်ကို ပြင်ဆင်ထားပြီး ရွာပတ်ဝန်းကျင်ရှိ ရွာသူရွာသားများနှင့် ဆွေမျိုးဉာတိအပေါင်းကို လာရောက်ကြည့်ရှုနိုင်စေရန် မောင်းကြေးနင်းလည်၍ နှိုးဆော်စေသည်။

ထိုအခါ ဗိုလ်ချုပ်သည် ကြိုးစင်ပေါ်သို့တက်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း သိရှိနားလည်လိုက်သည်နှင့် တစ်ပြိုင်နက် တူဖြစ်သူ ဦးဉာဏ်လှိုင်ကို [illegible]၍

“ငါ့တူ… တို့မြန်မာတွေ အချိန်ကုန်ပြီ။ သူ့ကျွန်ဘဝရောက်ရသည်ထက် သေရသည်က မြတ်ပါသေးသည်။ ကျန်ရှိသော ရွှေတို့ရွှေစများကို ထုခွဲ၍ ညှိနေရာတွင် ဘုရားတည်ပြီး ရေးမင်းများတူးခဲ့သော ညှိကန်ကို ဆည်ပါ”

ဟု မှာကြားခဲ့၏။ ထို့နောက် ဗိုလ်ချုပ်တို့သားအဖသုံးယောက်လည်း ကြိုးစင်ပေါ်သို့ ရင်ကော့၍ တက်သွားကြလေတော့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဗိုလ်ကြီးမျာဝေဒ်ကြီး ... ဖြစ်သွား မိုးလုံလေလုံ ... [illegible]

[illegible]

[illegible]

[illegible]

## ခုနစ်စဉ်ကြယ်နဲ့ ရှုဝံကြယ် ဘယ်လိုခြားနားသလဲ

ခုနစ်စဉ်ကြယ်သည် ကြယ်ခုနစ်လုံး စုစည်းထားသော ကြယ်အစုဖြစ်ပြီး ရှုဝံကြယ်မှာမူ အထီးတည်း တစ်လုံးတည်းသော ကြယ်ဖြစ်၏။ ခြားနားချက်ကား ခုနစ်စဉ်ကြယ်သည် နွေဦးတု၊ နွေကူးဦးတု၊ ဆောင်းဦးတု၊ ဆောင်းကူးဦးတုတို့၌ နေရာပြောင်းရွှေ့တတ်ပြီး ရှုဝံကြယ်မှာမူ နေရာပြောင်းရွှေ့ခြင်းမရှိဘဲ တစ်နေရာတည်းမှာပင် ထာဝစဉ်ရပ်တည်နေသော ကြယ်ဖြစ်၏။

ခုနစ်စဉ်ကြယ်နှင့် ပတ်သက်၍... 'ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်၊ သန်ကောင်ချိန်သို့ရောက်' ဟု ရှေးလူကြီးများက ဆိုစမှတ်ပြုကြ၏။ ခုနစ်စဉ်ကြယ်ကို ညအချိန်တွင် မြောက်ဖက်ကောင်းကင်၌ ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။ ခုနစ်ကြယ်မှာ အနောက်တိုင်း နက္ခတ်ဗေဒပညာရှင်တို့၏ အလိုအားဖြင့် အာစာမေဂျာခေါ် နက္ခတ်ထဲတွင်ပါဝင်သော ကြယ်စုပင် ဖြစ်ပေ၏။ ထိုကြယ်စုတွင် ကြယ်အလုံးပေါင်း ၇ လုံးပါဝင်သောကြောင့် ခုနစ်စဉ်ကြယ်ဟု ခေါ်ဝေါ်ကြ၏။



အာစာမေဂျာနက္ခတ်အနီးတွင်ပင် အာစာမိုင်းနားခေါ် နက္ခတ်တစ်ခုရှိသေးသည်။ အာစာမေဂျာနှင့် အာစာမိုင်းနားဆိုသည်မှာ လက်တင်ဘာသာစကားများ ဖြစ်ကြ၍ ဝက်ဝံကြီး၊ ဝက်ဝံငယ်ဟူ၍ အသီးသီးအဓိပ္ပာယ်ရသည်။ ထိုနက္ခတ်များထဲတွင် ပါရှိသော ကြယ်လုံးများကို တစ်လုံးနှင့်တစ်လုံး ဆက်စပ်ကြည့်တတ်လျှင် ဝက်ဝံရုပ်နှင့် အနည်းငယ်တူသော ပုံသဏ္ဌာန်ကို မြင်ရသည်ဟု ဆိုသည်။ ထိုနက္ခတ်များသည် အဓိပ္ပာယ်ကြောင့် ဝက်ဝံရုပ်များနှင့် တူရကြောင်း စပ်လျဉ်း၍ ရှေးပုံဟောင်းပုံပြင်များ ရှိလေသည်။ ခုနစ်စဉ်ကြယ်မှာ ဝက်ဝံတစ်ကောင်၏ အမြီးနှင့် ကိုယ်အစိတ်အပိုင်းအချို့ကို ပေါ်လွင်စေသည်။ ခုနစ်စဉ်ကြယ်၏တည်နေပုံမှာ ထယ်ပုံနှင့်တူသည်။ ထယ်လက်ကိုင်ရိုးနှင့် တူသောအပိုင်း၌ ကြယ်သုံးလုံးရှိသည်။ ကျန်လေးလုံးမှာ ကြယ်သုံးလုံးထိပ်၌ ကန့်လန့်ဖြတ်လိုးစီ တွဲလျက် နေရာတည်ရှိသည်။

အစွန်ဆုံးကြယ် ၂ လုံးတွဲအတန်းမှ ရှေ့သို့ မျဉ်းဖြောင့်တစ်ခုကို ဆွဲလိုက်လျှင် ထိုမျဉ်း၏အဆုံး၌ တစ်လုံးတည်း တောက်ပနေသော ကြယ်ကြီးကို မြင်ရလိမ့်မည်။ ထိုကြယ်ကြီးမှာ ရှုဝံကြယ်ပင် ဖြစ်သည်။ ရှုဝံကြယ်သည် အာစာမိုင်းနားနက္ခတ်တွင်ပါရှိ၍ ဝက်ဝံ၏အမြီးနှင့်တူသော အပိုင်းတွင် အမြီးထိပ်ပိုင်း၌ တည်ရှိလေသည်။

မြောက်ဘက်ကောင်းကင်ပြင်ရှိ ကြယ်တာရာများသည် ရှုဝံကြယ်ကို လှည့်ပတ်၍နေသဖြင့် ခုနစ်စဉ်ကြယ်သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



အလားတူပင် အချိန်နာရီနှင့် ရာသီဥတုအလိုက် ရွေ့လျား ပြောင်းလဲ၍ နေပေသည်။ ဆောင်းဥတု ညဦးပိုင်းတွင် ထယ် လက်ကိုင်ရိုးနှင့် တူသော ကြယ်သုံးလုံးတန်းသည် တောင်ဘက် သို့ ညွှန်၍ နေသည်ကို တွေ့မြင်ရပေမည်။ နွေကူးဥတုညဥ့်တွင် မူ ယင်းကြယ်တန်းသည် အရှေ့ဘက်သို့ ညွှန်လျက်၊ နွေဥတု တွင်မူ မြောက်ဘက်သို့ ညွှန်ကာ ဆောင်းဥတုတွင်ကား အနောက် ဘက်သို့ ညွှန်ပြ၍ နေပေလိမ့်မည်။

ဓုဝံကြယ်ကြီးသည် အခြားကြယ်များကဲ့သို့ နေရာပြောင်းရွေ့ ခြင်း မရှိဘဲ ထာဝစဉ်တစ်နေရာတည်းတွင် တည်နေပေသည်။ သို့ဖြစ်၍ ရှေးအခါက သင်္ဘောသားများသည်လည်းကောင်း၊ ကုန်းတွင်းခရီးသွား ကုန်သည်များသည်လည်းကောင်း မိမိတို့ ရောက်ရှိနေသော နေရာကို သိရှိနိုင်ရန်အတွက် ဓုဝံကြယ်ကို ကြည့်၍ ခရီးသွားလာကြရလေသည်။

□

## ချဉ်ပေါင်ရွက်သည် မောင်မှိုင်း ဝတ္ထုကိုတုပပြီး ဘယ်ဝတ္ထုတွေ ပေါ်ထွက်လာခဲ့သလဲ

ပထမဦးဆုံးသော မြန်မာကာလပေါ်ဝတ္ထုဖြစ်သည့် ဂျိမ်း လှကျော်၏ 'မောင်ရင်မောင် မမယ်မ' ဝတ္ထုမှာ ၁၉၀၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် စတင်ပေါ်ထွက်ခဲ့၏။ ထိုနှစ်အတွင်း မှာပင် ဒုတိယမြောက် ပေါ်ထွက်လာသော မြန်မာကာလပေါ် ဝတ္ထုမှာ ဝန်စာရေးဦးကြီး၏ 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း' ဝတ္ထုဖြစ်ပေသည်။

ဝန်စာရေးဦးကြီး၏ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထု ပေါ်ထွက်လာလေသော် စာဖတ်သူအပေါင်း လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားကြကာ ဝတ္ထု၏အဓိကဇာတ်ဆောင် မောင်မှိုင်းအား စက်ဆုပ်ရွံရှာကြလေ၏။ အကြောင်းမူ မောင်မှိုင်းသည် အင်းဝ နေပြည်တော်၌ အရှေ့ဝင်းမှူး၏သမီး ခင်လေးကြီးအား လှနှင့် ဖွေည်းပစ္စယတို့ကို အရချိုင်ပြီးနောက် ရောဝတီမြစ်ကိုစုန်၍

www.burmeseclassic.com

www.burmeseclassic.com



အသွင်အမျိုးမျိုးဆောင်ပြီး အမည်နာမအမျိုးမျိုးပြောင်းကာ မယား အများအပြားယူသည့် ဇာတ်ဆောင်ဖြစ်နေသောကြောင့်ပင်။

ဤချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုအား ပညာရှင်များက နန်းတွင်းဇာတ် အစဉ်အလာလိုက်သည်ဟု အကဲဖြတ်သုံးသပ်ကြသည်။ သို့ရာတွင် ထိုဝတ္ထုကို လေ့လာကြည့်ပါက ထူးခြားချက်နှစ်ရပ်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

မောင်မှိုင်းသည် နန်းတွင်းဇာတ်များကဲ့သို့ ဇာတ်ပန္နက်ကို ဒဏ္ဍာရီဆိုင်ရာပြည်များ၊ ဒဏ္ဍာရီနိုင်ငံများ၌ မတည်ဘဲ အင်းဝမင်းနေပြည်၌ တည်ပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက် မြို့များဖြစ်သည့်အတွက် ကာလဒေသအားဖြင့် မြန်မာနိုင်ငံတွင် အမှန်တကယ် ရှိနေသော မြို့များဖြစ်သည်။ ထို့ကြောင့် ကာလဒေသအားဖြင့် ယထာဘူတကျသော အချက်များကို မြင်ရသည်။ မောင်မှိုင်း၏ ဟန်ဆောင်ဝါကြွား အညာအလိုင်း သရုပ်ဖော်မှုများနှင့် မောင်မှိုင်းမယားတစ်စု၏ အုပ်စုလိုက် ဂုဏ်ပြိုင်ကြသော အမူအရာများကို သရုပ်ဖော်မှုမှာ လူ့လောကတွင် တကယ်ဖြစ်တတ်ခြင်း၊ ရှိတတ်ခြင်း၊ ပြုတတ်ခြင်းတို့ကို ပြလိုသောဆန္ဒဖြင့် စာရေးဆရာက အမှန်မဖောင်ဘဲ အရောင်မခြယ်ဘဲ ဟုတ်တိုင်းမှန်ရာကို သတိပြုမိကြအောင်၊ ယထာဘူတသဘောပါအောင် သရုပ်ဖော်သည့်အချက်တို့ ဖြစ်သည်။

ဤ၌ မောင်မှိုင်း၏ဝတ္ထုကို တုပသော ဝတ္ထုများ ပေါ်ထွက်လာသည်ကို ဆိုဖွယ်ရာရှိလာ၏။ မန္တလေးမောင်ခင်မောင် (လယ်တီပဏ္ဍိတဦးမောင်ကြီး) ရေးသော ခင်မြင့်ကြီးဝတ္ထုမှ ဇာတ်



ဆောင် မောင်သန်းညွန့်ဆိုလျှင် ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုမှ မောင်မှိုင်းကဲ့သို့ပင် ဖြစ်သည်။

ခင်မြင့်ကြီးကို အရေးအသားအနုအယဉ်ဖြင့် ရည်းစားများသော မောင်သန်းညွန့်ဇာတ်လမ်းကို ဖန်တီးထားသည်။ မောင်မှိုင်းက ဧရာဝတီမြစ်ရိုးတစ်လျှောက် မယားထည်လဲ ယူခဲ့သည်။ ဤသို့ မယားယူခဲ့၍ ယင်းဝတ္ထုကို ညစ်ညမ်းသည်ဟု ဆိုကာ ဝိုင်း၍ ဝေဖန်ကြလေ၏။ ထိုအခါ မန္တလေးမောင်ခင်မောင် (လယ်တီပဏ္ဍိတ ဦးမောင်ကြီး) က ဤအချက်ကို သတိမူပြီး မောင်သန်းညွန့်ကို မြို့ရွာတစ်လျှောက် ရည်းစားထည်လဲထားသူအဖြစ်သာ ရေးလေ၏။ ဇာတ်သိမ်းတော့မှသာလျှင် ခင်မြင့်ကြီးနှင့် လက်ထပ်ပေးလိုက်သည်။

ဤ၌ ချဉ်ပေါင်ရွက်သည်မောင်မှိုင်းတို့ ရွတ်ချကြသည်ဟု ဆိုစေကာမူ ဤဝတ္ထုကို လူကြိုက်များသောကြောင့် တုပရေးသော ဝတ္ထုများ ထွက်လာကြချေ၏။ ၁၉၁၁ ခုနှစ်တွင် ဒူးရှင်းသီးသည် မောင်သိုင်း' ဝတ္ထု၊ ၁၉၁၂ ခုနှစ်တွင် မောင်သာဇံရေးသားသည့် 'ပုမြစ်သည် မောင်လှိုင်း' ဝတ္ထုတို့ ပေါ်ထွက်လာခဲ့သည်ဟု လေ့လာမှတ်သားခဲ့ရပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

## ဂျွန်ဦးစော ကြိုးပေးမခံရမီ သမီးဘောဘီစောကို စာဘယ်လို ရေးပေးခဲ့သလဲ

ဂျွန်ဦးစောသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ခဲ့သည့်အတွက် သမိုင်းစာမျက်နှာထက်၌ အမည်းစက်တင်ခဲ့သူဖြစ်၏။ ထို့ကြောင့်ပင် (၈.၅.၁၉၄၈) ရက်နေ့တွင် ကြိုးပေးသတ်ဖြတ်ခံခြင်းကို ခံခဲ့ရသည်။

ဂျွန်ဦးစောသည် ကြိုးပေးသတ်ဖြတ်ခြင်းမခံရမီ သမီးဖြစ်သူ ဘောဘီစောထံသို့ စာတစ်စောင်ရေးခဲ့သည်။ ထိုစာ၌ ဂျွန်ဦးစော၏ သံဝေဂတို့ကို တွေ့ရှိရပါလိမ့်မည်။ ထိုစာကား...

သမီးဘောဘီစော...

မည်သူမဆို တစ်သက်တာတွင် မိမိခန္ဓာကိုယ် အဖွဲ့ဘောကြီးကို စွန့်ရမြဲဖြစ်ကြောင်း၊ မိမိ၏ ခန္ဓာဟု ဆိုရသော်ငြားလည်း စိုးပိုင်ခြင်း မဖြစ်နိုင်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားများ ဖြစ်ကြောင်း။



ငါ၏လင်၊ ငါ၏ခင်ပွန်း၊ ငါ၏ဖခင်တို့နှင့် တကွဲတပြားဖြစ်သွားရခြင်းအတွက် ပူပင်သောက မဖြစ်စေလိုပါ။ မည်သည့်လင်နှင့်မယား၊ အဖနှင့်သမီးတို့ တစ်ပြိုင်တည်း မသေနိုင်။ သေလည်း မသေကြ။ တစ်ချိန်တည်းတွင် သေရန် စာချုပ်ချုပ်ဆို၍ ရနိုင်သောအကြောင်းလည်း မရှိပါ။ ဓမ္မတာတရားအတိုင်း သေချိန်ကျလျှင် သေရပါသည်။ ဤလမ်းသည် မလွဲသောလမ်း ဖြစ်ပါသည်။

မိမိအဖို့တွင်လည်း ဤကဲ့သို့ ရှောင်လွှဲ၍မရသော ကံကြမ္မာပင် မန်တီးလာသည်ဟု ထင်မိပါသည်။ စလေဆရာကြီး ဦးပုညသည် မြင်ကွန်း၊ မြင်းခုံတိုင်တို့၏ အရေးတော်ပုံတွင် အရှင်လတ်လတ် အသတ်ခံရဖူးပါသည်။ 'ဟတ်ပလေ နတ်ခြွေဟရမ္မာဖြင့် ပုဇ္ဇေစထင်ရဲ့လေ' ဟူသော စာပိုဒ်ကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပါသည်။

ကောသလမင်းကြီးကဲ့သို့ ရွှေနန်းစံဘုရင်မင်းတရားပင် ရေးကံနိပ်စက်သောအခါ ဇရပ်တစ်ဆောင်တွင် သေခဲ့ရဖူးသော ထုံးလည်း ရှိပါသည်။ ဒါကြောင့်မို့ မာမီနှင့်သမီးတို့ တရားနှလုံးသွင်း၍ ဖြေကြစေလိုပါသည်။ သမီးအား ဗုဒ္ဓစာပေကို များများတတ်အောင် မာမီက ကြိုးစားသင်ပေးပါ။

သတ္တဝါအားလုံးအပေါ် မေတ္တာထားနိုင်သည့် စိတ်ဓာတ်ရှိမှ နတ်လူသာရ ခေါ်ပါသည်။

ထို့ကြောင့် သမီးသည် သစ္စာရှိရမည်။ သိတင်းရှိရမည်။ အကျင့်စာရိတ္တကောင်းရမည်။ 'လူမိုက်တစ်သောင်း ကဲ့ရဲ့

www.burmeseclassic.com



ရောင်းလည်း၊ လူလိမ္မာတစ်ယောက် ချီးမွမ်းလျှင် မြောက်သည်' ဟူသော စကားကို သတိပြုပါ။ အရေးကြီးဆုံး အဖိုးတန် အမွေတစ်ခုကို ပေးလိုပါသည်။ ထိုအမွေမှာ 'ရတနာသုံးပါးကို ဦးထိပ်ထား၍ ဆည်းကပ်ကိုးကွယ်ပါ' ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများကို ဆည်းကပ်ကိုးကွယ်ပါ။

မာဃီး ကျွန်တော့်အပေါ် မကျေနပ်တာရှိလျှင် သည်းခံပါ။ မာဃီအပေါ်တွင် မကျေနပ်တာရှိလျှင် ခွင့်လွှတ်ပါသည်။ သမီးတစ်သက်လုံးတွင် "သူတစ်ပါးအသက်သတ်ခြင်း ရှောင်ကြဉ်မှု"

ဒုက်ဒီတို့အမျိုးသည် အမေ့ဘက်ကဘယ်မျိုး အဖေ့ဘက်က အမျိုးမှာ၍ နှစ်ဖက်ရှိကြပါသည်။ ထိုအမျိုးများသည် အလွန် စိတ်ထက်ကြသည်။ စိတ်မြန်ကောင်းရှိကြသည်။ စော်ကားလျှင် မခံချင်သောစိတ်ဓာတ် အလွန်အားကြီးကြသည်။ စိတ်ပြင်းလွန်းကြသဖြင့် သူများက မှားစ်ချက်ရိုက်လျှင် ကိုယ်က အချက် ၂၀ ပြန်ရိုက်ချင်သည်။ သူတစ်ပါး တစ်ချက်ထိုးလျှင် ကိုယ်က အချက်ပေါင်းများစွာ ပြန်ထိုးမှ ကျေနပ်ကြသည်။ လက်စားပြန်မချေရလျှင် တစ်သက်လုံး မမေ့နိုင်ဆိုသလို ရှိခဲ့ကြသည်။

"သူများကို မခံစော်ကားနှင့် မိုက်ကလျှင် ကိုယ်ကိုဆင်ခြင်တစ်ခုမဲ့ ပြန်ချရမည်ဟု အစဉ်အဆက် ဒုက်ဒီတို့က တစ်မျိုးစဉ်ကို အမွေပေးခဲ့ကြသည်။ ညွှန်ကြားခဲ့သည်လို



စော်ကားလိမ့်မည် ထင်တဲ့လူကို အပေါင်းအဖော် မလုပ်ပါနဲ့။ ရန်သူလာလျှင် သည်းခံပါ။ သမီးလှူဒါန်းနိုင်သမျှ သံဃာတော်အရှင်မြတ်များအတွက် လှူဒါန်းပါ။ ဤကားငါ၏ချစ်သမီးကို ပေးနိုင်သော အမွေများ ဖြစ်သတည်း။

**(မောင်စော)**

□

www.burmeseclassic.com

## ဂျွန်ဦးစောတို့ကို ဘယ်လိုကြိုးပေးခဲ့သလဲ

နှစ်စဉ် ဇူလိုင်လ (၁၉) ရက်နေ့ကို ရောက်လေတိုင်း မြန်မာနိုင်ငံသူ နိုင်ငံသားတို့အဖို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်တို့အား နှမြောတသ လွမ်းဆွတ်ကြစမြဲပင်။ ထိုအတူ အာဇာနည်ခေါင်းဆောင်ကြီးတို့အား လုပ်ကြံခဲ့သော ဂျွန်ဦးစောနှင့် အပေါင်းအပါတို့အား အမျက်ဒေါသထွက်ခဲ့ကြရသည်။

သည်လိုမျိုး လုပ်ကြံမှုကြီးအတွက် နိုင်ငံတော်က ခုံရုံးတင်စစ်ဆေးကာ သေဒဏ်စီရင်ခဲ့သည်။ ဤသို့ ဂျွန်ဦးစောတို့အား ကြိုးပေးသတ်ဖြတ်ပုံမြင်ကွင်းကို တင်ပြလိုပါသည်။

> … အာရုဏ်ဦး၏နေရောင်ခြည်သည် ဦးစောနှင့်ပြိုင်တူ ကြိုးစင်ပေါ်သို့ ရောက်ခဲ့ကြပြီ။ ဦးစောသည် ရင်းအလိုမရှိသော ကျောကွဲအင်္ကျီအဖြူရှည်ကြီးကိုဝတ်ရန် လက်လျှိုပေးစဉ် ကြိုးစင်ပတ်ဝန်းကျင်တွင် ရှိကြသော အမှုထမ်း၊ အရာထမ်းများအား လှစ့်မတ်တတ်ကြည့်လျက် နောက်ဆုံး



သော အပြုံးဖြင့် နှုတ်ဆက်ပြန်သည်။ မကြာပါလေ။ ဦးစော၏ ခြေစုံလက်စုံတို့တွင် ကြိုးတုပ်ပေးလျက်ရှိရာ ဦးစောသည် မျက်စိကို မှိတ်လိုက်သည်။

ထိုစဉ် ထောင်မှူးကြီးက ဦးစောအား ဦးခေါင်းစွပ်အဖြူကို စွပ်ပေးလျက် ကြိုးကွင်းတင်လိုက်စဉ် ဦးစောရပ်လျက်ရှိသော အောက်ခံ သံပြားကြီးနှစ်ချပ်မှာ တစ်ခဏအတွင်း ဂျိုင်းခနဲ မြည်ဟီးလျက် ပွင့်ထွက်သွားသံနှင့်အတူ သူလည်း လုပ်ကြံမှုကြီး၏ ခေါင်းဆောင်တရားခံအဖြစ်မှ ဘဝသစ်သို့ ကူးပြောင်း၍ ငြိမ်သက်လျက်ရှိပေပြီ။

ဦးစောကိစ္စအပြီး ထောင်မှူး၊ ထောင်ကြပ်တို့ ခြံရံလျက်–

မှုံကြီးအား တွဲထုတ်လာကြပြန်သည်။ သူလည်း ဝတ်ရုံဖြူ ကျောကွဲကြီးဝတ်လျက် ဒယီးဒယိုင် လက်ထိပ်မပါကြိုးစင်ပေါ်သို့ ရောက်ရှိလာသည်။ သူနှင့်ယှဉ်လျက်ရှိသော တစ်ဖက်ခန်းမှ ကြိုးမိန့်ချပြီးသူကို ငုံ့ကြည့်သည်။ ပြီးမှ ဒါ ဦးစောလားဟု မှုံကြီးကမေးရာ ဦးစံတင်(ထောင်မှူးကြီး) က ခေါင်းညိတ်အဖြေပေးရင်း မှုံကြီးအား ခေါင်းစွပ်အိတ်ဖြူကို စွပ်ပေးလိုက်သည်။

မှုံကြီးကား ခေါင်းစွပ်မခံဘဲ ခေါင်းရှောင်ရင်း "ကျွန်တော် ပြောစရာရှိသေးတယ်" ဟု စကား[illegible]ရာ ထောင်မှူးကြီးက– "ပြောသာပြောပါ၊ အချိန်တွေ ကျန်ပါသေးတယ်"ဟု နှစ်သိမ့်ရင်း "ခေါင်းစွပ်ထဲက ပြောနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်" ဟု ခေါင်းစွပ်ကို စွပ်လိုက်သည်။ မှုံကြီးသည် ခေါင်းစွပ်ထဲမှပင် သူ၏မပြတ်သေးသော လက်ကျန်စကားကို ကျန်လက်တစ်ဖက်အား မြှောက်ကာ (ဦးစောအိမ်ဝိုင်းစဉ် ခုခံ၍ ရရှိသော ဒဏ်ရာကြောင့် လက်တစ်ဖက် ဖြတ်ထားသည်) "ကျွန်တော်တို့ ခေါင်းဆောင်ကြီးဟာ..." ဟု အစချီနေစဉ် သူနင်းထားသော သံပြားကြီးမှာ ပွင့်ထွက်သွားပြီး သူ့ဆရာခေါင်းဆောင်ကြီးနှင့်အတူ ထားချင်းယှဉ်လျက် ၎င်း၏ဘဝကို နိဂုံးချုပ်ရရှာသည်။

ထို့နောက် ကြိုးမိန့်ပြစ်ဒဏ်ခံယူပြီးသော ဦးစောနှင့် မှုံကြီးတို့အား နာရီဝက်အကြာတွင် ထောင်ဆရာဝန်များဖြစ်ကြသော ဒေါက်တာအောင်သိန်းနှင့် ဒေါက်တာထွန်းဝင်းတို့မှ လာရောက်စစ်ဆေးလျက် ၎င်းတို့တွင် အသက်မရှိတော့ကြောင်း မှတ်ချက်ပေးကြသည်။ ပြီးမှ ဦးစောနှင့် မှုံကြီးတို့၏ အလောင်းများကို ကြိုးစင်မှ အသင့်ရှိနေသော အခေါင်းများထဲသို့ စနစ်တကျ နေရာချပေးခဲ့ကြသည်။

တတိယအသုတ် မောင်စိုးနှင့် သက်နှင်းတို့ ရောက်ရှိလာပြန်သည်။ သူတို့ကား ပထမအသုတ်ကဲ့သို့ တည်ငြိမ်မှု မရှိ။ တုန်လှုပ်ချောက်ချားလျက်ရှိကြသည်။ ၎င်းတို့အား ကြိုးတိုက်မှ အပြင်သို့ ရောက်ရန် ခဲယဉ်းစွာ ထုတ်ခဲ့ရသည်။ အချို့ကြိုးတရားခံများ ယခုကဲ့သို့ ၎င်းတို့၏ နောက်ဆုံးအချိန်ကလေးတွင် ကြောက်ကန်ကန်လျက် အရွမ်းကုန် ခုခံတတ်ကြသောကြောင့် ကြိုးတိုက်တရားခံ



များအား ထုတ်ယူရာတွင် သတိကြီးစွာ လိမ္မာပါးနပ်ရန် လိုသည်။

* ယခုတွင် အမှုထမ်းအရာထမ်းများ၏ ပါးနပ်လိမ္မာစွာ ဆောင်ရွက်မှုဖြင့် မောင်စိုးနှင့်သက်နှင်းတို့မှာ ကြိုးစင်တန်းများပေါ်တွင် ရောက်ရှိနေကြပြန်လေပြီ။ အစဉ်တုန်လှုပ်ချောက်ချားလွန်းသော နှစ်ယောက်မှာ ကြိုးစင်သံပြားများပေါ် နင်းပြီးသည်နှင့် မတုန်မလှုပ် ကျောက်ရုပ်ပမာ သံပြားများ ပွင့်ထွက်သွားချိန်အထိ ငြိမ်သက်စွာဖြင့်ပင် သူတို့၏ ခေါင်းဆောင်ကြီးနှင့်အတူ ဘဝနိဂုံးချုပ်သွားကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဂါထာ မန္တန် ရွတ်လျှင် အဘယ်ကြောင့် (၃၇) ခေါက် ရွတ်ဆိုရတာတဲ့လဲ

ဂါထာမန္တန်တို့ကို ရွတ်ဆိုလျှင် (၃၇) ခေါက် ရွတ်ဆိုမှ ပိုမိုအစွမ်းထက်သည်ဟု ဆိုကြ၊ ရေးသားကြပါသည်။ အဘယ်ကြောင့် (၃၇) ခေါက် ရွတ်ဆိုရသနည်းဆိုသော် ဗောဓိပက္ခိယ (၃၇) ပါးကို အလေးအနက်ထားကာ ကိုယ်စားပြုစေလိုသောကြောင့် ဖြစ်ပါသည်။

ဗောဓိပက္ခိယ (၃၇) ပါးရှိ၏။ ၎င်း၌ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့ ဖြစ်ကြရာ ၎င်းတို့ကို အသေးစိတ်လိုက်ပါက ၃၇ ပါး ပေါ်ထွက်လာပါသည်။

**သတိပဋ္ဌာန် ၄ ပါးရှိ၏။**

**(၁) ကာယာနုပဿနာ သတိပဋ္ဌာန်**

- ကိုယ်၏ လှုပ်ရှားမှုကို ရှုမှတ်ခြင်း



**(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်**

- ခံစားမှုဝေဒနာကို ရှုမှတ်ခြင်း

**(၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်**

- စိတ်ကို ရှုမှတ်ခြင်း

**(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်**

- တရားကို ရှုမှတ်ခြင်းတို့ ဖြစ်ကြ၏။

**သမ္မပ္ပဓာန် ၄ ပါးရှိ၏။**

(၁) မဖြစ်သေးသော ဒုစရိုက်တရားတို့ကို မဖြစ်ပေါ်လာစေရန် အားထုတ်ခြင်း၊

(၂) ဖြစ်ကုန်ပြီးသော ဒုစရိုက်တရားတို့ကို ပယ်ဖျက်ခြင်းငှာ အားထုတ်ခြင်း၊

(၃) မပြုရသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်လာစေရန် အားထုတ်ခြင်း

(၄) ပြုပြီး ပြုဆဲဖြစ်ကုန်သော ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကုသိုလ်တရားတို့ကို အဆင့်ဆင့်တိုးပွားခြင်းငှာ အားထုတ်ခြင်းတို့ ဖြစ်ကြ၏။

**ဣဒ္ဓိပါဒ် ၄ ပါးရှိ၏။**

**(၁) ဆန္ဒိဒ္ဓိပါဒ်**

- တောင့်တခြင်း အမှုးပြု၍ ပြည့်စုံခြင်း

**(၂) စိတ္တိဒ္ဓိပါဒ်**

- စိတ်ကို အမှူးပြု၍ ပြည့်စုံခြင်း

www.burmeseclassic.com

www.burmeseclassic.com



(၃) **ဝီရိယသိဒ္ဓိပါဒ်**

- လုံ့လကို အမှူးပြု၍ ပြည့်စုံခြင်း

(၄) **ဝီမံသိဒ္ဓိပါဒ်**

- ပညာကို အမှူးပြု၍ ပြည့်စုံခြင်းတို့ ဖြစ်ကြ၏။

**ဣန္ဒြေ ၅ ပါးရှိ၏။**

(၁) သဒ္ဓိန္ဒြေ

(၂) ဝီရိယိန္ဒြေ

(၃) သတိန္ဒြေ

(၄) သမာဓိန္ဒြေ

(၅) ပညိန္ဒြေ... တို့ ဖြစ်ကြ၏။

**ဗိုလ် ၅ ပါးရှိ၏။**

(၁) သဒ္ဓါဗိုလ်

(၂) သတိဗိုလ်

(၃) သမာဓိဗိုလ်

(၄) ပညာဗိုလ်

(၅) ဝီရိယဗိုလ်... တို့ ဖြစ်ကြ၏။

**ဗောဇ္ဈင် ၇ ပါးရှိ၏။**

(၁) **သတိသမ္ဗောဇ္ဈင်**

(၂) **ဓမ္မဝိစယ သမ္ဗောဇ္ဈင်**

(၃) **ဝီရိယ သမ္ဗောဇ္ဈင်**

(၄) **ပီတိသမ္ဗောဇ္ဈင်**



(၅) **ပဿဒ္ဓိသမ္ဗောဇ္ဈင်**

(၆) **သမာဓိသမ္ဗောဇ္ဈင်**

(၇) **ဥပေက္ခာသမ္ဗောဇ္ဈင်** ... တို့ ဖြစ်ကြ၏။

**မဂ္ဂင် ၈ ပါးရှိ၏။**

(၁) **သမ္မာဒိဋ္ဌိ**

- သစ္စာလေးပါးတရားကို ကောင်းစွာ မြင်ခြင်း

(၂) **သမ္မာသင်္ကပ္ပ**

- ဝိတက်သုံးပါးမှ ကင်း၍ ကောင်းသောအကြံကို ကြံခြင်း

(၃) **သမ္မာဝါစာ**

- ဝစီဒုစရိုက်လေးပါးမှ ကြဉ်၍ ကောင်းသောစကားကို ဆိုခြင်း

(၄) **သမ္မာကမ္မန္တ**

- ကာယဒုစရိုက်သုံးပါးမှကြဉ်၍ ကောင်းသောအမှုလုပ်ခြင်း

(၅) **သမ္မာအာဇီဝ**

- အဓမ္မိက ဝါဏိဇ္ဇငါးပါးမှကြဉ်၍ အသက်မွေးမြူခြင်း

(၆) **သမ္မာဝါယာမ**

- ကုသိုလ်တရားတို့ကိုဖြစ်အောင် လုံ့လပြုခြင်း

www.burmeseclassic.com

www.burmeseclassic.com



(၇) သမ္မာသတိ

- နိဝရဏအတရား စသည်တို့ကို အဖန်ဖန်အောက်မေ့ခြင်း

(၈) သမ္မာသမာဓိ

- ကုသိုလ်တရားတို့ကို အာရုံ၌ တည်ကြည်မြဲမြံစွာ ထားနိုင်ခြင်းတို့ ဖြစ်ကြပေသည်။

ထို ၃၇ ပါးသော တရားတော်များကို ရည်မှန်း၍ ဂါထာမန္တန်တို့အား ၃၇ ခေါက် ရွတ်ဆိုနိုင်ပါက မိုမို၍ အစွမ်းထက်သည်ဟု ယုံကြည်သူ များစွာရှိကြပါသည်။

□

# ဂီတစာဆိုရွှေတိုင်ညွန့်ကို ဗိုလ်ချုပ်အောင်ဆန်းက အချက်အလက်တွေပေးပြီး ရေးစပ်စေခဲ့တာ ဘယ်သီချင်းလဲ

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ရန်သူတို့အား တိုက်ထုတ်ရန် စီစဉ်နေဆဲကာလတွင် တေးရေးဂီတစာဆိုရွှေတိုင်ညွန့်အား သီချင်းတစ်ပုဒ်ရေးစပ်ပေးပါရန် အချက်အလက်တို့ပေးကာ အကူအညီတောင်းခဲ့၏။ ဆရာရွှေတိုင်ညွန့်ခမျာလည်း သေကောင်ပေါင်းလဲ ဝေဒနာသည်းထန်ချိန်၌ပင် မညည်းမငြူဘဲ ရေးစပ်ပေးခဲ့ပါသည်။ ထိုတေးသီချင်းမှာ 'တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်' ဆိုသည့် သီချင်းဖြစ်ပါသည်။

အချိန်ကား... ၁၉၄၅ ခုနှစ်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ထီးတန်းဈေးကလေး ၅ လမ်းရှိ အိမ်တစ်အိမ်တွင် ဖြစ်သည်။

ထိုအိမ်ရှိ အိပ်ရာအပေါ်တွင် လဲလျောင်းလျက်ရှိသည့် အရိုးပေါ် အရေတင်နေသော လူမမာတစ်ဦးက တိုးညင်းသောအသံဖြင့် တေးသီချင်းတစ်ပုဒ်ကို စကားလုံး၊ တစ်လုံးချင်းပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးစွာ သီဆိုပြနေသည်။ အသက် ၂၅ နှစ်အရွယ်လူငယ်တစ်ဦးက လူမမာပါးစပ်သို့ နားကပ်ပြီးနားထောင်ကာ စာရွက်ဖြင့် လိုက်ရေးသည်။ ပြီးတော့ လူမမာကို ပြန်ဖတ်ပြ၊ ပြန်ဆိုပြသည်။ လူမမာက ခေါင်းညိတ်ပြ၏။ ဤသို့ဖြင့် နောင်သောအခါ သမိုင်းဝင်မည့် ဂန္ထဝင်သီချင်းတစ်ပုဒ် ရေးစပ်ပြီးစီးသွားခဲ့တော့၏။

ထိုလူမမာကား ဝစနဆရာဆိုင်ခေါ် ဂီတစာဆိုကြီး ရွှေတိုင်ညွန့်ဖြစ်ပြီး သီချင်းလိုက်ရေးမှတ်ပေးသူကား ဂျာကျော်ထင် (ဦး) စိန်မြမောင်ဖြစ်သည်။ ဆရာရွှေတိုင်ညွန့်၏ သီချင်းသည် နိုင်ငံတော်အတွက် တပ်မတော်၏အရေးပါမှုကို ရိုးရိုးစင်းစင်းနှင့် ထိထိမိမိဖော်ပြသည်။ အကြောင်းအရာ ပြည့်စုံသည်။ အပိုအလိုမရှိ၊ ကျစ်ကျစ်လျစ်လျစ် ရှိလှသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့် အပိုဒ်သည် ပြောင်မြောက်ပြီး အဖိုးတန်လှသည်။

သီချင်းကို အများသိဆိုနိုင်ရန်အတွက် ဝစနလင်္ကာရ အဖွဲ့အနွဲ့တွေ မထည့်။ သူရေးနေကျဖွဲ့နေကျ ထပ်တွန့်ကာရန် နဘေတွေ မသုံး။ တပ်မတော်သားတွေ၊ ပြည်သူတွေ၏နှလုံးသားမှာ စွဲငြိသွားစေမည့် အချက်အလက်တို့ကိုသာ အဓိကထားရေးသားထားသော စာသား (Lyircs) ဖြစ်သည်။ တေးသွားမယ်လိုဒီကလည်း ရေးနေကျသူ့မူဟန်အတိုင်း အလွန်ချိုသာပြေပြစ်လှသည်။ လူတကာလိုက်ဆို၍ လွယ်ကူသည်။ ဖွဲ့စပ်သည့် အသံများ ထောင့်နေခြင်း၊ ငေါ်နေခြင်းမရှိ။ သီဆိုရာတွင် ဆိုရခက်သည့်အသံ တစ်လုံးမျှ မပါ။



ထို့ပြင် ရေးသားထားသည့် တေးသွားဟန်ကလည်း မြန်မာ့ဆိုင်းဝိုင်းကြီး မြန်မာ့နရီစည်းဖြင့် တီးမလား၊ နိုင်ငံတကာ တူရိယာပစ္စည်းများဖြင့် နိုင်ငံတကာ နရီစည်းဝါးဟန်အတိုင်း တီးမလား၊ ဒါမှမဟုတ် စစ်ချီတေးအဖြစ် စစ်ချီဘင်ခရာတီးဝိုင်းဖြင့် တီးမှုတ်မလား။ မည်သည့်နရီစည်းဝါးဖြင့်ဖြစ်စေ တီးမှုတ် သီဆို၍ ရသည်။ ဤမျှပြောင်မြောက်လှသော ဂန္ထဝင်စစ်ချီစစ်ရေး တေးသီချင်းကို ဆရာရွှေတိုင်ညွန့်သည် အိပ်ရာပေါ်တွင် သေကောင်ပေါင်းလဲအချိန်မှာ ရေးသားနိုင်ခဲ့သည်ကား အံ့ဩစရာ ကောင်းလှသည်။

ဆရာရွှေတိုင်ညွန့်သည် ထိုဂန္ထဝင်တေးသီချင်းကို ရေးစပ်အပြီး ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်၊ အသက် (၃၆) နှစ်တွင် အရွယ်ကောင်းတုန်း၊ ဂီတအနုပညာအား ကောင်းတုန်းအချိန်၌ အဆုတ်ရောဂါဖြင့် ကွယ်လွန်တိမ်းပါးသွားခဲ့ရှာသည်။ သူ၏ဈာပနအား မြန်မာ့တပ်မတော်မှ စစ်အခမ်းအနားဖြင့် ဂုဏ်ပြုသင်္ဂြိုဟ်ခဲ့သည်ဟု သိရှိရသည်။ ဆရာရွှေတိုင်ညွန့် ကွယ်လွန်ပြီး တစ်လတင်းတင်းပြည့်သော ၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့တွင် ဖက်ဆစ် တော်လှန်ရေးကို စတင်ခဲ့ပါသည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပေးခဲ့သည့် အချက်အလက်တို့ကို အခြေပြု၍ မျိုးချစ်ဂီတစာဆိုကြီး ရွှေတိုင်

www.burmeseclassic.com

www.burmeseclassic.com



ညွှန့် ရေးစပ်ခဲ့သည့် 'တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိမည်' ဆိုသည့် သီချင်းကား အစွန့်ရှည်ကည်တဲ့နေဆဲ ...။ မြန်မာနိုင်ငံတော်ကြီး ရှိနေသမျှကာလပတ်လုံး ပျံ့လွှင့်နေလိမ့် မည်ဟု ကောက်ချက်ချချင်ပါသည်။

□

## ဂျပန်ခေတ်မှာ မြန်မာတွေ ဘယ်လိုခါးစည်းပြီး ခံခဲ့ကြရသလဲ

မိမိတို့ မြန်မာနိုင်ငံသည် ကိုယ့်မင်းကိုယ့်ချင်းနှင့် နေထိုင် ခဲ့ကြရာမှ ဗြိတိသျှနယ်ချဲ့တို့လက်အောက်သို့ ကျရောက်ခဲ့ရ၏။ တစ်ဖန် ဖက်ဆစ်ဂျပန်တို့၏ လက်အောက်သို့လည်း ကျရောက် ခဲ့ရပြန်၏။ မည်သည့်လက်အောက်သို့ ကျရောက်စေကာမူ မြန်မာ တို့အတွက် တကယ့်ကို ငရဲခန်းပင်ဖြစ်၏။ အထူးသဖြင့် ဂျပန် ခေတ်၌ မြန်မာတို့၏ ဆင်းရဲဒုက္ခမှာ ကြီးမားလွန်းလှ၏။ ထို အဖြစ်နှင့် ပတ်သက်၍ ဆရာဦးလေးမောင် ပြုစုရေးသားသော မြန်မာ့နိုင်ငံရေးသမိုင်း၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"... ဂျပန်စစ်တပ်များ မြို့ရွာကို ဝင်တော့မည် ဆိုလျှင် မြန်မာတို့က သပြေပန်းရေချမ်းနှင့် ပထွေးသော် ကြိုဆိုကြ၏။ ကြိုဆိုကြသောသူတို့အား ကျေးဇူးတင်ပါ သည်ဟု ပြေပြစ်စွာ ဆက်ဆံခြင်း မပြုကြ။ ကားတွန်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်း၏။ ပန္နည်းများကို သယ်စေ၏။ ရုပ်ရှာတွင် စခန်းချနေစဉ်တွင်လည်း မြန်မာတို့ရေလှထိုးစံနှင့် ဆန့်ကျင်သော ကိုယ်လုံးတီးရေချိုးခြင်းကို ပြုလုပ်ကြ၍ မကြည့်ဝံ့ကြ။ လူမြင်လျှင် ခေါ်၍ အနှိပ်စက်နိုင်း၏။

ဂျပန်စစ်သားတစ်ယောက်သည် အရာရှိကြီးတစ်ဦး စစ်မေးနေသော ထန်းတဲအိမ်သို့ ရောက်လာလျှင် မိမိ၌ ရှိသော ရှည်လျားနေသည့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို ပြ၏။ ရိတ်ပေးရန် လက်နှင့်ပြ၏။ အရာရှိကြီးကလည်း သူ့မုတ်ဆိတ်များ ရိတ်ထားသည်ကိုမြင်၍သာ ပြောခြင်းဖြစ်သည်။ ရိတ်မပေးလျှင် ဘာလုပ်မည် မသိ။ ထို့ကြောင့် ထိုဂျပန်စစ်သားကို မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ရိတ်ပေးလိုက်၏။

မကြာမီ ဂျပန်စစ်သားများ နောက်တစ်ယောက်၊ နောက်တစ်ယောက် ပေါ်ပေါက်လာ၍ ထိုအရာရှိကြီးမှာ ဂျပန်စစ်သားတို့၏ မုတ်ဆိတ်ကျင်စွယ်ကို ပယ်ပေးရသော အလုပ်ကို တစ်နေ့လုံးနီးပါး လုပ်ပေးရတော့၏။ လူတစ်ယောက်ကို ခေါ်၍ အုန်းပင်ပေါ်က အုန်းသီးကို လက်ညှိုးထိုးပြ၏။ ထိုလူက ထန်းတက်သမားဖြစ်၍ တော်သေး၏။ အုန်းပင်ပေါ်တက်ပြီး အုန်းသီးကို ခုတ်ပေး၏။ ခွဲပေး၏။ ထိုသူအား ဂျပန်စာနှင့် လက်မှတ်တစ်ခုကို ပေး၏။ နောက် ဂျပန်စစ်တပ်တစ်တပ် ရောက်လာသောအခါ သူ၏ လက်မှတ်ကို ပြရာ ထိုစစ်သားများက 'ကောင်းတယ်ကား



... ကောင်းတယ်ကား' ဆိုပြီး အခြားအသီးရှိ အုန်းပင်များဆီသို့ ခေါ်သွားကာ အုန်းသီးကို ခူးခိုင်းတော့၏။ ခုတ်ပေးရ၏။ ခွဲပေးရ၏။ ထိုဂျပန်စစ်တပ်က ၁၀ ဆင့်တန် ဂျပန်စက္ကူကိုပေးရာ ဝမ်းမြောက်ဝမ်းသာနှင့် နားလည်သူကို ပြ၏။ ဆယ်ပြားတန်စက္ကူဆိုမှ သူ့လက်မှတ်ကို ဆုတ်ပစ်လိုက်၏။

နယ်များတွင် သူလျှိုဟူ၍ အထင်မှားခံရပြီး ဂျပန်ကင်ပေတိုင်ခေါ် ဂျပန်စစ်ပုလိပ်အဖွဲ့က အဖမ်းခံရလျှင် ထိုအဖမ်းခံရသူမှာ ပြင်းပြင်းထန်ထန် နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရတော့၏။ အစာငတ်ထားခြင်း၊ လက်သည်းနွှံခွာခြင်း၊ ကျင်စက်နှင့် တို့ခြင်း၊ ဓောက်ထိုးဆွဲခြင်း၊ ရိုက်ခြင်း၊ ဓားနှင့် မအားကို မွှမ်းခြင်း၊ တစ်ညလုံး မအိပ်ရအောင် မတ်တတ်ထား၍ လူလဲနှင့်စစ်ဆေးခြင်း စသည့်ညှဉ်းပန်းခြင်း အမျိုးမျိုးကို ခံရ၏။ ညှဉ်းပန်းသည်ကို မခံနိုင် ဝန်ခံလျှင် သတ်ပစ်၏။ ငြင်းပယ်နေလျှင် ဝန်မခံမချင်း ညှဉ်းဆဲ၏"

ထိုကဲ့သို့ နှိပ်စက်ညှဉ်းပန်းမှုများကြောင့် မခံနိုင်သည့်အဆုံး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မျိုးချစ်တပ်မတော်နှင့် မြန်မာတိုင်းရင်းသားတို့ စည်းလုံးညီညွတ်ကြကာ ဖက်ဆစ်ဂျပန်တို့အား တိုက်ထုတ်လိုက်ကြပါတော့၏။

❐

www.burmeseclassic.com

www.burmeseclassic.com



## ကျောဘုရင်ချီးမြှင့်တဲ့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ပထမဦးဆုံး ချီးမြှင့်ခံရတဲ့ လူပုဂ္ဂိုလ်ဆိုတာ ဘယ်သူလဲ...

အင်္ဂလန်နိုင်ငံမှ ကျောဘုရင်ချီးမြှင့်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လူပုဂ္ဂိုလ်များအနက်မှ ပထမဦးဆုံး ချီးမြှင့်ခြင်း ခံရသူမှာ မြန်မာပညာရှိ ဦးဖြေပင် ဖြစ်၏။

ဦးဖြေခေါ် ဆရာဖြေသည် ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၏ အယ်ဒီတာချုပ်ကြီးသာမက ပညာရှင်ပါဠိဆရာကြီးလည်း ဖြစ်၏။ ထို့ကြောင့်ပင် 'အဂ္ဂမဟာပဏ္ဍိတ ပါဠိဆရာကြီး ဦးဖြေ' ဟူ၍ လွန်စွာမှ ကျော်စောထင်ရှားခဲ့လေသည်။

အဆိုပါ အဂ္ဂမဟာပဏ္ဍိတ ပါဠိဆရာကြီးဦးဖြေနှင့် ပတ်သက်၍ မမှာစရိယဦးရွှေလှိုင်၏ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စာအုပ်တွင် တစ်စိတ်တစ်ဒေသဖော်ပြထားရာ... ဦးဖြေသည် ရက္ခစိုးကြီးဘဝ ရောက်နေကြောင်း၊ သူတော်စင်ရက္ခစိုးကြီး ဖြစ်



ကြောင်း၊ အဝတ်ဖြူကို ဝတ်ဆင်ထားကြောင်း၊ ရဟန်းသံဃာတော်တို့ကို အလွန်ကြည်ညိုကြောင်း၊ ရက္ခစိုးကြီးဘဝနှင့်ပင် ဆွမ်းလောင်းခဲ့ကြောင်း ဖော်ပြထားသည်မှာ စိတ်ဝင်စားစရာကောင်းလှပါ၏။ ဆန့်လည်းဆန်းကြယ်လှပါ၏။ ဆန်းကြယ်ထူးခြားမှုကို ဖော်ပြရလျှင်...

..., ဆရာတော်ငယ်စဉ်ကာလ ယောဂီတပည့်ရဟန်းနှစ်ဆယ်ခန့်မျှသာရှိ၍ မြို့မှ ဆွမ်းပို့လှူသည်ကိုသာ ဘုဉ်းပေး၏။ ဆွမ်းခံကြွတော်မမူ။ ဆွမ်းစားချိန်တွင် သပိတ်၌ဆွမ်းတစ်ခွက်လောက်သာ ထည့်ယူ၍ ဘို့မယ်ချောင်ဘက်သို့ ကြွကာ ထိုစဉ်ကပင် တစ်ပါးတည်း ကိန်းအောင်းတော်မူလေ့ရှိ၏။

ထိုအခိုက် ဒကာကြီးတစ်ဦးက ဝတ်ကြီးဝတ်ငယ်ပြုရန် လျှောက်လာသည်။ လက်မခံ။ ထိုဒကာအား 'လူယောင်ဆောင်လာသော ရက္ခစိုးနတ်ကြီး' ဟု ပင် ဆိုလေသည်။

ရက္ခစိုးအကြောင်းနှင့်စပ်၍ ရွှေသိမ်တော်တောရ၌ စာရေးသူ၏ နောင်တော်ကြီး (မောင်းထောင်ယွန်း ဆက်တိုက် ဆရာတော်ဦးသောဘိတ) တရားအားထုတ်စဉ် သီတင်းသုံးဖော် ဆရာတော်တစ်ပါး ဆွမ်းခံကြွရာ ကျောင်းသို့ ပြန်မရောက်လာသဖြင့် လိုက်လံရှာဖွေကြရသည်ဟု ဆိုသည်။

ထိုဆရာတော်ကား ရန်ကုန်မှ လာရောက်၍ တရားအားထုတ်သော စာချဆရာတော် ဦးသုဘောဂဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ကြာမှ ကျောင်းသို့ ပြန်ရောက်လာရာ သူ့စိတ်ထဲမှာ သုံးရက်ဟု ထင်ပုံမရ။

"ဒကာမကြီးတစ်ဦးက ဆွမ်းစားပင့်လို့ သူ့အိမ်မှာပဲ ဆွမ်းဘုဉ်းပေးနေရတယ်"... ဟုသာ ပြောလေ၏။ ထိုရက်များအတွင်းမှာပင် ဦးသုဘောဂ ဆွမ်းခံကြွရာ လမ်းခရီးအကြား သစ်ပင်တစ်ပင်မှ အဝတ်အဖြူနှင့် ဒကာကြီးတစ်ဦး ဆင်းလာသည်ကို တွေ့ရ၏။

"အရှင်ဘုရား... ခဏရပ်တော်မူပါဦး" ဟု ဆိုကာ သက်နှံးတစ်စုံလည်း လှူသည်။ ထိုဒကာကြီးက-

"အရှင်ဘုရား... တပည့်တော်ကို မမှတ်မိဘူး ထင်တယ်" ဟု မေးရာ ဦးသုဘောဂမှာ ရုတ်တရက် မမှတ်မိဘဲ ရှိနေသဖြင့်-

"အရှင်ဘုရား... ရန်ကုန်မှာ တပည့်တော်အိမ် ဦးပဥ္ဇင်းဘဝက နေ့တိုင်းဆွမ်းခံကြွနေတဲ့ဟာ မမှတ်မိဘဲကိုး" ဟု ဆိုပြန်၏။ ဦးသုဘောဂကား စဉ်းစား၍ မရ။

"တပည့်တော် အဋ္ဌမဟာပဏ္ဍိတ မောင်ဖြေလေ... ဘုရား" ဟု ဆိုရာ ဦးသုဘောဂမှာ လွန်စွာ အံ့သြသွားလေ၏။ ဟုတ်ပေသည်။ ဦးသုဘောဂကား လွန်ခဲ့သော အနှစ်လေးဆယ်ခန့်က ပါဠိဆရာကြီး ဦးဖြေအိမ်တွင် ဆွမ်းခံကိုယ်တော်ဖြစ်ခဲ့သည်ကို သတိပြုမိလေ၏။

"အရှင်ဘုရား... ဒကာမကြီးနှင့် မတွေ့မိဘူးလား။



အရှင်ဘုရားဒကာမကြီးလည်း ဒီမှာပဲ ရှိပါတယ်" ဟု လျှောက်ပြန်သည်။

"ဆွမ်းကပ်မင့်သော ဒကာမကြီး ဖြစ်လေမလား" ဟု စဉ်းစားနေခိုက် ရုက္ခစိုးဒကာကြီးဦးဖြေ ကွယ်ပျောက်သွားလေ၏။

□

www.burmeseclassic.com

www.burmeseclassic.com

## စာကောင်းပေမွန်ဖြစ်ဖို့ ဆရာကြီးပီမိုးနင်း ဘယ်လိုထောက်ပြဝေဖန်ခဲ့သလဲ

မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးရေးအတွက် ရှေ့ဆောင်လမ်းပြပြုခဲ့သော စာပေပညာရှင်များစွာ ရှိကြသည့်အနက် ဆရာကြီးပီမိုးနင်းသည် တစ်ဦးအပါအဝင် ဖြစ်ပါသည်။

ဆရာကြီးပီမိုးနင်းကား ကျမ်းဂန်ကိုမှီးပါမှ စာကောင်းသည်၊ စာရေးနက်သည်ဟူသော အယူအဆကို တိုက်ဖျက်လိုသူ ဖြစ်၏။ အသိပညာသက်သက်ကိုသာ ပေးသည့်စာနှင့် စေတနာကို နိုးကြွစေသည့် ရသစာတို့၏ ခြားနားမှုကို သိစေလိုသည့်အတွက် သရုပ်ခွဲပြဖူးလေ၏။

... မြန်မာမှာ တရားစာ၊ ကဗျာ၊ ဆုံးမစာ၊ ရာဇဝင်စာမှသာ စာဖြစ်သည့်အလား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများပွင့် ထိုစာမျိုးတွေကိုသာ တွေ့ရသည်မှာ ငြီးငွေ့ဖွယ်ကောင်းလှလေပြီ။ မြန်မာပညာရှိကြီး တစ်ယောက်ကမူကား



ဘုရားစကား လက်မလွှတ်ဘဲ မိမိအမြဲရေးလေ့ရှိကြောင်း မဂ္ဂဇင်း၌ ဖော်ပြ၏။

ဘုရားစကားပါမှ စာဖြစ်ရမည် မဟုတ်။ မည်သည့်အကြောင်းအရာကိုမဆို ဖတ်၍ကောင်းအောင်၊ တရားကျလောက်အောင် တစ်စုံတစ်ရာကို သတိရလောက်အောင် စိတ်၌ လှုပ်ရှားခြင်း တစ်ခုခုဖြစ်အောင် ရေးတတ်သောသူတို့သည် စာရေးကောင်းဖြစ်၏။ သင်၍၊ ကျက်၍ထားသော တရားစာ၊ ဘုရားစကားစာမျိုးကို ရေးခြင်းကြောင့် စာရေးကောင်း မဖြစ်နိုင်၊ တရားဟောသူသာ ဖြစ်ပေလိမ့်မည်။

... တရားစာ၊ ဆုံးမစာများကို ရှက်ကြမ်းရေချို မည်သူမဆို ရေးတတ်လေသည်။ ထိုစာများမှာ Literature ခေါ် ပညာခပ်သိမ်းမပါ။ ဝတ္ထုနှင့် ကဗျာဇာတ်များသာလျှင် ပညာပါလေသည်။

... ဆုံးမစာများမှာ ဘုရားဟောသောကျမ်းများ၊ ရှေးကျမ်းများကို အမှီရသဖြင့် စာတတ်လျှင် သူသူငါငါ ရေးနိုင်၏။ ဝတ္ထုကောင်း၊ ကဗျာကောင်း၊ ဇာတ်ကောင်းများကိုကား သူသူငါငါ မရေးနိုင်။ ပင်ကိုဉာဏ်နှင့်စနစ်ကို သိမှ ဖြစ်နိုင်လေသည်။

သည်သို့ ဆိုလိုက်သည့်အတွက် ဆရာကြီးပီမိုးနင်းသည် အသိပညာသက်သက် ပေးသည့်စာကို နှိမ့်ချသည်ဟူ၍ အထင်များ၊ အမြင်များဖွယ်ဖြစ်၏။ စင်စစ် အသိပညာသက်သက် ပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်စာကို ရေးရာတွင် မကျွမ်းကျင်ဘဲနှင့် တတ်ယောင်ကားလုပ်ခြင်း၊ ကျမ်းဂန်ကိုမှီ၍ ဟိတ်ဟန်ထုတ်ခြင်းကို မလိုလား၍သာ ဖြစ်ပေ၏။ ဆရာကြီးပီမိုးနင်းကား စာကောင်းပေမွန်အပေါ်၌ လွန်စွာအလေးထားသူဖြစ်ချေ၏။ သုတစာပေအပေါ် တန်ဖိုးထားသကဲ့သို့ ရသစာပေအပေါ်၌လည်း အမြတ်တနိုးရှိလှ၏။ မည်သည့်စာရေးရေး စာကောင်းဖြစ်ဖို့အရေးအတွက် စေတနာထားရှိပုံကို အောက်ပါစာစုဖြင့် ထင်ရှားစွာ သိမြင်နိုင်ပေသည်။

…"မဂ္ဂဇင်း၊ သတင်းစာများ၌ ရာဇဝင်ပညာ၊ အဘိဓမ္မာပညာတို့ကို ဆေးအတတ်၊ ဗေဒင်အတတ်၊ ကူးသန်းရောင်းဝယ်နည်း အတတ်ကဲ့သို့ တဖက်သတ် ကျွမ်းကျင်သောအနေနှင့် ရေးမှသာ အရာရောက်နိုင်လေသည်။ စာရေးကောင်းခြင်းကြောင့် အိတ်စ်ချိန်းအလုပ်ကို ရေးချေက စာကောင်းဖြစ်မည် မဟုတ်ပေ။ အိတ်စ်ချိန်းအလုပ်ကို လုပ်၍နေသူများကိုယ်တိုင် လက်တွေ့ရေးစေပြီး စာအမှားအယွင်းကလေးများကို အယ်ဒီတာက ပြုပြင်၍ထည့်မှသာ အဖိုးတန်စာ ဖြစ်နိုင်လေသည်။

ထို့အတူ ရာဇဝင်ဆရာများကို ရေးစေပြီးနောက် အယ်ဒီတာက… ဆိုလိုရင်းအဓိပ္ပာယ်ကို မပျက်စေဘဲ အမွမ်းတင်၍ ပေးပါမှ စာကောင်းဖြစ်နိုင်လေသည်"

ဤသို့ဖြင့် စာရေးဆရာကြီးပီမိုးနင်းသည် သူ့ခေတ်သူ့အခါတွင် စွဲကိုင်ထားသည့် စာပေသဘောတရားအား ရဲရဲရင့်ရင့် တင်ပြခဲ့ပါသတည်း။

❒

## စာရေးဆရာကြီး အိပ်ချ်-ဂျီ-ဝဲလ်စ်ကို ညှော်ခံခဲ့တုန်းက စုပေါင်းဓာတ်ပုံအရိုက်မခံခဲ့တာ ဘယ်သူလဲ

စာရေးဆရာကြီးအိပ်ချ်–ဂျီ–ဝဲလ်သည် ၁၃၀၀ ပြည့်အရေးတော်ပုံကာလတွင် မြန်မာနိုင်ငံသို့ ခေတ္တရောက်လာခဲ့၏။ ထိုအချိန်ကာလသည် ဗိုလ်အောင်ကျော် သပိတ်ပြီးခါစဖြစ်၏။ ထိုအကြောင်း စာရေးဆရာကြီးတက်တိုးက အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။

… အိပ်ချ်ဂျီဝဲလ်စ် ညှော်ခံပွဲကျင်းပရာတွင် စာရေးဆရာအတော်များများ စုရုံးမိလျက်သား ဖြစ်သွားခြင်းသည် နောင်မကြာမီ ပေါ်ပေါက်လာမည့် မြန်မာနိုင်ငံ စာရေးဆရာအဖွဲ့ကြီး ပေါ်လာစေကြောင်း သွယ်ဝိုက်သော အကြောင်းတစ်ရပ်ဖြစ်သည်ဟု ယူဆနိုင်သည် ထင်ပါသည်။

မစ္စတာဝဲလ်စ် မြန်မာပြည်သို့ မမျှော်လင့်ဘဲ ရောက်လာသည့် သတင်းကို ဦးစွာရရှိသူမှာ သိုမြဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညှိမြ (ကွယ်လွန်သူ သတင်းစာဆရာ၊ စာရေးဆရာ အမည်ရင်း ကိုသိန်းတင်) သည် ထိုစဉ်က တက္ကသိုလ်တွင် အင်္ဂလိပ်စာဂုဏ်ထူးတန်း နောက်ဆုံးနှစ်တွင် ပညာသင်လျက် ရှိသည်။ သူ့ကို သူ့ဆရာတစ်ဦး ဖြစ်သော မစ္စတာအယ်လ်ထင်းစီ (ဆရာထင်းစီ) က သတင်းပေးလိုက်ခြင်းဖြစ်သည်။ ဆရာသည် မစ္စတာဝဲလ်နှင့် ရင်းနှီးသော မိတ်ဆွေဖြစ်သည်။ မစ္စတာဝဲလ်စ်က ဆရာ့အိမ်တွင် တည်းခိုသည်ဟု သိရသည်။ ညှိမြက ထိုသတင်းကို တက္ကသိုလ်တွင် ကလောင်စမ်းနေကြသော စာရေးဆရာပေါက်စဖြစ်သော သူ့သူငယ်ချင်း ကျွန်တော်တို့ကို ပေးသည်။ ကျွန်တော်တို့က သူနှင့်တိုင်ပင်၍ စာရေးဆရာကြီးအား ကြိုဆိုဂုဏ်ပြုရန် တက္ကသိုလ်နယ်မြေ လှေလှော်အသင်း တိုက်ရှေ့ မြက်ခင်းပြင်တွင် ညနေလက်ဖက်ရည်ပွဲကလေး ကျင်းပရန် စီစဉ်ကြသည်။

ဧည့်သည်စာရေးဆရာကြီးကို ကျွန်တော်တို့၏ နောင်တော့်နောင်တော် သက်ကြီးဝါရင့် စာရေးဆရာကြီးများက ရှေ့ဆောင်၍ ဧည့်ခံသင့်သည်ဟု ယူဆ၍ မြို့ထဲက ဆရာကြီးများကို ဆက်သွယ်အကြောင်းကြား၍ ဖိတ်မန္တကပြုကြသည်။ မဟာဆွေ၊ သစ္စာ၊ ဦးသိမ်းမောင်၊ ဦးအုန်းခင်၊ မန္တလေးမှ ကိုလှ၊ ဆရာမြမျိုးလွင်တို့မှစ၍ လက်လှမ်းမီသမျှ အားလုံးကို ဖိတ်ကြသည်။



မစ္စတာဝဲလ်စ်နှင့် မြန်မာစာရေးဆရာကြီးများ မိတ်ဆက်စကား ပြောကြရာဝယ် မန္တလေးမှ ဆရာမြမျိုးလွင်ကို မေးရာ ဝတ္ထုပေါင်းလေးရာကျော် ရေးပြီးကြောင်း ပြန်ပြောသဖြင့် မစ္စတာဝဲလ်စ်က–

“ခင်ဗျားနဲ့စာရင် ကျုပ်ဟာ ကလေးလောက်သာ ရှိပါသေးတယ်”

ဟု ပြောသည်ကို မှတ်မိပါသည်။

‘ဝတ္ထု’ဟူသော ဝေါဟာရအဓိပ္ပာယ် ကောက်ယူမှုလွဲဟန်ရှိသည်။ မစ္စတာဝဲလ်စ်က ‘နော်ဗဲလ် (Novel)’ ကို ရည်ညွှန်းသည်။ ‘နော်ဗဲလ်’ ကို မြန်မာတို့က လုံးချင်းဝတ္ထုဟု ပြန်ဆိုကြသည်။ မမှန်ဟု မဆိုပါ။ သို့သော် ကျွန်တော် ယူဆသော လုံးချင်းဝတ္ထုနှင့် သူတို့ဆိုလိုသော ‘နော်ဗဲလ်’ တို့မှာ အပေါ်ယံအသွင် တူချင်တူမည်။ တူသည်ဆိုရစေကာမူ သာမန်သဘောမျှသာ ဖြစ်သည်။ အနှစ်သာရချင်း မတူလှပေ။ သူတို့အဖို့ ‘နော်ဗဲလ်’ စာအုပ် ရေးထုတ်ရသည်မှာ နှစ်ချီ၍ ကြိုးပမ်းရသည်။ ကျွန်တော်တို့မှာလို တစ်ည၊ တစ်နေ့၊ တစ်ပတ်၊ တစ်လမျှသာ ကြာသည် မဟုတ်ပေ။ ပမာဏနှင့်အနှစ်သာရချင်း မတူသည့်အဖြစ်ကြောင့် အမေးနှင့်အဖြေ မကိုက်ညီ ဖြစ်ရချေသည်။

တစ်ခု မှတ်မိနေသေးသည်မှာ ‘သခင်အောင်သန်း’ အား စာရေးဆရာကြီးများက ဖိတ်ခဲ့သည် မဟုတ်ပေ။ [ watermark over text ] လက်ဖက်ရည်ပွဲသို့ ခေတ္တမျှ တက်ရောက်သည်။

www.burmeseclassic.com



'မစ္စတာဝဲလ်စ်' နှင့် မိတ်ဆက်စကား အနည်းငယ်ပြောပြီးနောက် ပြန်ထွက်သွားမည်ပြုရာ စာရေးဆရာများက စုပေါင်းဓာတ်ပုံအရိုက်ခံရန် ပြောကြသည်တွင်–

"ကျွန်တော် စာရေးဆရာမှ မဟုတ်ဘဲ၊ နိုင်ငံရေးသမားပဲဟာ"

ဟု ပြော၍ထွက်သွားသည်။

(ထိုစဉ်က သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံး အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေသည်ဟု မှတ်မိလိုက်ပါသည်။)

❐

# စစ်သူကြီးမဟာဗန္ဓုလကို နယ်ချဲ့အင်္ဂလိပ်တို့ ဘာကြောင့် လေးစားသွားခဲ့ရသလဲ

စစ်သူကြီးမဟာဗန္ဓုလသည် နယ်ချဲ့အင်္ဂလိပ်တို့ကို ရဲဝံ့ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် ရန်သူပင် ဖြစ်လင့်ကစား နယ်ချဲ့အင်္ဂလိပ်တို့အနေဖြင့် စစ်သူကြီးမဟာဗန္ဓုလအား လေးစားခဲ့ကြရသည်။ အကြောင်းမူ စစ်သူကြီး မဟာဗန္ဓုလမှ ရန်သူနယ်ချဲ့အင်္ဂလိပ်တို့အား ပြန်ကြားသည့် စာတစ်စောင်ကြောင့်ဖြစ်ပေသည်။

ထိုစဉ်က အင်္ဂလိပ်တပ်ပေါင်းစုမှူး ဗိုလ်ချုပ်ဆာအာချီဘော်ကင်းဘဲလ်သည် သူကိုယ်တိုင်ဦးစီးသော ကြည်းကြောင်းချီ ပင်မစစ်ကြောင်းကို ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း မြစ်ရိုးတစ်လျှောက်ချီတက်ပြီး ဟင်္သာတတစ်ဖက်ကမ်း သာရဝေါတွင် ခေတ္တရပ်နားရန် ဗိုလ်မှူးကောတွန်ဦးစီးသော ရေကြောင်းချီတပ်မှာ သည် စစ်သူကြီး မဟာဗန္ဓုလဦးစီးသော ဓနုဖြူခံတပ်ကို ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးသိမ်းပိုက်ရန် သိမ်းပိုက်ပြီးနောက် ဧရာဝတီမြစ်ရိုးအတိုင်း အထက်ကို ဆက်လက်ချီတက်ပြီး

www.burmeseclassic.com



ဟာသာ်ာတ၊ သာရဝေါ်ဒေသတွင် ဗိုလ်ချုပ်ကင်းဘဲလ်၏ ပင်မ ကြည်းကြောင်းချီ တပ်မကြီးနှင့် ဗိုလ်မှူးချုပ်ကော့တွန်း၏ ရေကြောင်းချီတပ်မတို့ အတူတကွ ပူးပေါင်းပြီး ပြည်မြို့သို့ ဆက်လက်ချီတက်ရန် ထို့နောက် ပြည်မြို့စစ်ဒေသနယ်မြေတွင် တပ်စွဲထားသော မြန်မာ့တပ်မတော်အား ရေကြောင်း–ကြည်း ကြောင်း နှစ်ဖက်ညှပ်လျက် ဝင်ရောက်တိုက်ခိုက်၍ ပြည်မြို့နှင့် ပြည်မြို့စစ်ဒေသကို သိမ်းပိုက်ရန် ထိုမှတစ်ဆင့် မြန်မာဘုရင် ထီးနန်းစိုက်ရာ အင်းဝဘုရင်နေပြည်တော်ကို ဆက်လက်ချီတက် သိမ်းပိုက်ရန် ဖြစ်လေသည်။

ဗိုလ်မှူးချုပ်ကော့တွန်းဦးစီးသော ရေကြောင်းချီတပ်မသည် ရန်ကုန်မြို့မှ ၁၈၂၅ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ထွက်ခွာခဲ့ရာ ဓနုဖြူမြို့အနီး ၂ မိုင်ကွာ ရောဝတီမြစ်ကမ်းပါး ဒေသသို့ ၁၈၂၅ ခု၊ မတ်လ ၆ ရက်နေ့တွင် ရောက်လာသည်။ ဗိုလ်မှူးချုပ်ကော့တွန်း ဦးစီးသော အင်္ဂလိပ်ရေကြောင်း ချီတပ်သည် ဗိုလ်မှူးသတိုးမင်းကြီး မဟာဗန္ဓုလဦးစီးသော မြန်မာတို့၏ ဓနုဖြူခံတပ်ကြီးကို လှမ်းမြင်ရသည့်နည်းတူ မြန်မာတို့၏ ဓနုဖြူ ခံတပ်ကြီးကလည်း ဗိုလ်မှူးချုပ် ကော့တွန်းဦးစီးသော အင်္ဂလိပ် တို့၏ ရေကြောင်းချီတပ်မနှင့် ရေတပ်တိုက်သင်္ဘောများကို လှမ်း မြင်နေရလေသည်။

ထို့နောက် ဓနုဖြူခံတပ်ကြီး၏ အပြင်ခံတပ်ငယ်အောက်နား တွင် ကျောက်ချရပ်နားနေစဉ် သင်္ဘောပေါ်မှ ဗိုလ်မှူးချုပ် ကော့တွန်းက ဓနုဖြူခံတပ်ရှိ မဟာဗန္ဓုလအား လက်နက်ချ



အညံ့ခံရန်နှင့် **လက်နက်မချပါက မိမိတို့**အင်္ဂလိပ်တပ်က ပြင်းထန်စွာ တိုက်**ခိုက်မည်ဖြစ်ကြောင်း** အကြောင်းကြားစာ ပို့လိုက်လေသည်။

မြန်မာ့သတ္တိနှင့် **မြန်မာမျိုးချစ်**စိတ်ဓာတ်ကို လျှော့တွက်ထား သော အင်္ဂလိပ်တို့ မှန်းချက်မကိုက် ဖြစ်သွားရသည်။ အဘယ် ကြောင့်ဆိုသော် မြန်မာစစ်သူကြီး မဟာဗန္ဓုလ၏ပြန်စာမှာ ယဉ်ကျေးသိမ်မွေ့ပြီး ရဲဝံ့ပြတ်သားသောကြောင့်ပင် ဖြစ်သည်။

အင်္ဂလိပ်စစ်ဗိုလ်အား စစ်သူကြီးမဟာဗန္ဓုလ ပြန်ကြားသည် ပြန်စာမှာ အောက်ပါအတိုင်း ဖြစ်သည်။

"သင်နှင့်ကျွန်ုပ်တို့သည် မိမိတို့တိုင်းပြည်အတွက် အသီးသီး စစ်တိုက်နေကြသည်။ ကျွန်ုပ်၏ မယိမ်းမယိုင် ခုခံတွန်းလှန်မှုကို သင်တွေ့မြင်ရပြီ ဖြစ်သည်။ ကျွန်ုပ်ကို တွန်းလှန်နိုင်လျှင် သင်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းထား နိုင်ပေလိမ့်မည်။ မိတ်ဆွေတစ်ဦးအနေဖြင့် ဓနုဖြူခံတပ်သို့ လာရောက်ကြည့်လိုပါက သင့်ကို ကျွန်ုပ် လိုက်လံပြသပါ မည်။ ရန်သူအနေဖြင့် လာလိုမူလည်း ကမ်းသို့တက်ပြီး တပ်ချင်း ရင်ဆိုင်နိုင်ပါသည်"

ထိုကဲ့သို့ ပြန်ကြားလိုက်လေသောအခါ မြန်မာတို့၏ ရိုးသား ဖြူစင်သော၊ ငြိမ်းချမ်းရေးကို နှစ်သက်မြတ်နိုးသောစိတ်ဓာတ် ထင်ဟပ်သည်နှင့်အတူ ကျူးကျော်ရန်ပြုလာပါလျှင်လည်း ရဲဝံ့ ပြတ်သားစွာ တိုက်ခိုက်ချေမှုန်းသွားရန် သန္နိဋ္ဌာန်ချထားသည် ကို အထင်းသား တွေ့မြင်နေရပေသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com

## စစ်ပြီးခေတ်ကာလမှာ ဘယ်သူတွေက ဘယ်စကားလုံးသစ်တွေ တီထွင်ခဲ့သလဲ

စစ်ပြီးခေတ်တွင် **ဒဂုန်တာရာ** သည် နတ်သျှင်နောင်နှင့် အင်္ဂလိပ်စာပေတို့ကို အခြေပြု၍ စကားလုံးသစ်တီထွင်ခဲ့ပါသည်။

**'လေနုအေး' 'ပင်မရေစီး' 'ပန်းလျလျ' 'ရွှေအိုရောင်' 'တန်ခိုး' 'ဖော်ကျူး' 'ကြည်စင်'** စသော စကားလုံးသစ်များ တီထွင်ခဲ့ရာ မြန်မာစာပေ၌ အထူးကိုပွားခဲ့ပါသည်။ သို့ရာတွင် အချို့စကားလုံးသစ်များမှာ မြန်မာတို့၏အခြေအနေနှင့် မကိုက်ညီ မဟပ်မိသောကြောင့် ပြက်ရယ်ပြုခံရသော စကားလုံးများ ရှိပါသည်။ ဥပမာ – **'ဝတ်လစ်စလစ် လမ်းမကြီး' 'ဝေ့ါဒွန်နေးလ် အပြာ' 'ရီတာဟေးဝပ်၏ အပြုံး'** စသည်တို့ ဖြစ်ပါသည်။ ယင်းသို့ မအောင်မြင်သောကြောင့် 'ဒဂုန်တာရာသည် စကားလုံးသစ်ထွင်ရာ၌ လျှပ်ပေါ်လော်လည်သည်' ဟုပင် အချို့က မှတ်ချက်ချပါတော့သည်။

**ပါမောက္ခဟောင်း ဦးအေးမောင်** သည်လည်း '**'ရာစု' 'ရှုထောင့်'** စသော စကားလုံးသစ်အချို့ တီထွင်ခဲ့သည်ဟု သိ



ရပါသည်။ မြန်မာ့အခြေနှင့် ကိုက်ညီသဖြင့် အများလက်ခံ သုံးစွဲကြပါသည်။ **သိန်းဖေမြင့်** သည်လည်း ဝေဿန္တရာဇာတ်တော်ကို အမှီပြု၍ **'တော်လှန်ရေး'** ဟူသော စကားကို ပြန်လည် ဆန်းသစ်ခဲ့ကြောင်း သိရပါသည်။ အထူးအကျိုးပြုသော စကား ဖြစ်သည်ကို မျက်မြင်နားကြားဖြစ်ပါသည်။

နိုင်ငံရေးစာပေတွင် **သခင်စိုး** သည် ကွန်မြူနစ်ဝါဒနှင့် ပတ်သက်သော စကားလုံးသစ်အများအပြား တီထွင်ဘာသာပြန် ခဲ့ပါသည်။

**'အနုပဋိလောမ ရုပ်ဝါ' 'ကလာပ်စည်း'**... စသည်ဖြင့် အမြောက်အမြားပင် ဖြစ်ပါသည်။ အထူးချီးကျူးဖွယ်ကောင်း သော တီထွင်မှုပင် ဖြစ်ပါသည်။

**ဆရာကြီးဦးဖေမောင်တင်**သည် တက္ကသိုလ်ဆိုင်ရာဝေါဟာရ များ တီထွင်ခဲ့ရာ မြန်မာစာပေလောကတွင် တွင်ကျယ်လှပါ သည်။ ဆရာကြီး၏ တီထွင်မှုအသီးအပွင့်ကို နောင်းလူတို့ ခံစားသုံးဆောင်ခွင့်ရသဖြင့် ကျေးဇူးကြီးလှပါတော့သည်။

**'တက္ကသိုလ်'**

**'ပါမောက္ခ'**

**'ကထိက'**

**'ဝိဇ္ဇာ'**

**'သိပ္ပံ'**... စသည်တို့ ဖြစ်ပါသည်။

**ဝန်ကြီးချုပ်ဟောင်း – ဦးနု** သည်လည်း နိုင်ငံရေးလူမှုရေး ဆိုင်ရာ စကားလုံးသစ်များ တီထွင်လေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**'ဒိုးသုည'**

**'ခြ'**

**'ပြည်တော်သာ'**

**'မနုသီဟ'**

စသည်တို့ ဖြစ်ပါသည်။

သူ့ခေတ်နှင့်သူ အလွန်အံကျသော စကားလုံးများဖြစ်၍ အထူးကျေးဇူးများပါသည်။

တစ်ခါတစ်ရံတွင် ဝတ္ထုကောင်းတစ်ပုဒ်၏ အရှိန်အဝါကြောင့် မြန်မာစာတွင် စကားလုံးသစ်တစ်လုံး တိုးလာသည်လည်း ရှိပါသည်။

ဥပမာဆိုရလျှင် နာမည်ကျော် **စာရေးဆရာကြီး မောင်ထင်**၏ **'ငဘ'** ဝတ္ထုကြောင့် လယ်သမားမှန်လျှင် **'ငဘ'** ဟူ၍ ခေါ်ကြသော အခြေအနေသို့ ရောက်ရပါသည်။

□

## ဆရာကြီး ပီမိုးနင်းက အယ်ဒီတာ ဆိုတာကို ဘယ်လို ဖွင့်ဆိုခဲ့သလဲ

မြန်မာစာပေလောကသား' မှန်သမျှ ဆရာကြီးပီမိုးနင်းကို သိကြပါလိမ့်မည်။ ဆရာကြီးပီမိုးနင်းကား မြန်မာစာပေလောက၌ မီးရှူးတန်ဆောင်အလား ထင်ရှားခဲ့သူဖြစ်၏။ ဆရာကြီးသည် ရသစာပေများ၊ တက်ကျမ်းများ၊ လူမှုရေးစာပေများသာမက သတင်းစာဆရာကြီး တစ်ဦးအနေနှင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အရေးကိစ္စများကို အမည်အမျိုးမျိုးဖြင့် သတင်းစာ၊ ဂျာနယ်၊ စာစောင်များ၌ ရေးသားခဲ့သူဖြစ်သည်။ ဆရာကြီးပီမိုးနင်းကား စာပေလောက၌ ကျင်လည်ကျက်စားရင်း 'အယ်ဒီတာ' များနှင့် တွေ့ကြုံခဲ့ရသည်။ ထိုအခါ 'အယ်ဒီတာဆိုသည်ကား' ဟူ၍ သုတေသနဂျာနယ်၌ ဆောင်းပါးတစ်စောင်ရေးခဲ့ရာ ယခုကာလ အယ်ဒီတာတွေ မှိုလိုပေါက်နေသော မြန်မာစာပေလောကဝန်းကျင်အတွက် သတိပြုစရာ ကောင်းလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးပီမိုးနင်း ဖွင့်ဆိုခဲ့သော 'အယ်ဒီတာဆိုသည်ကား' မှ အချို့ကို ကောက်နုတ်တင်ပြလိုပါသည်။

... "အချို့က ပထမကျော်အောင်လျှင် အယ်ဒီတာဖြစ်သည်။ အချို့က တေးထပ်၊ လေးချိုးရေးတတ်လျှင် အယ်ဒီတာ ဖြစ်သည်။ အချို့က ပျို့ကဗျာရေးတတ်လျှင် အယ်ဒီတာဖြစ်သည်။ တချို့က သတ်ပုံတတ်လျှင် အယ်ဒီတာ ဖြစ်သည်။ အချို့က ဝတ္ထု၊ ဆောင်းပါးရေးတတ်လျှင် အယ်ဒီတာဖြစ်သည်ဟု တွေးထင်ကြလေသည်။ စင်စစ်သော်ကား ပထမကျော် ဘီအေအောင်၍ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာအလင်္ကာရေးတတ်လျှင် ထိုသို့သော ဆရာတို့သည် အယ်ဒီတာမဖြစ်ဘဲ စာရေးဆရာမျှသာ ဖြစ်သည့်အပြင် သတ်ပုံသတ်ညွှန်းနားလည်၍ အပင့်၊ အရစ်၊ ညသတ်၊ လုံးကြီးတင် ပြင်ဆင်တတ်လျှင်လည်း သတ်ပုံပြင်ဆရာတို့မှာ အယ်ဒီတာမဖြစ်ဘဲ စာပြင်ဆရာမျှသာ ဖြစ်ရကား အယ်ဒီတာနှင့် စာပြင်ဆရာများသရုပ်ကို အထူးကွဲဖို့ လိုပေသည်။

... အယ်ဒီတာဆိုသည်မှာ ဘီအေအောင်ဖို့လည်းမလို၊ ပထမကျော်နှင့်လည်း မဆိုင်၊ သူတစ်ပါး[illegible]သည့် များစွာသော အမှိုက်ပုံကြီးများထဲမှ မိမိဉာဏ်ကို အသုံးပြုကာ ရှေ့အစွန်း၊ နောက်အစွန်း ဆင်ခြင်လျက် တော်၏၊ မတော်၏၊ သင့်၏၊ မသင့်၏ ချင့်ကာကြည့်ပြီးနောက် ဤစာကို ဤစာခြင်းထဲသို့ဆုတ်ချ၊ ဟိုစာကို ဟိုမှာ ဖိုင်တွဲ၊ ထိုစာကို ထိုသူထံပြန်ပို့၊ ရာဇဝတ်မှုအရေးကို ဖယ်ရှား၊ အဘယ်စာများက ဘယ်လူစုအတွက် ဘယ်လိုအကျိုးများပြီး အဘယ်စာမျိုးတို့ကို စာနယ်ဇင်းဖတ်သူတို့ သဘောကျမည်ဟု ဆင်ခြင်ကာ နံ့ငယ်ကိုအမြီးတပ်၊ အသတ်ကို ထင်အောင်ရေး၊ သေးသေးတင်ပါ မကျန်ရစ်ရလေအောင် လျှော်သလို ပြုပြင်ပြီး ဖြတ်တန်ဖြတ်၊ ဖြည့်တန်ဖြည့်၊ ပြောင်းတန်ပြောင်း ကောင်းအောင် အကန့်ကန့်ခွဲ၊ အခန်းခန်းတို့မှာ နေရာချထားပြီးလျှင် စာနယ်ဇင်းတည်းဟူသော စာအမျိုးမျိုးပွဲရုံကြီးမှာ ဆော့စ်ကလေး၊ ချတ်တနီးကလေးများနှင့် မွှေးမွှေးကြိုင်ကြိုင် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်အောင် အငွေ့တထောင်းထောင်းနှင့် မြင်ရလျှင် သွားရည်ယိုလောက်အောင် စီမံတတ်သော စာအိုးသူကြီးဉာဏ်မျိုးရှိသူတို့ကို အယ်ဒီတာဟု ခေါ်ဝေါ်သမုတ်အပ်ကြပေကြောင်း။

... အယ်ဒီတာဆိုသည်မှာ (Edere to give out) အပြင်သို့ ထုတ်ပေး သည်ဟူသော လက်တင်စကားမှ ဆင်းသက်လာလေသည်။ စင်စစ်အားဖြင့် အယ်ဒီတာသည် စာနယ်ဇင်းမှုပ၏ စာအုပ်တစ်အုပ်ကို ထုတ်ခြင်း၌ ကြီးကြပ်ပြုပြင်သူဖြစ်လေရာ ပီနှာကဘ်သုံးပုံ၌ ကြီးကြပ်သော ဆရာကြီးများသည် အယ်ဒီတာအစစ်ကြီးများ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာချုပ်ကြီးမှာ အဘယ်ပညာကိုမျှ အခေါင်အဖျား တတ်ဖို့ ဝတ္တရားမရှိချေ။ ... တိုတိုပြောရလျှင် အဆဲတတ်ရုံ နှင့်လည်း အယ်ဒီတာမဖြစ်၊ ထုတ်ဝေနိုင်ရုံနှင့်လည်း အယ်ဒီ တာမဟုတ်၊ စာနယ်ဇင်းနှင့် ဆိုင်သောသူကိုသာ အယ်ဒီတာ ဟု ခေါ်သည်"

❒

## ဆရာကြီးရွှေဥဒေါင်းကို ဘာကြောင့် ဘာသာပြန်ဆရာတို့ရဲ့ဖခင်လို့ ခေါ်ဝေါ်ကြတာလဲ

ဆရာကြီးရွှေဥဒေါင်းသည် မြန်မာစာပေနယ်၌ စုံထောက် ဝတ္ထုများ ပေါ်ထွန်းလာအောင်၊ ခေတ်စားလာအောင် ပထမဆုံး ကြိုးပမ်းခဲ့သူ ဖြစ်ပေသည်။ အဆိုပါဝတ္ထုများကို အမြောက်အမြား အင်နှင့်အားနှင့်ချီ၍ ပေါ်ထွက်လာအောင် ဒိုင်ခံကြိုးပမ်းခဲ့၍လည်း ပညာရှင်များက ဆရာကြီးရွှေဥဒေါင်းအား ဘာသာပြန်ဆရာ တို့၏ ဖခင်ဟူ၍ ခေါ်ဝေါ်ကြခြင်း ဖြစ်ပေသည်။

ဆရာကြီးသည် ၁၉၅၂ ခုနှစ်တွင် 'မျှော်တလင့်လင့်' ဝတ္ထု ဖြင့်လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် 'သွေးစုတ်မြေ' ဝတ္ထုဖြင့် လည်းကောင်း စာပေဗိမာန် ဘာသာပြန်ဆုကို ဆွတ်ခူးရရှိခဲ့ပေ သည်။

ဆရာကြီးရွှေဥဒေါင်းသည် ဘာသာပြန်ဆိုရာ၌ နည်းနှစ် နည်းကို သုံးစွဲခဲ့၏။ ပထမနည်းမှာ ဆီလျော်အောင် ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆိုခြင်း (ဝါ) မူမပျက်မှီးခြင်းဖြစ်၏။ ဒုတိယနည်းမှာကား တိုက်ရိုက်ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။ ပထမနည်းသည် မြန်မာစာဖတ် ပရိသတ်နားသို့ ဝင်လွယ်၏။ ထိုခေတ်က မြန်မာစာဖတ်ပရိသတ်အများကလည်း ထိုနည်းကို ပို၍ နှစ်သက်ကြ၏။ ထို့ကြောင့်လည်း ဆရာကြီးရွှေဥဒေါင်းသည် ထိုနည်းကို အသုံးများခဲ့လေသည်။ ဒုတိယနည်းကိုမူ ဘာသာပြန်စာပေအား စာဖတ်ပရိသတ် အတော်အတန် နားရည်ဝလာသည့် နောက်ပိုင်းခေတ်တွင်မှ အသုံးများခဲ့ပေသည်။

ဆရာကြီး ရွှေဥဒေါင်းသည် ဘာသာပြန်ဆိုရာ၌ ဆီလျော်အောင် ပြန်ဆိုသည်ဖြစ်စေ၊ တိုက်ရိုက်ပြန်ဆိုသည်ဖြစ်စေ ထူးချွန်စွာ ပြန်ဆိုနိုင်လေသည်။ ဆီလျော်အောင် ပြန်ဆိုရာ၌ မူရင်းဝတ္ထုအရသာကို မပျက်စေဘဲ မြန်မာဆန်အောင် ပြန်ဆိုနိုင်၏။ ဆရာကြီးဆီလျော်အောင် ပြန်ဆိုသော ဝတ္ထုများကို များသောအားဖြင့် ဘာသာပြန်ဟူ၍ပင် မသိကြပေ။ အချို့သော စာဖတ်ပရိသတ်တို့ဆိုလျှင် မြန်မာ့မြေပေါ်၌ အမှန်တကယ်ဖြစ်ပျက်နေသည့် အဖြစ်အပျက်များ ဟူ၍ပင် မှတ်ထင်ခဲ့ကြလေ၏။

ဆရာကြီးရွှေဥဒေါင်း၏ 'ရှုပနန္ဒီ' ဝတ္ထု သုရိယသတင်းစာ၌ တစ်ရက်ခြား ပါလာသည်ကို ဖတ်ရှုရသော ရဟန်းတော်အချို့ဆိုလျှင် ဝတ္ထုပါ အခြင်းအရာများကို အဟုတ်တကယ် ထင်မှတ်ခဲ့ကြ၏။ သို့ဖြစ်၍ ရှုပနန္ဒီရှိရာသို့ လိုက်လံရှာဖွေလိုပါကြောင်း ဆရာကြီးရွှေဥဒေါင်းထံသို့ စာပေါင်းများစွာ ရေးသားမေးမြန်းခဲ့ကြသည်ဟူ၏။



ဆရာကြီးရွှေဥဒေါင်းသည် တိုက်ရိုက်ဘာသာပြန်ဆိုရာတွင်လည်း ထူးချွန်လှသည့်အတွက်ကြောင့် 'မျှော်တလင့်လင့်' နှင့် 'သွေးစုတ်မြေ' ဝတ္ထုနှစ်ပုဒ်မှာ စာပေဗိမာန်ဘာသာပြန်ဆုများ ရရှိခဲ့ကြခြင်း ဖြစ်ပေသည်။

ဆရာကြီးရွှေဥဒေါင်းသည် စကားပြေအရေးအသားတွင်လည်း ဇီတင်ထိုက်သူတစ်ဦး ဖြစ်ပေသည်။ ဆရာကြီးသည် စကားပြေကို အတွန့်အတက်မပါ။ ရှုပ်ရှုပ်ထွေးထွေး မရှိ၊ ရိုးရိုးရှင်းရှင်းနှင့် ဖတ်၍ချောအောင် ရေးသားနိုင်စွမ်းရှိပေသည်။ ဤသည်မှာ စကားပြေကောင်းတို့၏ ဂုဏ်အင်္ဂါရပ်ဖြစ်ပေသည်။ တစ်ဖန် ရိုးရိုးရှင်းရှင်းနှင့် ဖတ်၍ချောအောင် ရေးသားရာ၌လည်း ဆွဲဆောင်မှုရှိအောင် တစ်နည်းအားဖြင့် စိတ်ပါဝင်စားမှု ရှိအောင် ရေးစွမ်းနိုင်လေ၏။ ဝတ္ထုဖြစ်စေ၊ ဆောင်းပါးဖြစ်စေ ဆရာကြီးရွှေဥဒေါင်း၏ စာတို့ကို ဖတ်လိုက်လျှင် လက်ကမချချင်၊ အစအဆုံး ဖတ်မိသည်သာ ဖြစ်ပေ၏။ ဤသည်မှာ လွန်စွာ ခက်ခဲသော အရည်အချင်း ဖြစ်ပေသည်။

စာပေနှင့်ပတ်သက်၍ ဆရာကြီးရွှေဥဒေါင်းသည် ဝတ္ထုများကို လွန်စွာမြတ်နိုးသူ ဖြစ်၏။ ဝတ္ထုများတွင်လည်း တော်စတွိုင်း၊ ဒစ်ကင်း၊ စကော့၊ ဗစ်တာဟူးဂိုး အစရှိသည့် ကမ္ဘာ့စာရေးဆရာကြီးများရေးသည့် စိတ်ကောင်းဆန္ဒကောင်းတို့ကို ဖြစ်စေသည့် ဝတ္ထုမျိုးကို အလေးထားဖတ်ရှုကာ မြန်မာပြုလေ့ ပြန်ဆိုလေ့ရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ မြန်မာစာပေလောကနှင့် မြန်မာစာဖတ် ပရိသတ်တို့ကို ကလောင်စွမ်းအားဖြင့် စွမ်းစွမ်းတမံ အကျိုးပြုခဲ့သော ဆရာကြီးရွှေဥဒေါင်းသည် ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်၊ သောကြာနေ့ ည (၇း၀၀) နာရီ၊ အသက် (၈၄) နှစ်အရွယ်၌ ကွယ်လွန်သွားခဲ့၏။ ဆရာကြီး၏ရုပ်ကလာပ်အား မန္တလေးတောင် အရှေ့ဘက်၊ အုတ်စက်သုသာန်တွင် ဆရာကြီးမြမျိုးလွင်၊ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၊ ရွှေပြည်ဦးဘတင်တို့၏ အုတ်ဂူများအနီး၌ပင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြပါကြောင်း။

❐

## ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဂူဗိမာန်မှာ ဘာထူးခြားချက်တွေ တွေ့နိုင်သလဲ

ပြည်သူချစ်သော ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ပြီးသောအခါ ရုပ်ကလာပ်အား ပြည်သူလူထုအပေါင်းတို့ ဂါရဝပြုနိုင်ကြစေရန် ရည်ရွယ်လျက် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာကွင်း၌ ၁၆ ရက်တိတိ ဈာပနမဏ္ဍပ်ကြီးတစ်ခု ဆောက်လုပ်ပေးခဲ့သည်။ (ဂ.ဂ.၆၄) ရက်နေ့တွင် ဆော်လှန်ရေးကောင်စီနှင့် အစိုးရစီစဉ်ပေးမှုဖြင့် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး၊ လမ်းမပေါ်ရှိ ၄၅ ပေ ဆော်လည်မြေကွက်တွင် ဂူသွင်းသင်္ဂြိုဟ်ခဲ့ရာ ယခုတိုင်တွေ့မြင်နိုင်ပေသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဂူဗိမာန်နှင့်ပတ်သက်၍ ကော်မတီဖွဲ့စည်းခဲ့ပြီး ပုံနှိပ်ဒီဇိုင်းကို ဗိသုကာပညာရှင်ကြီးကျော်မင်း ၊ ပန်းချီဆရာကြီးဦးအုန်းလွင်၊ ပန်းချီပေါ်ဦးသက်တို့နှင့် ရေးဆွဲပေးခဲ့ကြသည်ဟု သိရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ထိုဂူဗိမာန်အား (၄.၃.၆၅) ရက်မှစ၍ အုတ်ဂူနှင့် အောက်ခံခုံကို အချောကိုင်တည်ဆောက်ခဲ့ပြီး (၁၅.၇.၆၆) ရက်၌ လက်ရှိဂူဗိမာန်ပြီးစီးသောအခါ ဆရာကြီးကွယ်လွန်သည့် ၂ နှစ်မြောက် (၂၃.၇.၆၆) တွင် ဖွင့်လှစ်နိုင်ခဲ့၏။ အဆိုပါ ဂူဗိမာန်တွင် ထူးခြားသော ဂုဏ်အင်္ဂါလေးရပ်ပါ အထိမ်းအမှတ် တံဆိပ်ကြီးကို ရှေ့မျက်နှာစာနံရံ၌ တပ်ဆင်ထားသည်ကို တွေ့ရှိရပေလိမ့်မည်။ ထိုအထိမ်းအမှတ်တံဆိပ်ကြီးတွင် စာအုပ်၊ ဒေါင်းရုပ်၊ ချိုးရုပ်နှင့် တူ–တံစဉ်ပုံတို့ကို ကြေးပြားပေါ်တွင် သွန်းလောင်းထုဆစ်ထားလေ၏။ ထိုသင်္ကေတတို့၏ အဓိပ္ပာယ်ကား...

စာအုပ်ဟူသည် ဆရာကြီး၏ စာပေယဉ်ကျေးမှုတို့ဖြင့် တော်လှန်ရေးကြီး ဆင်နွှဲခဲ့သည့် အထိမ်းအမှတ်။

ဒေါင်းရုပ်ဟူသည် ဆရာကြီး၏ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲခဲ့သော အထိမ်းအမှတ်။

ချိုးရုပ်ဟူသည် ဆရာကြီး၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဆောင်ရွက်မှု အထိမ်းအမှတ်။

တူ, တံစဉ် ဟူသည် ဆရာကြီးအဖို့ အဖိနှိပ်ခံပြည်သူတို့ဘက်မှ ထာဝစဉ်ရပ်တည်ခဲ့ပြီး အထူးသဖြင့် အလုပ်သမားနှင့် တောင်သူလယ်သမားတို့ဘဝ ချမ်းသာဝပြောစေရန် လိုလားမျှော်မှန်းသော အထိမ်းအမှတ်။

စသည်တို့ဖြစ်ကြ၏။ ထို့ပြင် ဂူဗိမာန်အတွင်း နံရံသုံးဘက်



တွင် ဆရာကြီး ပြောဆိုရေးသားခဲ့သော စာကဗျာတို့ကို ကျောက်စာကမ္ပည်းရေးထိုးထားပေ၏။

၎င်းတို့ကား...

တောင်ဘက်နံရံ၌–

...ကောင်းကျိုးအထွေထွေရယ်နှင့် ရွှန်စေ မြဲစေစော ဒေါင်းအိုးဝေရယ်လို့ တွန်စေကာစေသော...

၁၂၈၁ – ခု၊ 1920

အနောက်ဘက်ခြေရင်းနံရံ၌–

...တစ်ပြည်သားနယ်ချဲ့ အစွမ်းရန်ကို တကယ့်တကယ်
တွန်းလှန်ဖို့ အရေးကလည်း မဝေးတော့ပြီမို့
အရေးကြီးလျှင်ဖြင့် သွေးစည်းပြီး
သွေးနီးရာဆိုသည့်အတိုင်း
ကိုင်း... ထထကြွကြွနှင့် ဝိုင်းကြပေရော့...

၁၃၁၄ – ခု၊ 1952

မြောက်ဘက်ခြေရင်းနံရံ၌–

...ဆရာ မသေခင် တိုင်းပြည်မှာ
တကယ်ငြိမ်းချမ်းရေးအစစ်ကို
တွေ့သွားချင်တယ်...

၁၃၁၈ – ၁၃၂၆၊ 1957 - 1952

www.burmeseclassic.com

www.burmeseclassic.com



(ဆရာကြီး၏ ရုပ်ကလာပ်အား ဂူသွင်းပြီးသည်အထိ၊ ဆရာကြီး၏ မျက်နှာကို ဆက်လက်မြင်တွေ့ပြီး ကြည်ညိုနိုင်အောင် ဘေးဝဲယာမှ အပေါက်ဖောက်၍ မှန်ဖြင့် စီစဉ်ခဲ့ဖူး၏။ ၎င်းကို ၁၀.၉.၁၉၆၄ နေ့မှစ၍ ပြည်သူတို့ ကြည့်မြင်နိုင်အောင် ဖွင့်လှစ်ထားခဲ့ရာမှ ၁၉၆၆ မတ်လကုန်တွင် ပိတ်လိုက်ခဲ့ပါကြောင်း)

□

## ဆရာစံကို ဘယ်လိုကြိုးပေးခဲ့ကြသလဲ

တောင်သူလယ်သမား အရေးတော်ပုံကို ဦးဆောင်ခဲ့သူမှာ ဂဠုန်တပ်ဖွဲ့ခေါင်းဆောင် ဆရာစံဖြစ်သည်။ ဆရာစံနှင့် ရှမ်းတပည့်ငါးယောက်တို့သည် ဦးဖိုးကာဆိုသူ၏ လမ်းပြသစ္စာဖောက်မှုကြောင့် ဗြိတိသျှအစိုးရအာဏာပိုင်တို့၏ ဖမ်းဆီးခြင်းကို ခံရပြီး နောက်ဆုံး၌ ကြိုးစင်တင်ခြင်းကို ခံခဲ့ရလေ၏။

ဂဠုန်ဆရာစံအား ကြိုးစင်တင်၍ သတ်စဉ်က သာယာဝတီထောင်မှူးကလေးအဖြစ် ဆောင်ရွက်ခဲ့သည့် အငြိမ်းစားထောင်ပိုင်ဝန် ဦးစိန်ဆိုသူက သူ၏မျက်မြင်ကိုယ်တွေ့အဖြစ်အပျက်ကို အောက်ပါအတိုင်း ပြန်လည်ပြောပြခဲ့လေ၏။

"နက်ဖြန်ကြိုးပေးတော့မယ် ဆိုတော့ အခုလိုညမှာ ဆရာစံကို ကျွန်တော်တို့ ကြိုးစင်အနီးမှာရှိတဲ့ကြိုးတိုက်ကို ပြောင်းထားလိုက်ပါတယ်။ အဲ ဒီညမှာ ဆရာစံဟာ ကောင်းကောင်းအိပ်ပါတယ်။ ဆရာစံအရင် သူပုန်အမှုနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးပေးတဲ့လူအပေါင်းဟာ သာယာဝတီထောင်ထဲမှာ ၁၀၀ အတွင်းမှာ ရှိတယ်လို့ ထင်ပါတယ်။ ၁၀၀ တော့ မကျော်ပါဘူး။

ဆရာစံကြိုးပေးတော့ ကျွန်တော်အနားမှာ ရှိပါတယ်။ ကျွန်တော်နဲ့ဆိုရင် နှစ်တောင်လောက်ပဲ ဝေးပါတယ်။ ဆရာစံ ကြိုးပေးတဲ့နေရာကတော့ အခုလက်ရှိ သာယာဝတီထောင်က ကြိုးစင်အဟောင်းပါပဲ။ အခုထက်ထိ ရှိပါသေးတယ်။ ပြောင်းလဲမှု မရှိပါဘူး။ ကြိုးသမားတက်လိုက်လို့ ရှိရင် နှစ်စင်ရှိတဲ့အနက် ဇဘက်က စင်ဖြစ်ပါတယ်။ ကြိုးပေးတဲ့နေ့က ဟိုတုန်းက ဒုတိယအရေးပိုင်ဖြစ်တဲ့ ဦးကျော်ကိုယ်တိုင် တက်ရောက်ပါတယ်။

လက်ပံတန်းက မြူနီစီပါယ်လူကြီးများ၊ သုံးဆယ်ကသူကြီးများ အဲဒီလို ထင်ရှားတဲ့ လူ ၂၀ လောက်ရှိပါလိမ့်မယ်။ ရက်တော့ ကျွန်တော် ကောင်းကောင်း မမှတ်မိဘူး။ အချိန်တော့ နံနက် ၅ နာရီ ၄၅ မိနစ်၊ ၅၀ လောက်ရှိပါလိမ့်မယ်။ အကျဉ်းသားနှစ်ယောက် ကြိုးတိုက်က ထုတ်ရပါတယ်။ တစ်ယောက်က ကြိုးတုတ်အင်္ကျီခေါ်တဲ့ တိုက်ထုတ်အင်္ကျီကို ဝတ်ပေးပြီးတော့ လက်ထိပ်ကို နောက်ပြန်ခတ်ပြီး တစ်တောင်ဆစ်ကွေးကနေပြီးတော့ နောက်ပြန်ကြိုးချည်လိုက်ပါတယ်။ ကြိုးချည်ပြီးတော့ အကျဉ်းသားနှစ်ယောက်ဟာ သူ့ကိုတွဲပြီး ခေါ်လာပါတယ်။



ကြိုးစင်တက်တယ်ဆိုတာကတော့ လှေကားလည်း မဟုတ်ပါဘူး။ ကုန်းမြင့်ဓာလေးကို တက်သွားတာပါပဲ။ ဆရာက ဘာစပြောသလဲဆိုတော့…

"အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကြီးပွားရာ ကြီးပွားကြောင်း ဆောင်ရွက်လို့ အဲခုလို ကြုံတွေ့ရတာပဲ။ သုခလို့ မှတ်ပါတယ်။ ဖယ်ပေးကြ… ငါ့ဟာငါ တက်မယ်"

ဆိုပြီး အနားမှာတွဲထားတဲ့ အကျဉ်းသားနှစ်ယောက်ကို ဖယ်ပစ်လိုက်တယ်။ တွန်းပစ်လိုက်တယ်။ နောက်ပြီး သူ့ဟာသူ တက်သွားတယ်။

ဒါပေမဲ့ အကျဉ်းသမားနှစ်ယောက်ကတော့ အနားက ဖေးဖေးမမ ခေါ်သွားတာပဲ။ ကြိုးစင်ပေါ်လည်းရောက်ရော အနားမှာရှိတဲ့ ညွှ်သည်တွေကို နှုတ်ဆက်တယ်။

"သွားပြီး… ဖြစ်လေရာဘဝမှာ အင်္ဂလိပ်ကို အနိုင်ရတဲ့ ကိုယ်ဖြစ်ပါစေ"

လို့ ဆိုပြီးတော့ ဆုတောင်းသွားပါတယ်။

ဆုတောင်းပြီးရော မျက်နှာဖုံးခေါ်တဲ့ အိတ်ကြီး စွပ်ပေးလိုက်ပါတယ်။ စွပ်လည်းပြီးရော လည်ပင်းကြိုးတပ်ပြီးတော့ ဖြုတ်ချလိုက်ပါတယ်။

သည်သို့ဖြင့် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ ရက်စက်မှုဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တောင်သူလယ်သမား အရေးတော်ပုံ ခေါင်းဆောင်ကြီးဆရာစံ မှာ အသက်ပေးသွားခဲ့ရပါသည်။

ဆရာစံကား အသက်သေပင်သေသော်ငြား မြန်မာ့လွတ်လပ်ရေး စာမျက်နှာထက်တွင်မူ နာမည်ရှင်သန်လျက် ရှိနေဆဲပါတည်း။

□

## ဆဋ္ဌသင်္ဂါယနာရဲ့ဖွားဖက်တော်ဆိုတာ ဘယ်ဆရာတော်တဲ့လဲ

ဆဋ္ဌသင်္ဂါယနာ၏ ဖွားဖက်တော်ဆရာတော်မှာ ပျံလွန်တော်မူသွားရှာပြီ ဖြစ်သည်။ ပထမဦးဆုံးသော တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့ကို ဆွတ်ခူးရရှိခဲ့သော မင်းကွန်းဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ ဖြစ်ပေသည်။

တစ်ခါက သူဌေးကြီးဆာဦးသွင်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကျင်းပရန် ညှိနှိုင်းဆွေးနွေးပြီးနောက် သီဟိုဠ်ကျွန်းသို့ သွားရောက်၍ သီဟိုဠ်သံဃာတော်များအား "ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံကိုယ်စား မြန်မာနိုင်ငံမှ ဒကာခံ၍ ဆဋ္ဌသင်္ဂါယနာ တင်မည့်အကြောင်း သတင်းကောင်း" ကို လျှောက်ထားတော်မူလေ၏။ ၎င်းတွင် သီဟိုဠ်ဆရာတော်များက

"မြန်မာနိုင်ငံမှာ ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ရှိရဲ့လား။ သင်္ဂါယနာတင်လျှင် ဓမ္မဝိနယမေးခွန်းများ
ကို ဖြေဆိုနိုင်မည့်သူ ရှိရဲ့လား”

ဟု ပြန်လည်မေးမြန်းခဲ့သည်။ သို့ဖြင့် ဆာ–ဦးသွင်သည် မြန်မာနိုင်ငံသို့ ပြန်လာပြီး နိုင်ငံတော်အကြီးအကဲများနှင့် ညှိနှိုင်းတိုင်ပင်ကာ 'တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး' ကျင်းပခဲ့ရသည်။

ထိုစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်မှစ၍ ကျင်းပခဲ့သော်လည်း ပထမအကြိမ်၊ ဒုတိယအကြိမ် စာမေးပွဲများတွင် တိပိဋကတစ်ပါးမှ ပေါ်ထွက်မလာခဲ့ချေ။ ဆဋ္ဌသင်္ဂါယနာတင်မည့် ရည်ရွယ်ချက်ကြီး မပြည့်ဝဘဲ ဖြစ်နေခဲ့သည်။ သို့ဖြင့် မင်းကွန်းတိပိဋက ဆရာတော်အလောင်းအလျာလည်း မနေသာတော့ဘဲ ဝင်ရောက်ဖြေဆိုရာ ၁၃၁၅ ခုနှစ်တွင် ထူးထူးခြားခြား အောင်မြင်၍ 'ပထမဦးဆုံး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့' ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိတော်မူခဲ့သည်။

ထိုမျှသာမကသေး။ ဆဋ္ဌသင်္ဂါယနာတင်သောအခါ ကမ္ဘာ့ဗုဒ္ဓဘာသာခေါင်းဆောင်ကြီးများရှေ့မှောက်တွင် ပိဋကတ်သုံးပုံနှင့်စပ်၍ မဟာစည်ဆရာတော်ဘုရားကြီး မေးသမျှကို ဒိုးဒိုးဒေါက်ဒေါက် အလွတ်ရွတ်ဆို ဖြေပြတော်မူနိုင်ခဲ့သည်။ သို့ဖြစ်၍ ဆရာတော်ဘုရားကြီး၏ တိပိဋကဓရ ဘွဲ့တော် ဆွတ်ခူးရရှိခြင်းသည် ဆဋ္ဌသင်္ဂါယနာတင်နိုင်ရန် အကြောင်းတစ်ပါး ဖြစ်ခဲ့ရုံမျှသာမက၊ တစ်ချိန်က ဆာ–ဦးသွင်ကို သီဟိုဠ်ဆရာတော်ကြီး



များ မေးခဲ့သော မေးခွန်း၏အဖြေကိုလည်း တစ်ပါးတည်း ဖြေပြီးသား ဖြစ်သွားတော့သည်။

တစ်နည်းအားဖြင့် တိပိဋကဓရ စာမေးပွဲကြီးသည် ဆရာတော်အတွက် စီစဉ်ပေးခဲ့ရသကဲ့သို့ ဖြစ်သွားရလေသည်။ သည့်အတွက် ဆရာတော်အား တိပိဋကဓရနှင့် ခွဲခြား၍မရ။ ထို့အတူပင် 'ဆဋ္ဌသင်္ဂါယနာ၏ ဖွားဖက်တော်' ဟု ဆိုရမည်သာ ဖြစ်ပေ၏။ ဆရာတော်၏ ဉာဏ်စွမ်းအားအပေါ် အံ့မခန်းကြည်ညိုကြမည်သာ ဖြစ်ပေသည်။

ဝိနည်း ငါးကျမ်း–စာမျက်နှာပေါင်း (၂၂၆၀)၊ အဘိဓမ္မာ ရှေ့ပိုင်းငါးကျမ်း စာမျက်နှာပေါင်း (၁၃၉၀)၊ အဘိဓမ္မာ နောက်ပိုင်း နှစ်ကျမ်း–စာမျက်နှာပေါင်း (၃၅၉၈)၊ ဒီဃနိကာယသုတ်သုံးကျမ်း–စာမျက်နှာပေါင်း (၇၇၉)၊ အားလုံးစုစုပေါင်း စာမျက်နှာ အရေအတွက် (၈၀၂၇) ရှိပေ၏။ ထို့ကြောင့်လည်း “ကမ္ဘာ့[illegible]များ (World Genius Book)” အမည်ရှိ ကမ္ဘာ့ကျော်မှတ်တမ်းစာအုပ်ကြီးထဲတွင် ဆရာတော်ဘုရားကြီးအား “ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံးပုဂ္ဂိုလ်” အဖြစ် ထိုက်တန်လျော်ညီစွာ မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပေသည်။

မင်းကွန်းဆရာတော်ဘုရားကြီးသည် သာသနာ့အာဇာနည်ပီသစွာ သာသနာတော်ဆိုင်ရာ ဘွဲ့ထူး၊ ဂုဏ်ထူးပေါင်း (၃၈) ဆောင်ကို ဆွတ်ခူးရရှိတော်မူခဲ့သည့်အပြင် ဆဋ္ဌသင်္ဂါယနာကို ရည်ရွယ်လျက် အတွဲ ၆ ကွဲ၊ မဂ္ဂင်ရှစ်ပါးကို ရည်ရွယ်လျက်

www.burmeseclassic.com

www.burmeseclassic.com



အုပ်ရေ ၈ အုပ်၊ စာမျက်နှာပေါင်း (၅၅၁၆) မျက်နှာရှိ "မဟာဗုဒ္ဓဝင်ကျမ်းကြီး" ကိုလည်း ရေးသားပြုစုတော်မူသွားခဲ့သည်။ ထိုကျမ်းကြီး၏ကျေးဇူးမှာ သာသနာတော်အတွက် တန်ဖိုးကြီးမားလှသည်နှင့်အမျှ မြန်မာနိုင်ငံ၏ သာသနာတော်သမိုင်းတွင်လည်း ဆရာတော်ကြီး၏ ဂုဏ်သတင်းမှာ မွေးပျံ့လျက်ရှိပေသတည်း။

❐

## ဆရာတော်ဦးဝိစာရရုပ်တုကျောက်တိုင်ဖွင့်ပွဲမှာ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ပြီး ဘာတွေပြောခဲ့သလဲ

ရွှေတိဂုံစေတီတော်ကြီး၏ အနောက်ဘက်မုခ်နှင့် တောင်ဘက်မုခ် မနီးမဝေးတွင် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကို စွန့်လွှတ်သွားခဲ့သော သာသနာ့အာဇာနည်ဆရာတော်ဦးဝိစာရ၏ အထိမ်းအမှတ်ရုပ်တုကျောက်တိုင် ရှိပေသည်။ ဦးဝိစာရအဝိုင်း၏ အလယ်တည့်တည့်တွင် ဖြစ်ပါသည်။

၁၃၀၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ၁၉၄၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ စနေနေ့တွင် ဆရာတော်ဦးဝိစာရ အထိမ်းအမှတ် ကျောက်တိုင်နှင့် ရုပ်တုဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပေသည်။ ထိုစဉ်က စစ်ဝန်ကြီး ဖြစ်နေသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်ခဲ့ပြီး အာဇာနည်အရှင်သူမြတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးသို့ ဂုဏ်ပြုမိန့်ခွန်းကို ပြောကြားခဲ့ရာ အောက်ပါအချက်အလက်များ ပါဝင်ပေသည်။

... "ယနေ့အားလုံး ဤကဲ့သို့ စုရုံးရသည့် ကိစ္စမှာ ယခင် အင်္ဂလိပ်လက်ထက်က ထောင်အတွင်းတွင် အမျိုးမျိုး နိုင်ငံအတွက် မိမိဘာသာမိမိ အစာတော်ခံဆန္ဒပြကာ (၁၆၆) ရက်လုံးလုံး နေပြီးနောက် ပျံလွန်တော်မူသွားရှာသည့် အရှင်ဦးဝိစာရကိုယ်တော်ကြီးအား ချီးကျူးရခြင်းပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြုလုပ်ခြင်းမှာ အစိုးရတစ်ခုတည်းက ပြုလုပ်ခြင်း မဟုတ်ဘဲ တိုင်းပြည်နှင့်အဝှမ်း အသက်ကို စွန့်လွှတ်သွားသည့် အာဇာနည်များအား ပူဇော်ရခြင်းပင် ဖြစ်ကြောင်း"

... ရှေးက အရှင်ဦးဝိစာရသည် ဘယ်ဂိုဏ်းတွင်ပါသည်၊ ဘာဖြစ်သည်တို့မှာ ယခု မိမိတို့နှင့် မဆိုင်ကြောင်း ဤသို့စိတ်မျိုးရှိပါက ယနေ့ ဤအချိန်မှစ၍ ဖျောက်ဖျက်ကြစေလိုကြောင်း။

... ကျွန်ုပ်တို့သည် မင်္ဂလာတရားတော်အရ 'ပူဇော်ထိုက်သူကို ပူဇော်ရမည်ဆိုသည့်အတိုင်း' ပူဇော်သက္ကာရ ပြုခြင်းသာ ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ ဤသို့ လာရောက်ပူဇော်ခြင်းမှာလည်း အာဇာနည်ပုဂ္ဂိုလ်၏ အနိုင်မခံ၊ အရှုံးမပေးလိုစိတ်၊ မျိုးချစ်စိတ်၊ အမြဲတေစိတ်များကို ချီးကျူးပူဇော်ခြင်းပင် ဖြစ်ကြောင်း။

... အရှင်ဦးဝိစာရသည် အသက်ကို စွန့်လွှတ်စဉ်အခါ



က အဖော်မပါ။ တစ်ကိုယ်တည်းသာဖြစ်ကြောင်း၊ အများနှင့် စုပေါင်းလုပ်ကိုင်လျက် သတ္တိကောင်းသူ အများကြီး ရှိကြသော်လည်း တစ်ဦးတစ်ယောက်တည်း အလုပ်လုပ်ရန်မှာ အလွန်သတ္တိရှိခဲ့ကြောင်း။

... အရှင်ဦးဝိစာရကိုယ်တော်ကြီး ထောင်အတွင်းတွင် အကျဉ်းခံနေရစဉ်အခါက မည်သူမျှ မသိခဲ့ကြကြောင်း၊ ထိုစဉ်အခါက မြန်မာနိုင်ငံကြီး လွတ်လပ်ရေးမရသေးဘဲ မိစ္ဆာလူရိုင်းတို့၏ လက်အောက်မှာပင် ရှိသေးကြောင်း။

... အင်္ဂလိပ်လူမျိုးတို့ အုပ်စိုးမှုကို ယခုကဲ့သို့ ပျက်စီးဆုံးပါးသွားလိမ့်မည်ဟု မည်သူမျှ မထင်ကြ၍၊ အင်္ဂလိပ်များအား မည်သို့မျှ ဆန့်ကျင်ဖက် မပြုဝံ့သော အချိန်အခါတွင် အရှင်ဦးဝိစာရကိုယ်တော်ကြီးတစ်ပါးတည်း ပေါ်ပေါက်လာခဲ့ပြီး မည်သူ ချီးမွမ်း၊ ချီးမွမ်း မည်သူကဲ့ရဲ့ ကဲ့ရဲ့... ဘာကိုမျှ ဂရုမစိုက်ဘဲ ငါ လိုချင်တာ မရရင် အသက်အသေခံမယ်ဆိုတဲ့ အာဇာနည်စိတ်ကို ချီးကျူးဂုဏ်ပြုရမည် ဖြစ်ကြောင်း။

... သို့သော် ယခုအခါမှာလည်း ကျွန်ုပ်တို့ ရှေ့လုပ်ငန်းစဉ်များအတွက် အရှင်ဦးဝိစာရကဲ့သို့ စိတ်ဓာတ်များ မွေးမြူကြဖို့ အလွန်အရေးကြီးကြောင်း၊ ယခုအခါ ကျွန်ုပ်တို့ ရရှိထားသည့် လွတ်လပ်ရေးဆိုသည်မှာ မခိုင်မြဲသေးကြောင်း၊ လွတ်လပ်ရေးခိုင်မြဲရန်မှာ ဤစစ်ကြီးအတွင်း အနိုင်မတိုက်နိုင်သေးမျှ လွတ်လပ်ရေးအရသာနှင့်တူသော

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်အစစ်ကို မခံစားနိုင်သေးကြောင်း... လွတ်လပ်ရေးကြီးအတွက် အရိုးကြေကြေ၊ အရေခန်းခန်း၊ တစ်ယောက်တည်း ကျန်ကျန်၊ အသက်အသေခံ ကြိုးစားကြမည်ဟု စိတ်နှလုံး ဒုံးဒုံးချပြီး အရှင်ဦးဝိစာရကဲ့သို့ အာဇာနည်အမြုတေ စိတ်ဓာတ်ကို ယနေ့မှစ၍ မွေးမြူကြစေလိုကြောင်း...။

□

## ဆိုင်းလောကမှာ ပင်လယ်ရပ်ခြား တိုင်းတစ်ပါးကို ပထမဦးဆုံးသွားရောက်ခဲ့တဲ့ ဆိုင်းဆရာဆိုတာ ဘယ်သူလဲ

မြန်မာနိုင်ငံဆိုင်းလောကတွင် ပင်လယ်ရပ်ခြားတိုင်းတစ်ပါးသို့ ပထမဦးဆုံး သွားရောက်ခဲ့သော ဆိုင်းဆရာမှာ ရွာစားကြီးစိန်ဗေဒါဖြစ်လေသည်။

မြန်မာ့ဆိုင်းလောကတွင် နှစ်ပေါင်း ၃၀ မျှ ပြိုင်ဖက်ကင်းသူအဖြစ် ရွာစားကြီးစိန်ဗေဒါသည် ထင်ရှားကျော်ကြားခဲ့၏။ ရွာစားကြီး စိန်ဗေဒါ၏အမည်ရင်းမှာ ဦးမောင်ကလေးဖြစ်သည်။ ဦးမောင်ကလေးကိုအဖ ရွာစားကြီးဆရာဖေနှင့် အမိနန်းတွင်းသူ ဒေါ်မမလေးတို့မှ သက္ကရာဇ် ၁၂၄၄ ခုနှစ် တန်ဆောင်မုန်းလကွယ် သောကြာနေ့၌ မန္တလေးမြို့၊ ဆိုင်းဝင်းရပ်တွင် ဖွားမြင်ခဲ့၏။ ဆိုင်းဆရာကြီးဆရာစိမ့်သည် ဦးမောင်ကလေးနှင့်အဖေတူ အမေကွဲ ညီအစ်ကို ဖြစ်သည်။ ဦးမောင်ကလေးသည်

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်အခါကပင် ၁၂ လုံး ဒိုးကို တီးရာ ကြားရသူအပေါင်း ဘဝင်စိမ့်ကြရသည် ဆို၏။

ဦးမောင်ကလေးသည် မိမိ၏ဖခင်ကြီးဆရာဖေ ယင်း၏ တပည့်ကြီး ဆရာပေ၊ ဆိုင်းဆရာကြီးဦးကျော်ဖံ အစရှိသော ဆိုင်းပညာရှင်တို့၏ တီးလုံး၊ တီးကွက်၊ မူအမျိုးမျိုးတို့ကို သင်ကြားခံယူခဲ့ရခြင်း၊ တူရိယာအမျိုးမျိုး တီးမှုတ်ခြင်းအတတ်တို့ကို လေ့လာတတ်ကျွမ်းခြင်းများကြောင့် ဆိုင်းအတတ်တွင် ပိုမို၍ လာဘ်မြင်ခဲ့လေသည်။ ပညာစုံသောအခါ ဦးမောင်ကလေးသည် မင်းသားဦးဖိုးကွဲန်း၊ မင်းသမီးဒေါ်ထွေးလေးတို့၏ ဇာတ်အဖွဲ့နှင့် မန္တလေးမှ ရန်ကုန်သို့ ဆင်းလာခဲ့သည်။ ရန်ကုန်တွင်

"ဗေဒါ… ဗေဒါ၊ နင့်ဘူးကို ဘယ်သူချဲ့တယ်၊
ပြောဟဲ့ ဗေဒါ… မိဗေဒါ"

ဟူသည့် အစချီသော သီချင်းကို တီးပြရာ သူ၏လက်သံကို ရန်ကုန်လူထုက အထူးနှစ်ခြိုက်ပြီးလျှင် သူ့အား "ဗေဒါ မောင်ကလေး" ဟု ခေါ်စမှတ်ပြုကြသည်။ ထို့နောက် မန္တလေးသို့ ပြန်ရောက်လာသောအခါ ဦးမောင်ကလေး၏သတင်းမှာ ပိုမိုပျံ့သင်းလာပြီးနောက် 'စိန်ဗေဒါ' ဟူသောအမည်ကို လူထုပရိသတ်ထံမှ ခံယူရရှိခဲ့ပေတော့သည်။

စိန်ဗေဒါခေါ် ဦးမောင်ကလေးသည် ၁၂၇၂ ခုနှစ်တွင် အိန္ဒိယပြည် ရတနာဂီရိစံ သီပေါမင်းထံသို့ အသုံးတော်ခံသွားခဲ့၏။ သီပေါမင်းက ဦးမောင်ကလေးအား 'နေမျိုးဗလကျော်သူ' ဟူသော ဘွဲ့တံဆိပ်တော်နှင့်အတူ ရွှေဆိုင်းအလံလေးချက် ဖန်



ပဒိုင်းတို့ကို ချီးမြှင့်လိုက်လေသည်။ ၁၂၇၃ ခုနှစ်တွင်လည်း ဦးမောင်ကလေးသည် သီပေါမင်း၏သမီးတော်များ နားထွင်းမင်္ဂလာပွဲအတွက် အသုံးတော်ခံရန် ရတနာဂီရိသို့ ဒုတိယအကြိမ် ရောက်ခဲ့လေသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံမှ ပင်လယ်ရပ်ခြားတိုင်းတစ်ပါးသို့ သွားရောက်ခဲ့သော ဆိုင်းဆရာများအနက် စိန်ဗေဒါခေါ် ဦးမောင်ကလေးသည် ပထမဦးဆုံး သွားရောက်ခဲ့သော ဆိုင်းဆရာဖြစ်ပေသည်။ စိန်ဗေဒါ၏ဇနီးမှာ အကတွင် ဝါသနာထုံသော ညောင်လေးပင်မြို့သူ ဒေါ်စိန်မေဖြစ်၍ သားသမီးတစ်ယောက်မျှ ထွန်းကားခဲ့ခြင်း မရှိခဲ့ချေ။ သူ၏ နဲ့တပည့်များမှာ ဆရာဆယ်၊ ဦးချစ်မောင် စသူတို့ဖြစ်၍ ဆိုင်းတပည့်များမှာ စိန်ငှက်ရိုး၊ စိန်ကျော်တင့် စသူတို့ဖြစ်ကြ၏။ ရှာစားကြီးစိန်ဗေဒါ ခေါ် ဦးမောင်ကလေးသည် ဒုတိယကမ္ဘာစစ်အတွင်း၌ လည်ချောင်းတွင် အနာပေါက်ကာ ကင်ဆာရောဂါစွဲကပ်သဖြင့် ပြွန်တန်ဆာမြို့မှ သူ၏တပည့်မိတ်ဆွေဖြစ်သူ မြန်မာညွန့်ဦးချစ်မောင်နှင့် အတူ ရန်ကုန်သို့ဆင်းကာ ဆေးကုသမှုကို ခံယူခဲ့၏။

သို့ရာတွင် ကင်ဆာရောဂါမှာ သက်သာလာခြင်း မရှိပေ။ သို့ဖြင့် ၁၃၀၄ ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတောင်တန်းလမ်း၌ ကွယ်လွန်အနိစ္စရောက်ခဲ့ပါသတည်း။

❒

www.burmeseclassic.com

www.burmeseclassic.com

# တပည့်နဲ့ တပြည့် ဘယ်လို ကွာခြားသလဲ

'တပည့်' ဟူသည် ဆရာ့ထံမှ ပညာယူသူ၊ အဆုံးအမ ခံယူသူဟု အဓိပ္ပာယ်ရသည်။ တစ်နည်းဆိုရသော် ဆရာသမားပြောဆိုဆုံးမသည်ကို လေးစားကြည်ဖြူ နာယူတတ်သောကြောင့် တပည့်မည်၏ဟု ဆိုရမှာဖြစ်သည်။ ဤတွင် ဒုတိယကျော်အောင်စံထားဆရာတော်က–

"တပည့်ဟူသည် ပြုပြင်သွန်သင်အပ်သူ၊ မိမိအကျိုးစီးပွားအတွက် ပြောဆို သွန်သင်ဆုံးမမှုကို နာခံသူပင်ဖြစ်သည်"

ဟု ဆိုခဲ့ပေ၏။ ဝေါဟာရတ္ထပကာသနီကျမ်းတွင်–

"တပည့်ဟူသည် အရာမကောင်းကောင်းကြောင်းလမ်းကြောင်း တည့်မတ်စွာ ပဲ့ပြင်သွန်သင်အပ်သောသူ၊ မိမိအကျိုးစီးပွားအတွက် ဆရာဖြစ်သူက ကြိမ်းမောင်းပြသသွန်သင်ခြင်း ခံသူပင်ဖြစ်သည်"



ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

ဤ တပည့်ဝေါဟာရ၏ ရင်းမြစ်ကို လေ့လာကြည့်လျှင် 'ပဲ့' ဟူသော စကားလုံးသည် လှေကို လက်ဝဲလက်ယာ တိမ်းလွဲခြင်း မရှိစေဘဲ တည့်မတ်စွာ သွားနိုင်အောင် တက်မဖြင့် ထိန်းပေးသည်ကို ပဲ့သည်ဟု ရှေးပညာရှင်များက မိန့်ဆိုထားသည်ကို လေ့လာတွေ့ရှိရသည်။ ဆိုလိုသည်မှာ ဆော်နိုးခြိမ်းမောင်းခြင်း၊ ပြသသွန်သင်ခြင်းကို ဆုံးမပဲ့ပြင်သည်ဟု ဆိုထားခြင်းပင် ဖြစ်သည်။ တစ်နည်းဆိုရလျှင် တည့်မတ်အောင် ပြုပြင်ဆောင်ရွက်ပေးသည်ကို ပဲ့သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

'တပည့်' ဝေါဟာရသည် 'ဆရာ' ဝေါဟာရကဲ့သို့ မရိုးမဖြစ်သော လောကဝေါဟာရ တစ်ရပ်ပင်ဖြစ်သည်။ တပည့်ဝေါဟာရသည် ပုဂံခေတ်ကျောက်စာများမှ စတင်ခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ တပည့်ဝေါဟာရသည် ဘာသာတရားနှင့် ဘာသာစကားတို့မှ ပေါ်ပေါက်လာရခြင်းပင် ဖြစ်ပါသည်။ 'ဘုရား တပည့်သံဃာ' ဟူ၍ သုံးနှုန်းခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ 'ရှင်မဟာရဋ္ဌသာရ' နှင့် 'ရှင်မဟာသီလဝံသ' ဆုံးမစာများတွင်လည်း 'သင်ဆရာ နာတပည့်' ဟူသော အသုံးအနှုန်းကို တွေ့ရပါသည်။

အချို့က 'တပည့်' နှင့် 'တပြည့်' မှားကြသည်။

ဗိုလ်မှူးဘသောင်း (မောင်သုတ) က 'မြန်မာစာမြင့်ရှင်လွှန်းထို့' စာအုပ်တွင်–

www.burmeseclassic.com

www.burmeseclassic.com



> "ဆရာတပည့်တွင် တပည့်ကို အရစ်နှင့်မရေးရ။ အရစ်နှင့်ရှိသော ပြည့်ဖြိုးခြင်း၊ ပြည့်ဝခြင်း၊ ပြည့်စုံခြင်း အနက်မျိုးမဟုတ်။ ဝေါဟာရတ္ထပကာသနီတွင် "တပည့် ဟူ၍" 'ပ–သတ်' သတ်ရေးသင့်သော အရာထင်၏" ဟု အဆုံးအဖြတ်ပေးထားပြီး ဖြစ်သည်"

ဟု ရှင်းပြထားသည်ကို တွေ့ရသည်။

'ဝေါဟာရဝိပ္ပလ္လာလက္ခဏာဒီပကကျမ်းတွင် 'တပည့်' နှင့် 'တပြည့်' ကွာခြားပုံကို "လှေကို မတိမ်းမစောင်း၊ အသွားအလှာကောင်းအောင် ပဲ့ကပြင်၍ ပဲ့ရသကဲ့သို့ မကောင်းကောင်းကြောင်း ပဲ့ပြင်သွန်သင်အပ်သူဖြစ်၍ တပည့်ခေါ်လိုရင်း အဲကို အယ်ပြု၊ ယကိုညပြု၍ 'တပည့်' ဟု ခေါ်သောကြောင့် 'ပြည့်' ဖတ်သော်လည်း ရစ်၍မရကြောင်း" ရှင်းပြထားသည်ကို တွေ့ရမည်။

'နာရဒပျို့' တွင်လည်း 'ဉာဏအပြည့်၊ တပည့်အပေါင်း အို… သားကောင်းတို့…' ဟု ဖွဲ့နွဲ့ရေးသားထားသည်ကို လေ့လာဖတ်ရှုရပါမည်။ 'မြန်မာအဘိဓာန် အကျဉ်းချုပ်' တွင်လည်း 'တပည့်ဝတ်ငါးပါး' ကို ဖော်ပြထားပေးသည်။ တပည့်ဝတ်ဟူသည် ဆရာတို့အပေါ် တပည့်တို့က လိုက်နာကျင့်ဆောင်ရမည့် ဝတ္တရားဖြစ်ပေ၏။ တပည့်ဝတ်ငါးပါးမှာ–

(၁) ဆရာလာသည်ကို မြင်လျှင် နေရာမှထ၍ ခရီးဦးကြိုဆိုခြင်း



(၂) ဆရာကို ခစားဆည်းကပ်ခြင်း

(၃) ဆရာ့စကားကို နာယူခြင်း

(၄) ရိုသေစွာ လုပ်ကျွေးခြင်းနှင့်

(၅) အတတ်ပညာကို ရိုသေစွာ လေ့ကျင့်သင်ကြားခြင်းတို့ ဖြစ်ကြပါသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

# တောင်ငူကို ဘယ်မင်းတွေ စိုးစံခဲ့သလဲ

တောင်ငူကို သဝန်ညီနောင်တို့က သက္ကရာဇ် ၆၄၁ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ တနင်္လာနေ့တွင် စတင်တည်ထောင်ခဲ့သည်။ ထိုတောင်ငူကို စိုးစံအုပ်ချုပ်ခဲ့သော မင်းဆက်ပေါင်းမှာ (၃၆) ဆက်ရှိ၏။ ၎င်းတို့မှာ–

၁။ သဝန်ကြီးမင်း (သက္ကရာဇ် ၆၄၁ မှ ၆၇၉)
၂။ သဝန်ငယ် (သက္ကရာဇ် ၆၇၉ မှ ၆၈၆)
၃။ စောနစ် (သက္ကရာဇ် ၆၈၆ မှ ၆၈၇)
၄။ ကရင်ဘ (သက္ကရာဇ် ၆၈၇ မှ ၇၀၄)
၅။ လက်ယာစကြာ (သက္ကရာဇ် ၇၀၄ မှ ၇၀၆)
၆။ ထောက်လှေကား (သက္ကရာဇ် ၇၀၆ မှ ၇၀၈)
၇။ သိင်္ဂပါမင်း (သက္ကရာဇ် ၇၀၈ မှ ၇၂၀)
၈။ တောင်ငူပျံ့ချီကြီး (သက္ကရာဇ် ၇၂၉ မှ ၇၃၇)
၉။ မြို့စောင့်တလိုင်းပစ်နန် (သက္ကရာဇ် ၇၃၇ မှ ခုနှစ်လသာ စိုးစံ)



၁၀။ တောင်ငူပျံ့ချီငယ် (သက္ကရာဇ် ၇၃၇ မှ ၇၄၁)
၁၁။ စုက္ကတေး (သက္ကရာဇ် ၇၄၁ မှ ၇၄၅)
၁၂။ မင်းဖောင်းကား (သက္ကရာဇ် ၇၄၅ မှ ၇၅၉)
၁၃။ မင်းစောဦး (သက္ကရာဇ် ၇၅၉ မှ ၇၆၁)
၁၄။ မင်းနေမိ (သက္ကရာဇ် ၇၆၁ မှ ၇၇၀)
(တောင်ငူတွင် မင်း တစ်နှစ်လပ်၏)
၁၅။ မင်းလက်ယာ (သက္ကရာဇ် ၇၇၁ မှ ၇၇၃)
၁၆။ စတုသင်္ခယာကြီး (သက္ကရာဇ် ၇၇၃ မှ ၇၇၇)
၁၇။ သင်္ခယာငယ် (သက္ကရာဇ် ၇၇၇ မှ ၇၈၀)
(ရှမ်းတို့ဖျက်၍ တောင်ငူမင်းတစ်နှစ်လပ်၏)
၁၈။ ပန်းတောင်းမင်း (သက္ကရာဇ် ၇၈၁ မှ ၇၈၃)
၁၉။ စောလူးသင်္ခယာ (သက္ကရာဇ် ၇၈၃ မှ ၇၉၇)
၂၀။ ဥဇနာ (ဥဇ္ဇနာ) (သက္ကရာဇ် ၇၉၇ မှ ၇၉၈)
၂၁။ ဒုတိယ မင်းစောဦး (သက္ကရာဇ် ၇၉၈ မှ ၈၀၄)
၂၂။ မင်းတရဖျား (သက္ကရာဇ် ၈၀၄ မှ ၈၀၇)
၂၃။ မင်းခေါင်ငယ် (သက္ကရာဇ် ၈၀၇ မှ ၈၁၃)
၂၄။ မင်းငယ်ကျော်ထင် (သက္ကရာဇ် ၈၁၃ မှ ၈၂၁)
၂၅။ မင်းကြီးဓေယျသူ (သက္ကရာဇ် ၈၂၁ မှ ၈၂၈)
၂၆။ လက်ယာဓလေသကြိန် (သက္ကရာဇ် ၈၂၈ မှ ၈၃၂)
၂၇။ စည်သူကျော်ထင် (သက္ကရာဇ် ၈၃၂ မှ ၈၄၃)
၂၈။ မင်းကြီးစည်သူ (သက္ကရာဇ် ၈၄၃ မှ ၈၄၇)
၂၉။ မင်းကြီးညို (သက္ကရာဇ် ၈၄၇ မှ ၈၅၅)

www.burmeseclassic.com

www.burmeseclassic.com



၃၀။ တပင်ရွှေထီး (သက္ကရာဇ် ၈၉၂ မှ ၉၀၂)
၃၁။ မင်းရဲသခ်သူ (သက္ကရာဇ် ၉၀၂ မှ ၉၁၀)
၃၂။ မင်းခေါင် (သက္ကရာဇ် ၉၁၀ မှ ၉၁၂)
၃၃။ ဘုရင့်နောင် (သက္ကရာဇ် ၉၁၂ မှ ၉၁၄)
(တောင်ငူမှ ဟံသာဝတီသို့ ပြောင်းရွှေ့စိုးစံသည်)
၃၄။ မင်းခေါင် (သက္ကရာဇ် ၉၁၄ မှ ၉၄၆)
၃၅။ မင်းရဲသီဟသူ (သက္ကရာဇ် ၉၄၆ မှ ၉၇၁)
၃၆။ နတ်သျှင်နောင် (သက္ကရာဇ် ၉၇၁ မှ ၉၇၄)

တောင်ငူကို သက္ကရာဇ် ၉၇၄ ခုနှစ်၊ ဝါခေါင်လတွင် သန်လျင်စား ဇေင်ကာ လာရောက်တိုက်ခိုက်သိမ်းယူကာ မြို့ကို မီးတိုက်ဖျက်ဆီးပြီး နတ်ရှင်နောင်အား သန်လျင်သို့ ခေါ်ဆောင်သွားသဖြင့် တောင်ငူပျက်ခဲ့ရ၏။

□

## နယ်ချဲ့အင်္ဂလိပ်လက်အောက်မှာ အပြင်းအထန် ပုန်ကန်ခဲ့ကြတဲ့ ခေါင်းဆောင်တွေဆိုတာ ဘယ်သူတွေတဲ့လဲ

ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနှင့် နေထိုင်ခဲ့ကြသော မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ဤတွင် နယ်ချဲ့အင်္ဂလိပ်လက်အောက်၌ ကျွန်သပေါက် မဖြစ်လိုသော ဗမာ့တော်လှန်ရေးခေါင်းဆောင်များသည် ၁၈၈၆ ခုနှစ်မှ ၁၈၉၁ ခုနှစ်အထိ အပြင်းအထန် တော်လှန်ပုန်ကန်ခဲ့ကြ၏။ အချို့ဒေသ၌ ၁၈၉၆ ခုနှစ်ထိ ၁၀ နှစ်မျှ ပုန်ကန်ခဲ့ကြ၏။ ထိုကဲ့သို့ ဇွဲသတ္တိသန်သန်ဖြင့် ပုန်ကန်တော်လှန်ခဲ့ကြသော ခေါင်းဆောင်များမှာ–

၁။ သရက်ခရိုင် မင်းတဲ့နယ်မှ ဗိုလ်ဆွဲ
၂။ သရက်ခရိုင် မင်းလှနယ်မှ ဗိုလ်ကျား
၃။ မကွေးခရိုင် နတ်မောက်မြို့နယ်မှ ဗိုလ်ဝင်းရောင်

www.burmeseclassic.com

www.burmeseclassic.com



၄။ မင်းဘူးခရိုင် ပြည်လုံးကျော်ရွာမှ ဗိုလ်ဥတ္တမ
၅။ မင်းဘူးခရိုင် စကုမြို့နယ်မှ ဗိုလ်ရာတော်ကြီး
၆။ ကျောက်ဆည်ခရိုင် ကျောစည်ရွာမှ ဗိုလ်သာကျန်၊ ဗိုလ်ကျော်ဇော
၇။ မြင်းခြံခရိုင် ပုဂံနယ်မှ ဗိုလ်ချို
၈။ မြင်းခြံခရိုင် ပုပ္ပားနယ်မှ ဗိုလ်နက်ကျော်
၉။ ရွှေဘိုနယ်မှ ထိပ်တင်မှတ်
၁၀။ ဒီးပင်ကြီးမှ မြင်းစိုင်းမင်းသား
၁၁။ ဝန်းသိုနယ်မှ ဝန်းသိုစော်ဘွားဦးအောင်မြတ်
၁၂။ ကျွန်းခင်းကြီးမှ ဗိုလ်လှကျော်
၁၃။ ဝဲလောင်နယ်မှ မြင်းခေါင်းကြီးဗိုလ်ရာညွှန့်
၁၄။ ငါးသိုင်းချောင်းနယ်မှ ဗျိုင်းဗိုလ်၊ ကျားဗိုလ်၊ ရွှေလှန်ဗိုလ်
၁၅။ သံတွဲ သိမ်ကုန်းဘုန်းကြီး
၁၆။ မာရ်အောင်ဗိုလ်သိန်း
၁၇။ ရမ်းဗြဲဗိုလ်ကျန်
၁၈။ ရွှေကျင်နယ်၊ ရှမ်းအမျိုးသားများနှင့် မရမ်းချောင်းဘုန်းကြီး
၁၉။ မန္တလေးခရိုင် မြင်းကွန်းမင်းသား၏ ကိုယ်စားအမည်ခံ ဗိုလ် ၃ ဦး
၂၀။ ရွှေဘို၊ ရေဦးနယ်မှ ဗိုလ်လှော်၊ ဗိုလ်ရိုင်
၂၁။ ရှမ်းပြည်နယ်၊ မိုးမိတ်မှ ရှမ်းအမျိုးသား ဗိုလ်ကံလှိုင်
၂၂။ စစ်တောင်းမြစ်ဝှမ်းမှ ဗုဒ္ဓရာဇာ၊ ဗိုလ်မှုံ၊ ဗိုလ်ကြီးဗိုလ်လတ်
၂၃။ ယောနယ်မှ ရွှေချိုးဖြူမင်းသား



၂၄။ စစ်ကိုင်းမှ ဗိုလ်လှဦး
၂၅။ အင်းဝမှ ဗိုလ်တုတ်နှင့် ဗိုလ်ရွှေရန်
၂၆။ မကွေးမှ ရွှေကျိုးညိုမင်းသား
၂၇။ မိုးကောင်းမှ မြို့ဝန်ဦးဘိုးဇော
၂၈။ ကချင်အမျိုးသားခေါင်းဆောင် ဗိုလ်ရန်နိုင်
၂၉။ ရေဦးမှ ရန်ကြီးအောင်နှင့် ဗိုလ်အဂ္ဂ

စသည်တို့ ဖြစ်ကြသည်။ မြန်မာပြည်လုံး အနယ်နယ် အရပ်ရပ်မှ နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်ခဲ့သော တော်လှန်ရေး ခေါင်းဆောင်ပေါင်း တစ်ရာ့ခြောက်ဆယ်ကျော်မျှ ရှိကြောင်း လေ့လာသိရှိရပေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# နယ်လှည့်ဓမ္မကထိကတွေရဲ့ ဂုဏ်အင်္ဂါအရည်အချင်းဆိုတာ ဘာတွေတဲ့လဲ

နယ်လှည့်ဓမ္မကထိက ပုဂ္ဂိုလ်ဆိုရာ၌ ရဟန်း၊ သီလရှင်၊ လူတို့ပါဝင်ပေသည်။ အဆိုပါ နယ်လှည့်ဓမ္မကထိက ပုဂ္ဂိုလ်များအနေဖြင့် အောက်ဖော်ပြပါ ဂုဏ်အင်္ဂါအရည်အချင်းတို့ ရှိရမည် ဖြစ်ကြောင်း နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့က (၂၃.၂.၂၀၁၂) နေ့စွဲဖြင့် အောက်ပါအတိုင်း ထုတ်ပြန်ခဲ့ပါ၏။

နယ်လှည့်ဓမ္မကထိက ပုဂ္ဂိုလ် (ရဟန်း၊ သီလရှင်၊ လူ) သည်

၁။ ဒါနသီလကြောင့် နတ်ပြည်၌ စည်းစိမ်ခံစားရပုံ၊ ကာမဂုဏ်တို့၏ အပြစ်၊ ကာမဂုဏ်မှ ထွက်မြောက်လိုမှုဟု ဆိုအပ်သော တစ်ဆင့်ထက်တစ်ဆင့်မြင့်သော၊ အစဉ်အတိုင်းသော (အနုပုဗ္ဗိကထာ) အစဉ်အတိုင်းဖြစ်သော တရားစကားကို ဟောကြားခြင်း



၂။ အကျိုးအကြောင်း ဆက်စပ်ပြသော (ပရိယာယဒဿာဝီ) တရားစကားကို ဟောကြားခြင်း

၃။ သံသရာဆင်းရဲဒုက္ခကို ခံစားနေရသော တရားနာပရိသတ်အား သနားခြင်းကြောင့် တရားဟောကြားခြင်း

၄။ ငွေကြေးလှူဖွယ် ဝတ္ထုပစ္စည်း (အာမိသ) ကို မငဲ့ကွက်သော စိတ်ဖြင့် တရားဟောခြင်း

၅။ မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ မထိပါး မပုတ်ခတ်မူ၍ တရားဟောကြားခြင်း

၆။ သင်္ဂါယနာခြောက်တန်တင် ထေရဝါဒ ပိဋကတ်တော်လာ တရားတော်များကိုသာ ဟောကြားခြင်း

၇။ ထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစသည်တို့နှင့် စပ်လျဉ်းသည့် လောကီလူမှုရေးကိစ္စများကို ထည့်သွင်းဟောကြားမှု မပြုခြင်း

၈။ အနည်းဆုံး သိက္ခာဝါ (၁၀) ဝါရှိ၍ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသည့် သီလဝန္တပုဂ္ဂိုလ်ဖြစ်ခြင်း

၉။ နယ်လှည့်ဓမ္မကထိကပုဂ္ဂိုလ်၏ ပညာအရည်အချင်းမှာ "သာသနဓဇဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ၊ သာသနတက္ကသိုလ ဓမ္မာစရိယ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနပြုတက္ကသိုလ်မှ ဘွဲ့တစ်ခုခု" ရရန်လိုအပ်ခြင်း၊ သင်္ဂါယနာ ခြောက်တန်တင်အပ်သော ထေရဝါဒ ပိဋကတ်တော်နှင့် ညီညွတ်သည့် တရားတော်များကို ဟောကြားနိုင်သော ပုဂ္ဂိုလ်ဖြစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



(ထေရဝါဒ ပိဋကတ်တော်နှင့် မညီညွတ်သော အချက်များကို ဟောကြားပါက ဟောကြားသူ၏ တာဝန်သာ ဖြစ်သည်။)

ဤသို့သတ်မှတ်ရခြင်းမှာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ဆက်စပ်ကြည့်ရှုနိုင်မှသာလျှင် သင်္ဂါယနာခြောက်တန်တင် ပိဋကတ်တော်နှင့် လျော်ညီစွာ တရားဟောနိုင်မည်ဖြစ်၍ အရည်အချင်းကို (ဓမ္မာစရိယ) တန်းအောင် ဖြစ်သင့်သည်ဟု ထည့်သွင်းဖော်ပြရခြင်းဖြစ်ကြောင်း ထိုကဲ့သို့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို မကြည့်ရှုနိုင်သူများမှာမူ ထေရဝါဒ ပိဋကတ်တော်နှင့် မညီညွတ်၊ ဆန့်ကျင်သည့် အချက်များကို ဟောကြားမိပါက တရားနာပရိသတ်များ အမြင်မှား၊ အယူမှား ဖြစ်သွားနိုင်သောကြောင့် ပရိယတ္တိစာပေ မကျွမ်းကျင်သူများကို တရားဟောခွင့် တားမြစ်ပိတ်ပင်ရခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

□

## နိုင်ငံရေးသမားတွေအပေါ်
## ဆရာကြီးရွှေဥဒေါင်း ဘယ်လိုမြင်ခဲ့သလဲ

ဆရာကြီးရွှေဥဒေါင်း ကြီးပြင်းလှုပ်ရှားခဲ့ရာကာလသည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် လှုပ်ရှားနေသော အခါသမယ ဖြစ်ပေလိမ့်မည်။ မြန်မာ့ငြိမ်းချမ်းရေးဖခင်ကြီးဖြစ်သော ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် လက်ပွန်းတတီး ထိစပ်ခဲ့၍လည်း နိုင်ငံရေးသမားဆိုသူများကို တွေ့မြင်ဆက်ဆံဖူးခဲ့ပေလိမ့်မည်။ ဤခွ နိုင်ငံရေးသမားများအပေါ် ရှုမြင်ခံစားရပုံများကို အောက်ပါအတိုင်း ရေးသားခဲ့ပေသည်။

... ကျွန်ုပ်သည် နိုင်ငံရေးသမားဆိုသူများနှင့် ပတ်သက်၍ တစ်သက်လုံး အကောင်းမထင်ခဲ့သူတစ်ယောက် ဖြစ်သော်လည်း နိုင်ငံရေးသမားဟူသည်မှာ တိုင်းပြည်တွင် မရှိလျှင် မဖြစ်သည့် အယုတ်တရား (Necessary Evil) မျိုးဟူ၍ နားလည်မိသည်။ အလွန်ညံ့ဖျင်းသော လူများ၏ ခေတ်၌ ရှင်ဘုရင်များ လိုအပ်သည့်နည်းတူ အလွန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးသေးသော ဤခေတ်မျိုး၌ နိုင်ငံရေးသမားများ ရှိကြဦးမည်သာ ဖြစ်သည်။

ရှင်ဘုရင်ခေတ်များ၌ မင်းမျိုးမင်းနွယ်နှင့် မင်းသား (အင်္ဂလန်ပြည်၌ မင်းသမီးသည်သာလျှင် တိုင်းပြည်၌ အထွတ်အထိပ်သို့ ရောက်နိုင်သည်ဖြစ်ရာ သမ္မတခေတ်သို့ ရောက်လာသောအခါတွင် မည်သူမဆို အထွတ်အထိပ်သို့ ရောက်နိုင်သည်ဆိုသော နိုင်ငံရေးသမားများ ပေါ်ပေါက်လာကြ၏။ ကြွယ်ဝသော သူဌေးမျိုး၊ သူကြွယ်မျိုးများသည် စီးပွားရေးသမားများအဖြစ်နှင့် ဘည်နေကြ၍ လူလတ်တန်းစား (ပညာတတ်ဆိုသူ) များသည် နိုင်ငံရေးသမားများအဖြစ်နှင့် အထွတ်အထိပ်သို့ ရောက်နိုင်ခွင့် ရှိလာကြသည်။

နိုင်ငံရေးသမားများသည် မိမိတို့၏တိုင်းပြည်ကို ကြီးပွားအောင် လုပ်နိုင်ခွင့်ရှိသူများ ဖြစ်ပေသောကြောင့် ၎င်းတို့၏လုပ်ငန်းသည် 'မှု' အားဖြင့် မဆိုးရုံတွင်သာမက မွန်မြတ်သည်ဟုပင် ဆိုနိုင်ပေသည်။ သို့ရာတွင် လူပေါ်လူဇော်လုပ်နည်းဖြင့် တိုင်းပြည်၏အထွတ်အထိပ်သို့ ရောက်ကြသူများ ဖြစ်သည်တစ်ကြောင်း၊ လောဘ၊ ဒေါသအရာတွင် အခြားလူများထက် ကဲလျှင်ကဲမည်၊ လျော့ပါးသူများ မဟုတ်ကြသည်တစ်ကြောင်းကြောင့် တိုင်းပြည်အကျိုးဖြစ်စေ၊ ကမ္ဘာကြီးအတွက် ဖြစ်စေ... ကောင်းကျိုးထက် ဆိုးကျိုးဘက်က အလေးချိန်သာစေသော လူများသည်



တိုင်းပြည်အကျိုးကို သည်ပိုးရန်အတွက်ဆို၍ ပေါ်ပေါက်လာကြသော်လည်း အာဏာလက်ကိုင်ရ၍ အစိုးရလာသော တစ်နေ့တွင် မိမိတို့အုပ်ချုပ်မှုသာလျှင် တိုင်းပြည်ကောင်းစားနိုင်မည်ဟု အဟုတ်တကယ် အထင်ရောက်သည်ဖြစ်စေ၊ လူထုအား လှည့်စားတင်ပြသည်ဖြစ်စေ ပြုလုပ်ကြပြီးလျှင် အခြားလူများ ရာထူးရကြမည့်အရေးကို မတရားသော နည်းလမ်းမျိုးဖြင့် ကာကွယ်တတ်ကြလေသည်။

၎င်းတို့ ပြောလေ့ရှိသည်ကား "ဟို လူစုတက်လာလျှင် တိုင်းပြည်ကြီး သောက်ကျိုးနည်းကုန်လိမ့်မယ်၊ ချောက်ထဲကျသွားလိမ့်မယ်၊ ငွေကုန်တာ မနေမျောကြနဲ့၊ အခွန်ထမ်းရတဲ့အတွက် ဝန်မလေးကြနဲ့၊ လူတွေ သေတာ မစိုးရိမ်ကြနဲ့၊ ဟိုလူတွေမျိုးပြုတ်မှ ပြည်သူတွေ ကောင်းစားမယ်" စသည်များဖြင့် ပြောလေ့ရှိသည်။ ဤနည်းဖြင့် ပြည်သူလူထုကို ဒုက္ခပေးသော နိုင်ငံရေးသမားတစ်ရာအနက်၊ မိမိတို့ ရာထူး လက်မလွှတ်ချင်သေးသော အကြောင်းကြောင့် ပြောသူများသည် ရာခိုင်နှုန်း (၉၉) ရှိ၍ အဟုတ်တကယ် ယုံကြည်မှုနှင့် ပြောဆိုသော နိုင်ငံရေးသမားသည် (၁) ရာခိုင်နှုန်းမျှပင် ရှိကောင်းမှ ရှိပေလိမ့်မည်။ (ဤစကားမှာ ကမ္ဘာ့နိုင်ငံရေးသမား အားလုံးအတွက် ဆိုလိုခြင်းဖြစ်သည်)

စင်စစ် ဆရာကြီးရွှေဥဒေါင်း၏အမြင်သည် အာဏာကို လက်ကိုင်တုတ်လုပ်၍ ကိုယ်ကျိုးစီးပွားရှာကြသော နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



သမားများကို ကြည့်ကာ ကောက်ချက်ဆွဲလိုက်ခြင်းဟု ဆိုရပေလိမ့်မည်။ ကိုယ်ကျိုးစွန့်ပြီး တိုင်းပြည်အတွက် အမှန်တကယ်လုပ်နေသော နိုင်ငံရေးသမားများအပေါ်၌မူ ဆရာကြီး၏အမြင်သည် မိုလ်ချုပ်အောင်ဆန်းကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။ ဆရာကြီးအနေနှင့် သူတွေ့မြင်နေရသည့် လေ့လာထားခဲ့သည့် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံရေးသမားများ မြန်မာ့နိုင်ငံရေးသမားများကို စိတ်ပျက်လက်ပျက်ရှိလှသဖြင့် အဆိုပါကောက်ချက်ကို ဆွဲလိုက်သည်ဟု ယူဆရပါကြောင်း။

□

## နိုင်ငံရေးအမှုနဲ့ ပထမဆုံးထောင်ဒဏ် ဖြစ်ပေးခံရတဲ့ ကိုယ်တော်ကြီးဆိုတာ ဘယ်သူလဲ

နိုင်ငံရေးအမှုဖြင့် ပထမဆုံးထောင်ဒဏ်အပြစ်ပေးခံရသော ကိုယ်တော်ကြီးမှာ အရှင်ဦးဥတ္တမ ကိုယ်တော်ကြီး ဖြစ်ပါသည်။

ဆရာတော်အရှင်ဦးဥတ္တမသည် မိမိတိုင်းပြည်အကျိုးကို ဆောင်ရွက်နေသော ပုဂ္ဂိုလ်ဖြစ်၏။ ဆရာတော်ဦးဥတ္တမသည် မြန်မာပြည်သူပြည်သားတို့ နိုင်ငံရေး မျက်စိပွင့်လင်းစေရန်အတွက် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကြွမြန်း၍ နိုင်ငံရေးတရားတို့ကို ဟောပြောခဲ့၏။ တရားဟောပြောရာတွင်လည်း နားရှင်းအောင် ဟောလေ့ရှိ၏။ တရားနာသူများ မပျင်းမရိစေရန် ရယ်ရွှင်ဖွယ်ရာ ပုံပြင်ကလေးများ ကြားညှပ်ဟောပြောခြင်းကြောင့် အလွန်ရယ်ရ၏။ မှန်သောအချက်တို့ကို မထောက်မညှာဟောသဖြင့်လည်း မှန်ပါပေသည်ဟု တရားနာသူတိုင်း ဝန်ခံရ၏။ ထို့ကြောင့် တရားနာသူတိုင်း ဝန်ခံရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တရားနာသူများ တဖ်စတစ်စ များပြားလာ၏။ သူရိယသတင်းစာကလည်း ဦးဥတ္တမ၏ ဟောပြောချက်များကို ဖော်ပြပြီးလျှင် အထူးချီးကျူးရေးသားသဖြင့် တစ်နိုင်ငံလုံးတွင် နာမည်ကျော်ကြားလာ၏။ နိုင်ငံရေးတရားနာ၍ အစိုးရက မဖမ်းဟု စိတ်ချရသောကြောင့် ခရိုင်မြို့နယ်များမှ ဦးဥတ္တမ၏ နိုင်ငံရေးကို နာယူရန် ဦးဥတ္တမကို ပင့်ကြ၏။ ထို့ကြောင့် ခရိုင်၊ မြို့နယ် စသည်များတွင် မပြတ်လှည့်လည်ကြွတော်မူကာ ဟောပြောသဖြင့် မြန်မာပြည်တစ်ပြည်လုံး စတင်နိုးကြားထကြွစပြုလာကြပြီဟု ဆိုရပေမည်။

ဦးဥတ္တမသည် မြို့ရွာနယ်ပယ်များတွင် တရားဟောသောအခါ သံဃာတော်များကိုလည်း ယခုအချိန်၌ ပိဋကတ်စာပေများကို ဗီရိုတွင် ခေတ္တခဏ အသာထားခဲ့ပြီးလျှင် လူဒါယကာများ၏ ကြီးပွားတိုးတက်ရေးကို ဟောပြောဆောင်ရွက်သင့်ကြောင်းကိုလည်း ထည့်သွင်းဟောကြား၏။

ဦးဥတ္တမသည် ၁၉၂၁ ခုနှစ်တွင် ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ် ဆူးကလပ်ကျေးရွာတွင် အစိုးရအား အကြည်ညိုပျက်အောင် တရားဟောသည်ဟု ရာဇသတ် ဥပဒေပုဒ်မ ၁၂၄ (က) အရ၊ ကျောင်းကုန်းမြို့တွင် ဖမ်း၍ မအူပင်မြို့၊ အရေးပိုင်ရုံးတွင် ရုံးတင်စစ်ဆေး၏။ ဦးဥတ္တမ၏ဘက်မှ ဝတ်လုံဦးပု၊ ဝတ်လုံဦးမောင်ကြီး၊ ဝတ်လုံဦးစိန်လှအောင်၊ ဝတ်လုံဦးဘစီ၊ ဝတ်လုံဦးကျော်ဦးတို့က လိုက်ပါဆောင်ရွက်၏။

အမှုစစ်ဆေးရာတွင် ရန်ကုန်စသော မြို့များမှ အသင်းခေါင်းဆောင်များသည် သွားရောက်နားထောင် အားပေးကြ၏။



ဦးဥတ္တမသည် အစိုးရကို အကြည်ညိုပျက်အောင် ဟောပြောခြင်းမှာ ပြစ်မှုထင်ရှားသည်ဆို၍ မအူပင် အရေးပိုင်ရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် အပြစ်ပေး၏။ နှစ်နှစ်ကြာသောအခါ အကျင့်စာရိတ္တကောင်းသည်ဟု ထောင်မှ လွှတ်လိုက်၏။

ဦးဥတ္တမအား ထောင်ချလိုက်ခြင်းအတွက် ရဟန်းတော်၊ သံဃာတော်များသည် မခံမရပ်နိုင်ဖြစ်ကြ၍ သံဃာသာမဂ္ဂီအဖွဲ့များကို တိုးတက်ဖွဲ့စည်းကြပြီးလျှင် တရားဟောကြ၏။ ထို့ကြောင့် တစ်နိုင်ငံလုံးတွင်လည်း ဤ ၁၉၂၀-၂၁ ခုနှစ်တွင် အထူးနိုးကြား၍ အသင်းများ အတိုးပွားဆုံးအချိန် ဖြစ်ပေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်ရဲ့ အမြင့်ဆုံးဘွဲ့ ဖြစ်တဲ့ အောင်ဆန်းတံခွန်ဘွဲ့ကို ကွယ်လွန်ပြီးမှ ချီးမြှင့်ခြင်းခံရတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ

နိုင်ငံတော်၏အမြင့်ဆုံးဘွဲ့တစ်ခုဖြစ်သော 'အောင်ဆန်းတံခွန်' ဘွဲ့ကို ကွယ်လွန်ပြီးမှ ချီးမြှင့်ခြင်းခံရသော ပုဂ္ဂိုလ်မှာ မြန်မာတို့က ဗိုလ်မိုးကြိုးဟု ခေါ်ကြသိကြသော ဗိုလ်မှူးကြီး စူဇူကီးကေအိဂျိ (Suzuki Keiji) ဖြစ်သည်။

သူသည် ဂျပန်စစ်ဦးစီးဌာနချုပ်မှ အရှေ့တောင်အာရှ အခြေအနေများကို လေ့လာရန် တာဝန်ပေးခံရသူဖြစ်သည်။ ထိုသို့ တာဝန်ပေးချက်အရ ဂျပန်–မြန်မာအသင်း၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ယောမိအုရီ သတင်းစာတိုက်၏ သတင်းထောက်အဖြစ်လည်းကောင်း မြန်မာပြည်တွင်းသို့ ဝင်ရောက်ခဲ့ပြီး တရုတ်–မြန်မာလမ်းမကြီးသတင်းအပါအဝင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စုံစမ်းထောက်လှမ်းခဲ့သည်။ ထို့နောက် ဂျပန်



ကို လိုလားသော ဒေါက်တာသိမ်းမောင်နှင့် လည်းကောင်း၊ သခင်ကိုယ်တော်မှိုင်းနှင့် သခင်မြတို့အုပ်စုမှ သခင်လူငယ်များနှင့် လည်းကောင်း အဆက်အသွယ်ရသည်။ မြန်မာ့လွတ်လပ်ရေးအတွက် လိုအပ်သော စစ်လက်နက်ပစ္စည်းအကူအညီနှင့် စစ်ပညာသင်ကြားပေးမည်ဟု စူဇူကီးက ကတိပေးသည်။

ထိုအခြေအနေမှာပင် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ကလည်း နိုင်ငံခြားအကူအညီရှာရန် တရုတ်နိုင်ငံသို့ ထွက်ခဲ့ကြသည်။ သခင်အောင်ဆန်းတို့ အမွိုင်တွင် သောင်တင်နေသည့် သတင်းကို ဒေါက်တာသိမ်းမောင်က စူဇူကီးထံ ပို့ပေးရာမှ သခင်အောင်ဆန်းနှင့် စူဇူကီးတို့ ဆက်သွယ်မိကြသည်။ အဖွဲ့၏ အကြီးအကဲမှာလည်း စူဇူကီးပင် ဖြစ်သည်။ စူဇူကီးသည် မြန်မာပြည်အကြောင်း လေ့လာထားသူဖြစ်၍ မီနာမီအဖွဲ့၏ အကြီးအကဲရာထူးပေးခံရခြင်း ဖြစ်သည်။

စူဇူကီးနှင့် အမွိုင်ရောက် သခင်အောင်ဆန်းကို ဆက်သွယ်မိရာမှ ရဲဘော်သုံးကျိပ်တို့ ဂျပန်တွင် စစ်ပညာသင်ကြားရေးနှင့် ဘီအိုင်အေ ဖွဲ့စည်းသည့် လုပ်ငန်းများ အကောင်အထည်ပေါ်လာရသည်။ စူဇူကီးကို ဗိုလ်မိုးကြိုးဟု အမည်ပေးသည်မှာလည်း ရဲဘော်သုံးကျိပ်တို့က ဘီအိုင်အေဖွဲ့စဉ်က ပေးသည့်အမည် ဖြစ်သည်။ 'ထီးရိုးကို မိုးကြိုးပစ်မည်' ဆိုသည့် တဘောင်အရ ပေးသည်ဟု ဆိုကြသည်။ ထီးရိုးဆိုသည်မှာ နယ်ချဲ့အင်္ဂလိပ်ကို ဆိုလိုသည်။

ရဲဘော်သုံးကျိပ်တို့ဂျပန်တွင် စစ်ပညာသင်ယူရေးလုပ်ငန်းနှင့် ဘီအိုင်အေတည်ထောင်ရာတွင် ဦးဆောင်ပါဝင်ခဲ့သည့် ဗိုလ်မိုးကြိုး

www.burmeseclassic.com

www.burmeseclassic.com



၏ ကျေးဇူးကို အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတော်အစိုးရက ဗိုလ်မိုးကြိုးအား နိုင်ငံတော်၏ အမြင့်ဆုံးဘွဲ့ဖြစ်သည့် 'အောင်ဆန်းတံခွန်ဘွဲ့' ချီးမြှင့်ခဲ့သည်။ သို့သော် ထိုထိုဘွဲ့ပေးသည့်အချိန်တွင် ဗိုလ်မိုးကြိုးမှာ ကွယ်လွန်သွားပြီဖြစ်သည်။ ထို့ကြောင့် ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပသော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားသို့ ဗိုလ်မိုးကြိုးကိုယ်စား သူ့ဇနီး မစ္စစ်မိဆိုင်ယို ရှုရှုကီးက 'အောင်ဆန်းတံခွန်ဘွဲ့' ကို လက်ခံရယူခဲ့သည်။

❐

## နိုင်ငံရပ်ခြားဘုရင်များထံမှ ဆုတံဆိပ်အများဆုံး ရရှိခဲ့တဲ့ ရှေးမြန်မာမင်းမှုထမ်းတစ်ဦးဆိုတာ ဘယ်သူလဲ

နိုင်ငံရပ်ခြားဘုရင်များထံမှ ဆုတံဆိပ်အများဆုံး ရရှိခဲ့သည့် ရှေးမြန်မာမင်းမှုထမ်းတစ်ဦး ရှိခဲ့၏။ ထိုသူကား မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် 'ကဝိလက္ခဏာဒီပနီ' ကျမ်းကို ပြုစုခဲ့သော မြောင်လှမြို့စား နိုင်ငံခြားဝန်ထောက်မင်းကြီး မဟာမင်းလှဇေယျသူဟု ထင်ရှားခဲ့သော 'ဦးခြိမ့်' ပင် ဖြစ်၏။

ဦးခြိမ့်သည် ဘဂျရှင်မင်းတုန်းမင်းတရားကြီး အိမ်ရှေ့စံဘဝမှစ၍ အထွတ်အထိပ်သို့ ရောက်သည့်တိုင်အောင် အမှုတော်ကို ထမ်းရွက်ခဲ့သည့်အပြင် မာရ်အောင်ရတနာစေတီပေါ်ဒါယကာ သီပေါမင်းတရားကြီးလက်ထက်၌လည်း အမှုတော်ကို ဆက်လက်ထမ်းရွက်ရသည်။ ပထမသော် ဦးခြိမ့်သည် လက်ဖက်ရည်တော်အရာ နေမျိုးဇေယျသူဘွဲ့နှင့် သူကောင်းပြုခြင်းခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နေမျိုးမင်းလှ ဖေယျာသူဘွဲ့ကိုပင် ခံယူရ၍ အာဏာတော်စာရေးအရာနှင့် **အမှုထမ်းရွက်ရာ၌ ဗောင်းကတ္တီပါရွေသားပန်းကို ဆင်ယင်ခွင့်ရသော လွှတ်တော်စာရေးတော်ကြီး** အရာဖြင့် **ချီးမြှင့်ခြင်းခံရသည်။**

**၁၂၃၃ ခုနှစ်တွင် ကင်းဝန်မင်းကြီး အင်္ဂလန်ပြည်သို့ သံတော်ကြီးအဖြစ်** သွားရောက်ရာတွင် ဦးခြိမ့်သည် စာရေးတော်ကြီးအရာ သံငယ်အဖြစ် လိုက်ပါရသည်။ ၁၂၃၅ ခုနှစ်၌ ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသို့ သွားရောက်ပြန်ရာ စာရေးတော်ကြီး ဦးခြိမ့်သည် သံလက်အဖြစ်ဖြင့် လိုက်ပါထမ်းရွက်ရလေသည်။ အီတလီမင်း၊ ပြင်သစ်မင်းတို့က ချီးမြှင့်သော တံဆိပ်ဘယက်များကို လက်ခံရရှိလေသည်။

ပြင်သစ်နိုင်ငံမှအပြန်တွင် မင်းကြီးသီရိမဟာဖေယျာသူဘွဲ့နှင့် နိုင်ငံခြားဝန်ထောက်တော်အရာ ခန့်ထား သူကောင်းပြုခြင်းခံရ၍ မြောင်လှမြို့ကိုလည်း စားရသည်။ ထို့နောက် ၁၂၃၆ ခုနှစ်တွင် မဇ္ဈိမဒေသ ဗုဒ္ဓဂယာအရပ် ဗောဓိပင်တော်ကို အလှူတော် အတင်တော်များ လှူဒါန်းရန်ကိစ္စနှင့် အိန္ဒိယဘုရင်ခံမင်းထံ ကရင်နီ (ကယား) နယ်ပယ်တွင် ကချင်တိုက်ခိုက်မှု စကားပြောဆိုရန် ကိစ္စများကို ပြောဆိုဆောင်ရွက်ရန် နိုင်ငံခြားဝန်ထောက် မင်းကြီးမဟာမင်းလှဖေယျာသူဘွဲ့နှင့် သံတော်ကြီး အရာခန့်အပ်ခြင်း ခံရ၍ အိန္ဒိယပြည်သို့ သွားရောက်ရသည်။ ထို့နောက် အိန္ဒိယမှ ပြန်လာ၍ ၁၂၃၇ ခုနှစ်သို့ ရောက်သော် ဗောင်းကတ္တီပါနီရွေသားပန်း (၁၂) တမာရက်ထောင် (၁၂)



တို့ဖြင့် ထပ်မံချီးမြှင့်ခြင်း ခံရသည်။ ၁၂၄၀ ပြည့်နှစ်တွင် အီတလီနိုင်ငံ၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံများသို့လည်း သံတော်ကြီးအရာဖြင့် သွားရောက်ထမ်းရွက်ခဲ့သည်။ ထိုစဉ်က အီတလီနိုင်ငံများက ဒုတိယတံဆိပ်ဘယက်ကိုလည်းကောင်း၊ စပိန်မင်းက ပထမရင်သိုင်းတံဆိပ်ဘယက်ကိုလည်းကောင်း၊ ပေါ်တူဂီမင်းက ပထမရင်သိုင်းတံဆိပ်များ ချီးမြှင့်ခြင်းကို ခံရသည်။

ဦးခြိမ့်သည် မင်းမှုမင်းရေးနှင့် ကဗျာလင်္ကာ၊ နှစ်ဖက်လုံးတွင် ထူးချွန်သူ ဖြစ်၏။ စာပေကျမ်းဂန်တတ်မြောက်၍ ပြင်သစ်နိုင်ငံသို့ ရောက်စဉ်က တွေ့မြင်ခဲ့ရသည်များကို တေးထပ်များ ရရှိခဲ့သည်။ ပြင်သစ်နိုင်ငံတွင် တွေ့မြင်ရသော မီးအိမ်ပျံအကြောင်းနှင့် စပ်လျဉ်း၍–

“ဘုန်းလွှန်းခေါ် မီးအိမ်ကြီး၊ ဂစ်ဘားစီးလုပ်တယ်။
ကွင်းမြေပြန့် အလယ်တွင် တောင်းသုံးဆယ်အချင်း။
အစောက်မြင့် လေးဆယ်မှန်း၊ ကြိုးတန်တန် ဆိုင်းချက်ကရှင်း၊ ဘယောင်းဆိုးပိုးထည်၊ ချုပ်ချည်စုံမယွင်း။ မီးအိမ်ပျံအတွင်းမှာ၊ ဓာတ်ခိုးသွင်းစက်နှောင်။ တရွေ့ရွေ့သူဖောင်း၊ ထက်လမ်းကြောင်း မိုးထိလုအောင်။ ကြိမ်တောင်းကြီးဆွယ်မြောင်၊ သုံးအဆောင်စုံများနှင့် လိုက်သွားကြ ပျော်ပျော်ရွှင်ရွှင်၊ မိုးဝကောင်းကင်။ လေလိုက်သင့် ပြန်လျှင်တယ်၊ အပျံတွင် ဈာန်ငြိမ်းရှင့်လေး”

ဟူ၍ ဖြစ်၏။ ၁၂၄၂ ခုနှစ်၌ ဦးခြိမ့်သည် စိန္တကျော်သူဦးဩ ပြုစုခဲ့သော မြန်မာစာပေဂန္ထဝင်တွင် ထင်ရှားသည့် ကာလိလက္ခဏာ

www.burmeseclassic.com

www.burmeseclassic.com



သတ်ပုံကျမ်းမှ နက်နဲသိမ်မွေ့၍ အသိခက်သော အချို့အပိုဒ်များကို မင်းတုန်းမင်းတရားကြီးက မေးသောကြောင့် အထူးထူးသော ဇာတ်နိပါတ် ကျမ်းဂန်ရာဇဝင်စသော အထောက်အထားများနှင့် ညှိနှိုင်း၍ 'ကဝိလက္ခဏာဒီပနီ' ဟူသော ကျမ်းကြီးကို ကြိုးကြိုးစားစား ပြုစုခဲ့သည်။ ထိုကျမ်းသည်ကား စာပေလိုက်စားသူတို့အဖို့ လက်ကိုင်ပြုရသော ကျမ်းပင်ဖြစ်၏။

ဦးခြိမ့်သည် စာဖတ်ဝါသနာကြီးမားသူ ဖြစ်၏။ နန်းတော်သို့ အခစားဝင်ချိန်နှင့် အိပ်ချိန်တို့မှလွဲ၍ စာနှင့်မျက်စိမခွာ။ ယုတ်စွာအဆုံး ရေအိမ်တက်သည့်အခါမှာပင်လျှင် စာကို ကြည့်ရှုလျက် သွားလေ၏။ ဦးခြိမ့်သည် ခွေးရူးကိုက်ခံရပြီး ကွယ်လွန်ခဲ့ပါကြောင်း အဆိုရှိပေသည်။

□



# ပညာနဲ့ပတ်သက်လို့ ဗိုလ်ချုပ်အောင်ဆန်း ဘယ်လိုသုံးသပ်ခဲ့သလဲ

လွတ်လပ်ရေးဖခင်ကြီးလည်း ဖြစ်၊ အမျိုးသားခေါင်းဆောင်ကြီးလည်း ဖြစ်ရုံမက အာဇာနည်သူရဲကောင်းတစ်ဦးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် ပညာရေးကို အလေးထားခဲ့သူ ဖြစ်ပါသည်။ ဤ၌ ပညာနှင့်ပတ်သက်၍ သူ၏သဘောထားသုံးသပ်မှုကို အောက်ပါအတိုင်း တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



... ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာဟု မဆိုပေ။ ပညာသည် "အတိုင်းအဆ" မထင်။ အလွန်ကျယ်ပြော နက်နဲလှပေသည်။ ကမ္ဘာရှိ စာအုပ်အားလုံးပင်လျှင် ပညာအားလုံးကို လောကပြင်ကျယ်တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းထဲမှသည် မြေကြီးထဲသို့ ရောက်သည်အထိ ပညာသင်သားများဖြစ်နေကြစေသည်။

ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် သူ၏တစ်သက်ပန်တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ။ ပညာတတ်သူသည် လောကရှိ အရာရာကို အခွင့်အလမ်းအလိုက် ဆင်ခြင်သုံးသပ်နိုင်စွမ်းသော ဉာဏ်ပညာကို လည်းကောင်း မိမိဉာဏ်အမြင်အရ စိတ်နေစိတ်ထား စိတ်ဓာတ်တို့ကိုလည်းကောင်း (EMOTION OF THE EDUCATION) ပြုပြင်ပြုစု စီမံထားခဲ့သူသာလျှင် ဖြစ်သည်။ ဘဝ–အေပင် မအောင်စေကာမူ၊ အသက်အရွယ် မည်မျှပင် ကြီးရင့်စေကာမူ ပညာဆိုသော သဘာဝအဓိပ္ပာယ်ကို ကောင်းစွာ သုံးသပ်နားလည်ခြင်း မရှိခဲ့သော် တကယ်အရာ မရောက်၊ အသုံးမဝင်နိုင်ပေ။ ပညာသည် စာအုပ်ထဲ၌သာရှိသည်မဟုတ်။ စာအုပ်များတွင်ကျော်၍ မြင်စွမ်းနိုင်ခြင်းကို ဆောင်နိုင်ရပေမည်။

ပညာသည် လူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ်။ လူ၏ စိတ်နေစိတ်ထား အယူအဆများကိုလည်း



တိုးတက်စေရမည်။ လူ၏ဆန္ဒအား၊ လုပ်အားကို နူးညွတ်စေရမည်။ ရာဇဝင်သိရုံသာ မဟုတ်။ ရာဇဝင်ကို ဖန်တီးနိုင်ရမည်။ လောကဓာတ်ပညာကို သိရုံသာမဟုတ်။ လောကဓာတ်ပညာကို တိုးချဲ့စေနိုင်ရမည်။ ပထမပညာကို သိရုံသာမဟုတ်။ လောကဓာတ်ပညာကို တိုးချဲ့မစေနိုင်ရမည်။ ပထမပညာကို သိရုံမဟုတ်။ မြေသစ်၊ ရေသစ်၊ တောတောင်တို့ကို ရှာဖွေစုံစမ်းနိုင်စွမ်းစေရမည်။ လောကအကြောင်းကို နားလည်စေရုံသာ မဟုတ်။ သည့်ထက်ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။ ဤကားပညာ၏သရုပ်အကျဉ်းမျှပင်တည်း။

ပညာသည် ကာလ၊ ဒေသ၊ ပယောဂနှင့် ယှဉ်ရမည်။ လောက၌ လက်တွေ့အသုံးချရမည့်ပညာတွင် သညာလည်းပါသည်။ ဉာဏ်နှင့်လည်း ယှဉ်ရမည်။ ဉာဏ်ချည်းသာတိုးတက်၍ 'သညာ' မရှိပါမူလည်း ဤမျှပိုမိုဆန်းကြယ်အပြောကျယ်လှသော ခေတ်သစ်အကြောင်းကို နားမလည်နိုင်ပေ။ လောကဓာတ်ပညာကို မတတ်မသိဘဲ လောကဓာတ်ပညာဉာဏ်ကိုသာရလျှင် လောကဓာတ်ပညာ၏တန်ဖိုးကို တင်းပြည့်မသုံးနိုင်ပေ။ တိုင်းပြည်အခြေအနေပြဿနာ၊ ခေတ်အခြေအနေနှင့် မယှဉ်ပါမူ တိုင်းပြည်ထောင်ခြင်း၊ ခေတ်ပြင်ခြင်း မပြုနိုင်ပေ။ မွေးကတည်းကသေသည်အထိ အယူဝါဒအပြောင်းအလဲ မရှိသူသည် ပညာတတ်သည်ဟု မဆိုနိုင်ပေ။ လူတစ်ယောက်၏ သက်တမ်း

www.burmeseclassic.com

www.burmeseclassic.com



တွင် ဘဝပထမက သိမြင်လာသော စိတ်ထားဝါဒတို့သည် အမှန်ချည်းမဟုတ်။ ပြုပြင်ပြောင်းလဲရမည်သာတည်း။

… ပျော့နှံ့ခြင်းထစ်ဆိုသော အလုပ်၊ အပြော၊ အတွေး၊ တို့မှာ ပညာ၏အစိပ္ပာယ်ဆန့်ကျင်ဘက်ပေတည်း။

ဤကား ပညာနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် သုံးသပ်ခဲ့မှုများ ဖြစ်ပါကြောင်း။

□

## ပထမဆုံး မြန်မာကာလပေါ် ဝတ္ထုရေး ဆရာမဆိုတာ ဘယ်သူလဲ

မြန်မာကာလပေါ်ဝတ္ထု၏သမိုင်းကြောင်းကို လေ့လာကြည့်ရှုသောအခါ ဂျိမ်း(စ်)လှကျော်ရေးသားသည့် 'မောင်ရင်မောင်–မမယ်မ' ဝတ္ထုကို ပထမဆုံးကာလပေါ် ဝတ္ထုဟု အဆိုရှိကြ၏။ ဤသို့ ပထမဆုံး မြန်မာကာလပေါ်ဝတ္ထုရေးဆရာမကို ညွှန်းဆိုရပါမူ 'မအေးခင်' ဖြစ်ပါသည်။

အဆိုပါ မအေးခင်သည် (၁၉၀၈) ခုနှစ်၊ အသက် (၁၇) နှစ်အရွယ်၌ 'ချစ်ရိုးအမှန်' ဟူသည့် ဝတ္ထုတစ်ပုဒ်ကို ရေးခဲ့၏။ အဆိုပါဝတ္ထုကို မြောင်းမြမြို့ရှိ အသောကသီရိန်စာပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေလိုက်သည့်အခါ မြန်မာပြည်အနှံ့အပြားရှိ စာဖတ်ပရိသတ်များ သဘောကျနှစ်သက်သွားခဲ့သည်။ စင်စစ် 'ချစ်ရိုးအမှန်' ဝတ္ထုသည် စာအုပ်မဖြစ်ခင်ကတည်းကပင် စင်တင်ပြဇာတ်ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်တွင် အင်္ဂလန်ကို ပြန်မည့် မြောင်းမြအရေးပိုင် မေဂျာအော်ဗစ်စတင် ဇနီးမောင်နှံကို နှုတ်ဆက်ပွဲလုပ်သည့်အခါ… 'ချစ်ရိုးအမှန်' ကို ပြဇာတ်အဖြစ် စင်တင်ကပြခဲ့၏။ ထိုစဉ်က မအေးခင်ကိုယ်တိုင် ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာအဖြစ်လည်း တာဝန်ယူခဲ့သည်။

ချစ်ရိုးအမှန်၏ဇာတ်လမ်းမှာ ရန်ကုန်မြို့၌ရှိသော အစိုးရသိပ္ပံကျောင်းတော်ကြီး၌ ဇာတ်အိမ်တည်ထား၏။ ဇာတ်ဆောင်များမှာ ဘီအေတန်းသားများ ဖြစ်ကြပြီး ချစ်သူနှစ်ဦး မေတ္တာမျှနေသည်ကို မနာလို မရှုဆိတ်နိုင်သူတစ်ဦးက ကြားဝင်နှောင့်ယှက်သဖြင့် အနေဝေးသွားကြသည့် ဇာတ်လမ်းကလေးဖြစ်၏။ နောက်ပိုင်း ချစ်သူချင်း ပြန်လည်သင့်မြတ်သွားကြသည့်အခါ ငှက်ကလေးတစ်ကောင်က 'ချစ်ရိုးအမှန်… ချစ်ရိုးအမှန်' ဟု သုံးကြိမ်သုံးခါ မြည်တမ်းခဲ့ပုံ၊ ၁၉၀၈ ခုနှစ်၌ မြောင်းမြမြို့ရှိ အမျိုးသမီးများ သဘင်ဖွဲ့ပြီး ကပြကြပုံများနှင့် ဇာတ်ကို သိမ်းထားခဲ့သည်။ ထိုသို့ မအေးခင်၏ ချစ်ရိုးအမှန် ပြဇာတ်ထွက်ပေါ်လာပြီး နောက်တစ်နှစ်ဖြစ်သော ၁၉၀၉ ခုနှစ်၌ စာမျက်နှာ (၁၆၆) မျက်နှာဖြင့် စာအုပ်အသွင် ပေါ်ထွက်လာခဲ့သည်။

'ချစ်ရိုးအမှန်' ဝတ္ထု ထွက်ပေါ်လာပြီးနောက် ၁၉၁၇ ခုနှစ်၊ ဩဂုတ်လထုတ် JBRS စာစောင်တွင် ဒေါက်တာဘဟန်က ချီးကျူးဝေဖန်ကြိုဆိုလိုက်လေသည်။ ဝတ္ထုရေးသူ မအေးခင်



အနေဖြင့် ပထမဆုံးဝတ္ထုအဖြစ် အံ့သြဖွယ် ကောင်းလောက်အောင် ရင့်ကျက်သည့်လက်ရာဖြစ်ကြောင်း၊ မအေးခင်သည် အင်္ဂလိပ်ဝတ္ထုရေးဆရာမ ဂျိမ်း(စ်)အော်စတင်နှင့်တူကြောင်း စသဖြင့် ဒေါက်တာဘဟန်က ဆိုပါသည်။ မြန်မာစာပေပညာရှင် ဒေါက်တာလှဘေကလည်း 'မအေးခင်၏ ချစ်ရိုးအမှန် ဝတ္ထုသည်သာ နှစ်ဆယ်ရာစုခေတ်ပေါ် ပထမမြန်မာပင်ကိုယ်ရေးဝတ္ထုရှည်ဖြစ်သည်' ဟူ၍ ထောက်ခံခဲ့သည်။

ချစ်ရိုးအမှန်ဝတ္ထုကို ရေးသားခဲ့သည့် မအေးခင်ကို ၁၈၉၁ ခုနှစ်တွင် မြောင်းမြမြို့၌ စက်ရှင်မင်းကြီး ဦးဘိုးမြေ၊ ဒေါ်မြမြတို့မှ ဖွားမြင်ခဲ့သည်။ မအေးခင်ငယ်စဉ်က မြောင်းမြဆရာဦးဘိုးမြကျောင်းတွင် စာသင်ခဲ့ရသည်။ နောက် မိဘများမှာ ပြောင်းရွှေ့နေရသည့်အတွက် မြန်မာပြည်မြောက်ပိုင်းရှိ မြစ်ဆုံဒေသများ၊ ရှမ်းပြည်နယ်ရှိ ဒေသများသို့ ရောက်ရှိခဲ့ရသည်။ မအေးခင်သည် ဒေသန္တရဗဟုသုတစုံလင်သကဲ့သို့ ခေတ်အမြင်လည်း ရှိသူဖြစ်သည်။ သို့ဖြစ်၍လည်း အသက် (၁၇) နှစ်အရွယ်၌ ချစ်ရိုးအမှန်ကဲ့သို့သော ဝတ္ထုမျိုးကို ရေးနိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလထုတ် ရှုမဝမဂ္ဂဇင်း၌ ဒဂုံရွှေပြည်စိုးက မအေးခင်အကြောင်းကို ဆက်ရေးလေ၏။ အသက် (၇၉) နှစ်အရွယ်ရှိပြီ ဖြစ်သည့် ဒေါ်အေးခင်သည် ညီအငယ် အပျိုကြီးနှစ်ယောက်နှင့် မြောင်းမြမြို့၌ ကျန်းမာစွာရှိနေကြောင်း၊ မနက် ဘုရားဝတ်ပြုပြီးသည်နှင့် ခေတ်စာပေဖြစ်သည့် မဂ္ဂဇင်း၊

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာ၊ မဂ္ဂဇင်းစာပေများကို ဖတ်ရှုပြီး အချိန်ကုန်လွန်စေခဲ့သည့်အကြောင်းများကို ရေးသားထားပါသည်။ ပထမဆုံး ကာလပေါ်ဝတ္ထုရေး ဆရာမဒေါ်အေးခင်သည် အသက် (၈၄) နှစ်အရွယ်၊ ၁၉၇၅ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် ကွယ်လွန်သွားခဲ့၏။

❐

## ပထမဆုံး မြန်မာအသံထွက် ရုပ်ရှင်ဇာတ်ကားဟာ ဘာဇာတ်ကားလဲ

ပထမဆုံး မြန်မာအသံထွက် ရုပ်ရှင်ဇာတ်ကားမှာ 'ငွေပေးလို့မရ' ဖြစ်၏။ ထိုဇာတ်ကားကို ၁၉၃၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပလာဇာရုပ်ရှင် (နောင်–ရာဇ်၊ ရဲရင့်နှင့် ယခု ဆကုရ အဲဆောက်အအုံနေရာ) ၌ ပြသခဲ့သည်။

အဆိုပါဇာတ်ကားသည် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ သွားရောက်ကာ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ အိန္ဒိယသို့ သွားရောက်ရိုက်ကူးသည့် အဖွဲ့တွင် အဖွဲ့ဝင် ၂၂ ယောက်ပါဝင်၏။ မြန်မာအသံထွက် ရုပ်ရှင်ကားရိုက်ကူးရန် ပထမဆုံး ကြံစည်သူမှာ ရန်ကုန်မြို့၊ မီးရထားဌာန ကန့်ထရိုက်တာသူဌေးကြီး ဝါလီမာမက်၏သား ဘိလပ်ပြန်ခေတ်ပညာတတ် 'နဇာမီမာမက်' ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယသွား မြန်မာရုပ်ရှင်ပညာသည်များအဖွဲ့တွင် မစ္စတာနဇာမီ၏ ကိုယ်စားလှယ်ဆရာဝန် မစ္စတာဆင်း၊ ဒါရိုက်တာ ဦးတုတ်ကြီးနှင့်ဇနီး၊ စာရေးဆရာကြီး ဒဂုန်

www.burmeseclassic.com

www.burmeseclassic.com



နတ်ရှင်၊ မင်းသားအေးကိုနှင့် ခင်မောင်ညွန့်၊ မင်းသမီး ခင်မေကြီးနှင့် ခင်မေလေး၊ လူကြမ်းမင်းသား ချစ်တင်ကြီး၊ အငြိမ့်မင်းသမီး မန္တလာသောင်းနှင့် မြအေးကြည်၊ တေးပြုစာဆို စန္ဒရားရွှေပြည်အေးနှင့် အရှေ့ပိုင်း ဆရာချစ်၊ တူရိယာအဖွဲ့တွင် တယောကိုဘရီနှင့် ကိုအေးမောင်၊ ဆိုင်းဆရာ ဘတင်ကြီး၊ အဆိုတော်ပြည်မောင်ကြီး၊ ရုပ်သေးမင်းသားကြီးကိုသာယာနှင့် မင်းသမီးကြီး ဒေါ်သိန်း စသူတို့ဖြစ်သည်။

အိန္ဒိယသွား မြန်မာရုပ်ရှင်အဖွဲ့သည် ၁၉၃၂ ခုနှစ် မတ်လတွင် ရန်ကုန်မှ ကာလကတ္တားသို့ ပင်လယ်ကူးသင်္ဘောကြီးဖြင့် ထွက်ခွာခဲ့ကြသည်။ သင်္ဘောပေါ်တွင်ပင် ဇာတ်ညွှန်းကို အချောကိုင်၍ ဇာတ်ဝင်ခန်းအချို့ကို သရုပ်ဆောင်များဖြင့် ဇာတ်တိုက်သွားကြသည်။ တေးဂီတဆိုင်ရာ အဖွဲ့ကလည်း သင်္ဘောပေါ်မှာပင် ဇာတ်ဝင်သီချင်းများကို စပ်ဆို၍ တီးလုံးများလည်း တိုက်သွားကြသည်။ ဘုံဘောမြို့သို့ ရောက်သောအခါ အင်ပီးရီးယဲလ်ရုပ်ရှင်ကုမ္ပဏီမှ စတူဒီယိုနှင့် ကင်မရာ၊ အသံဖမ်းစက်အပါအဝင် စက်မှုလက်မှုပညာရှင်များကို ငှားရမ်း၍ ၂၉ ရက်နှင့် အပြီးရိုက်သည့် ဇာတ်ကားဖြစ်သည်။ ထို့နောက် ကားကူး၊ ကားခေး၊ ကားဆက်လုပ်ငန်းအတွက် လေးရက်နှင့်ဆိုလျှင် ၃၃ ရက်နှင့် ပြီးသည့်ကား ဖြစ်သည်။

ဤဇာတ်ကားသည် ပထမဆုံး မြန်မာအသံထွက်ဇာတ်ကား ဖြစ်သောကြောင့် သရုပ်ဆောင်များ၏ စကားသံများမှာ အလွတ်ကျက်ထားမှန်းသိသာခြင်း၊ အသံအနိမ့်အမြင့် အတိုးအကျယ်




မမှန်ခြင်း၊ တီးတိုးပြောသံများ၊ ကြိတ်မှိတ်ငိုကြွေးသံများမှာ ကျယ်လွန်းသဖြင့် သဘာဝမကျခြင်းစသည့် အားနည်းချက်များ ရှိသော်လည်း ပရိသတ်က ခွင့်လွှတ်၍ စိတ်အားထက်သန်စွာ ကြိတ်ကြိတ်တိုး အားပေးခဲ့ကြသည်။

ဤသို့ ရုပ်ရှင်ကြည့်ပရိသတ်၏ အထူးအားပေးမှုကြောင့် နှစ်လကြာမျှ ပြသခဲ့ရသည့်အတွက် အချိန်အကြာဆုံး ပြရသည့် ဇာတ်ကားအဖြစ် စံချိန်တင်ခဲ့သည်။ ရွှေတစ်ကျပ်သားလျှင် လေးကျပ်မျှသာရှိသည့် ထိုအချိန်က ဝင်ငွေတစ်သိန်းကျော်ရရှိ၍ ဝင်ငွေအများဆုံးစံချိန်တင်နိုင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရှိရပါသည်။ (ပထမဆုံး မြန်မာအသံတိတ်ဇာတ်ကားမှာ မေတ္တာနှင့် သူရာဖြစ်ပြီး ၁၉၂၀ ပြည့်နှစ်တွင် ရုံတင်ပြသခဲ့ပါကြောင်း)

❒

www.burmeseclassic.com

www.burmeseclassic.com



## ပလ္လင်ဆိုတာ ဘာလဲ ပလ္လင်ဘယ်နှမျိုး ရှိသလဲ

"ပလ္လင်" ဆိုသည်မှာ ဘုရားလောင်းထိုင်တော်မူခဲ့သော ထိုင်ခုံတော် ဖြစ်သကဲ့သို့ ထိုင်နေတော်မူဟန်၊ ထိုင်ပုံဟူသည့် အဓိပ္ပါယ်နှစ်ခုကို လေ့လာတွေ့ရှိရပါသည်။

ဘုရားလောင်းသည် အပရာဇိတ ပလ္လင်ထက်၌ နေမဝင်မီ မာရ်စစ်သည်အပေါင်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ဘုရား



လောင်း၏ မေတ္တာစွမ်းအားဖြင့် ထိုပလ္လင်တော်ပေါ်တွင်ပင် အောင်ခြင်းရှစ်ပါးအောင်တော်မူ၍ ဘုရားအဖြစ် ရောက်ရှိတော်မူခဲ့ပါသည်။ အောင်ခြင်းရှစ်ပါးတွင် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူပုံများကို ပန်းချီဖြင့် ရေးသားပူဇော်ထားသည်များကို တွေ့ရှိရပါသည်။

ပလ္လင်တော်ကို ဗုဒ္ဓယဉ်ကျေးမှုအနုပညာရပ်မှ မြန်မာမှု ပြုလုပ်လာခဲ့ကြပါသည်။ တစ်နည်းအားဖြင့် ပလ္လင်သည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာ၊ မြန်မာ့တော်ဝင် အသုံးအဆောင်ပရိဘောဂ ပစ္စည်းကြီးတစ်ခုလည်း ဖြစ်ပါသည်။ ပလ္လင်ပုံစံအကြောင်းကို စိတ်ဝင်စားစွာ လေ့လာသောအခါ ဘုရားပလ္လင်၊ တရားပလ္လင်၊ ရာဇပလ္လင်၊ နတ်ဒေဝါမပလ္လင်၊ တရားသူကြီးပလ္လင် ... စသည်ဖြင့် အမျိုးမျိုးတွေ့ရပါသည်။

ပလ္လင်က သို့မဟုတ် ပိဋ္ဌကာဟုခေါ်သော ပလ္လင်ထိုင်ခုံများသည်လည်း အာသနစာရင်းဝင် ပစ္စည်း ပရိဘောဂများပင် ဖြစ်ကြသည်ဟု ဆိုပါသည်။ ဤတွင် အာသနဆိုသည် ထိုင်ပုံထိုင်နေတော်မူဟန်ဟု အဓိပ္ပာယ်ရရှိပါသည်။ ဗုဒ္ဓရုပ်ပွားတော်အောက်တွင် ကြာမှောက်၊ ကြာလှန်ပုံမျိုးကို ယခင်ခေတ်က အများဆုံး တွေ့ရပါသည်။ နောက်ပိုင်းတွင် ထိုနှစ်ထပ် ကြာခံအောက်မှ ကျောက်ပြား ၊ ကျစ်သားတို့ဖြင့် အထက်ကျယ်၊ အောက်ကျယ်၍ ခါးသိမ်သောပုံ၊ မြင်းမိုရ်တောင်ပုံကဲ့သို့ ပြုလုပ်လာကြပါသည်။ ဘုရားပလ္လင်အမျိုးမျိုးကို နိဗ္ဗာန်ကုန်ဆိုင်များတွင် တွေ့မြင်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပလ္လင် (အာသန) ဟူသော မြင့်မြတ်သော နေရာထိုင်ခင်းကို ခြောက်မျိုးခွဲခြားထားပါသည်။ ၎င်းတို့မှာ–

(၁) မြတ်စွာဘုရားရှင်တို့သာ ထိုက်သည့် အပရာဇိတာသနပလ္လင်

(၂) ဗြဟ္မာမင်းကြီးများ၊ အထူးသဖြင့် ထိုင်လေ့ရှိသော ကြာခံကမလာသနပလ္လင်

(၃) နတ်သိကြားများ ထိုင်လေ့ရှိသော ဒိဗ္ဗာသနပလ္လင်

(၄) လူတို့၏အရှင် ဘုရင်မင်းမြတ်တို့ ထိုင်လေ့ရှိသော ရာဇပလ္လင်

(၅) တရားသူကြီးများ ထိုင်လေ့ရှိသော အဋ္ဋကရဏာသနပလ္လင်

(၆) တရားဟော ဓမ္မကထိကပုဂ္ဂိုလ်တို့ ထိုင်လေ့ရှိသော ဓမ္မာသနပလ္လင် စသည်တို့ ဖြစ်ကြပါသည်။

နန်းတော်သုံး ရာဇပလ္လင်ကို ရှစ်မျိုးထပ်မံခွဲခြားထားရာ ရန်ကုန်မြို့၊ အမျိုးသားပြတိုက် မြေနန်းပြာသာဒ်တော်ကြီးအတွင်း တွေ့ရသော ပလ္လင်သည် ခြင်္သေ့ရုပ်ခံပါသော သီဟာသနပလ္လင်ပုံ ဖြစ်ပါသည်။ ဤ၌ အာသနနှင့် ဝါဟနကို ခွဲခြားသိရန်လိုပါသည်။ မုဒြာသည် လက်ဟန်အနေအထားဖြစ်ပြီး အာသနသည် ထိုင်တော်မူဟန် ထိုင်နေရာ ခန္ဓာကိုယ်အောက်ပိုင်း အနေအထားဖြစ်ကာ၊ ဝါဟနသည် စီးတော်ယာဉ်ဖြစ်ပါသည်။ ဆင်တစ်ကောင်ပေါ်တွင် ရုပ်ပွားတော်တစ်ဆူတင်ထားပါက ဆင်ခံပလ္လင်ဟု မခေါ်ဘဲ ဆင်ပေါ်တွင် တစ်စုံတစ်ရာ ပလ္လင်ထိုင်ခုံထိုင်ခင်း ပါရှိပါမှသာ ဂဇာသနပလ္လင်ဟု အမည်ပေးရမည်ဟု



ဆိုပါသည်။ ထို့ကြောင့် ဆင်၊ မြင်း၊ သတ္တဝါများပေါ်တွင် ဘုရားရုပ်ပွားတော်တင်၍ ပူဇော်လိုပါက အခင်းပလ္လင်ပါအောင် သတိပြုရပါမည်။

□

www.burmeseclassic.com

www.burmeseclassic.com

## ပဟေဠိကဗျာကို ရေးစာဆိုတွေ ဘယ်လိုရေးခဲ့သလဲ

ရှေးမြန်မာတို့သည် ပဟေဠိကို နှစ်သက်မြတ်နိုးကြသည်။ ပဟေဠိဆန်မှု၊ လျှို့ဝှက်တတ်မှုသည်ပင်လျှင် ချစ်မြတ်နိုးဖွယ်ကောင်းလှသော မြန်မာ့ဓလေ့တစ်ရပ်ဟု ဆိုနိုင်ပါ၏။

ဉာဏ်ဒွိ ဝတောင်လယ်ဆရာတော်အရှင် သဒ္ဓမ္မဇောတသည် 'ရွှေစံကား' ဟူသော ပန်းအမည်ကို–

"သဝေအစ၊ ရနှင့်ဝတွင်၊ ဟလည်းယှဉ်လျက်၊ စတွင် သေးတင်၊ ကတွင်အားချ"

ဟူ၍ ပဟေဠိကဗျာ ရေးခဲ့သည်။ ထို့အတူ ဆရာတော် မင်းဘူးဦးဩဘာသကလည်း မိမိ၏ဘွဲ့အမည်ကို–

"ရှေ့နောက်ရေးပြ၊ နှစ်လုံးသနှင့်၊ ဘမှာအာကပ်၊ အလယ်ထပ်၍၊ ရှေ့ရပ်သဝယ်၊ အရစ်တွယ်သား"

ဟူ၍လည်းကောင်း



"သရရှစ်လုံး၊ အဆုံးကိုလျှင်၊ အစတင်၍၊ အတွင်အာနှင့်၊ သနောက်ဆင့်၍၊ နံသင့်မိတ်ပါ၊ အက္ခရာနှင့်၊ ဆရာမြတ်လှ၊ ဘွဲ့မည်ရ"

ဟူ၍လည်းကောင်း ပဟေဠိကဗျာ ရေးဖွဲ့ခဲ့ဖူးပါသည်။

ကုန်းဘောင်ခေတ် အလယ်ပိုင်းက စာဆိုတော် ပလိပ်စားဦးဖျော်က ယင်းတောဝန်ကြီး ဦးတုတ်ကြီး၏ ဝန်ကတော် ရှင်ကြင်ဥအမည်ကို ပဟေဠိကဗျာ ရေးစပ်ခဲ့ဖူးပါသည်။ ယင်းကဗျာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ဘဝငယ်မကူးသည်၊ မည်ထူးငယ်လေးကြိမ်၊ စံခန်းငယ် ရွှေအိမ်မှာ၊ ဆန်းတိမ်ပုံဝေလေ့။ သခ်ါရ သူထွေသည်၊ နန်းရွှေမြေပွင့်တဲ့ဓလေ့။

ဗုဒ္ဓဟူးနံပေါ်သည်၊ နာမတော်တွင်၍၊ တနင်္လာလယ်တွေ့တော့၊ ရှေ့နောက်ကယ်ဆင်ကာ၊ ဂဠုန်နံထည့်ရော လို့၊ သဘောနှင့် တွေးချင့်စရာ။ သူပန်တဲ့ မလ္လာဝယ်၊ နွမ်းခဝါရေကျုမို့၊ လွမ်းမရ ဂွက်မမြင်၊ ပုဆိုးနယ်ပင်၊ ဉာဏ်တွေးနှင့် ဆင်ခြင်၊ သိအောင်ပင် ဖော်စမ်းပလေး"

ဟူ၍ ဖြစ်ပါသည်။ အဆိုပါပဟေဠိကဗျာကို အမတ်ကြီး လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံ၏သား တရားသူကြီးဦးအေးက အောက်ပါအတိုင်း ပြန်ဖြေပါသည်။

"စာတော်၏အရကို၊ တွေးဆလို့ ဆင်ခြင်၊ ပထမ သခင်၊ သည့်နောက်လျှင် အရီး။ မိထွေးဖြစ်တစ်ခါ ကိုယ်နှင့်သာ ဆရာစပ်ကြပြီး။ သဘောနှင့် ထောက်ချင့်လျှင်၊

www.burmeseclassic.com

www.burmeseclassic.com



မှုပွေလိမ်ရှုပ်ကြီး၊ ဖအေ့ညီတစ်သီးနှင့်၊ ဇနီးငယ်ဖြစ်ပြန်၊ အမေ့မောင်နှောင်းမွေးနှင့်၊ ချစ်ရေးငယ်ဆုံကြသည့်ကံ။ ခု နောက်မှတစ်ဖန်၊ ကိုယ့်သက်နှံပြုပါလို့၊ ယခုမှ သူတစ္ဆေ၊ ဖြစ်ခဲ့ပြီလေ၊ ခဝါကျ လျှော့ရေလို၊ ရာကြီးနေမှူးပေ ထင့်လေး”

ရှင်ကြင်ဥသည် ယခင်က ယင်းတောဝန်ကြီး၏ အရှင်သခင် ဖြစ်ခဲ့သည်။ ထို့နောက် မိခင်၏ မောင်ငယ်နှင့် အိမ်ထောင်ကျ၍ အရီးတော်စပ်ခဲ့၏။ တစ်ဖန် ဖခင်၏ညီနှင့် လက်ဆက်ခဲ့ပြန်ရာ မိထွေးတော်စပ်သွားပြန်ပါသည်။ နောက်ဆုံး၌ ယင်းတောဝန် ကြီးကိုယ်တိုင်နှင့် အိမ်ထောင်ကျပြီး ယခုကွယ်လွန်သွားပြီဟု ဆိုလိုခြင်းဖြစ်သည်။

ဤ၌ စုဖုရားလတ်သည် သီပေါမင်းထံသို့ ပဟေဠိကဗျာ ရေးဖွဲ့ပေးပို့ခဲ့သည်ဟု ဆို၏။ ထိုအချိန်က သီပေါမင်းမှာ မင်းသားဘဝတွင် ရှိပါသေး၏။ ပဟေဠိတေးထပ်ကဗျာမှာ–

“တဝမ်းပူ သည်ကစ၍၊ သ–နားမှာကပ်ယှဉ်။ ခက် အညွန့်ပြဆင်တယ်၊ ပ–အလျင် ထိပ်စွန်း။ ခြူးတစ်ပွင့် ထပ်ဆင့်နှံသည်။ မှတ်သင့်ရန် ရေးတဲ့အညွှန်း။ ခအောက် မှာ ‘ယ’ သွယ်၊ စ–တယ်လို့ တည်ထွန်း။ တံခွန်လေ ရည်ညွှန်းလို့၊ ပ–ဝန်းကာတည်ပါ၊ မ–မသွေ ယ– လေသတ်၊ လ–ီလေကပ်ချ၍ မှန်စွာ။ မောင်တြိလီ မကြာ အောင်၊ သည်စာကို ကြံမှန်းလို့၊ ဉာဏ်စွမ်းနှင့် အမိပ္ပာယ်



ယူ၊ ဘုန်းပွင့်တော်မူ၊ ‘စာ ၇ လုံး’ ကဗျာကြူး၊ သာလွှယ်ကူ ဖော်စမ်းပါ့လေး”

ဟူ၍ဖြစ်၏။ ပဟေဠိကဗျာကို အဓိပ္ပာယ်ဖော်လိုက်သော အခါ ‘တစ်သက်ပန် ချစ်ပါ့မယ်လား’ ဟူသော စာကြောင်း ထွက်ပေါ်လာသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com

## ပုဂံခေတ်ကျောက်စာတွေနဲ့ စကားပြေအသုံးအနှုန်းဟာ ဘယ်လိုရှိသလဲ

ပုဂံခေတ်သည် ကျောက်စာစကားပြေ ထွန်းကားသော ခေတ်ဖြစ်၏။ ပုဂံသူပုဂံသားတို့သည် မိသားစုကိစ္စ၊ အလုပ်အကိုင် အရောင်းအဝယ်ကိစ္စ၊ အလှူအတန်းကိစ္စ၊ ပြည်ထဲရေးကိစ္စတို့တွင် သူ့ကဏ္ဍနှင့်သူ လုပ်ဆောင်နေကြရာ၌ စိတ်စေတနာမှ ပြုထွက်လာသော စကားပြေအသုံးအနှုန်းတို့ကို ၎င်းတို့ ရေးထိုးခဲ့ကြသည့် ကျောက်စာများတွင် အထင်အရှား တွေ့ရှိရပေသည်။ ထိုစကားအသုံးအနှုန်းတို့သည် စေတနာ အနုအရင့်၊ အကောင်းအဆိုးတို့ပေါ်တွင် မူတည်၍ ပေါ်လာကြောင်း ထင်ရှားလှပေသည်။ စကားအသုံးအနှုန်းတို့ကိုလည်း တိကျသိပ်သည်းစွာ သုံးနှုန်းတတ်ကြပေ၏။

၎င်းတို့သည် သားသမီးအပြည့်အစုံနှင့် အိမ်ထောင်ကို 'လင်မယား သားစုံ' ဟု ခေါ်တတ်ကြ၏။ အကြင်လင်မယားကို 'မောင်နှံ' ဟု အမည်ပေးတတ်ကြ၏။ အဖေ့နောက်မယား



မိထွေးတော်သူကို 'နှောင်းအမိ' ဟု ဆိုတတ်ကြ၏။ လယ်မြေနယ်နိမိတ် သတ်မှတ်ရာတွင် 'ဥဒေါင်းတတွန်လျှင် အခြားတည်း' ဟု တင်စားတတ်ကြ၏။ ရဟန်းသံဃာများကို 'သတင်းစင်သော ပုရှားတပဲ့သားရဟန်း' ဟူ၍လည်းကောင်း၊ 'သာသနာကို ချစ်၍ သတင်းကျင့်သော သခင်အရိယာ' ဟူ၍လည်းကောင်း ယုံမှတ်တတ်ကြ၏။ မလွတ်မကျွတ်သောအဖြစ်ကို ရှုံရှာသည်ဖြစ်၍ 'ရမက်ကျွန် အဖြစ်မှ တော်လှန်လို' ကြောင်း မော်ကွန်းတင်တတ်ကြ၏။ ကျွန်များကို ကျွန်ဘဝမှ လွှတ်ရာလွှတ်ကြောင်းအတွက် အလှူအတန်းပြု၍ 'ရေစင်တော်ချ' သို့မဟုတ် 'ရေစင်တော်သွန်း' လျက် 'မြက်နုရေကြည် ချမ်းသာရာရ ချမ်းသာစေ' ဟု ဆုတောင်းတတ်ကြသည်။ မိမိတို့၏ဒေသကို 'နှလုံးမွေ့လျော်ဖွယ် ရှိသော အရိမဒ္ဒနပူပြည်' ဟု ချီးပတတ်ကြ၏။

ဤသို့ဤနှယ် ပုဂံသားတို့အနေဖြင့် မြန်မာစကား သက်သက်ကို သုံးရာတွင်သာ တိကျမှုရှိသည် မဟုတ်သေး။ ဗုဒ္ဓဘာသာနှင့်အတူ ပါလာသော ပါဠိ၊ သက္ကတစကားများကို အနက်ပြန်ရာ၌လည်း မိမိရရ ရှိလှပါချေ၏။

ဤ၌ သဗ္ဗညုတဉာဏ်ကို 'သိစပ်မြင်နှမ့်' ဟူ၍ လည်းကောင်း၊ သင်္ခါရမမ္မကို 'အတည်မဲ့သောတရား' ဟူ၍ လည်းကောင်း၊ ပဉ္စဂေါရသကို 'နို့သစ်နို့ထမ်း' ဟူ၍ လည်းကောင်း၊ 'ရက်တက်ထောပေး' ဟူ၍ လည်းကောင်း၊ ရာဇတောဝါဒကို 'မင်းကြီးဘေး' ဟူ၍လည်းကောင်း၊ ဇာတိပိဒုက္ခ၊ ဇရာပိဒုက္ခာ၊ မရဏမ္ပိဒုက္ခ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ

www.burmeseclassic.com

www.burmeseclassic.com



ဝိပ္ပယောဂေါဒုက္ခော်တို့ကို 'ဖြစ်သောဆင်းရဲ၊ မင်းသောဆင်းရဲ၊ သေသောဆင်းရဲ၊ မချစ်သောသူနှင့် အတူနေသော ဆင်းရဲ၊ ချစ်သောသူနှင့် ကွဲကွင်းသောဆင်းရဲ၊ လို၍ မရသောဆင်းရဲ' ဟူ၍လည်းကောင်း မြန်မာအနက် ပြန်ဆိုရေးထိုးခဲ့ကြ၏။

ပုဂံသားတို့၏ ထူးခြားချက်ကား စေတနာသွားရာသို့ ကိုယ်နှုတ်အမူအရာပါရာတွင် ထိုအမူအရာသည် ပီပီသသရှိခြင်း၊ အထစ်အငေါ့မရှိခြင်းပင် ဖြစ်ပေသည်။ ပမာအားဖြင့် မိဖုရားဖွားစော၏ မင်းဝိုင်းကျောက်စာ၌ ဆုတောင်းပါရှိ၏။ ဆုတောင်းစာအလယ်၌–

"… အသက်ရှည်သော၊ အနာမဲ့သော၊ အဆင်းလှသော၊ အသံသာသော၊ အလုံးအရပ်လှသော၊ လူနတ်ခပ်သိမ်း ချစ်ခင်ရှိသေသော၊ မြတ်နိုးသောငါ၊ ဖြစ်လို၏။ ရွှေငွေပတ္တမြား ပုလဲသန္တာကစသော အသက်မဲ့ဥစ္စာ၊ အသက်ရှိသော ဆင်၊ မြင်းက စသော ဥစ္စာရတနာများစွာသော ငါ ဖြစ်လို၏။ ဖုန်းတန်ခိုးဖြင့် အနိုင်အငံ အခြံအရံ အကျော်အစော ကြီးစွာသော ငါဖြစ်လို၏။ ဖြစ်လေရာရာ အရပ်၌ အလျှုသတင်းသဒ္ဓါ ပညာကစသော မြတ်သော ကျေးဇူးနှင့် ပြည့်စုံလျက် ဆိုးငြယ်အမှတ် မသိလို"

ဟူ၍ ရေးထိုးထားရာ အသုံးအနှုန်း အနေအထားကို ခန့်မှန်းနိုင်သကဲ့သို့ ကာယကံရှင်၏ ဝင့်ဝါသော စိတ်မနောကိုလည်း လေ့လာအကဲခတ်နိုင်ပါချေ၏။

❐



## ပုံနှိပ်စက်ပေါ်မှာတင် တစ်ချီတည်း အုပ်ရေ တစ်သိန်းရောင်းလိုက်ရတာ ဘယ်ဝတ္ထုစာအုပ်လဲ

မျက်မှောက်ကာလ ဝတ္ထုစာအုပ်ဈေးကွက်ကို ကြည့်လျှင် အုပ်ရေ ၁၀၀၀ ရိုက်သည်ကို တွေ့ရသကဲ့သို့ တချို့ဆိုလျှင် အုပ်ရေ ၅၀၀ ရိုက်သည်ကို တွေ့ရသည်။ ထိုသို့ရိုက်လိုက်တိုင်း ပြိုက်ခနဲ ရောင်းထွက်သည် မဟုတ်ပေ။ များသောအားဖြင့် အရှုံးနှင့် ရင်ဆိုင်ရသည်မှာ အများအပြားပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ရောင်းဈေးကွက်သို့ မချရသေးမီ ပုံနှိပ်စက်ပေါ်မှာပင် တစ်ချိတည်း အုပ်ရေတစ်သိန်းတိတိ ရောင်းလိုက်ရသော ဝတ္ထုစာအုပ်တစ်အုပ် ရှိခဲ့သည်ဟုဆိုလျှင် အံ့သြကြမည် ထင်ပါသည်။ မအံ့သြပါနှင့်၊ အမှန်တကယ် ဖြစ်ခဲ့သည့် ဖြစ်ရပ်ပင် ဖြစ်ပါ၏ ။

အချိန်ကာလက ၁၉၂၇ ခုနှစ်ဖြစ်၏။

ထိုကာလဝယ် စာရေးဆရာ စိန်ကလောင်သည် 'စံဖဲ' ဝတ္ထုကို ရေးသားရိုက်နှိပ်လေ၏။ ဤတွင် ပုံနှိပ်စက်ပေါ်မှာတင် စံဖဲဝတ္ထုသည် အုပ်ရေတစ်သိန်းတိတိဖြင့် ဝယ်သူပေါ်လာခဲ့၏။

စိန်ကလောင်ဆိုသော စာရေးဆရာသည် (နောင်) ဗန္ဓုလ ဦးစိန်အမည်ဖြင့် ဒေါက်တာဘမော်၏ ညာလက်ရုံးဖြစ်ကာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်တွင် ဖွဲ့စည်းလိုက်သည့် 'ဗမာ့ထွက်ရပ်ဂိုဏ်း' ၏ ဗဟို အလုပ်အမှုဆောင်အဖြစ် လူသိများလာခဲ့၏။

စံဖဲကား စာတတ်ပေတတ်မဟုတ်။ ကိုလိုနီ အုပ်ချုပ်ရေးကို မကျေနပ်သူလည်း မဟုတ်၊ ရှင်းရှင်းဆိုရသော် 'မယားထိ ဓားကြည့်' ဟူသော စိတ်ဖြင့် ကိုလိုခေတ်၏ အုပ်ချုပ်ရေးကို အလုပ်များစေခဲ့သူ ဖြစ်၏။ စံဖဲသည် သာမညလူသာ ဖြစ်၏။ သာစည်မြို့အပိုင် 'ဘွဲ့ခြား' ဟူသော ရွာကလေးတွင် လယ်သမား၊ ယာသမား ဖြစ်ကြသည့် ဦးဘိုးသိန်းနှင့် ဒေါ်စံမယ်တို့၏ သားသမီးအနက် အငယ်ဆုံးသား ဖြစ်၏။

စံဖဲသည် ဘဝကံကြမ္မာ၏စေစားချက်ကြောင့် တောပုန်းဓားပြဘဝသို့ ရောက်ခဲ့ရသူ ဖြစ်၏။ နိုင်ငံရေးခံယူချက်လည်း



မရှိပေ။ သို့ရာတွင် နယ်ချဲ့တို့ကို အလုပ်များစေသူအား ကလောင်ဖြင့် တွန်းတင်ပေးလိုက်သည့်အခါ စံဖဲသည် နာမည်ကြီးလာခဲ့ရ၏။

ဤတွင် ဗန္ဓုလသတင်းစာသည် စံဖဲသတင်းကို ယူရန် အထူးသတင်းထောက်တစ်ဦးကို ခန့်ထားခဲ့၏။ စံဖဲလှုပ်ရှားမှု မှန်သမျှ သတင်းစာ၌ ထည့်၏။ ဤသို့ဖြင့် စံဖဲ၏ သတင်းကြောင့် ဗန္ဓုလသတင်းစာမှာ လူကြိုက်များလာခဲ့ရ၏။ ဤတွင် မျိုးချစ်စာဆိုဆရာကြီး သခင်ကိုယ်တော်မှိုင်းကလည်း ၁၉၂၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ထုတ် ဗန္ဓုလသတင်းစာတွင် 'စံဖဲအကြောင်း' ဆောင်းပါး၊ ၁၉၂၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်မှ နိုဝင်ဘာလ ၂ ရက်အထိ ဗန္ဓုလသတင်းစာတွင်ပင် 'ပုံတော်နိုင်မော်ကွန်း ဋီကာ' ကိုလည်းကောင်း၊ ၁၉၂၇ ခုနှစ် ဇန်နဝါရီလ ဆန်းမှ အောက်တိုဘာလကုန်နီးအထိ 'တရုတ်ဒီပနီ' ဆောင်းပါးကို လည်းကောင်း၊ ရွှဝံ–မဂ္ဂဇင်းတွင် 'စုန်တော်မူမှာတမ်း' တို့ကို ရေးသားကာ စံဖဲအား အသိအမှတ်ပြုခဲ့သည်။

ဤသို့သောအခြေအနေတွင် စံဖဲသီချင်းနှစ်ပုဒ် ပေါ်လာခဲ့သည်။ တစ်ပုဒ်က ဆရာကြီးကြင်ခဲရေး၍၊ နောက်တစ်ပုဒ်က နန်းတော်ရှေ့ဆရာတင် ရေးသား၏။

အင်္ဂလိပ်နယ်ချဲ့သည် စံဖဲအား ဖမ်းဆီးရမိပြီးနောက် ကြိုးပေးလိုက်သည်နှင့် ဗန္ဓုလဦးစိန်သည် စိန်ကလောင်အမည်ဖြင့် 'စံဖဲဝတ္ထု' အား အုပ်ရေတစ်သိန်း ရိုက်ထုတ်လိုက်ရာ ပုံနှိပ်စက်ပေါ်မှာတင် အကုန်အစင် ရောင်းချခဲ့ရ၏။ စာအုပ်တန်ဖိုးမှာ

www.burmeseclassic.com

www.burmeseclassic.com



လေးပဲဖြစ်သော်လည်း ဖောက်သည်နှုန်းမှာ နှစ်ပဲဖြစ်သည်။ အမြတ်မှာ တစ်အုပ်လျှင် နှစ်ပြားရလိုက်သည့်အပြင် အုပ်ရေတစ်သိန်း ရိုက်ရသည့်သတင်းကား ထိုခေတ်ကာလ၌ အံ့ဖွယ်သုတ ဖြစ်သွားရချေ၏။

❒

## ပန်းချီပညာကို စွန့်လွှတ်ပြီး ဆန်အရောင်းအဝယ်လုပ်ဖို့ စိတ်ကူးခဲ့တာ ဘယ်ပန်းချီ ဆရာကြီးလဲ

ခေတ်ကာလကလည်း မကောင်း၊ ပန်းချီပညာကို အားပေးမည့်သူကလည်း ရှားပါးသည့်အတွက် ပန်းချီပညာကို စွန့်လွှတ်ကာ ဆန်အရောင်းအဝယ်ဖြင့် အသက်မွေးရန် စိတ်ကူးခဲ့သည့် ပန်းချီဆရာကြီးမှာ မြန်မာဘုရင်ကို မီလိုက်သော ပန်းချီဆရာကြီး ဆရာချုံပင် ဖြစ်ပါသည်။

ဆရာချုံသည် မြန်မာတို့၏ ကုန်းဘောင်နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်းလက်ထက်မှစ၍ ကျော်စောထင်ရှားခဲ့သည့် မန္တလေးမြို့ မြန်မာပန်းချီဆရာ အနုပညာရှင်ကြီးတစ်ဦး ဖြစ်လေ၏။ ဆရာချုံ၏ မွေးသက္ကရာဇ်ကို အသေအချာ မသိရသော်လည်း မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် မွေးဖွားသည်ဟု ခန့်မှန်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာချုံသည် မင်းတုန်းမင်းတရားကြီးလက်ထက်၌ အမှုထမ်းရသော ပန်းချီကျော် ဦးကြာညွန့်၏ တပည့်ဖြစ်သူ ဆရာစာ၏ အန္တေဝါသိကဖြစ်၏။ ဆရာစာထံ၌ ပညာများ သည်းပူးရင်း သီပေါမင်းထံ အမှုတော်ကို ထမ်းရွက်သည်။ အမှုထမ်းခအဖြစ် ရိက္ခာတော်ငွေကျပ်ချိန် ၄၀၊ ၅၀ ခန့်ရသည်ဟု အဆိုရသည်။ ထိုခေတ်က မန္တလေးနေပြည်တော်သို့ လာရောက်အမှုထမ်းကြသော ဣတာလျံ ပန်းချီဆရာနှစ်ဦးရှိကြရာ ထိုသူတို့ထံမှလည်း ဆရာချုံသည် ပန်းချီပညာဆိုင်ရာ အဖိုးတန်ပညာရပ်များနှင့် ပစ္စည်းကရိယာများကို ရလိုက်လေသည်။

သို့သော် ဆရာချုံသည် တတိယအင်္ဂလိပ်–မြန်မာ စစ်ပွဲဖြစ်ပွားသည့်တွင် အင်္ဂလိပ်တို့၏ ဖမ်းဆီးခြင်းကို ခံရကာ ၃ လမျှ အကျဉ်းခံခဲ့ရသည်။ အကျဉ်းမှ လွတ်သည့်ရှိသော် ကာနယ်စလေဒင်က သူ့ထံ၌ အမှုထမ်းရန် ခေါ်ယူလေ၏။ သည့်အတွက် ဆရာချုံသည် မန္တလေး၌ပင် ပန်းချီပညာဖြင့် ဆက်လက်အသက်မွေးကျောင်းခဲ့ရ၏။

ထို့နောက် ရန်ကုန်သို့ ဆင်းလာ၍ ကျုံးကြီးလမ်း၌ နေထိုင်ရာတွင် ခေတ်အခါကလည်း မကောင်း ပန်းချီပညာကို အားပေးမည့်သူလည်း မရှိသဖြင့် ဆရာချုံလည်း ဆိုင်းဘုတ်ရေးခြင်းအလုပ်ဖြင့် ဆင်းရဲပင်ပန်းစွာ မိသားစုအတွက် ရုန်းကန်လုပ်ရှားခဲ့ရ၏။ အဆင်မပြေမှုတွေ များလာ၍ တစ်ခါတွင် ဆရာချုံသည် ပန်းချီပညာဖြင့် အသက်မွေးရခြင်း အလုပ်ကို စွန့်လွှတ်၍ ဆန်အရောင်းအဝယ် လုပ်ကိုင်ရန်ပင် စိတ်ကူးခဲ့ဖူးလေ၏။



ဆရာချုံသည် ရှေးမှုယိုးဒယားဟန်နှင့် မြန်မာဟန်များ ဖြစ်သော နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ နယား၊ ခြသေ့၊ ဆင်၊ ခြူး၊ ပန်း၊ ကနုတ်ပန်း စသည်တို့ကို ကျွမ်းကျင်နိုင်နင်းစွာ ရေးဆွဲခဲ့သည်။ ထို့ပြင် ရွှေရေး၊ ငွေရေးပန်းချီနှင့် သေနင်္ဂဗျူဟာနှင့် ဆိုင်သော စစ်ခံတပ်အဆောက်အအုံပုံစံများကိုလည်း ရေးဆွဲခဲ့သေးသည်။

ထိုသို့ ဆရာချုံရေးဆွဲခဲ့သော ပုံများအနက် အချို့မှာ 'နန်းတွင်း ဥယျာဉ်ဝယ်'၊ 'သခ်ပတ္တ' နှင့် 'နန်းတွင်းသူ' တို့ဖြစ်ကြသည်။ ဆရာချုံသည် ဆင်ရုပ်ပုံများ ရေးဆွဲရာ၌ လွန်စွာမှ ပိုမိုနိုင်နင်းကျွမ်းကျင်ဟန် ရှိ၏။ ဆရာချုံရေးဆွဲသော ဆင်ရုပ်ပုံများမှာ အသက်ဝင်လှုပ်ရှားနေသည်နှင့်မခြား မာန်လည်းပါလှ၏။ ဆရာချုံကား ပန်းချီကျော်တစ်ဦး ဖြစ်ရုံသာမဟုတ်သေး။ ဘုရားတည်၊ ကျောင်းဆောက် အစရှိသော ဗိသုကာအတတ်ပညာများကိုလည်း ကောင်းစွာ ကျွမ်းကျင်တတ်မြောက်သော ဆရာကြီးတစ်ဦးလည်း ဖြစ်ပေ၏။

ထိုကဲ့သို့ ထင်ပေါ်ကျော်ကြား၍ အနောက်နိုင်ငံသားများသည် တလေးတစား တခမ်းတနား မှတ်တမ်းတင်ခြင်းခံရသော ဆရာချုံသည် ၁၂၇၈ ခုနှစ်၊ အသက် (၅၀) အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ပါသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com

## ပြဇာတ်ခေတ်ဦးမှာ အစောဆုံးထွက်ခဲ့တဲ့ ပြဇာတ်သုံးစောင်ဆိုတာ ဘာတွေလဲ

ခရစ်နှစ် ၁၈၇၅ ခုနှစ်၊ ဩဂုတ်လတွင် ပြဇာတ်စာအုပ် စတင်ထွက်ပါသည်။ အမည်မှာ 'မဟာဇနက္ကမင်းသားပြဇာတ်' ဖြစ်ပြီး ပြဇာတ်ဆရာမှာ ဦးခိုဆိုသူဖြစ်၏။ ကိုလိုနီခေတ်၏ ပထမဦးဆုံး ပြဇာတ် အစောဆုံးပြဇာတ်ဖြစ်၏။ သို့သော်လည်း ထိုပြဇာတ်မှာ ဦးစွာပထမ ပေါ်ဦးစဖြစ်၍လော၊ သို့တည်းမဟုတ် ပြဇာတ်အကြောင်း မသိသေး၍လော၊ သို့တည်းမဟုတ် ပြဇာတ်ဆရာ ဦးခိုဆိုသူကိုပင် ဂရုမပြု၍လော မသိ။ ထိုပထမပြဇာတ်နှင့် ပြဇာတ်ဆရာတို့မှာ ထင်ရှားခြင်း မရှိလှဟု ဆိုရပေမည်။

ဒုတိယထွက်ရှိခဲ့သော စာအုပ်မှာ ထိုနှစ် စက်တင်ဘာလ၌ ထွက်ခဲ့သော ကုမာရပြဇာတ်ဖြစ်ပြီး ပြဇာတ်ဆရာမှာ ဦးပုတ်နိုဆိုသူ ဖြစ်၏။ ထိုပြဇာတ်သည် စိတ်ကူးယဉ်ထိုးဇာတ် ဖြစ်၏။ ပထမအကြိမ် စာအုပ်ထွက်စဉ်က စာမျက်နှာ (၄၅) မျက်နှာ



ပါရှိ၏။ ဇာတ်လမ်းမှာလည်း သုဝဏ္ဏဘုမ္မိ ရာဇာဓိပတိမင်း လက်ထက်ဟု ဆိုပါသည်။ ကုမာရမင်းသားအကြောင်း၊ သူဌေးသမီးအကြောင်း၊ ကိုယ်စောင့်နတ်များ၊ လိပ်ပြာများအကြောင်း၊ ဇော်ဂျီများ၏ တန်ခိုးအကြောင်း၊ သိကြားမင်းအကြောင်း၊ မိသားစုများ ဆုံစည်းရာကို အကြောင်းများဖြင့် ဇာတ်လမ်း ဇာတ်ကွက် ဆင်ထားပါသည်။ ဗုဒ္ဓဝင်လမ်းကြောင်းမှ ခွဲထွက်လျက် တီထွင်ထားသော စိတ်ကူးယဉ် ထိုးဇာတ်ဖြစ်၏။

'ကုမာရပြဇာတ်' တွင် မြန်မာစကားလုံးများမဟုတ်သော အနောက်တိုင်း ဝေါဟာရများကို အသေအချာထည့်သွင်း အသုံးပြုထားကြောင်း တွေ့ရပေသည်။ အီစတန်ဘို ဆီမွှေးအကြောင်းလည်း ပါ၏။ လင်းယုန်တံဆိပ် ဗြန္ဒီ (ဘရန်ဒီ) အကြောင်းလည်းပါ၏။ ဤသို့ဖြင့် ခေတ်ကို ထင်ဟပ်ချက်များကို တွေ့ရှိရပါသည်။ ရှေးပြဇာတ်များနှင့်မတူ ထူးခြားသော အချက်တစ်ချက်မှာ သုဝဏ္ဏဘုမ္မိတိုင်းပြည်ကို အခြေခံထားခြင်း ဖြစ်သော်လည်း လယ်သမားများအကြောင်းကိုလည်းကောင်း၊ စပါးဈေး ကောင်းကြောင်းကိုလည်းကောင်း၊ ဖော်ပြထားကြောင်း တွေ့ရှိရသည်။ စည်းချိတ်ပုဆိုးများအကြောင်း၊ ကွမ်းရိုးစင်းအင်္ကျီများအကြောင်းကိုလည်း တွေ့ရသည်။ ဖိနပ်လက်ကိုင်ပဝါအကြောင်း၊ ဖဲခေါင်းပေါင်း၊ လေးဘက်မိတ်အကြောင်းလည်း တွေ့ရသည်။ ဤသို့ဖြင့် ခေတ်ပေါ်အကြောင်းအရာများကို ထင်ဟပ်ထားကြောင်း တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးပုတ်နီသည် မျိုးရိုးဇာတိအားဖြင့် မွန်လူမျိုးဖြစ်၏။ မွန်စကားပြောတတ်၏။ သို့သော်လည်း ရန်ကုန်မြို့ဖွား ဦးပုတ်နီသည် ရန်ကုန်တွင်ပင် ကျောင်းနေရသဖြင့် ရန်ကုန်မြို့၊ အင်္ဂလိပ်တရားရုံးများတွင် ရှေ့နေအဖြစ် အသက်မွေးခဲ့၏။ ထို့ကြောင့် မွန်စကားလည်း ကျွမ်းသလို အင်္ဂလိပ်စကားကိုလည်း ကျွမ်း၏။

တတိယထွက်ရှိခဲ့သည့်စာအုပ်မှာ 'လူ့ဝံမောင်နှမ ပြဇာတ်' ဖြစ်၏။ ထိုနှစ် အောက်တိုဘာလတွင် ထွက်လာရှိပြီး ပြဇာတ်စာရေးဆရာမှာ ဆတိုင်မွတ်ဦးကူးဆိုသူ ဖြစ်ပါသည်။ ထိုပြဇာတ်မှာလည်း စိတ်ကူးယဉ်ထိုးဇာတ်ပင် ဖြစ်ပေသည်။ ဖွဲ့ရိုးဖွဲ့စဉ်ဇာတ်လမ်းမျိုး မဟုတ်။ တစ်မူထူးခြားသဖြင့် ဆန်းနေ၏။ အများမတွေးမိသော လူ့ဝံမောင်နှမအကြောင်းကို သနားဖွယ်ဖြစ်အောင် ရေးဖွဲ့ထား၏။ အနုပညာလည်း မြောက်၏။ စာပေဂုဏ်လည်း မြောက်၏။ ထို့ကြောင့်ပင် လူ့ဝံမောင်နှမပြဇာတ်မှာ ဟိုးဟိုးကျော်ခဲ့ရလေသည်။

ထို 'လူ့ဝံမောင်နှမပြဇာတ်' သည် အကြိမ်ကြိမ်ရိုက်၍ မလောက်။ တစ်ကြိမ်ပုံနှိပ်လျှင် အုပ်ရေ (၃၀၀၀) ရှိ၏။ ပဉ္စမအကြိမ်ထိ ပုံနှိပ်ခဲ့ရပြီး အုပ်ရေ (၁၅၀၀၀) ထုတ်ဝေခဲ့ရ၏။ သူ့ခေတ်နှင့်သူပြောရလျှင် အံ့မခန်းရအောင် ချီးမွမ်းဖွယ်ရာ ဖြစ်ပေသည်။ ထိုပြဇာတ်ကြောင့် ဆတိုင်မွတ်ဦးကူးလည်း နာမည်ကျော်ကြား ထင်ရှားခဲ့ရပေသည်။ ဦးကူး၏ပြဇာတ်မှာ ပုံနှိပ်သမိုင်းအရသာ တတိယဟု ဆိုရသော်လည်း ကိုလိုနီခေတ်မြန်မာ့စာပေသမိုင်းတွင် ဇာတ်ကွက်၊ ဇာတ်လမ်း၊ တေးသီချင်း



အစုံအလင်နှင့် တီထွင်ရေးသားထုတ်ဝေသမျှသော ပြဇာတ်စာအုပ်များအနက်မှ တီထွင်မှုအဦးအစဟု ဆိုရပေမည်။ လူ့ဝံမောင်နှမပြဇာတ်စာအုပ်တွင် ဖော်ပြပါရှိသော ဇာတ်သီချင်းများသည် ထိုခေတ်က ဖတ်ရှုသူတို့၏ စိတ်နှလုံး၌ ရှင်ပြုံးစွဲမက်သွားအောင် ရေးဖွဲ့နိုင်ပေသည်။ ထိုဇာတ်ကို ဖတ်ပြသူတို့ရှိလျှင် လူကြီးသူမများ ဝိုင်းဖွဲ့နားထောင်လေ့ရှိပြီး အချို့ဆိုလျှင် ထိုပြဇာတ်စာအုပ်မှ လိုရာစာများကို အရအလွတ်ကျက်မှတ်ကြသည်ဟုပင် မှတ်သားရပါကြောင်း။

□

www.burmeseclassic.com

www.burmeseclassic.com

# ဖက်ဆစ်စနစ်ရဲ့ဆိုးရွားကြမ်းကြုတ်ပုံတွေကို ဘယ်လိုမှတ်တမ်းတင်ခဲ့ကြသလဲ

ဖက်ဆစ်ဝါဒသည် ကြောက်စရာ ကောင်းလှပါချေ၏။ ဖက်ဆစ်ဝါဒတွင် ခေါင်းဆောင်တစ်ဦးတစ်ယောက်ကို အမှားအမှန်မရွေး ကိုးကွယ်ဆည်းကပ်လိုသော သဘောလည်း ရှိပေသည်။ ထိုဝါဒသမားတို့သည် လောက၌ မိမိတို့သာလျှင် အမြတ်ဆုံးဟု ယူဆထားကြကုန်၏။

၁၉၄၂-ခုနှစ်မှ ၁၉၄၅ ခုနှစ်ဦးအထိ အချိန်ကာလသည် မြန်မာနိုင်ငံသို့ ဖက်ဆစ်ဝင်စီးသောကာလဖြစ်ပေရာ မြန်မာပြည်သူပြည်သားများအဖို့ ဖက်ဆစ်စနစ်၏ ဆိုးရွားမှုကို ခါးစည်း၍ ခံခဲ့ကြရသည်။ ဤတွင် တာဝန်သိ မြန်မာပုဂ္ဂိုလ်အချို့သည် ဖက်ဆစ်၏ ဘေးအန္တရာယ်ကို မြန်မာလူထု သိရှိရလေအောင် စာဖြင့်ရေးသား ဖြန့်ချိခဲ့ကြ၏။ ထိုအထဲ၌ လက်ပံတန်းမြို့နေ ရှေ့နေကြီးဦးဘတင်သည် ဖက်ဆစ်ဝါဒနှင့် ဖြောင့်ဖြောင့်ကြီး



ဆန့်ကျင်သော 'ဆိုရှယ်လစ်ဝါဒနှင့် နိသျှည်း' စာအုပ်ကို ဘာသာပြန်ဆို ဖြန့်ချိခဲ့ရာ ထိုစာအုပ်ကြောင့်ပင် ဖက်ဆစ်တို့၏ဒဏ်ကို ခံခဲ့ရ၏။ ထိုအကြောင်းကို စာရေးဆရာမန်းတင်က မှတ်တမ်းတင်ခဲ့ပေသည်။

..."ဦးဘတင်သည် နံနက်လမ်းလျှောက်ထွက်သွားကတည်းက ပြန်မလာတော့ချေ။

တရုတ်လို ဝတ်ဆင်ထားသူနှစ်ယောက်က ဦးဘတင်ကို မီးရထားလမ်းတစ်လျှောက် မြောက်ဘက်သို့ ခေါ်သွားသည်ဟု မြင်လိုက်ရသူများက ပြောကြသည်။ သူသည် ဗလေဇာအနက်အင်္ကျီ ပိုးလုံချည်တစ်ပတ်နွမ်းကို ဝတ်ဆင်ကာ ဖော့ဦးထုပ်ဆောင်းလျက် ပါသွားလေသည်။ မည်သူမှလည်း နောက်မှ လိုက်၍ မကြည့်ဝံ့ကြ"

ထိုသို့ ဦးဘတင်ပျောက်ဆုံးသွားပြီး သုံးလအကြာတွင်မှ ဂျပန်စစ်ပုလိပ်များက အကြောင်းကြားသဖြင့် ရန်ကုန်ထောင်တွင် သူ့ကို တွေ့ကြတော့သည်။ တွေ့ရသော ပုံပမ်းသဏ္ဍာန်မှာ-

..."နေပြောက်မထိုး၊ လေသန့်မရ၊ မှောင်ကျလျက် အေးမြသော တမံသလင်းပေါ်ဝယ် သူလမ်းလျှောက်ထွက်စဉ်က အဝတ်အစားနှင့်ပင် ခွေခွေကလေးကွေးလျက် ရှိလေသည်။

သူ၏မျက်တွင်းတို့သည် ချိုင့်ဝှမ်းလျက်ရှိလေသည်။ ပါးတို့သည်အတွင်းသို့ ချွက်ဝင်ကုန်ပြီ။ ဆံပင်တို့သည် ဖြူဖွေးရှည်လျားလျက် ဖားရားကျကာ နားရွက်ကို ဖုံးအုပ်

www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိကုန်၏။ ဖြူဖွေးနူတ်ခမ်းမွေးတို့သည်ကား ကားကားဖွင့်လျက် ချိုင့်ဝှမ်းသော ပါးပြင်ကို ရစ်ဝဲကုန်၏။ တစ်ထွာကျော်မျှ ရှည်နေသည့် ဖြူဖွေးသော မုတ်ဆိတ်တို့သည်လည်း တမံသလင်းပေါ်ဝယ် တံမြက်လှည်းသကဲ့သို့ ရှိကုန်၏။ ဦးဘတင်ကား ယခင်သုံးလက ဦးဘတင် မဟုတ်ချေ”

ဤသို့ သခင်သိန်းဖေကလည်း မန္တလေးမြို့နေ တိုင်းချစ်သတင်းစာတိုက်ပိုင်ရှင်ဘဝက ဂျပန်တို့၏ ဖမ်းဆီးနှိပ်စက်ရပုံကို အပြောခံနာမ်စားဖြင့် ကိုယ်တွေ့မှတ်တမ်းတင်ခဲ့ပါ၏။

... “သခင်ဦးသိန်းဖေအား မြင်းခုံရှည်ကလေးတစ်ခုပေါ်တွင် ပက်လက်လှန်လိုက်၏။ နောက် လက်နှစ်ဖက်အား နောက်ပြန်ခုံရှည်နှင့် တင်းကျပ်စွာ တုပ်လိုက်သည်။ ခြေနှစ်ဖက်အား အပေါ်တွင် ချည်ထားလေပြီ။ ၎င်းတွင်အားမရ၊ လည်ပင်းကိုလည်း မြင်းခုံနှင့်ပင်ကပ်လျက် သားရေကြိုးတစ်ချောင်းဖြင့် ချည်လိုက်ပြန်သည်။ ရေစိုနေသော မျက်နှာသုတ်ပဝါတစ်ထည်ကိုလည်း မျက်နှာပေါ်သို့ အုပ်လိုက်သည်။

ညှဉ်းပမ်းမှုကား မဝသေး။ ညှဉ်းပမ်းရန် ပြင်ဆင်ကတည်းက ခံရသူ သခင်ဦးသိန်းဖေမှာ အသက်ရှူကျပ်နေချေပြီ။

မျက်နှာပေါ်သို့ ရေစွတ်စိုနေသော အဝတ်အုပ်ထားခြင်းဖြင့် နှာခေါင်းပေါက်ဖြင့်ကား အသက်ကို ကောင်းစွာ



မရှူနိုင်။ နှာခေါင်းမှ လေရှူလျှင်လည်း ရေနှင့်တွေ့ အခံရဆိုးသဖြင့် ကျပ်တည်းစွာ အသက်ရှူရေးအတွက် အဝတ်အုပ်ထားသော ပါးစပ်ကို အားပြုကာ ဟလိုက်သည်။ ထိုအခိုက် အားပြုကာဟလိုက်သော ပါးစပ်ထဲသို့ အေးစက်သောရေတွေ ဒရဟော အဆက်မပြတ် ကရားဖြင့် လောင်းချလိုက်လေသည်။ လောင်းချလိုက်သောရေများမှာ ပါးစပ်ထဲသို့လည်း ဝင်၏။ မျက်နှာပေါ်သို့ ဖိတ်၏။ ရှူရှိုက်ခြင်းနှင့် ရေသည် ပလုံးပထွေးဖြစ်ကာ ဝူးဝူးဝူး ဟူသောအသံမှတစ်ပါး ဟိုအရေး၊ သည်အရေး၊ အိမ်အရေး၊ ဘာအရေးတွေမျှ သတိမရနိုင်။ ရေနစ်သူ၏ဝေဒနာမျိုးသာ ခံစားနေရတော့သည်”

ဤကား ဖက်ဆစ်စနစ်၏ ဆိုးရွားကြမ်းကြုတ်မှုများစွာတို့အနက်မှ အချို့အဝက်ပင် ဖြစ်လေသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com

## ဖက်ဆစ်တော်လှန်ရေးအတွက် အငြိမ့်ကရင်း လှူစုပေးခဲ့ရတဲ့ ဇာတ်မင်းသမီးဆိုတာ ဘယ်သူလဲ

မြန်မာ့လွတ်လပ်ရေးသမိုင်း၌ အနုပညာရှင်တို့သည် စာပေလည်း စာပေအလျောက်၊ ဂီတလည်း ဂီတအလျောက်၊ ရုပ်ရှင်လည်း ရုပ်ရှင်အလျောက်၊ ဇာတ်သဘင်လည်း ဇာတ်သဘင်အလျောက် မိမိတို့ ကျွမ်းကျင်ရာအနုပညာဖြင့် ပါဝင်ခဲ့ကြပါ၏။

ဤ၌ မင်းသမီးအောင်သန်းတင် (နောင် လွတ်လပ်ရေးအောင်သန်းတင်) သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ဖက်ဆစ်တော်လှန်ရေးအတွက် စည်းရုံးရေးဆင်းရာတွင် အငြိမ့်ကရင်း လှူစုပေးခဲ့သူဖြစ်၏။

ထိုကဲ့သို့ မင်းသမီးအောင်သန်းတင်အငြိမ့်က၍ လှူစုမိချိန်တွင်မှ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ရောက်လာပြီး တရားဟောစည်းရုံးကြလေ၏။ ထိုသို့ အငြိမ့်ကရာတွင် မင်းသမီးအောင်သန်းတင်သည် ပိုင်အမ်ဘီ-ဆရာတင် ရေးသည့် 'ရဲဗိုလ်' သီချင်းကို



သီဆိုသကဲ့သို့ အောက်ဖော်ပြပါ အငြိမ့်သီချင်းကိုလည်း သီဆိုကြောင်း သိရှိရသည်။

... "ကျွန်မ အချစ်ဇာတ်လမ်းမှတ်တမ်း xx လှူ
ရွေးချယ်တဲ့အခါ xx ဇာမဏီစိတ်ထားနဲ့သာ xxx ယောကျ်ား
ပီသစွာ xxx တို့ရဲ့ပြည်ထောင်စုမှာ xxx သားကောင်းရတနာ
xxx ခွဲသတ္တိပါ xxx ထားရှိတဲ့ ချစ်သူကိုရှာxx
(ချစ် xx ချစ် xx ချစ်ပြသနာ xxx အာဇာနည်လားဗျာ
xx အောင်သန်းတင် အပျိုထူး xx စိတ်ကူးမိလှတာ)၊
ရာဇဝင်ပြောင်ကာ xx ပြည်ထောင်စုရဲ့ သားကောင်း
ရတနာ xx မတွေ့ရင် မတုနဲ့ xx ဇမ္ဗူရာဇ် ရွှေပမာ xxx"

ထိုကဲ့သို့ မျိုးချစ်စိတ်ထက်သန်စေသော အငြိမ့်သီချင်းများဖြင့် ဗိုလ်ချုပ်အောင်ဆန်း စည်းရုံးရေးဆင်းမည့် မြို့နယ်ကျေးရွာများ၌ အငြိမ့်က၍ စည်းရုံးပေးခဲ့သော မင်းသမီးအောင်သန်းတင်ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တွေ့ဆုံပြီး

"လွတ်လပ်ရေး ရကိုရရမယ်ဆိုတဲ့ အဲဒီအတိတ်နိမိတ်
နဲ့ အောင်သန်းတင်ကနေ လွတ်လပ်ရေးအောင်သန်းတင်
လို့ နာမည်ပေးလိုက်မယ်"

ဟူ၍ အမည်ပေး မြှောက်စားခဲ့ပါသည်။

ထိုသို့ အောင်သန်းတင်မှသည် လွတ်လပ်ရေးဟူသည့် ဝိသေသကို တပ်၍ 'လွတ်လပ်ရေးအောင်သန်းတင်' ဖြစ်လာရခြင်းအပေါ် ကာယကံရှင်ကိုယ်တိုင်က-

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချုပ်အောင်ဆန်း ပြောင်းပေးခဲ့တဲ့ နာမည်ပါ။ အဲသည်အတွက် အင်မတန်မှကို ဝမ်းမြောက်ဂုဏ်ယူပါတယ်"

ဟူ၍ ပြောဆိုခဲ့ဖူးသည်။

ထိုအချက်ကို အချို့က နားမလည်ကြ။

"လွှတ်လပ်ရေးအောင်သန်းတင်ဆိုတာ အလုံလွှတ်လပ်ရေးကွက်သစ်မှာနေလို့ လွှတ်လပ်ရေးအောင်သန်းတင်လို့ ခေါ်တာပါ"

ဆိုသူဆို၊ ပြောသူပြောကြသည်။

မမှန်ပါချေ။

စင်စစ် လွှတ်လပ်ရေးအောင်သန်းတင်ဟူသော အမည်သည် လွှတ်လပ်ရေးကြိုးပမ်းမှုအတွက် ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲဝင်ရာ၌ အနုပညာဖြင့် စည်းရုံးပါဝင်ခဲ့မှုကြောင့် လွှတ်လပ်ရေးရကိုရရမယ်ဟူသော အတိတ်ကောင်း၊ နိမိတ်ကောင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဆုအဖြစ် ချီးမြှင့်မြှောက်စားပေးခဲ့သော နာမည်ဖြစ်ပေသည်။

ထိုအဖြစ်ကို သိရှိထားသူများမှာ မင်းသမီးကြီး အောင်သန်းတင်ကို တလေးတစား တန်ဖိုးထား ဆက်ဆံကြသည်။ 'အောင်သန်းတင်' ဆိုသော အမည်ကို ကြားလိုက်သည်ဆိုလျှင်

"သြော်... လွှတ်လပ်ရေးအောင်သန်းတင်ပါလား..."

ဟူ၍ ဂုဏ်ထူးဝိသေသကိုပါ ယှဉ်တွဲကာ အထူးပြုပြောဆိုကြပါကြောင်း။



## ဗုဒ္ဓဘုရားရှင် သာသနာပြုဖို့ရာ မြန်မာနိုင်ငံကို ဘယ်နှကြိမ်ကြွခဲ့သလဲ

မိမိတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံဖြစ်ပေသည်။ ထိုအချက်ကို ကမ္ဘာက အသိအမှတ်ပြုကြပါသည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓဘုရားရှင်သည် သာသနာပြုရန်အတွက် (၅) ကြိမ်တိုင်တိုင် ဒေသစာရီ ကြွချီတော်မူခဲ့ကြောင်း မှတ်တမ်းစာများ၌ လေ့လာသိရှိရပေသည်။ ဘုရားရှင်သည် ကိုယ်တော်တိုင် သာသနာပြုခဲ့၍ ဆံတော်များ၊ ခြေတော်ရာများ၊ ရုပ်ပွားတော်များကိုလည်း ချီးမြှင့်ပေးသနားတော်မူခဲ့ပါသည်။ ဗျာဒိတ်တော်ဖြင့်

"မြန်မာနိုင်ငံသည် ငါဘုရားရှင်၏ သာသနာ ကြီးကျယ်စွာ ထွန်းကားသော နိုင်ငံဖြစ်လတ္တံ့"

ဟူ၍ မိန့်ကြားတော်မူခဲ့သောကြောင့် ဖြစ်ပေလိမ့်မည်။ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com



ဗျာဒိတ်တော်ပေး၊ မိန့်ကြားတော်မူခဲ့ခြင်းမှာလည်း မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ ယုံကြည်စွာ ကိုးကွယ်ခြင်း၊ သစ္စာရှိခြင်း၊ စနစ်တကျ လေ့လာဆုံးစမ်းခြင်း၊ အသက်နှင့်ထပ်တူ သက်ဝင်မြတ်နိုးခြင်း၊ သာသနာ့အစစ်အမှန်ကို စွဲမြဲပြီး တိုးတက်ပျံ့ပွားရန် သာသနာ့ဝန်ထမ်း၊ ပိဋကတ်တရား၊ ရဟန်းရှင်လူ၊ ဥပါသကာနှင့် နိမ္မာန် အကျိုးတော်ဆောင်များ၏ ကြိုးစားခြင်းမှန်ကန်မှု၊ ဖွဲ့ရှိမှုတို့ကြောင့်လည်း ဖြစ်ပေလိမ့်မည်။

**၁။ ပထမအကြိမ် ကြွတော်မူခြင်း**

မဟာသက္ကရာဇ် (၁၀၄) ခုနှစ်၊ ဒုတိယဝါ၊ သက်တော် ၃၆ နှစ်တွင် မြန်မာနိုင်ငံရှိ ဖိုးဦးတော်သို့ ကြွတော်မူ၍ လူ၊ ဘီလူး၊ နဂါးတို့ကို ဆံတော်များ ချီးမြှင့်ပြီး ပထမဆုံး သာသနာပြု ခရီးစတင်ခဲ့သည်။ ပြည်ရွှေဆံတော်အပါအဝင် ဘုရားစေတီပေါင်းများစွာ ထွန်းကားလာခဲ့ပါသည်။

**၂။ ဒုတိယအကြိမ် ကြွတော်မူခြင်း**

မဟာသက္ကရာဇ် (၁၁၁) ခုနှစ်၊ ဝါတော် (၈) ဝါ၊ သက်တော် (၄၃) နှစ်တွင် သုဝဏ္ဏဘုမ္မိ၊ သထုံပြည်သို့ ရဟန္တာအရှင်ဂဝံပတိမထေရ်၏ ပင့်လျှောက်ချက်အရ၊ ရဟန္တာ (၅၀၀) တို့နှင့်အတူ ဒုတိယအကြိမ် သာသနာပြုကြွလာချိန်တွင် တိဿရသေ့အပြင် ရသေ့ (၄၁) ပါး၊ ဘီလူး၊ နဂါးတို့အား ဆံတော်များ ချီးမြှင့်တော်မူခဲ့၍ ကျိုက်ထီးရိုးစသော တန်ခိုးကြီးဘုရားများကို တည်ထားကိုးကွယ်ခွင့်ရခဲ့ကြသည်။



**၃။ တတိယအကြိမ် ကြွတော်မူခြင်း**

မဟာသက္ကရာဇ် (၁၁၃) ခုနှစ်၊ ဝါတော် (၁၀)၊ သက်တော် (၄၅) နှစ်တွင် ဘုရားရှင်သည် ရခိုင်ပြည်သို့ ရဟန္တာ (၅၀၀) နှင့်အတူ တတိယအကြိမ် သာသနာပြုကြွချီတော်မူခဲ့သည်။ ဤတွင် ကိုယ်စားရုပ်ပွားတော် သွန်းလုပ်ပေးတော်မူခဲ့ရာ ကျောက်တော်မဟာမုနိ၊ မန္တလေးမဟာမြတ်မုနိ၊ ဇလွန်ပြည်တော်ပြန်မဟာမုနိ စသည့်ရုပ်ပွားတော်များကို ထင်ရှားစွာ ဖူးတွေ့နိုင်၍ သာသနာတော်ကြီး စည်ပင်ထွန်းကားခဲ့ပါသည်။

**၄။ စတုတ္ထအကြိမ် ကြွတော်မူခြင်း**

မဟာသက္ကရာဇ် (၁၂၃) ခုနှစ်၊ ဝါတော် (၂၀)၊ သက်တော် (၅၅) နှစ်တွင် သုနာပရန္တတိုင်းသို့ ဘုရားရှင်ကြွချီတော်မူ၍ ရှူဋ္ဌမုတိစ္ဆညီနောင် စသည်တို့ကို ကိုးကွယ်ကြည်ညိုရန် ခြေတော်ရာချပြီး ပဒစေတီအဖြစ် မင်းဘူးရွှေစက်တော်ဘုရားများ ထင်ရှားစေခဲ့ပါသည်။

**၅။ ပဥ္စမအကြိမ် ကြွတော်မူခြင်း**

မဟာသက္ကရာဇ် (၁၃၆) ခုနှစ်၊ ဝါတော် (၃၃) ဝါ၊ သက်တော် (၆၈) နှစ်တွင် မြန်မာနိုင်ငံရှိ တကောင်းပြည်သို့ ပဥ္စမအကြိမ် သာသနာပြုကြွချီတော်မူ၍ သာသနာပြုခဲ့ရာ ဟန်လင်းကြီးစေတီ စသည့်ဘုရားများ ထင်ရှားကိုးကွယ်ခွင့်ရစေပါသည်။

သို့ဖြင့် ဗုဒ္ဓဘုရားရှင်သည် သာသနာပြုရန် အလို့ငှာ မြန်မာနိုင်ငံသို့ ငါးကြိမ်တိတိ ကြွတော်မူခဲ့ပါကြောင်း။

❒

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်ဆိုတာ ဘယ်လိုလူစားလဲ

ကမ္ဘာတည်သရွေ့ အာဇာနည်နေ့ကို မမေ့ကြသကဲ့သို့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ပြည်သူတွေ မမေ့ကြသေးပါ။ ရင်ထဲ၊ အသည်းထဲ၊ နှလုံးသားထဲ၌ အမြဲပင် ရှိနေကြဆဲ ရှိနေကြမြဲဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပြောသလိုလုပ်၍ လုပ်သလို ပြောတတ်သူလည်း ဖြစ်သည်။ အခွင့်ထူးခံ လူတန်းစားထဲ၌ ဗိုလ်ချုပ်အောင်ဆန်း မပါဝင်။ ပြည်သူလူထုနှင့် တစ်သားတည်း ဖြစ်အောင် နေထိုင်၊ ပြောဆို၊ ပြုမူတတ်သူဖြစ်သည်။ သည့်အတွက်ကြောင့်လည်း လူထု၏အသည်းစွဲ ဗိုလ်ချုပ်ဖြစ်လာရပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မည်သို့သော ခေါင်းဆောင်မျိုးပေနည်း။ မည်သို့သော လူစားဖြစ်လေသနည်း။ ထိုအချက်နှင့် စပ်လျဉ်း၍ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဗိုလ်ချုပ်၏ နိုင်ငံရေးအတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့ဖူးသော



ဗိုလ်ထွန်းလင်း၏ ကိုယ်တွေ့ပြောကြားချက်များမှ ကောက်နှုတ်တင်ပြ ပါပါသည်။

...ကြည်

ပဲပြုတ်နဲ့ နံပြားနဲ့ရရင် စားချင်တယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဲဒီစာကို အားလုံးလိုလို ကြားဖူးကြမှာပါ။ အဲဒီစာကို ကြည့်ခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းဟာ ပဲပြုတ်နဲ့နံပြားကို ကြိုက်တဲ့လူဆိုတာ သိရှိခဲ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီ တစ်လ၊ နှစ်လအလို ဖြစ်ပါတယ်။

ပြည်သူ့ရဲဘော်တပ်ဖွဲ့ ကိစ္စကို တင်ပြဖို့ အဲဒီတုန်းက ဗိုလ်ချုပ်အောင်ဆန်းရဲ့ နိုင်ငံရေး အတွင်းဝန်အဖြစ် ဆောင်ရွက်နေတဲ့ ဗိုလ်ထွန်းလင်းဟာ နံနက်စောစော တာဝါလိမ်းလမ်း နေအိမ်ကို ရောက်ရှိခဲ့ပြီး ဧည့်ခန်းမှာ ဗိုလ်ချုပ်အောင်ဆန်းကို ထိုင်စောင့်နေခဲ့တယ်။ ၁၀ မိနစ်လောက်ကြာတော့ ဗိုလ်ချုပ်အောင်ဆန်း အိမ်ပေါ်က ဆင်းလာပြီး ထမင်းစားခန်းထဲကို ဝင်သွားခဲ့တယ်။

"ပဲပြုတ်နဲ့ နံပြားပါလား။ လာဟေ့ ထွန်းလင်း၊ အတူတူ စားကြရအောင်ကွာ"

လို့ ခေါ်တဲ့အတွက် ဗိုလ်ထွန်းလင်းကလည်း ထမင်းစားခန်းထဲဝင်သွားပြီး ဗိုလ်ချုပ်အောင်ဆန်းဘေးမှာ ဝင်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက ပဲပြုတ်ကို လက်နဲ့နယ်လိုက်တယ်။

"ဆီတွေ ရှိလို့ပါလား"

လို့ ဗိုလ်ချုပ်အောင်ဆန်းက ပြောလိုက်တော့ သားနားမှာ ရပ်နေတဲ့ ဒေါ်ခင်ကြည်က–

"ဟုတ်တယ်။ မနေ့က နတ်မောက်က အမျိုးတွေရောက်လာကြပြီး ဆီတစ်ပုံးပေးသွားတာနဲ့ ဆီရွှဲရွှဲလေးစားရအောင် ထည့်လိုက်တာ"

လို့ ပြောခဲ့တယ်။ အဲဒီတော့ ဗိုလ်ချုပ်အောင်ဆန်းက

"ဒါဖြင့်ရင် အဲဒီဆီပုံး ဘယ်မှာလဲ"

လို့ မေးတော့ ဒေါ်ခင်ကြည်က

"နောက်ဖေး မီးဖိုချောင်ထဲမှာ"

လို့ ဖြေခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက ချက်ချင်းထသွားပြီး အဲဒီဆီပုံးကို ယူပြီးတော့ နောက်ဖေးပေါက်ကနေ အိမ်အောက်ကို ခြေထောက်နဲ့ ကန်ချပစ်လိုက်တယ်။ အဲဒီလို ကန်ချပြီး ဗိုလ်ထွန်းလင်းနားမှာ လာထိုင်ခဲ့တယ်။ ပြီးတော့ ဗိုလ်ထွန်းလင်းကို လေသံအေးအေးနဲ့ ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့တယ်။

"စစ်ဘေးဒဏ်ကြောင့် ပြည်သူလူထုတစ်ရပ်လုံး စားဝတ်နေရေးကျပ်တည်းပြီး ဆင်းရဲဒုက္ခရောက်တဲ့အချိန်မှာ ပဲပြုတ်ကို ဆီရွှဲရွှဲနဲ့စားရမှာ ငါ့ကိုယ်ငါ လိပ်ပြာမလုံဘူး



ထွန်းလင်းရာ"... တဲ့။

ထိုသို့ ပြည်သူလူထု ဆင်းရဲဒုက္ခရောက်နေသည့် အချိန်တွင် ပြည်သူလူထုဒုက္ခကို ထပ်တူထပ်မျှ ခံစားနားလည်ပြီး ပြည်သူလူထုနှင့်အတူ ကျင့်ကြံနေထိုင်ခဲ့သည့် ခေါင်းဆောင်ကောင်း ဖြစ်ပေသည်တကား။

❐

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ ခေါင်းဆောင် အင်္ဂါရပ်တွေဆိုတာ ဘာတွေလဲ

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် သက်ရှိထင်ရှားရှိစဉ်က မိန့်ခွန်းများစွာ ပြောကြားခဲ့ပါသည်။ ထိုမိန့်ခွန်းများတွင် ခေါင်းဆောင်တို့၏ အင်္ဂါရပ်များနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားလေ့ရှိပါသည်။

ဤတွင် စစ်ဝန်ကြီးအဖြစ်ဖြင့် ဂျပန်တို့ပေးသော ဗမာ့လွတ်လပ်ရေး ပထမနှစ်ပတ်လည်၌ မိန့်ခွန်းပြောကြားခဲ့ပါသည်။

..."ဘယ်သူဖြစ်ဖြစ် ခေါင်းဆောင်ဖြစ်ချင်ရင် ခေါင်းဆောင်လုပ်နိုင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံပြီး လက်ရှိခေါင်းဆောင်တွေထက် တိုင်းပြည်ကောင်းအောင် ရှုပ်ရှုပ်ရှဲရှဲ လုပ်ကြပါ။ သူများနှာခေါင်းနဲ့ အသက်ရှူပြီး တန်တန်မတန်တန် ရာထူး မလိုချင်ကြပါနဲ့။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားကြပါ။ အရည်အချင်းလည်း မရှိ၊ ဘယ်သူကမှ



အသိအမှတ်ပြုလောက်အောင် စွန့်စားချက်လည်း မရှိ၊ ကြီးကျယ်ချင်တဲ့လူတွေဟာ ဘယ်တော့မှ ခေါင်းဆောင် မဖြစ်နိုင်ဘူး"

ဟူ၍ ပြောခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဂုဏ်ပြုညစာစားပွဲ တစ်ရပ်၌လည်း

...ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး... ယောင်ချာချာလုပ်ရင် ခေါင်းဆောင် မဟုတ်ဘူး။

...ခေါင်းဆောင်လုပ်တဲ့သူတွေဟာ ကိုယ်ယုံကြည်တဲ့ ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်။ ရှင်းပြနိုင်ရမယ်။ အသက်စွန့်တဲ့နေရာမယ် စွန့်ရဲရမယ်။ ပရိယာယ် သုံးသင့်တဲ့နေရာမယ် သုံးရမယ်။ အချိန်အခါ လိုက်ပြီး လုပ်ရမယ်။ အများယောင်လို့ ယောင်ရတယ် အမောင် တောင်မှန်းမသိ၊ မြောက်မှန်းမသိ ဆိုရင် ခေါင်းဆောင် မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် မယုံတဲ့လူက ဘယ်အခါမှ တခြားလူကို မယုံဘူး။ ကိုယ့်တိုင်းသူ ပြည်သားကိုလည်း မယုံဘူး။ ကျွန်တော့်အဖို့ ကျွန်တော့်ကို ကျွန်တော် ယုံတယ်။ ခင်ဗျားတို့ကိုလည်း ယုံကြည်တယ်။ ဗမာ့လွတ်လပ်ရေးလည်း ယုံကြည်တယ်။ ဘယ်ကိစ္စမဆို လုပ်ရင် မှားတယ်၊ မှန်တယ်ဆိုတာ ရာဇဝင်က ဆုံးဖြတ်လိမ့်မယ်"

ဟု မြွက်ကြားခဲ့တယ်။ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့က တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာတွင်လည်း-

www.burmeseclassic.com

www.burmeseclassic.com



... "ယခုအထိ ကျွန်တော်တို့တစ်တွေရဲ့ လုပ်ပုံကိုင်ပုံတွေက ဘာမှကျေနပ်စရာ မရှိသေးပါဘူး။ မှန်တယ်ထင်တာကို မလုပ်ရဲတာပဲ။ ကိုယ့်စိတ်ထဲက အလုပ်တစ်ခုဟာ ဘယ်လောက်ပင် မှန်တယ်လို့ ထင်နေပါစေ၊ ဘယ်သူက ဘယ်လိုထင်မှာလဲ၊ ဘာပြောမလဲ ဆိုတာတွေကို တွေးပြီး ယုံတာက တစ်မျိုး၊ လုပ်တာကတစ်မျိုး ဖြစ်နေကြတယ်။ အဲဒါတွေဟာ ခေါင်းဆောင်လုပ်ရမယ့် လူတွေနဲ့တော့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ...။

... ရှေးတုန်းက ခေါင်းဆောင်မှုဟာ အစည်းအဝေးတက်တာမှ စပြီး ဆုံးဖြတ်ချက်တွေကျတာမှာ အဆုံးသတ်တာပဲ။ ယခုခေတ်ခေါင်းဆောင်မှုဟာ ပြာပုံနဲ့လောင်စာသာ ကျန်တော့တဲ့ ဘဝဆိုးကြီးမှ ဗမာပြည်ကြီးကို အသစ်ပြန်လည် ထူထောင်နိုင်တဲ့ ခေါင်းဆောင်မှု ဖြစ်ရမယ်။ ဒီလောက် ကြီးလေးတဲ့ ခေါင်းဆောင်မှုကြီးကို ကျွန်တော်တို့တစ်တွေ နိုင်နိုင်နင်းနင်းနဲ့ တာဝန်ယူချင်တယ်ဆိုရင် ခုလိုတွေဝေနေလို့ မဖြစ်တော့ဘူး။ ချီတုံချတုံဖြစ်နေလို့ မဖြစ်တော့ဘူး။ ကိုယ်ယုံကြည်တာကို မလုပ်ရဲလို့ မဖြစ်တော့ဘူး။

... အဲဒီတော့ ကျုပ်တို့ဟာ လူထုရဲ့ ခေါင်းဆောင်လုပ်မယ်ဆိုရင် လူထုအကျိုးကို တကယ့်တမ်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရလေလိမ့်မယ်။ ပြတ်ပြတ်သားသား လုပ်ရဲကြပေလိမ့်မယ်။ ချီတုံချတုံ အဖြစ်မျိုးကို စွန့်ပစ်ကြရလိမ့်မယ်"



ဟူ၍ နိုင်ငံ့ခေါင်းဆောင်ဖြစ်သည်နှင့်အညီ နိုင်ငံခေါင်းဆောင်တို့တွင် ရှိရမည့် အရည်အသွေးများကို ပြတ်သားတိကျစွာ ထုတ်ဖော်မြွက်ကြားခဲ့ပါသတည်း။ ။

❒

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်ကတော်
# ဘာဘွဲ့တွေ ဆွတ်ခူးရရှိခဲ့သလဲ

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီးဖြစ်သော ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်သည် ၁၉၁၂ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် မြောင်းမြမြို့၊ ကွင်းကုန်းရပ်နေ လမ်းဗိုလ်ကြီး ဦးဘိုးညွှန်း၊ ဒေါ်ဖွားစုတို့မှ မွေးဖွားခဲ့သည်။ မွေးချင်း ၁၀ ယောက်ရှိ၍ မိန်းကလေးခြောက်ယောက်၊ ယောကျ်ား လေးယောက်ဖြစ်သည်။ အစဉ်လိုက်အားဖြင့် ဦးဇမောင်၊ ဦးဘကျော်၊ ဦးခင်သောင်း၊ ဦးဘလွင်၊ ဒေါ်သိန်းရီ၊ ဒေါ်ခင်ကြီး၊ ဒေါ်ခင်တင့်၊ ဒေါ်ခင်ကြည်၊ ဦးသိန်းနှင့် ဒေါ်မမကြီးတို့ ဖြစ်သည်။

ငယ်စဉ်က မြောင်းမြမြို့ အေဘီအမ်ကျောင်းနှင့် ရန်ကုန်မြို့ အေဘီအမ်ကျောင်းတို့တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာတို့ကို သင်ကြားခဲ့သည်။ မော်တလိန်းကျောင်းမှ ကျောင်းဆရာမ စာမေးပွဲနှင့် ရန်ကုန်ဆေးရုံကြီးမှ သူနာပြုဆရာမ



အတတ် အောင်မြင်ခဲ့သည်။ သူနာပြုဆရာမအဖြစ် အမှုထမ်းနေစဉ် ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖူးစာဆုံခဲ့သည်။

“ပရဟိတလုပ်ငန်း၊ လူမှုဝန်ထမ်း လုပ်ငန်းတွေကို ဝါသနာအရ လုပ်ကိုင်နေတာပါ။ ဗိုလ်ချုပ်ကတော်ဖြစ်တာက ဗိုလ်ချုပ်နဲ့အိမ်ထောင်ကျလို့ ဖြစ်ရတာပဲ”

ဟု မိမိ၏ပင်ကိုဗီဇ ပရဟိတနှင့် လူမှုဝန်ထမ်းစိတ်ဓာတ်အား ဗိုလ်ချုပ်ကတော်ဟူသော ထင်ပေါ်ကျော်ကြားမှုဖြင့် ရောထွေးလွှမ်းမိုးမသွားရန် ရိုးရိုးသားသား ရှင်းပြသည်။ ‘မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း’ သည် မဟာမိခင်ကြီး၏ အမှတ်အသား သရုပ်ဖြစ်သည်။ လူထုခေါင်းဆောင်၏ဇနီး မုဆိုးမဘဝတွင်လည်း ဘဝကို တည်တည်ငြိမ်ငြိမ် သိက္ခာရှိရှိ ဖြတ်သန်းခဲ့သည်။ သူ၏ အတ္ထုပ္ပတ္တိကိုရေးရန် ကမ်းလှမ်းလာသူတချို့ကို–

“အတ္ထုပ္ပတ္တိရေးတာတွေ၊ ဘာတွေ ကျွန်မ မကြိုက်ပါဘူး။ ထင်လည်း မထင်ပေါ်လိုပါဘူး။ အေးအေးနေပြီး အလုပ်ကို များများလုပ်လိုပါတယ်”

ဟု တုံ့ပြန်ခဲ့သည်။

“စာဖတ်ပရိသတ်အတွက်ကတော့ ဟုတ်ပါတယ်။ ကျွန်မအနေနဲ့က သိုသိုသိပ်သိပ် နေရမယ့်အခါမျိုးမို့ပါ။ ကျွန်မယောကျ်ားဟာ ထင်ပေါ်ကျော်ကြားမှုကြောင့် ရန်သူ့လက်ချက်နဲ့ ကျဆုံးခဲ့ရပြီ မဟုတ်လား”

ဟု ကြေကွဲစွာ သုံးသပ်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



... မိခင်နှင့် ကလေးများ စောင့်ရှောက်ရေးဘုတ်အဖွဲ့ ညွှန်ကြားရေးဝန် (နောင်အခါ ဥက္ကဋ္ဌ)၊ နိုင်ငံတော်အစိုးရ လူမှုစီမံကိန်း သဘာပတိ၊ သူနာပြုနှင့် ဝမ်းဆွဲဆရာမအသင်း နာယက၊ လူမှုဝန်ထမ်းကောင်စီ ဥက္ကဋ္ဌ၊ စာရိတ္တမြှင့်တင်ရေးနှင့် ကျန်းမာရေးအဖွဲ့ဥက္ကဋ္ဌ၊ ကိုယ်ဝန်ဆောင်နှင့် ကလေးစောင့်ရှောက်ရေး အမျိုးသားကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသမီးများအသင်း ဒုတိယဥက္ကဋ္ဌ၊ အမျိုးသမီးကင်းထောက်အဖွဲ့ မင်းကြီးချုပ်၊ အငယ်တန်း ကြက်ခြေနီ သူနာပြုအသင်း ညွှန်ကြားရေးဝန်၊ မြန်မာပြည်သူနာပြုတပ် အုပ်ချုပ်ရေးမှူး စသည်ဖြင့် တာဝန်ယူထမ်းဆောင်ခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂ (WHO) ကွန်ဖရင့်အပါအဝင် အာရှနှင့်ဥရောပနိုင်ငံများမှ ကျင်းပသည့် လူမှုဝန်ထမ်းနှင့် ပရဟိတလုပ်ငန်းကွန်ဖရင့်များစွာတွင်လည်း တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ၁၉၅၁ ခုနှစ် လွတ်လပ်ရေး အောင်ပွဲနေ့တွင် မဟာသီရိသုဓမ္မဘွဲ့ကို အပ်နှင်းချီးမြှင့်ခဲ့သည်။ ထို့ပြင် ယူဂိုဆလပ်သမ္မတကြီး မာရှယ်တီတိုးကလည်း **Yugoslav Star Class 11, 1955** ကို ချီးမြှင့်ဂုဏ်ပြုခဲ့သည်။ ယင်း ၁၉၅၅ မှာပင် ထိုင်းဘုရင်မင်းမြတ်က **Noble Order of the Crown of Thailand Class 11, 1955** ကို ချီးမြှင့်ပေးအပ်ခဲ့ပါကြောင်း။။

❐

# ဗိုလ်ချုပ်ပန်းခြံက ဗိုလ်ချုပ်ကြေးရုပ်ကို ထုလုပ်ခဲ့တာ ဘယ်သူလဲ

ဟိုးယခင်က ကန်တော်ကြီးပန်းခြံဟု ခေါ်ခဲ့၏။ ကိုလိုနီခေတ် (၁၈၅၆) ခုနှစ်က အဆိုပါပန်းခြံကို ကာလကတ္တားရုက္ခဗေဒဥယျာဉ်မှ မစ္စတာဝီလျံစကော့ကပြုပြင်ပြီး အိန္ဒိယ ဘုရင်ခံချုပ် 'လော့-ဒါလဟိုဇီ' ကို ဂုဏ်ပြုသည့်အနေနှင့် 'ဒါလဟိုဇီပန်းခြံ' ဟု ခေါ်ဆိုခဲ့ကြတာ ပန်းခြံအဝင်၌ သတ္တမမြောက် အက်ဒဝပ်ဘုရင်၏ ကြေးရုပ်တစ်ခုကိုလည်း ထုလုပ်ထားရှိခဲ့၏။

ထို့နောက် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ခေတ်၌ အက်ဒဝပ်ဘုရင်ကြေးရုပ်တုကြီးကို ဖယ်ရှားပစ်ခဲ့၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် အက်ဒဝပ်ဘုရင်ကြေးရုပ်တု၏ နေရာ၌ မြန်မာအမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကို ထုလုပ်ထားရှိခဲ့ပြီး 'ဒါလဟိုဇီပန်းခြံ' အမည်အစား 'ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံ' ဟူ၍ အမည်ပြောင်းလဲ ခေါ်ဆိုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တုကို ထုလုပ်သူမှာ လန်ဒန်မြို့ရှိ ဆာဂျွန်ကက်စ်၏ အနုပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး ပန်းပုဆရာကြီး 'မစ္စတာကော့ပ်နောလ်' ဆိုသူ ဖြစ်လေသည်။

မစ္စတာကော့ပ်နောလ်သည် ဗိုလ်ချုပ်အောင်ဆန်းကို လူကိုယ်တိုင်တွေ့ဖူးသူ မဟုတ်။ ဗိုလ်ချုပ်အောင်ဆန်း၏ဓာတ်ပုံကို ကြည့်ကာ ရုပ်တုကို တူအောင် ထုလုပ်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြေးရုပ်၏အမြင့်မှာ ၈ ပေ၊ ၁၄ လက်မ ရှိ၏။ အဆိုပါရုပ်တုအတွက် မစ္စတာကော့ပ်နောလ်သည် စတာလင်ပေါင်နှစ်ထောင် (ထိုစဉ်က မြန်မာငွေနှစ်သောင်းခြောက်ထောင်ကျပ်) ရရှိခဲ့သည်။

ဗိုလ်ချုပ်ကြေးရုပ်၏အောက်ခံခုံ၌ ရေးထိုးမည့် ကမ္ပည်းကျောက်စာစာသားကိုမူ ဝန်ကြီးဦးထွန်းဝင်း၊ ဦးဝန် (ဆရာမင်းသုဝဏ်)၊ ဦးသိန်းဟန် (ဆရာဇော်ဂျီ)၊ ဗိုလ်မှူးကြီးဘရှင်၊ ဦးသန့်နှင့် ဝန်ကြီးချုပ်ပါလီမန်အတွင်းဝန် ဦးထွန်းအောင် အစရှိသည့် ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့က စိစစ်ရွေးချယ်ပေးခဲ့ကြခြင်း ဖြစ်သည်။ ရေးထိုးထားသည့် စာသားမှာ–

**"တစ်တိုင်းတစ်ပြည်လုံး ကြီးပွားစေချင်ရင်**
**လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး**
**အင်တိုက်၊ အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။**
**ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်း**
**တို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင်**
**အကျိုးရှိမှာ မဟုတ်ဘူး၊ စုပေါင်းလုပ်မှသာ**
**အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း**
**သိနိုင်မယ်"**



ဟူ၍ ဖြစ်သည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကြီးကို ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့၊ နံနက် (၇း၅၅) နာရီတွင် နိုင်ငံတော် အခမ်းအနားနှင့် နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦးက ဖွင့်လှစ်ပေးခဲ့သည်။

တစ်ဆက်တည်းမှာပင် ပန်းခြံမျက်နှာစာရှေ့တွင် ကန်တော်ကြီး စောင်းက ပတ်ခ်လမ်းကိုလည်း ဗိုလ်ချုပ်အောင်ဆန်း မွေးဖွားရာဇာတိဖြစ်သည့် နတ်မောက်မြို့အား ဂုဏ်ပြုသည့်အနေဖြင့် နတ်မောက်လမ်းဟူ၍ ပြောင်းလဲမှည့်ခေါ်ခဲ့သည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးအတွက် အသက်ပေးလှူသွားခဲ့သော အာဇာနည်အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုသည် ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်မုခ်နှင့် မနီးမဝေး ကန်တော်ကြီး၌ရှိပေရာ သွားရောက်ဦးညွှတ်အလေးပြုသင့်လှပေ၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်တို့မင်္ဂလာပွဲမှာ ဆရာရွှေပြည်အေး ဘယ်သီချင်းကို ရေးဖွဲ့လို့ ဂုဏ်ပြုလက်ဖွဲ့ခဲ့သလဲ

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့သည် ခရစ်နှစ် ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့၊ BIA ဆေးရုံကြီးဟု သမိုင်းတွင် ထင်ရှားခဲ့သော ဂျပန်ခေတ်ဆေးရုံကြီး၏ ခန်းမဆောင်တစ်ခုတွင် ထိမ်းမြားလက်ထပ်ခဲ့သည်။

ထိုမင်္ဂလာဧည့်ခံပွဲ၌ တေးရေး–အလင်္ကာကျော်စွာ စန္ဒရားရွှေပြည်အေးသည် 'အောင်မင်္ဂလာ' သီချင်းအား ရေးဖွဲ့ကာ ဂုဏ်ပြုလက်ဖွဲ့ခဲ့သည်။ တီးဝိုင်းအမည်မှာ ရန်အောင်မင်္ဂလာတူရိယာအဖွဲ့ဖြစ်ပြီး တီးဝိုင်းခေါင်းဆောင်မှာ ဆရာရွှေပြည်အေးပင် ဖြစ်၏။ အဆိုပါနေ့က ဂုဏ်ပြုတီးဝိုင်းတွင် စန္ဒရား၊ တယော၊ ဗျာဂီတ၊ ကလယ်ရီနက်၊ တင်နာ၊ ဂျပ်စ်ဘင်၊ စပင်းနစ်ဂီတာ၊ ဗုံနှင့်စည်းဝါး စသဖြင့် တူရိယာပစ္စည်းများ စုံလင်လှပေ၏။



ထိုအောင်မင်္ဂလာသီချင်းအပေါ် အခြေပြု၍ မင်္ဂလာပွဲမြင်ကွင်းကို ဝဏ္ဏကျော်ထင် ဒေါက်တာမြင့်ဆွေက မှတ်မိသေးတယ် 'ဂျပန်ခေတ်ဆေးရုံကြီးဝယ်' စာအုပ်ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။

"မင်းကပွိုင့်နှနဲ့ အနော်ဇာပုံပမာ xx ဘိသိက်လောင်းကာ
ပေါင်းသဟာ xx အောင်ကြောင်းနဲ့ဖြင့် ဆုတောင်းမယ် သည်
အခါ xx ရတနာ ရွှေမိုးရွာ xx ရက်မြတ်မှာ အထက်နတ်ပါ
xx လက်ထပ်ပွဲကို နွှဲမယ်လာ xx နှစ်ဦးမကွာ xx ရွှေဖူးစာဆုံ
ကြတာ xx ရွှေနဲ့မြပမာ ဂဟေဆက်ပေတာ xx ကျက်သရေ
ဖြာ xx ပတ္တမြားကျောက်မျက်ရွှဲနဲ့သာ ခြယ်လှယ်စီကာ xx
မြရေခွက်မှာ ညီညာ xx လှရွှေသက်လျာ တူနှစ်ဖြာ xx လနေ
ထွက်တဲ့ ပုံပမာ xx ရေဖျန်းမင်္ဂလာပြုမယ် သည်ချိန်ခါ xx"

'ရန်အောင်မင်္ဂလာတူရိယာအဖွဲ့' ထုဆစ်သီကျူးလိုက်သော မင်္ဂလာတေးသံများက ခန်းမကြီးထဲတွင် ပဲ့တင် ထပ်နေသည်။ တူရိယာများကို သူ့ကဏ္ဍနှင့်သူ တီးမှုတ်ကြခြင်းဖြစ်၍လည်း အဆိုနှင့်အတီးမှာ ငြိမ့်ညောင်း နာပျော်ဖွယ်အတိ။ ပင်ကိုကပြုံးခဲ၊ ရယ်ခဲပြီး မှုန်တေတေ၊ ရှုတည်တည်နေလေ့ရှိသော မင်္ဂလာသတို့သား၏ နှုတ်ခမ်းတစ်စုံပေါ်မှ အပြုံးတစ်ပွင့်သည် ငွေကြယ်တစ်စင်းလို လင်းလက်သွားသည်။ မင်္ဂလာသတို့သမီးကတော့ ရှက်စနိုးအမူဟန်ဖြင့် ခေါင်းလေးကို တိမ်းငဲ့ထားသည်။ ပြုံးနေသော်လည်း ထိုအပြုံးသည် ရှက်ပြုံး။

တီးဝိုင်းက သံပြိုင်ပိုဒ်ကို မြူးကြွကြွတီးခတ်နေသလို ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



တော်သားများ၏ သံပြိုင်သီကျူးလိုက်သံကလည်း နတ်ဘုံ နတ်နန်းထက်မှ နတ်ကောင်းနတ်မြတ်များကိုယ်တိုင် ဤမင်္ဂလာပွဲကို ဝိုင်းဝန်းကောင်းချီးပေးနေကြဘိသို့။

…"ဗိုလ်တေဇရဲ့ ကုသိုလ်ထူးတာ xx သူ့ဓာယမင်းလို
ဝင်းပကြည်တာ xx အလှထိပ်တင် မခင်ကြည်ပါ xx တူနှစ်
ဖြာတွဲလို့ နွဲ့ယှဉ်ကာ xx ရှေးရေစက်ပေါင်း အကြောင်းဆုံ
လာ xx ငွေခရုသင်းနဲ့ သာယာညှင်းကာ xx အောင်ဓေယျတု
သဗ္ဗ အောင်မင်္ဂလာ xx"

သံပြိုင်အပိုဒ်ကို ကြော့၍ကြော့၍ တီးခတ်နေသော ဂီတသံများ ကြားထဲတွင် မင်္ဂလာမောင်နှံသည် လက်ဖဝါးချင်းယှက်၍ မင်္ဂလာစင်မြင့်ပေါ်မှ ညင်သာစွာ ဆင်းသက်လာကြပြီး တီးဝိုင်းထဲမှ ဂီတပညာရှင်များအပါအဝင် ဧည့်ပရိသတ်များကို လိုက်လံနှုတ်ဆက်နေကြသည်။

… "ရပ်ရွာဆွေမျိုး မိဘစုံစွာ အပ်ခဲ့ပါတော့မှာ xx
'ကိုမောင်အေး' က အထူးပဲ ကူညီတာ xx ဝိုင်းဝန်းလို့သာ
အားထုတ်ကာ xx ဗိုလ်တေဇရဲ့ ဂုဏ်ရည်ကိုသာ xx အထူးပင်
ပြောကာပြမှာ xx တကယ်ပဲ နားဆင်တော်မူပါ xx ဉာဏ်
ပညာပြည့်စုံစွာ xx သဘောထားလည်း ကောင်းပေတာ xx
အသက်ငယ်ပေမဲ့လို့သာ မြင့်မြတ်တဲ့ စိတ်ထားဟာ မိတ်ဆွေ
များ အားလုံး ယုံကြည်ပါ xx"

မင်္ဂလာတေးသံများသည် ခန်းမကြီးထဲတွင် ငြိမ့်ညောင်းသာယာစွာ စီးဆင်းနေဆဲ။



မင်္ဂလာပွဲ ဧည့်ပရိသတ်များထဲတွင် တေးဂီတချစ်သူများ ပါဝင် ‌သလို၊ ဂီတအပေါ် စိတ်ပါဝင်စားခြင်း မရှိသူများလည်း ပါဝင်ကြသည်။ ယခုမူ တီးဝိုင်းမှ သီဆိုတီးမှုတ်နေသည့် သီချင်းကိုမူ မည်သူမျှ မကြားဖူးကြ။ ပရိသတ်က သီချင်းနှင့် စိမ်းနေသည်။

… ယခု 'ရန်အောင်မင်္ဂလာတူရိယာအဖွဲ့' မှ သီဆိုတီးမှုတ်နေသော 'အောင်မင်္ဂလာ' သီချင်းသည် အသစ်စက်စက်သီချင်းဖြစ်ပြီး 'ဗိုလ်တေဇ' နှင့် 'မခင်ကြည်' မင်္ဂလာမောင်နှံ၏ ထိမ်းမြားမင်္ဂလာပွဲအတွက် (ရက်ပိုင်းအတွင်း) ဆရာရွှေပြည်အေးကိုယ်တိုင် သီးသန့်ရေးဖွဲ့ သီကုံးထားခြင်းပင် ဖြစ်ပေ၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးတဲ့နောက် ဘယ်သူတွေ ဘယ်လိုမှတ်တမ်းပြုခဲ့ကြသလဲ

မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့လက်ပါးစေတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျဆုံးခဲ့ရရှာသည်။ သည့်အတွက် မြန်မာပြည်သူတစ်ရပ်လုံး ကြိမ်မီးအုံးသကဲ့သို့ ဝမ်းနည်းကြေကွဲ ပူဆွေးခဲ့ကြရသည်။ ရင်ထုမနာဖြစ်ခဲ့ကြရသည်။ သည်အဖြစ်ကို 'ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့ မှတ်တမ်း' တွင် ကမ္ဘည်းတင်ထားခဲ့ရာ အချို့ကို ဖော်ပြရလျှင်–

*..."အာဇာနည်ပုထိုးကိုဖြင့်*
*ပါရမီ အခိဋ္ဌာန်တစ်မျိုးရယ်နှင့်*
*ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့..."*

**(ဆရာကြီး သခင်ကိုယ်တော်မှိုင်း)**



*..."အမျိုးသားခေါင်းဆောင်ကြီးများ အသတ်ဖြတ်ခံရခြင်းမှာ*
*အင်္ဂလိပ်နယ်ချဲ့သမားများ၊ ဗျူရိုကရက်များနှင့်*
*အလိုတော်ရိဂိုဏ်းသားများ၏ တိတ်တိတ်ပုန်းလုပ်ကြံမှုဟု*
*ငါတို့အတိအလင်း စွပ်စွဲပေသည်။*

**–သခင်သန်းထွန်း**

**(ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေ အတွင်းရေးမှူး)**

*... ဂျွန်ဦးစော၏ အိမ်ဝင်းသို့ ပုလိပ်တို့ဝိုင်း၍ ရှာဖွေကြရာတွင် လက်နက်အမျိုးမျိုးနှင့် ခဲယမ်းမီးကျောက် အမြောက်အမြားကို တွေ့ရှိသဖြင့် ဦးစောနှင့်တကွ လူပေါင်း (၂၀) ကို ၎င်း၏အိမ်ဝင်းအတွင်းမှ ဖမ်းဆီးလိုက်၏။ ဤမျှသော စက်သေနတ်များနှင့် ကျည်ဆန်အမြောက်အမြားကို ဦးစောဘယ်က ရသနည်း။ သူ၏နောက်မှ ဘယ်သူများ ကျောထောက်နောက်ခံ လုပ်နေကြသနည်း။*

**–မန္တလေးလူထု သတင်းစာ**

**(၂၄-၇-၄၇)**

*... အနီးအနားတွင် လက်နက်ကိုင်ပုလိပ်၊ ရိုးရိုးပုလိပ်များဆို၍ တစ်ယောက်တစ်လေမျှ စောင့်ကြပ်နေသည်ကို မတွေ့ရ။ ခုခံကာကွယ်တားဆီးမည့်သူမျှလည်း အလျဉ်း မတွေ့ရ။*

**–ကွန်မြူနစ်နေ့စဉ် သတင်းစာ**

**(၂၀-၇-၄၇)**

www.burmeseclassic.com

www.burmeseclassic.com



... အစိက တရားခံဖြစ်သော နယ်ချဲ့သမားကို လက်စားချေရန် အစီအစဉ်ပြုကြကုန်အံ့။ အလုပ်သမားတိုင်း စုရုံးကြကုန်လော့။

–မောပြည် အလုပ်သမားသမဂ္ဂ

... ဗိုလ်ချုပ်အောင်ဆန်း၏ အစိကအင်္ဂါရပ်များမှာ တိုင်းပြည်အတွက် စိတ်အားထက်သန်ခြင်းနှင့် တံစိုးလက်ဆောင်ပေး၍ မရနိုင်ကြောင်း၊

–ကမ္ဘာ့စာရိတ္တပြုပြင်ရေးအဖွဲ့ကြီး

... ဤကဲ့သို့လုပ်ပုံများမှာ ကမ္ဘာ့နိုင်ငံရေးလုပ်ငန်းများတွင် ခေတ်စားနေပြီဖြစ်၍ လူသတ္တဝါတို့၏ အနာဂတ်ရေးရာမှာ အလွန်ဆိုးရွားသော အခြေအနေသို့ ဆိုက်ရောက်နေလေပြီ။

–မဟတ္တမဂန္ဒီ

... "အမျိုးသားပျက်စီးခြင်းတစ်ရပ်ပဲ"

–ဆရာဇော်ဂျီ

... "ဗိုလ်ချုပ်အောင်ဆန်းသာရှိနေသေးခဲ့ရင် တိုင်းပြည် ဒီလောက်စည်းကမ်းပျက်၊ လာဘ်စား၊ အကျင့်ပျက် မဖြစ်နိုင်ပါ။ လွတ်လပ်ရေး ညီညွတ်ရေး၊ စားဝတ်နေရေး ကောင်းမွန်ဖူလုံရေး၊ ကြီးပွားတိုးတက်ရေးတွေ ဘယ်လောက်မြိုင်မြိုင်ဆိုင်ဆိုင် ရှိလိုက်မလဲ"

–ဗိုလ်သိန်းဆွေ

(လွတ်လပ်ရေးတိုက်ပွဲ၊ ၁၉၆၇၊ အောက်တိုဘာလ)



... "ကြော် ဗိုလ်ချုပ် ဗိုလ်ချုပ်၊ အရိုးဆွေးသည်အထိ လွတ်လပ်ရေးအတွက် တိုက်ပါမည်ဟူ၍များ ဆုပန်ခဲ့လေသလား"

–ဒေါ်ခင်မျိုးချစ်

(တိုင်းရင်းသူဂျာနယ်)

❐

www.burmeseclassic.com

www.burmeseclassic.com



ရွှေမန်းတင်မောင်နှင့် လွတ်လပ်ရေး အောင်သန်းတင်

## ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းခံရတဲ့ ဇာတ်မင်းသားဆိုတာ ဘယ်သူလဲ

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းခံရသူမှာ ဇာတ်မင်းသားရွှေမန်းဘင်မောင် (နောင်-အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်) ဖြစ်ပါသည်။



ရွှေမန်းတင်မောင်သည် နောက်ဆုံးအချိန်ထိ ဇာတ်စင်ပေါ်၌ အပေးအယူ ညီမျှခဲ့သော မင်းသမီး အောင်သန်းတင် (လွတ်လပ်ရေး အောင်သန်းတင်) ကဲ့သို့ပင် မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှု၌ သူကျွမ်းကျင်ရာ အနုပညာဖြင့် တစ်တပ်တစ်အား ပါဝင်ခဲ့ပေသည်။

ထိုကာလဝယ် ဗြိတိသျှတို့ အုပ်ချုပ်လျက်ရှိပြီး မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးဖို့ရာ မစဉ်းစားကြသေးပေ။ ဤတွင် ရွှေမန်းတင်မောင်သည် သူ၏ရွှေမန်းသဘင် စင်မြင့်ပေါ်၌... 'လွတ်လပ်ရေး ဗိမာန်' အော်ပရာကို တင်ဆက်ပြသခဲ့သည်။ ထိုအော်ပရာ၌ ရဲဘော်နှင့်ရဲမေများ တက်ညီလက်ညီနှင့် လွတ်လပ်ရေးဗိမာန်ကြီး ညီညွတ်စည်းလုံးစွာ တည်ဆောက်အောင်မြင်ပုံကို တင်ဆက်ခဲ့၏။ အဆိုပါအော်ပရာကား လွတ်လပ်ရေးကြိုးပမ်းမှု၌ များစွာအထောက်အပံ့ ဖြစ်ခဲ့၏။

ထိုကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် 'လွတ်လပ်ရေးဗိမာန်' အော်ပရာကို သဘောကျနှစ်သက်သဖြင့် ဇာတ်ခုံပေါ်သို့ ကိုယ်တိုင်တက်ပြီး ဇာတ်ဆရာရွှေမန်းတင်မောင်အား ရွှေတံဆိပ်ဆု ချီးမြှင့်ခဲ့၏။ ထိုရွှေတံဆိပ်မှာ တစ်ဖက်၌ ရွှေတိဂုံဘုရားပုံတော်ဖြစ်ပြီး ကျန်တစ်ဖက်၌-

'မော်ကွန်းဝင် လွတ်လပ်ရေး အကူအညီပြုတယ်'

ဆိုသည့် စာတန်းပါကြောင်း သိရ၏။

အဆိုပါ ရွှေတံဆိပ်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအဖြစ် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ချီးမြှင့်ခဲ့ခြင်းဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဓာတ်ဆရာ၊ ဓာတ်မင်းသား ရွှေမန်း (ဦး) တင်မောင် ကိုယ်တိုင် တမြတ်တနိုး သိမ်းဆည်းထားခဲ့၏။ သို့ရာတွင် မမျှော်လင့်ဘဲ တိုက်ကို သူခိုးဖောက်ကာ ခိုးယူသွားရာတွင် အဆိုပါ ရွှေတံဆိပ်လည်း ပါဝင်သွားခဲ့သည့်အတွက် နှမြောတသ မဆုံး ဖြစ်ခဲ့ရသည်ဟု ဆို၏။

အနုပညာရှင်တို့ကား မြန်မာ့လွတ်လပ်ရေးအတွက် ကိုယ်တိုင်လက်နက်စွဲကိုင် တိုက်ပွဲမဝင်ကြသော်လည်း ၎င်းတို့ တတ်ကျွမ်းရာ အနုပညာဖြင့် တစ်ဖက်တစ်လမ်းမှ ပါဝင်ခဲ့ကြပေသည်။

အလင်္ကာကျော်စွာ ရွှေမန်း (ဦး) တင်မောင်သည်လည်း အနုပညာဖြင့် စည်းရုံးလှုံ့ဆော် တိုက်ပွဲဝင်ခဲ့သူတစ်ဦးပင် ဖြစ်လေသည်တကား။

❒

## ဗိုလ်ချုပ်အောင်ဆန်းမှာ ဘယ်လိုမျိုး အနုပညာစိတ်ဓာတ်တွေ ကိန်းအောင်းနေသလဲ

မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို အစဉ်အမြဲခေါင်းထဲထည့်ထားလေ့ရှိသော ဗိုလ်ချုပ်အောင်ဆန်းအား အနုပညာစိတ်ဓာတ်ကင်းမဲ့သူဟုဆိုလျှင် အမှားကြီးမှားပါလိမ့်မည်။ စင်စစ် ဗိုလ်ချုပ်အောင်ဆန်း၌ အနုပညာစိတ်ဓာတ်များ ကိန်းအောင်းလျက် ရှိပါသည်။ သာဓကများစွာရှိသည့်အနက် အချို့ကို တင်ပြလိုပါသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့ သရက်ချောင်းတွင် ဌာနချုပ်ဖွင့်ထားစဉ်က ဖြစ်၏။

တစ်နေ့သ၌ (ထိုစဉ်က) အပါးတော်မြဲတပ်ရေးဖြစ်သည့် ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်ဝင်) အား ဗိုလ်ချုပ်အောင်ဆန်းက 'ရှင်ရဲထွတ်သီချင်း' ကို ဆိုခိုင်းခဲ့သည်။ ထိုအခါ ဗိုလ်မင်းခေါင်လည်း ဆိုပြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



... "မြန်မာကို xx ကမ္ဘာကသိအောင် ဆောင်ရွက်မည် xx ရှင်ရဲထွတ်မှာ ပြိုင်ဆိုင်သူ အလွန်ရှားသည် xxx စွန့်စားမည် xxx ယောက်ျားကောင်း ပီပီ xxx ရန်သူ မြင်သမျှကို xxx ယှဉ်တွေ့မည် xxx ခြသေ့စိတ်ရည် xxx စွမ်းရည်သတ္တိရှိသည် xx မရှိသည် xxx စမ်းသပ်ပွဲကို ဆင်နွှဲမည် xx လက်ဖျားကို အပ်နှင့်စိုက်လို့ xx တူနဲ့ ရိုက်တာ xx ရွေးချယ်ပြန်ပါသည်"

ထိုသို့ဆိုနေရင်းမှ အသံတိမ်ဝင်သွားလေ၏။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းလည်း အားမလိုအားမရ ဖြစ်လာဟန် တူသည်။

"ဆက်ဆိုပါဦးကွ... မင်းခေါင်ရ"

ဟု ပြောလေရာ ဗိုလ်မင်းခေါင်လည်း

"တူနဲ့ရိုက်လို့ xx ရွေးချယ်ပြန်ပါသည် xxx မကြောက်မရွံ့ မတွန့်မဆုတ် မလှုပ်မယှက် ထက်မြက်သည်"

ဟု သီချင်းကို အဆုံးသတ်လိုက်သည်။

"မင်းအသံနည်းနည်း ကျသွားတယ်။ သီချင်းဆိုတာ စိတ်ပါမှ နားထောင်ကောင်းတာကွ"

"ဒီသီချင်းတွေကပဲ ကျွန်တော်တို့ကို မျိုးချစ်စိတ်ဓာတ် သွင်းပေးခဲ့တာပါ။ ဒါကြောင့်လည်း... အင်္ဂလိပ်တွေကို ခပ်မြန်မြန် တိုက်ထုတ်နိုင်တာပေါ့"

"သိပ်မှန်တာပေါ့ကွာ။ စာပေအနုပညာ လုပ်ငန်းတွေဟာ လူတွေရဲ့ စိတ်ဓာတ်ကို သိပ်ဆွဲဆောင်နိုင်တာ၊ ဒါ



ကြောင့် တိုင်းပြည်အေးချမ်းသွားရင် စာပေအနုပညာသမားတွေကို ဆုချရမှာပေါ့"

ဗိုလ်ချုပ်ကား ထိုသို့သော လူစားမျိုးဖြစ်ပေ၏။ သူသည် စာရေးဆရာဘဝကို ခုံမင်မြတ်နိုးသူဖြစ်၏။ ထို့ကြောင့်လည်း သူ၏ ကိုယ်ရေးအရာရှိ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) အား

"လွတ်လပ်ရေးရပြီးရင် ငါ နိုင်ငံရေးက အနားယူမယ် စိတ်ကူးတယ်ကွာ။ အနားယူပြီးရင် စာရေးဆရာလုပ်မှာပဲ။ ဒါမှ ငါအဖို့ မိသားစုအတွက် အချိန်ပေးနိုင်မယ်။ ကလေးတွေကိုလည်း ကောင်းကောင်း ကြည့်ရှုနိုင်တာပေါ့။

မင်းက လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက စာရေးဆရာလုပ်ခဲ့တဲ့ကောင်။ စာတွေ အများကြီး ရေးဖူးပြီ။ ငါ နိုင်ငံရေးက နားတဲ့အခါ နှစ်ယောက်တွဲပြီး စာပေလုပ်ငန်းတွေ လုပ်မယ်။ အင်္ဂလိပ်/ မြန်မာဆောင်းပါးတွေ ရေးမယ်။ အဲဒါမှ မိသားစုအတွက် ဝင်ငွေလုံလောက်မှာကွ။

ငါစာရေးဆရာ လုပ်ချင်တဲ့စိတ်၊ စစ်မဖြစ်ခင်ကတည်းက ရှိခဲ့တာ။ ဒါပေမဲ့ တိုင်းပြည်လွတ်လပ်ရေးရဖို့ တစိုက်မတ်မတ် လုပ်နေရလို့ စာမရေးဖြစ်ခဲ့ဘူး။ လွတ်လပ်ရေးကြီးပြီးရင် စာတွေ ရေးဖြစ်အောင် ရေးမယ်ကွာ။

ငါစာရေးမယ်ဆိုတာက အချစ်ဝတ္ထုတွေ ရေးမှာ မဟုတ်ဘူး။ ရေးလည်း မရေးတတ်ဘူး။ နိုင်ငံရေးအကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းတွေ လူတိုင်းသိအောင် ပညာပေးတွေ ရေးမှာကွ..."

www.burmeseclassic.com

www.burmeseclassic.com



ဤရွှေ့ဤမျှလောက်ဆိုလျှင်ဖြင့် မိုလ်ချုပ်အောင်ဆန်း၌ မည်သို့သော အနုပညာစိတ်ဓာတ်တွေ ကိန်းအောင်းနေသည်ကို ထင်ရှားလောက်ပြီ ထင်ပါသည်။ မိုလ်ချုပ်သည် တိုင်းပြည်နှင့် လူမျိုးကိုသာမက အနုပညာကိုပါ ချစ်ခင်သည့် ပုဂ္ဂိုလ်ကောင်း၊ ပုဂ္ဂိုလ်မြတ်တစ်ဦးပါတည်း။

□

## ဘိုးတော်ဘုရားလက်ထက် သင်္ကြန်စာနဲ့ ပတ်သက်လို့ ဘာတွေဖြစ်ခဲ့သလဲ

သင်္ကြန်စာသည် တစ်နှစ်တစ်ခါ သင်္ကြန်မတိုင်မီကာလ၌ လာမည့်တစ်နှစ်တာကာလအတွင်း ဖြစ်ပျက်နိုင်သည့် အခြေအနေတို့ကို ထုတ်ဖော်ဟောကြားထားသည့် စာဖြစ်၏။ သင်္ကြန်စာ၌ ဗြဟ္မာမင်း၊ သိကြားမင်း၊ နတ်သမီး အစရှိသည်တို့ပါရုံမက ယင်းတို့၏အသုံးအဆောင်တို့ကို ဖော်ပြလေ့ရှိသည်ကို တွေ့ရသည်။

ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားကြီးလက်ထက်က ဖြစ်၏။

မင်းတရားကြီးက လောက၌ လူတို့ ရေးသားဖွဲ့ဆိုနေကြသော သင်္ကြန်စာပါဗြဟ္မာမင်း၏ ဦးခေါင်းပြတ်ကို နတ်သမီးများက အလှည့်ကျကိုင်ထားရပုံ၊ သိကြားမင်းသည် ကျွဲစီး၍လည်းကောင်း၊ နဂါးစီး၍လည်းကောင်း၊ မီးတုတ်ကိုင်၍ လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လုံကိုင်၍ လည်းကောင်း... ဆင်းလာသည်။ ရုပ်အမှတ်အသား များသည် မည်သည့်ကျမ်းက လာသနည်း။ မည်သို့ ထွက်ချက်၍ သိရသနည်းဟု ပုဏ္ဏားဖြူများကို အမေးတော်ရှိလေ၏။

သို့ရာတွင် မည်သည့်ပုဏ္ဏားဖြူတစ်ဦး တစ်ယောက်မျှ ရေရာ သေချာစွာ အဖြေပေးနိုင်စွမ်း မရှိခဲ့ကြပေ။

ဤတွင် မင်းတရားကြီးလည်း မောင်းထောင်သာသနာပိုင် ဆရာတော်ထံသို့ နာရီမှူးကို စေလွှတ်၍ လျှောက်ထားမေးမြန်းတော်မူစေ၏။

ဤမျှ မောင်းထောင် သာသနာပိုင်ဆရာတော်လည်း သရဒွေး – ကျမ်းအရှိသော ပေဒင်ကျမ်းပေါင်း (၄၀) ကျော်တို့အား မွှေနှောက်ရှာဖွေတော်မူ၏။ သို့ရာတွင် မည်သည့်ကျမ်းကမှ ယင်းကဲ့သို့ သင်္ကြန်စာအရုပ်မျိုးကို ဖော်ပြထားခြင်းမရှိသည့်အတွက် ဘိုးတော်မင်းတရားထံ စာဆက်သွင်းရာ၌

"ရေမြေ့ရှင် ဒကာတော်မင်းကြီး..."

ဤအရုပ်များသည် မည်သည့်ကျမ်းတွင်မှ ရေးသားပါရှိခြင်း ဖော်ပြပါရှိခြင်း မရှိ။ ရေးအစဉ်အလာအရ ရေးသွင်း ဖော်ပြခြင်းသာ ဖြစ်ပါ၏"

ဟူ၍ ရေးသားခဲ့လေ၏။

ထိုစာကို ဖတ်ရှုအပြီး မင်းတရားကြီးလည်း ဆင်ခြင်တော်မူလေ၏။

"သင်္ကြန်စာများတွင် ဤကဲ့သို့အရုပ်များ ရေးသားစေခြင်းကို ရုပ်စဲစေရလျှင် တိုင်းပြည်၌ မည်သို့ အကျိုး



ရှိမည်နည်း။ ရုပ်စဲစေခြင်းဖြင့် မည်သို့မျှ အကျိုးကား မရှိ။ ရုပ်စဲစေပါက 'ဤမင်းသည် ရှေးအစဉ်အလာကို ဖျက်လေ၏' ဟူ၍သာ လူတို့ ဆိုချေမည်။ မရုပ်စဲစေခဲ့သော်လည်း တိုင်းပြည်အတွက် မည်သို့မျှ အကျိုးယုတ်ဖွယ်မမြင်..."

ထိုသို့ဆင်ခြင်မိလေသော် မည်သို့မျှ အမိန့်တော် မမှတ်ဘဲ ဆိတ်ဆိတ်သာ နေတော်မူလေ၏။

(ဤ၌ 'ဓမ္မဝတ်' နှင့် 'လောကဝတ်' ဟူ၍ရှိ၏။ ဓမ္မဝတ်ဆိုသည်မှာ ဘယ်သူက ဘာပြောပြော ဓမ္မဓိဋ္ဌာန်ကျကျ၊ တရားသဘောကျကျ တရားသဖြင့် အမှန်အကန်ပြုလုပ်နေခြင်းကို ဓမ္မဝတ်ဟု ခေါ်၏။ လောကဝတ်ဆိုသည်မှာကား တရားသဘောကျကျ၊ ဓမ္မဓိဋ္ဌာန်ကျကျ ဟူ၍ကား မဟုတ်။ လောက၏ဝတ္တရားကို မလွန်ဆန်နိုင်၍ လောက၏ အစဉ်အလာအရ လူတို့အလို အများသဘောတူရာသို့ အားနာမှု၊ ပါးနာမှုဖက်ပြီး လိုက်နာ ကျင့်သုံးမှုမျိုးကိုကား လောကဝတ်ဟူ၍ ခေါ်သည်။)

ဘိုးတော်မင်းတရားကား သင်္ကြန်စာမှ အရုပ်များနှင့် ပတ်သက်၍ ဆိတ်ဆိတ်နေလိုက်ခြင်းမှာ ငုံ့လိုက်ခြင်းသာ ဖြစ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ဘုရားဆွမ်းတော်တင်ပြီး ပြန်စွန့်ထားတာကို စားသောက်ကောင်းပါသလား

ဗုဒ္ဓဘာသာဝင်အများစုသည် ဘုရားဆွမ်းတော်ကိုဝေယျာဝစ္စ တစ်ရပ်အနေဖြင့် မပျက်မကွက် ဆက်ကပ်လေ့ရှိပါသည်။ ဘုရားရှင်ဘုဉ်းပေးပြီးလောက်သော အချိန်သို့ရောက်လျှင် ဆွမ်းတော်များဖြစ်သည့် ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီးတို့ကို ပြန်စွန့်ရပါသည်။ ထိုအခါ အားလုံးလိုလိုကို မစွန့်ဘဲ စဝ်ီလောက်သာ စွန့်၍ အကျန်ကို စားသောက်မည်ဆိုလျှင် စားကောင်းပါသည်။ စာပေကျမ်းဂန်များ၌လည်း ‘ဝေယျာဝစ္စပြုသူ စားသုံးနိုင်ကြောင်း’ အတိအကျ ဖော်ပြထားပေသည်။ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က မိမိ၏ဆွမ်းကျန်တို့ကို ဗိမ္ဗိသာရမင်းကြီးအား ကျွေးခဲ့ဖူးပေသည်။ သို့ဖြစ်၍ ဆွမ်းတော်တင်အပြီး ပြန်စွန့်ထားသည်တို့ကို စားသောက်ခြင်းနှင့် ပတ်သက်၍ လုံးဝ သံသယဖြစ်စရာ မရှိပေ။



ဤသို့ မိမိတို့ဘုရားကျောင်းဆောင်၌ စမ္ပယ်လျက်ရှိသော ဘုရား ရှင်အား ဆွမ်းတော်ကပ်လှူသောအခါ တကယ့်သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ သဘောထားရပါမည်။ ဆွမ်းတော်ပွဲအတွက် လင်ပန်းတစ်ချပ်တွင် ကြွေပန်းကန်ပြား (သီးသန့်) တစ်ချပ်ဖြင့် ဆွမ်းကို တစ်ပါးစာ လုံလောက်အောင် ပြင်လျက် ဆွမ်းဟင်းကိုလည်း ပန်းကန်လုံးကြီး (သီးသန့်) တစ်လုံးဖြင့် တစ်ပါးစာ လုံလောက်အောင် ပြင်ကာ ကပ်သင့်ပေသည်။

သောက်တော်ရေကိုလည်း လူ့ဘို့သောက်နေကျ ဖန်ခွက်ကြီး (သီးသန့်) မျိုးဖြင့် အောက်ခံပန်းကန်ပြားခံကာ တရိုတသေ ကပ်သင့်သည်။ ကလေးကစားစရာကဲ့သို့ ဖန်ခွက်သေးသေး ကလေးများဖြင့် ကပ်ခြင်းကား အ–ဂါရဝဖြစ်ပေ၏။ ဖျော်ရည် ကပ်ပါကလည်း ဖျော်ရည်ပုလင်းလိုက်မကပ်ဘဲ သီးသန့်ဖန်ခွက် ကြီးဖြင့်ပင် ပန်းကန်ပြားကို အောက်ခံပြုကာ ကပ်သင့်ပေသည်။ ရဟန်းသံဃာတော်များ ဆိုလျှင်လည်း ပုလင်းလိုက်ကပ်လျှင် ဘုဉ်းပေးခြင်း မပြုကြပါ။ ဘုရားရှင်ကား အတုလ်အတုမရှိ သည့် ပုဂ္ဂိုလ်ဖြစ်လေရကား မည်သည့်နည်းနှင့်မျှ ပုလင်းလိုက် ဆက်ကပ်ခြင်းကို အလိုရှိလိမ့်မည် မဟုတ်ပေ။ သစ်သီးများကို သည်း အခွံနွှာခွဲစိတ်ပြီးမှသာ ကပ်သင့်ပေသည်။ အဘယ်ကြောင့် ဆိုသော် ဘုရားရှင်သည် ရဟန်းတော်တို့အား ‘ထမင်းကို လုံးဆုပ် ၍ ကိုက်ဖြတ်မစားသောက်ရ’ ဟူ၍ ပညတ်တော်ထားခဲ့ပါသည်။ သို့ဖြစ်၍ ဝိနည်းကို ဂရုထားသော ရဟန်းတော်များပင် စား သောက်ဖွယ်ရာများကို ကိုက်ဖြတ်၍ သုံးဆောင်ခြင်း မပြုကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကား မည်သည့်နည်းနှင့်မျှ သစ်သီးအား အလုံးလိုက် ကပ်ထားပါက ကိုယ်တော်တိုင် ခွဲစိတ်ဘုဉ်းပေးလိမ့်မည် မဟုတ်ပေ။

ရဟန်းသံဃာတို့ မည်သည် လူများ၊ သာမဏေများ၊ ကပ္ပိ ပေးမှသာ သုံးဆောင်ရပေသည်။ သို့ဖြစ်၍ သစ်သီးဆိုလျှင် ခွဲစိတ်၍သော်လည်းကောင်း၊ မုန့်ထုပ်ဆိုလျှင် ဖောက်ပြီး ပန်းကန်ထဲ ထည့်လျက်သာ ကပ်သင့်ပေသည်။ ထို့ပြင် ရဟန်းတော်တို့အား လူတို့ ညနေဘက်စားသောက်သော စားဖွယ်ရာများကို နေမွန်းလွဲပြီး နောက်ပိုင်း၌ လက်ဖြင့် မကိုင်တွယ်၊ မသုံးသပ်ရဟု ပညတ်ထားသည့်အတွက်ကြောင့် ညနေဘက်၌ သစ်သီးစသော စားဖွယ်များ တင်ထားခြင်းမှာ လုံးဝ မသင့်လျော်ပါပေ။

ပန်းကပ်လှူရာတွင်လည်း မဟာဂန္ဓာရုံဆရာတော်ကြီးက ပန်း၏အပွင့်များကို ဘုရားရှင်ဘက်သို့ လှည့်ပေးထားသင့်ကြောင်း မိန့်ဆိုဖူးပါသည်။ ဆီမီးကိုလည်း ညအမှောင်သမ်းမှသာ ပူဇော်သင့်ပါသည်။ နေ့လယ်နေ့ခင်း ပူလောင်လှသောအချိန်၌ ဆီမီးတို့ ပူဇော်ခြင်းမှာ စိတ်အိုက်ဖွယ်ကောင်းလှပါသည်။ အမွှေးတိုင်ဆိုလျှင်လည်း အငွေ့တထောင်းထောင်း၊ အခိုးတဝေဝေဖြင့် မွှန်ထွန်အောင် မီးညှိပူဇော်ခြင်းမှာ မလျော်ကန်ပါပေ။

□

## မင်္ဂလာပါ ဆိုတဲ့ နှုတ်ခွန်းဆက်စကားကို ဘယ်သူစတင် တီထွင်ခဲ့သလဲ

'မင်္ဂလာပါ' ဟူသော နှုတ်ခွန်းဆက်စကားသည် ခေတ်ပေါ်ဝန်းစကားမဟုတ်။

"ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ကြပါစေ..."

'ကိုယ်စိတ်နှစ်ဖြာ လန်းဆန်းကာ ကျန်းမာချမ်းသာကြပါစေ'

စသဖြင့် မြန်မာတို့ သုံးစွဲလေ့ရှိကြသော နှုတ်ဆက်လေ့ရှိကြသော ပဋိသန္ထာရစကားအား သံခိပ်ဖြစ်အောင် ပြုလုပ်ရာမှ ယနေ့နိုင်ငံနှင့်အဝှမ်း လက်ခံသုံးစွဲနေကြပြီဖြစ်သည့် 'မင်္ဂလာပါ' ဟူ၍ ဖြစ်ပေါ်လာခဲ့၏။

ထို 'မင်္ဂလာပါ' ဟူသော စကားနှင့် စပ်လျဉ်း၍ စာရေးဆရာမော်ဝန်းကြည်မြတ်က အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



... ဤ 'မင်္ဂလာပါ' ဟူသော နှုတ်ဆက်စကားကို မည်သူတီထွင်လိုက်သည်ဟု အတိအကျမသိသော်လည်း ကျွန်တော်ကိုယ်တိုင် ကြိမ်ဖန်များစွာ သုံးနှုန်းခဲ့ဖူးသည်။

အထူးသဖြင့် စာပေဟောပြောပွဲများနှင့် အခြားစကားပြောခွင့်ရသည့် အခမ်းအနားများတွင် ဖြစ်သည်။ စာပေသမားတစ်ယောက်အနေဖြင့် (ဥပမာ) လေနုအေး၊ ရုပ်ပုံလွှာ၊ ပင်မရေစီး၊ ဖော်လံဖား၊ အနားပြာ၊ ဘဝရှင်မင်းတရားကြီး... စသော စကားစုများ တီထွင်ခဲ့ကြသည့် စာပေပညာရှင်၊ သတင်းစာပညာရှင်ကြီးများ၏ အမည်ရင်းကို ရင်းနှီးသယောင်ရှိသော်လည်း 'မင်္ဂလာပါ' ဟူသော နှုတ်ဆက်စကား တီထွင်ခဲ့သည့် ပညာရှင်... ဘယ်သူလဲဟု မသိခဲ့။

သို့ဖြင့် တစ်နေ့တွင် ကျွန်တော်တို့အားကိုးရသော သက်ရှိအဘိဓာန်ကြီး တစ်ဆူဖြစ်သည့် စာရေးဆရာကြီး မောင်ဆုရှင် (ယခုကွယ်လွန်) ကို သူ၏ (စာပေဗိမာန်) ရုံးခန်းတွင် မေးမြန်းဖြစ်ခဲ့သည်။

ဆရာမောင်ဆုရှင်က...

"ခင်ဗျား ဝန်ကြီးချုပ်ဟောင်းဦးနုကို ဘဝရှင်မင်းတရားကြီးလို့ ဝေဖန်ပြီး ဘွဲ့တံဆိပ်ခပ်နှိပ်ခဲ့တဲ့ ဦးထွန်းဖေရဲ့ နာမည် ကြားဖူးမှာပေါ့"

ဟု တုံ့ပြန် အမေးဆင့်လာသည်။ ကျွန်တော်က



"ကြားဖူးပါတယ်... သူ့ဓာတ်ပုံတွေလည်း မြင်ဖူးပါတယ်"

ဟု ပြောလိုက်သည်။

ဖဆပလ အစိုးရခေတ်က ပြန်ကြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဦးထွန်းဖေသည် ကျွန်တော်တို့ လေးစားကြည်ညိုရသော စာရေးဆရာ၊သတင်းစာဆရာကြီး တစ်ဦးဖြစ်သည်။ 'ထွန်းနေ့စဉ်' သတင်းစာကို တည်ထောင်တည်းဖြတ် ထုတ်ဝေခဲ့သူဖြစ်၍ 'ထွန်းနေ့စဉ် ဦးထွန်းဖေ' အဖြစ် ထင်ရှားခဲ့သူလည်း ဖြစ်သည်။ ဝေဖန်စရာရှိလျှင် မည်သူ့ကိုမဆို ရဲဝံ့ပွင့်လင်းစွာ ဟောဟောဒိုင်းဒိုင်း ဝေဖန်ပြောဆိုတတ်သူအဖြစ်လည်း ကျော်ကြားသည်။ ဝန်ကြီးအဖွဲ့အစည်းတစ်ခုတွင် (ထိုစဉ်က) ဝန်ကြီးချုပ်ဦးနုအား 'ဘဝရှင် မင်းတရားကြီး' ဟု ပက်ပက်စက်စက် ပုတ်ခတ်ဝေဖန်ခဲ့သူလည်းဖြစ်ကြောင်း မှတ်သားဖူးသည်။

ဆရာမောင်ဆုရှင်က–

"မင်္ဂလာပါ... ဆိုတဲ့ နှုတ်ဆက်စကားကို စတင်တီထွင် သူက တခြားမဟုတ်ဘူးဗျ။ အဲဒီ 'ထွန်းနေ့စဉ် ဦးထွန်းဖေ' ကိုယ်တိုင်ပဲ။ ဆရာဦးထွန်းဖေ ဒီစကားစုကို တီထွင်ခဲ့တာ နှစ်ပေါင်း (၅၀) လောက်ရှိပြီ။ ဒီကနေ့ခေတ်

www.burmeseclassic.com

www.burmeseclassic.com



ကျမှပဲ တွင်ကျယ်လာပြီး တစ်မျိုးသားလုံးပိုင် နှုတ်ဆက်စကား ဖြစ်လာတာ”

ဟု ရှင်းပြသည်။

သမိုင်းတန်ဖိုး ကြီးလိုက်သည့်စကား။

□

## မင်းလှခံတပ်ကြီးကို ဘယ်သူတွေ ဦးဆောင်ပြီး တည်ဆောက်ခဲ့တာလဲ

မြန်မာ့သမိုင်း၌ မင်းလှခံတပ်ကြီးသည် မြန်မာတို့၏ နယ်ချဲ့ရန် တွန်းလှန်လိုသောစိတ်ကို မီးမောင်းထိုးပြနေသကဲ့သို့ ဘိုးဘွားယဉ်ကျေးမှု အမွေအနှစ်ဟူ၍လည်း ဆိုနိုင်ပါသည်။

မင်းလှခံတပ်ကြီးသည် မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့၊ ဧရာဝတီမြစ်၏ လက်ျာဘက်ကမ်းတွင် တည်ရှိပါသည်။ မကွေးမြို့မှ အထက်မင်းလှသို့သွားလျှင် ဧရာဝတီတံတားကို ဖြတ်၍ မင်းဘူးမြို့နယ်၊ ကျွဲသုံးမြောင်ကျေးရွာ လမ်းခွဲအတိုင်း ၁၉ မိုင်သာ ဝေးပါသည်။

အဆိုပါ မင်းလှခံတပ်ကြီးကို ခရစ်နှစ် ၁၈၆၀–၆၁ ခုနှစ်တွင် မင်းတုန်းမင်း၏ညီတော် အိမ်ရှေ့စံကနောင်မင်းသားကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်ခဲ့သည်။ တည်ဆောက်စဉ်က ပြင်သစ်နှင့်အီတလီလူမျိုး အင်ဂျင်နီယာများ ဖြစ်ကြသော ကိုမိုတို

www.burmeseclassic.com

www.burmeseclassic.com



(Commotto) နှင့် မိုလီနာလီ (Molinali) တို့၏ အကူအညီဖြင့် နိုင်ငံခြားပညာတော်သင် မြန်မာအင်ဂျင်နီယာလူငယ်များ စုပေါင်း တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

၁၈၈၅ ခုနှစ်တွင် နယ်ချဲ့ဗြိတိသျှတပ်များ ဝင်ရောက် တိုက်ခိုက်စဉ် မင်းလှခံတပ်ကြီးမှ လက်ရွေးစင် 'လှေသင်းမိုလ် မင်းထင်မင်းလှ ရဲခေါင်သူရိန်' ဦးဆောင်၍ မြန်မာစစ်သည် အင်အား ၆၀၀ ကျော်တို့က အမြောက်ကြီး ၃၅ လက်၊ ဓား၊ သေနတ်၊ မီးပေါက် စသည်တို့ဖြင့် ကြံ့ကြံ့ခံကာ ခုခံတိုက်ခိုက် ခဲ့ကြ၏။ အင်္ဂလိပ်စစ်သည်အင်အားမှာ ကြည်းတပ်သုံးရင်း၊ ရေတပ်တစ်ရင်းဖြင့် အင်္ဂလိပ်စစ်အရာရှိ ဗိုလ်မှူးကြီး ဆန်ဖို့(ဒ်) နှင့် ဗိုလ်ထရင်း(ချ်)တို့သည် ခံတပ်အရှေ့ဘက်နံရံကို မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးသဖြင့် ပျက်စီးခဲ့ရ၏။ မြန်မာဘက်မှ ဆုံးရှုံး မှုမှာ အမြောက် ၁၇ လက်၊ သုံ့ပန်း ၂၇၀ ဖြစ်ပြီး အင်္ဂလိပ် ဘက်မှ ဗိုလ်ဂျူရီအပါအဝင် လေးဦးကျဆုံးကာ ၂၇ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း သိရ၏။

မင်းလှခံတပ်၏အမျိုးအစားသည် မြေပေါ်ခံတပ်ဖြစ်ပြီး ၁၂၃၂ ခုနှစ်တွင် 'အောင်ကြောင်းကြံစည် ခံတပ်တည်' ဟု အဆိုရှိပြီး ကုန်ကျသောငွေပေါင်းမှာ မြန်မာဒေါင်းဒင်္ဂါး ၇၀၀၀၀၀ ကျော် ကုန်ကျ၏။ ခံတပ်ကြီးသည် အလျား အရှေ့–အနောက် ၁၇၃ ပေ ၇ လက်မ၊ အနံ ၁၃၁ ပေ ၄ လက်မ၊ အမြင့် ၁၅ ပေ ၄ လက်မရှိ၏။ အခန်းပေါင်း မူလက ၁၉ ခန်းရှိပြီး အချို့ ရေတိုက်စား၍ ပြိုကျပျက်စီးခဲ့ရ၏။ အနောက်ဘက်



မျက်နှာတွင် အရာရှိရုံးခန်း၊ လက်နက်တိုက်ခန်း၊ ပစ္စည်းသိုလှောင် ခန်း ဟူ၍ လေးခုရှိ၏။ အမြောက်ဒဏ် ခံနိုင်ရည် ရှိစေရန် နံရံထူကြီးနှစ်ခုကြားတွင် မြေသားများဖို့ကာ တည်ဆောက်ထား ခြင်း ဖြစ်သည်။ ယခင်က အနောက်ဘက် တံခါးဝတွင် အမြောက်တပ်ရထားလေးများ ဆွဲရန် နှစ်ပေအကျယ် သံလမ်း ရှိခဲ့ပြီး ယခုအခါ ပျက်စီးသွားသဖြင့် မရှိတော့။ ခံတပ်၏အတွင်း အတိုင်းအတာမှာ အရှေ့၊ အနောက် ၁၂၃ ပေ၊ အနံတောင်၊ မြောက် ၈၅ ပေ ၄ လက်မရှိ၏။ အပြင်၌ ဆင်ခြေလျှော လှေကားများ တပ်ထား၏။ အနောက်ဘက် အုတ်ရိုးကပ်လျက် လှေကားတစ်ခုရှိပြီး အကျယ် ၁၃ ပေ ၉ လက်မ၊ လက်ရန်း အုတ်ရိုး ၃ ၁ ပေ ၄ လက်မ၊ ခံတပ်အပြင် မြို့ရိုးအမြင့် ၂၅ ပေ ၉ လက်မရှိ၏။

အတွင်းဘက်လှေကားများမှာ တောင်ဘက်နှင့်မြောက်ဘက် တွင် လှေကား ၂ ခုစီ၊ လှေကားမှ ခံတပ်နံရံ အကွာအဝေး ၂၁ ပေ ၆ လက်မ၊ လှေကား ၂ ခုအကွာအဝေး ၁၄ ပေ၊ ၄ လက်မ၊ လှေကားမှာ တစ်ဆစ်ချိုးဖြစ်ပြီး အကျယ် ၄ ပေ ၃ လက်မ၊ လှေကားမှ အပေါ်လမ်းသို့ ဝင်ပေါက်အကျယ် [illegible]ရှိ၏။ ဝင်ပေါက်နှင့်အခန်းများမှာ အရှေ့ဘက်နှင့်အနောက် ဘက်တွင် အခန်း ၄ ခန်း၊ တောင်ဘက်တွင် အခန်း ၅ ခန်း၊ မြောက်ဘက်တွင် အခန်းလေးခန်းရှိပြီး အခန်းများ၏ အကျယ် အဝန်းမှာ တစ်ခန်းနှင့် တစ်ခန်း မတူညီကြပေ။ ခံတပ်တွင်

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုသော အုတ်တစ်ချပ်မှာ အလျား ၁ ပေ ၉ လက်မ၊ အနံ ၉ လက်မ၊ ဒု ၃.၆ လက်မရှိ၏။

ဗိုလ်ချုပ်ပရင်ဒါဂတ်စ် ဦးစီး၍ တိုက်ခိုက်ခဲ့ခြင်းကြောင့် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မင်းလှခံတပ် ကျဆုံးခဲ့ရသည်။

❒

## မဟာဗန္ဓုလပန်းခြံထဲက လွတ်လပ်ရေး မော်ကွန်း ကျောက်တိုင်ကြီးမှာ ဘာတွေ ရေးထိုးထားသလဲ

ရန်ကုန်မြို့လယ်၊ ဆူးလေစေတီနှင့် မြို့တော်ခန်းမအနီး၌ မဟာဗန္ဓုလပန်းခြံရှိ၏။ ထိုပန်းခြံ၏အလယ်၌ လွတ်လပ်ရေး မော်ကွန်းကျောက်တိုင်ကြီးရှိ၏။ ထိုလွတ်လပ်ရေး မော်ကွန်း ကျောက်တိုင်ကြီးတွင် 'သစ္စာဓိဋ္ဌာန် ကိုးချက်' ကို ရေးထိုးထားပေသည်။ ထို သစ္စာဓိဋ္ဌာန်ကိုးချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အောင်စေသတည်း။ ။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအခါ၌ ဤ ငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



(၁) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သော လမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ချီတက်မည်။

(၂) ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏သစ္စာကို မသွေမဖည် စောင့်ထိန်းမည်။

(၃) ငါတို့သည် ဤနေ့ဤအချိန်မှစ၍ လွတ်လပ်သော နိုင်ငံတော် သားတို့၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။

(၄) ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့် ရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်။

(၅) ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်သားဟူသရွေ့ကို ကြီးငယ်နိမ့်မြင့်မခြား တသွေးတသားတည်းပြု၍ နည်းများနိမ့်မြင့် မရှိစေရ ညီတူညီမျှပြုမည်။

(၆) ငါတို့သည် ဤနေ့ဤအချိန်မှစ၍ သူတစ်ပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုသည်ကိုလည်း အသက်နှင့်လဲ၍ ကာကွယ်မည်။

(၇) ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်။



(၈) ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

(၉) လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည် တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေး နောင်လာနောင်သား အဆက်ဆက်တို့အပေါ်၌ တည်စေမည်။

ဤ ငါတို့သစ္စာအဓိဋ္ဌာန် မှန်သည်အတိုင်း ငါတို့ ပြည်ထောင်စုသမ္မတ နိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်း။

□

www.burmeseclassic.com

www.burmeseclassic.com

## မျက်မှောက်ခေတ်သုံး မြန်မာကောဇာသက္ကရာဇ် မြန်မာ့ရိုးရာပြက္ခဒိန်ကို စတင်ဖန်တီးခဲ့တာ ဘယ်သူလဲ

ယနေ့မြန်မာနိုင်ငံတွင် သုံးစွဲလျက်ရှိသော မျက်မှောက်ခေတ်သုံး မြန်မာကောဇာသက္ကရာဇ်၊ မြန်မာ့ရိုးရာပြက္ခဒိန်ကို စတင်ဖန်တီးခဲ့သော ပုဂ္ဂိုလ်မှာ ပုဂံမင်းတို့အနက် မင်းဆက် ၂၀ မြောက် ပုဂံနိုင်ငံကို အုပ်စိုးခဲ့သော ပုပ္ပါးစောရဟန်းမင်း ဖြစ်ပါသည်။

ပုပ္ပါးစောရဟန်းမင်းသည် မြန်မာဗေဒင်အတတ်ကို နှံ့စပ်ကျွမ်းကျင်သူဖြစ်၏။ အသက် ၆၆ နှစ်အရွယ် အိုမင်းသော အချိန်မှ ထီးနန်းရသော မင်းဖြစ်၍ အသက်အကြီးဆုံး စံချိန်ရှင်ဖြစ်၏။ မင်းစည်းစိမ်ကို ၂၇ နှစ်ကြာခံစားပြီး အသက် ၉၃ နှစ်အရွယ်တွင် ကံတော်ကုန်လေ၏။ ပုပ္ပါးစောရဟန်းမင်းသည် တနင်္ဂနွေနေ့တွင် မွေးဖွား၍ "ပါမစုတ်သား မင်းတရား" ဟူ၍လည်း အမည်တွင်၏။



ထို့ပြင် 'သဃ်ရာဇ်မင်း၊ သဃ်ရာဇာ၊ သိဃ်ရာဇ်၊ သထုံ' ဟူသော အမည်များကိုလည်း ပိုင်ဆိုင်ထား၏။ သူသည် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူ မဟုတ်ပေ။ စာပေကျမ်းဂန်အတတ်နှင့် လောကီအတတ်ပညာတို့တွင် အလွန်ကျွမ်းကျင်တတ်မြောက်သူဖြစ်၏။ ဗေဒင်၊ နက္ခတ်အတတ်ပညာတွင် လွန်စွာ ထူ ချွန်သူဟူ၍ ရာဇဝင်၊ သမိုင်းစာပေများ၌ အဆိုရှိပေသည်။

သူ တိုင်းပြည်ကို စိုးစံအုပ်ချုပ် မင်းလုပ်စဉ်ကာလအတွင်း ပုဂံပြည်သည် အလွန်စည်ပင်၍ အေးချမ်းသည်ဟု ဆို၏။ ဤ၌ သမိုင်းတွင်လောက်သော လုပ်ရပ်ဖြစ်၍ ကာလတစ်လျှောက် မြန်မာနိုင်ငံသားများ သုံးစွဲနေရသော ပြက္ခဒိန်ကို စတင်ဖန်တီးကာ သုံးစွဲစေ၏။ ပြက္ခဒိန်ဟူသည် မိမိတို့ မြန်မာနိုင်ငံတည်းသာ မဟုတ် ကမ္ဘာအရပ်ရပ်ရှိ လူမျိုးအသီးသီးသည်လည်း ပြက္ခဒိန်ကို အသုံးပြုကြ၏။ ပြက္ခဒိန်ကြောင့်ပရိစ္ဆေဒကြာမြင့်သည့် နှစ်ကာလ၊ ရာသီ၊ လ၊ နေ့ရက်တို့ကို သိရှိနိုင်ကြ၏။ မှတ်သားနိုင်ကြ၏။ မြန်မာက 'သက္ကရာဇ်' ဟူ၍ သုံးသကဲ့သို့ အနောက်နိုင်ငံသားများက (ခရစ်တော်မွေးဖွားခြင်းကို အစွဲပြု၍) 'ခရစ်နှစ်' ဟု သုံးကြ၏။ မြန်မာတွင် ကောဇာသက္ကရာဇ်၊ သာသနာသက္ကရာဇ်ဟူ၍ ရှိကြ၏။

ပုပ္ပါးစောရဟန်းမင်းသည် လောကီပညာအတတ်နှင့် မင်းရာဇာတို့၏ဆရာအဖြစ် ရပ်တည်သူလည်း ဖြစ်၏။ ၎င်းစိုးစံသည့်ကာလတွင် သာသနာသက္ကရာဇ်ကတစ်မျိုး၊ သရေခေတ္တရာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမင်းဆက် 'သုပညာ နဂရသိန္ဒ' သက္ကရာဇ်ဖြိုရာ၌ သုံးသော ပြက္ခဒိန်သက္ကရာဇ်ကတစ်မျိုး၊ သင်္ချာ တကောင်းနှယ် သာကီဝင်တို့နှင့် ဓရောဇာသာကီနွယ်တို့ နှစ်ပါးစုံဖက်ပြီး အညာပုဂံမှတစ်ဆင့် ပဉ္စာတကောင်းကို စတင်ထူထောင်၍ 'သတိုးဓမ္မာဒီပရာဇာ' မင်းကြီး သကြိန်တော်ခေါ်၍ ရောဝတီ မြစ်ရေ မဟာသကြိန်နှင့်အတူ နန်းသိမ်းတော်မူသော 'မဟာသကြိန်' ဝါဒက တစ်မျိုးနှင့် အမျိုးမျိုး ကွဲပြားနေကြသည်။

ထိုအခါ သင်္ချာဇာ ပုပ္ပါးစောရဟန်းမင်းက ဗေဒင်နက္ခတ် အတတ်နှင့် ကိုယ်တိုင်တွက်စစ်လေရာ ခဆပဥ္စကိန်း ကြုံကြိုက်နေကြောင်း တွေ့ရှိရလေ၏။ ဤတွင် အနယ်နယ်အရပ်ရပ်မှ ဗေဒင်နက္ခတ်ပညာရှင်များကို နန်းတွင်းသို့ပင့်ဆောင်ပြီး ညှိနှိုင်းတွက်စစ်ကြလေ၏။ ထို့နောက် 'သကြိန်ကျချိန်၊ အတာတက်ချိန်၊ ဝါဆိုလပြည့်၊ ဝါထပ်ရက်ငင်ကြီးငယ် ဖြစ်ရပ်' စသည်တို့ကို တွက်ချက်ပြီး ၎င်းကာလတွင် သုံးသော သက္ကရာဇ်မှ ၅၆၀ ကို ဖြို၍ အကြွင်း ၂ ကိုထားကာ သက္ကရာဇ်အသစ်ကို စတင်ခဲ့၏။ ထိုသက္ကရာဇ်ကို အခြေတည်၍ ပြက္ခဒိန်ကိုပြုစုကာ နိုင်ငံအဝှမ်း စတင်သုံးစွဲလေ၏။

ပုပ္ပါးစောရဟန်းမင်း၏ မြန်မာပြက္ခဒိန်ကား ယနေ့ မျက်မှောက်ကာလတိုင် တည်ရှိနေဆဲ ဖြစ်ပါသတည်း။

❐

## မြန်မာနိုင်ငံမှာ မိန်းမရထား မိန်းသဘောတွေကို ပထမတန်းကနေပြီး အခမဲ့စီးနင်းခွင့်ရတဲ့ ကျောင်းအမကြီးဆိုတာ ဘယ်သူလဲ

မြန်မာနိုင်ငံ၌ နေရာအနှံ့ မီးရထား၊ မီးသင်္ဘောတို့အား ပထမတန်းမှ အခမဲ့စီးနင်းခွင့်ရသည့် ကျောင်းအမကြီးဆိုသူမှာ ကိုယ်ကျိုးစွန့်၍ ဘိုးဘွားရိပ်သာများအား ပထမဆုံး တည်ဆောက်လှူဒါန်းခဲ့သည့် ဒေါ်ဦးဖွန်း ဖြစ်ပေသည်။

ဘဝရှင် မင်းတုန်းမင်းတရားကြီးလက်ထက်၊ ရတနာပုံနေပြည်တော်၌ အဘပိုးကုန်သည်ကြီး – ဦးအီ၊ အမိ ဒေါ်မျှင်တို့မှ ၁၂၃၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း (၅) ရက်၊ သောကြာနေ့၌ ဖွားမြင်ခဲ့သည့် တစ်ဦးတည်းသောသမီး ဒေါ်ဦးစွန်းသည် ၁၂၆၀ ပြည့်နှစ်၊ အသက် (၃၀) အရွယ်တွင် မန္တလေးမြို့၊ ဗုဒ္ဓမြားဆရာတော်ဘုရားကြီးအား အုတ်ကျောင်း ဆောက်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုအချိန်မှစ၍ 'ပဒ္မြားအုတ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအမ ဒေါ်ဦးဖွန်း’ ဟူ ၍ လူသိများလာခဲ့သည်။ စီးပွားရေးလုပ်ငန်းများ မည်မျှပင် တိုးတက်ကောင်းမွန်လာစေကာမူ မိဘများအား လွမ်းဆွတ်သောစိတ်ကြောင့် စီးပွားရေးလုပ်ငန်းများ၌ မပျော်ပိုက်ခဲ့။ သို့ဖြင့် ရန်ကုန်မြို့သို့ စိတ်ပြေလက်ပျောက် ဆင်းလာခဲ့သည်။ ကန်တော်ကလေးရပ်ရှိ ပြင်သစ်သူနာပြု လူအိုရုံများသို့ သွားရောက်ကြည့်ရှုရာမှ သားထောက်သမီးခံ မရှိသော လူအိုများကို မိဘများကိုယ်စား စောင့်ရှောက်ကျွေးမွေးရသော် သင့်မည်ဟု အကြံဖြစ်ပေါ်လာသည်။

ဤ၌ ဗုဒ္ဓဘာသာဝင် မြန်မာလူအိုများအနေဖြင့် ပြင်သစ်သာသနာပြုလူအိုရုံများ၌ ခိုလှုံပါက ဘာသာရေးအခက်အခဲများ ဖြစ်ပေါ်နိုင်သည်ကို ဆင်ခြင်တွေးဆကာ မိမိတို့ဆန္ဒရှိသော ဘာသာကို လွတ်လပ်စွာ ကိုးကွယ်နိုင်ရန် လူအိုရုံများ စောင့်ရှောက်ရေးဌာနတစ်ခု ဖွင့်လှစ်မည်ဟူသော အကြံဖြစ်ပေါ်လာခဲ့သည်။ သို့ဖြင့် မန္တလေးသို့ ပြန်ရောက်သောအခါ စစ်ကိုင်းတောင်ရိုးရှိ အရိယမဂ္ဂင်ချောင် ဆရာတော်ကြီးကို လျှောက်ထား၍ မင်းကွန်းခေါင်းလောင်းကြီး တည်ရှိရာအနီးတွင် ဘီအိုင်အေဦးမောင်ကြီး၊ ဦးဘချမ်းတို့နှင့်အတူ (၁၂၇၈) ခုနှစ်၌ ဒေါ်ဦးဖွန်းကိုယ်တိုင် ခုတ်ထွင်မြေညှိပြီး ကမ္မဋ္ဌာန်းကျောင်းသုံးကျောင်း စတင်ဆောက်လုပ်လျက် လူအိုရုံကို စတင်တည်ထောင်ခဲ့သည်။

ကနဦး၌ အဘိုးအိုတစ်ယောက် အဘွားအိုသုံးယောက်ကို လက်ခံ၍ ဒေါ်ဦးဖွန်းကိုယ်တိုင် အဖော်မိန်းကလေးတစ်ဦးနှင့် ဝတ်ကြီးဝတ်ငယ် ပြုစုလျက် စောင့်ရှောက်ခဲ့ရာ ၁၂၈၀ ပြည့်



နှစ်သို့ ရောက်လေသော် လူအိုပေါင်း ၂၀ ခန့်ကို လက်ခံစောင့်ရှောက်နိုင်သည့် အခြေသို့ ရောက်ရှိခဲ့၏။ ထိုကာလအတွင်း ဒေါ်ဦးဖွန်းသည် မိမိ၏ကိုယ်ပိုင်ငွေဖြင့်ပင် ပြုစုပျိုးထောင်၍ အလှူပါဝင်လိုသူများထံမှ သဒ္ဓါကြေး လက်ခံကာ လူအိုရုံအသင်း (ဝါ) ဘိုးဘွားရိပ်သာအသင်းကို စတင် တည်ထောင်ခဲ့သည်။ မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံလုပ်ငန်းမှာ ထမြောက်အောင်မြင်မှု ရရှိလာသောအခါ ဒေါ်ဦးဖွန်းသည် မူလရည်ရွယ်ချက်အတိုင်း ၁၂၈၉ ခုနှစ်တွင် သထုံမြို့၌လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန်မြို့ နှင်းဆီကုန်း၌လည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့၌လည်းကောင်း အသီးသီး လူအိုရုံ (ဝါ) ဘိုးဘွားရိပ်သာများကို မိမိပိုင်ငွေဖြင့် မတည်၍ ဖွင့်လှစ်ခဲ့သည်။ တစ်ဖန်ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်း စုစုပေါင်း နှစ်သိန်းခန့်ကို လူအိုရုံများသို့ လှူဒါန်းလိုက်လေ၏။

ထို့နောက် ၁၂၉၀ ပြည့်နှစ်၊ အသက် (၆၀) အရွယ်တွင် ပေါင်းတည်မြို့ လူအိုရုံ၌ ဝတ်ကြောင်ကို စွန့်လွှတ်၍ သီလရှင်ဝတ်လိုက်သည်။ သီလရှင်ဘွဲ့အမည်မှာ ‘ဘွားသုမာလာ’ ဖြစ်၏။ သို့ရာတွင် ဒေါ်ဦးဖွန်းအမည်ဖြင့်ပင် ထင်ပေါ်ကျော်ကြားလေ၏။ ကျောင်းအမကြီးဒေါ်ဦးဖွန်း၏ ကိုယ်ကျိုးစွန့်လွှတ်၍ တိုင်းကျိုးပြည်ကျိုးဆောင်သော လုပ်ငန်းကို အသိအမှတ်ပြုသောအားဖြင့် အင်္ဂလိပ်အစိုးရက ‘တီပီအက်စ်’ ခေါ် တိုင်းကျိုးပြည်ထောင်ဘွဲ့ကို ချီးမြှင့်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူအိုရုံများ (၀၁) ဘိုးဘွားရိပ်သာများ၏မိခင်၊ ကျောင်းအမကြီးဒေါ်ဦးဇွန်းသည် လူအိုဘိုးဘွားများအတွက် မိမိပိုင် ပစ္စည်းပစ္စယံများနှင့် အထွေထွေလုပ်ငန်းများကို (၂၈) နှစ်တာကာလ ပတ်လုံး ပေးအပ်ဆောင်ရွက်ခဲ့ပြီးနောက် ၁၃၀၆ ခုနှစ်၊ ကဆုန် လပြည့်ကျော် (၅) ရက်၊ အသက် (၇၆) နှစ် အရွယ်၌ မင်းကွန်း လူအိုရုံတွင် တစ်ဘဝစာချုပ်ငြိမ်းသွားခဲ့သည်။

❒

## မြန်မာ့ကာတွန်းဇာတ်လမ်းရုပ်ရှင်တွေရဲ့ လမ်းကြောင်းဟာ ဘယ်လိုရှိခဲ့သလဲ

မြန်မာ့ရုပ်ရှင်လောက၌ ကာတွန်းဇာတ်လမ်းရုပ်ရှင်ကားများ ပေါ်ပေါက်ခဲ့ဖူးသည်။ မြန်မာ့ကာတွန်း ရုပ်ရှင်၏လမ်းကြောင်းကို သုံးသပ်ကြည့်လျှင် ကြော်ငြာဖြင့် စတင်တာထွက်ခဲ့ကြောင်း တွေ့ရှိရပေသည်။

အကြောင်းမှာ ဦးရွှေရိုးအမည်ခံ ကာတွန်းဆရာကြီး ဦးဘ ကလေးက 'အိန်အန်တောင် ဗလရှင်ဆေးပြား' ကြော်ငြာကို ကာတွန်းရုပ်ရှင်ဖြင့် ၁၉၂၇ ခုနှစ်တွင် စတင်ရိုက်ကူးပြသခဲ့ သောကြောင့် ဖြစ်၏။ သို့ရာတွင် ပထမဆုံး ကာတွန်းဇာတ်လမ်း ရုပ်ရှင်ကားမှာ ၁၉၂၉ ခုနှစ်တွင် ကာတွန်းဆရာကြီးဦးဟိန်စွန်း နှင့် စာရေးဆရာဇဝနတို့ ရေးဆွဲကြသော 'ဦးကလိန်' ဟာ သရုပ်ဖော်ကာတွန်းကား ဖြစ်သည်။ ဗန္ဓုလရုပ်ရှင်မှ ရိုက်ကူးထုတ် လုပ်ပြီး ဇာတ်လမ်းသဘောမသက်ဝင်ဘဲ ရည်းစားမျှော်သီချင်း

www.burmeseclassic.com

www.burmeseclassic.com



အား လိုက်ဆိုတေး (ယခုခေတ် ကာရာအိုကေကဲ့သို့) အဖြစ် ရေးဆွဲရိုက်ကူးထားသည့် ကာတွန်းတိုကလေးမျှသာ ဖြစ်ပေ၏။

မြန်မာ့ ပထမဆုံး ကာတွန်းဇာတ်လမ်းရုပ်ရှင်ဟု ခေါ်ဆိုနိုင်သည့် 'ခင်ခင်တွန့်' ခေါ် 'မိုက်ခဲဟော့' အမည်ရှိ ဇာတ်ကားကို ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ ၁၉၃၄ ခုနှစ်ဦးပိုင်းတွင် ရိုက်ကူးထုတ်လုပ်ခဲ့သည်။ ထိုဇာတ်ကားပါ ကာတွန်းပုံများကို ဆရာကြီး ပျဉ်းမနားဦးလှက ရေးဆွဲသည်။ ကာတွန်းဇာတ်ကားမှ မင်းသား၏ အမည်မှာ မိုက်ခဲဖြစ်ပြီး မင်းသမီး၏အမည်မှာ ခင်ခင်တွန့်ဖြစ်သည်။ ထိုနှစ် အောက်တိုဘာလအတွင်း ရုံတင်ပြသသည့် 'ဣတ္ထိယ' အသံထွက်ဇာတ်ကားနှင့် 'နောက်ပိုးရှူး' ဇာတ်လမ်းနှစ်ခုပေါင်းပြသည့် စတားရုံ၌ ပူးတွဲပြသခဲ့သည့် ကာတွန်းကားဖြစ်သည်။

၁၉၃၄ ခုနှစ်အတွင်းမှာပင် ပဲရော့ရုပ်ရှင်မှ 'ကြက်တောင်ကွ' ကာတွန်း ဇာတ်လမ်းကားတစ်ကား ရိုက်ကူး ထုတ်လုပ်ခဲ့သည်။ ထိုကားအတွက် ကာတွန်းရုပ် ရေးဆွဲသူတို့မှာ ယခင် ဦးကလိန်ကာတွန်းကား ရေးဆွဲသူ ဦးဟိန်စွန်းနှင့် နာမည်ကျော် ကာတွန်းဆရာကြီး ဦးဘဂျမ်းတို့ ဖြစ်သည်။ ယခုခေတ် စူပါမင်း ဇာတ်ကားမျိုးကဲ့သို့ မိုးပျံမြေလျှိုးသည့် လူစွမ်းကောင်း ဇာတ်ကားမျိုးဖြစ်၍ ရုပ်ရှင်ဝါသနာအိုးများ အကြိုက်တွေ့သည့် ကားတစ်ကားဖြစ်သည်။ ထိုကားကို ၁၉၃၄ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ပလာဇာရုံ (နောင် ရာဇ်ရုံ၊ ရဲရင့်ရုံ၊ ဆကုရ) တွင် 'သတင်းထောက်' ဇာတ်ကားနှင့်အတူ ပြသခဲ့သည်။



နောက်ကာတွန်းကား တစ်ကားမှာ ပဲရော့ရုပ်ရှင်မှ ရိုက်သည့် 'အသူရာ' အမည်ရှိ ကားဖြစ်သည်။ ကာတွန်းဦးဟိန်စွန်းနှင့် ဦးဘဂျမ်းတို့ကပင် ရေးဆွဲ၍ ၁၉၃၅ ခုနှစ်တွင် ရိုက်ကူးထုတ်လုပ်ပြသသည့် ကားဖြစ်သည်။ 'ကြက်တောင်ကွ' နှင့် 'အသူရာ' ဇာတ်ကားနှစ်ကားစလုံးမှာ ဖလင်ပေနှစ်ထောင်ခန့်ရှိ၍ ၁၅ မိနစ်ကျော်၊ မိနစ် ၂၀ ခန့်သာ ပြသသည့် ကားများဖြစ်သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဆုံး အမျိုးသမီးဝန်ကြီးဆိုတာ ဘယ်သူလဲ

ဝန်ကြီးဟူသည့် ရာထူးသည် မြန်မာရာဇဝင်၌ ညောင်ရမ်းခေတ်မှ စတင်ပေါ်ပေါက်ခဲ့ကြောင်း မှတ်သားရသည်။

ခရစ်နှစ် ၁၆၃၈ ခုနှစ်၌ နန္ဒမိတ်နှင့် ဗညားကျန်းတောတို့ နှစ်ယောက်ကို ဝန်ကြီးစခန့်သည်ဟူ၍ 'အင်ရုံစာတမ်း' က ဆို၏။ ထိုခေတ်မတိုင်မီက ဆိုပါလျှင် 'နန်းတွင်းအမတ်' ဟူ၍သာ သုံးနှုန်းခဲ့ကြသည်။ အများအားဖြင့် နန်းတွင်း ထိပ်တန်း အရာရှိရာထူးများအား အမျိုးသားတို့ကိုသာ ခန့်အပ်လေ့ရှိကြ၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပေါ်ပေါက်ခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၌ ပထမဆုံးသော အမျိုးသမီးဝန်ကြီးတစ်ဦး ပေါ်ပေါက်ခဲ့၏။

ထိုအမျိုးသမီး၏အမည်ကား "မစ္စက်ဘမောင်ချိန်" ဖြစ်လေ၏။



၁၉၅၂ ခုနှစ်၊ မတ်လ၌ ပထမဆုံးရွေးကောက်ပွဲနှင့် တက်လာသည့် အမတ်များနှင့် အစိုးရအဖွဲ့ကို ဖွဲ့ခဲ့၏။ ဤ၌ ကရင်ပြည်နယ်ဝန်ကြီးအဖြစ် မစ္စက်ဘမောင်ချိန်ကို ခန့်အပ်ခဲ့ခြင်း ဖြစ်၏။ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်သည် ဦးနုဖြစ်၏။ ဝန်ကြီး မစ္စက်ဘမောင်ချိန်သည် ၁၉၅၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကရင်ပြည်နယ်ဝန်ကြီးအဖြစ် နိုင်ငံတော်သမ္မတကြီး ဦးဘဦး ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ရ၏။

ကရင်ပြည်နယ်ဝန်ကြီး မစ္စက်ဘမောင်ချိန်သည် ခင်ပွန်းဖြစ်သူဘမောင်ချိန်အမည်နှင့်ပင် ထင်ရှားခဲ့သူ ဖြစ်၏။ သူ၏ အမည်ရင်းမှာ ကလယ်ရီဗဲလ်အိုင်ရင်းဖိုး ဖြစ်၏။ ပုသိမ်မြို့၌ ဒေါက်တာစံစီဖိုးနှင့် ဒေါ်အေမီလူနီတို့မှ ၁၉၀၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ဖွားမြင်ခဲ့၏။ ၁၉၃၅ ခုနှစ်တွင် လမ်းအရေးပိုင် ဦးဘမောင်ချိန်နှင့် လက်ဆက်ခဲ့ရာက မစ္စက်ဘမောင်ချိန် အမည်နှင့် ထင်ရှားခဲ့ခြင်းဖြစ်၏။

မစ္စက်ဘမောင်ချိန်သည် ကရင်တိုင်းရင်းသူတစ်ဦးဖြစ်ပြီး မွေးချင်းခုနစ်ဦးအနက် ပဉ္စမမြောက်ဖြစ်၏။ ငယ်စဉ်က အေဘီအမ် သာသနာပြု အင်္ဂလိပ်ကျောင်းများ၌ ပညာသင်ယူဆည်းပူးခဲ့၏။ ၁၉၂၈ ခုနှစ်တွင် ဂျပ်ဆင်ကောလိပ်မှ ဘီအေဘွဲ့ ရရှိခဲ့၏။ ၁၉၃၀ ပြည့်နှစ်တွင် ဆရာဖြစ်သင် ကောလိပ်မှ လက်မှတ် ရရှိပြီး အထက်တန်းပြအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ အိမ်ထောင်ကျပြီးနောက် ပုသိမ်၊ ပခုက္ကူ၊ ရန်ကုန်မြို့များ၌ ပြောင်းရွှေ့ နေထိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ဘမောင်ချိန်သည် ၁၉၅၂ ခုနှစ်တွင် ဟံသာဝတီခရိုင်မှ အရွေးခံရပြီး အောက်လွှတ်တော်အမတ် ဖြစ်လာခဲ့၏။ ၁၉၅၂ ခုနှစ်၊ ဇူလိုင်လထဲတွင် ပညာရေးဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့နှင့်အတူ အင်္ဂလန်သို့ သွားရောက်ခဲ့သေး၏။ မစ္စက်ဘမောင်ချိန်သည် လူမှုရေးလုပ်ငန်းများ အပြည့်အဝလုပ်ဆောင်နိုင်ရန်အတွက် ၁၉၅၃ ခုနှစ်၊ မတ်လထဲမှာပင် ဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့၏။ **YWCA** ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အာရှတိုက်လုံးဆိုင်ရာ ခရစ်ယာန်အသင်း၏ အမှုဆောင်လူကြီးအဖြစ် လည်းကောင်း၊ လူမှုရေးလုပ်ငန်းများ စေတနာ့ဝန်ထမ်း အသင်းအဖွဲ့များ၌ ပါဝင်လုပ်ဆောင်ခဲ့ပါသည်။

ကရင်တိုင်းရင်းသူ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးဟောင်း မစ္စက်ဘမောင်ချိန် (ကလယ်ရီဗဲလ်အိုင်ရင်းဖိုး) သည် အသက်အရွယ်ကြီး ရင့်လာသည့်အခါ ခင်ပွန်း၊ မြေး၊ မြစ်တို့နှင့်အတူ ယူနီဗာစီတီရိပ်သာ၌ အေးချမ်းစွာ နေထိုင်ရန် လူမှုရေးလုပ်ငန်းများအား တတ်အားသရွေ့ ဆောင်ရွက်သွားခဲ့သည်ဟု သိရှိရပါကြောင်း။

□

## မြန်မာနိုင်ငံမှာ ကျောင်းသားနေ့ ဆိုပြီး ဘယ်တုန်းက ပေါ်ပေါက်ခဲ့သလဲ

မြန်မာနိုင်ငံတွင် 'ကျောင်းသားနေ့' ဟူ၍ ပေါ်ပေါက်ခဲ့ဖူး၏။ ကျောင်းသားနေ့ကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြီး ထိုနေ့သည် ၁၉၃၈ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့၏။ ဖြစ်ပေါ်လာပုံမှာ ကျောင်းသားများသည် ဗြိတိသျှအစိုးရ လက်အောက်တွင် အခါအခွင့်သင့်တိုင်း လွတ်လပ်ရေးအတွက် ဆန္ဒပြခြင်း၊ တောင်းဆိုခြင်း၊ ကြွေးကြော်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။

ထို ၁၉၃၈ ခုနှစ်တွင် ဝန်ကြီးချုပ်ဒေါက်တာဘမော် ခေါင်းဆောင်သော ညွန့်ပေါင်းအစိုးရလက်ထက် ထိုနှစ် နိုဝင်ဘာလ ၃၀ ရက် (သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၉ ရက်) နေ့တွင် ရေနံမြေသပိတ်ကြီး ပေါ်ပေါက်ခဲ့၏။ သပိတ်သမား ၁၂၀၀ ကျော်တို့သည် အရေးဆိုရင် ရန်ကုန်မြို့သို့

www.burmeseclassic.com

www.burmeseclassic.com



ခြေလျင် ချီတက်ခဲ့ရာ မကွေးသို့ ရောက်လာကြသည်။ မကွေးတွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌကို ဗဟိန်း၊ အတွင်းရေးမှူး ကိုဗဆွေတို့ ရေနံချောင်းကျောင်းသားသပိတ်ကိစ္စအတွက် ရောက်နေကြသည်နှင့် ကြုံကြိုက်နေသည်။ အမျိုးသားအရေးဖြစ်၍ ထိုကျောင်းသားခေါင်းဆောင်နှစ်ဦးက ရေနံမြေသပိတ်ကိစ္စတွင် ကူညီတရားဟောရာ အစိုးရ၏ဖမ်းဆီးခြင်းကို ခံရလေတော့၏။

ထိုအခါ ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းသားကိုယ်စားလှယ်များသည်လည်းကောင်း၊ တက္ကသိုလ်သမဂ္ဂသည်လည်းကောင်း အစည်းအဝေးများ ကျင်းပကာ မိမိတို့၏ ခေါင်းဆောင်များ အဖမ်းခံရသည်ကို ကန့်ကွက်သည့်အနေဖြင့် မြန်မာနိုင်ငံကျောင်းသားများ အားလုံးက ၃ ရက် သပိတ်မှောက်ပေးရန် ဆုံးဖြတ်ကြလေ၏။

ထို့ပြင် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းသားများ စုပေါင်း၍ ရန်ကုန်မြို့၊ အတွင်းဝန်များရုံးကြီးကို ဝိုင်းကာ ဝင်ပေါက်၊ ထွက်ပေါက်ကို ပိတ်လျက် သပိတ်တားကြ၏။ နံနက် ၁၁ နာရီအချိန်တွင် သပိတ်တားပြီး၍ ပြန်ကြရန် လူစုပြီး ရုံးကြီးကို လှည့်ပတ်ကြွေးကြော်ကြသည်။ ထိုသို့ ကြွေးကြော်သော ကျောင်းသားများကို စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း) နှင့် ဖရေဇာလမ်း (ယခုအနော်ရထာလမ်း) ထောင့်တွင် မြင်းစီးပုလိပ်များက မြင်းနှင့်တိုက်၊ တုတ်နှင့်ရိုက်လေ၏။ ကျောင်းသားကျောင်းသူ အများအပြားပင်



ဒဏ်ရာရရှိကြသည်။ ဤတွင် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ယုဒသန်ကောလိပ် ဥပစာအထက်တန်းမှ ကျောင်းသား ကိုအောင်ကျော်မှာ ဦးခေါင်းတွင် ဒဏ်ရာပြင်းစွာရ၍ ကွယ်လွန်သွားခဲ့ရှာလေ၏။

ထိုအခါ ကျောင်းသားလောကနှင့်တကွ တစ်နိုင်ငံလုံး သိမ့်သိမ့်တုန်အောင် လှုပ်ရှားနိုးကြွလာကာ အမျိုးသားစိတ်ဓာတ်များ ပြင်းထန်လာခဲ့ကြသည်။ ကျဆုံးသွားသော ကိုအောင်ကျော်ကိုလည်း တိုင်းပြည်လူထုက 'နေမျိုးသီဟသူရ' ဘွဲ့ဖြင့် ချီးမြှောက်ကြလေ၏။ ကိုအောင်ကျော်၏ဈာပနမှာ မကြုံစဖူး ထူးကဲလှစွာ စည်ကားလှပေ၏။

ဤကဲ့သို့ ကျောင်းသားနှင့် လူထု၏ အမျိုးသားစိတ်ဓာတ်၊ တော်လှန်ရေး စိတ်ဓာတ်တို့ကို တိုးတက်ဖြစ်ပေါ်စေခဲ့သော ဒီဇင်ဘာလ ၂၀ ရက်နေ့ကို အမှတ်တရ ဖြစ်စေရန် 'ကျောင်းသားနေ့' ဟု သတ်မှတ်ခဲ့ကြသည်။ ကျဆုံးရှာသော ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ကို ဂုဏ်ပြုသောအားဖြင့် 'ဗိုလ်အောင်ကျော်နေ့' ဟုလည်း တွင်ပြန်ပါသေး၏။

❒

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံမှာ ပထမဆုံးပြည်ထဲရေးဝန်ကြီး ဖြစ်ခဲ့တာ ဘယ်သူလဲ

မြန်မာနိုင်ငံတွင် ပထမဆုံး ပြည်ထဲရေးဝန်ကြီး ဖြစ်ခဲ့သူမှာ 'ဆာမောင်ခင်' ဖြစ်၏။

ဆာမောင်ခင်ကို ရန်ကုန်မြို့ ပုဇွန်တောင်ရပ်၊ မြေပိုင်ရှင်၊ အမှုထမ်းကောင်း တံဆိပ်တော်ရမင်း ဦးဘိုးကျော်နှင့် ဒေါ်ကြာနှင်းတို့မှ ခရစ်နှစ် ၁၈၇၂ ခုနှစ်တွင် ဖွားမြင်ခဲ့၏။ ငယ်စဉ်က ရန်ကုန်မြို့ စိန်ပေါကျောင်းတွင် ပညာသင်ပြီးနောက် ရန်ကုန်ကောလိပ်၌ ဆက်လက်ပညာသင်ယူခဲ့ပြန်ရာ အက်(ဖ)အေစာမေးပွဲကို အောင်မြင်ခဲ့လေသည်။ ထို့နောက် အင်္ဂလန်ပြည်သို့ သွားရောက်၍ ဝတ်လုံအတတ်ကို ဆည်းပူးလေ့လာသည်။ ၁၈၉၈ ခုနှစ်တွင် မစ်ဒဲတင်ပယ်မှ ဝတ်လုံအတတ်ကို ဆည်းပူးလေ့လာသည်။ ၁၈၉၈ ခုနှစ်တွင် မစ်ဒဲတင်ပယ်မှ ဝတ်လုံစာမေးပွဲကို အောင်မြင်ခဲ့သည်။



ဆာမောင်ခင်သည် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိပြီးနောက် နှစ်ပေါင်း အတော်ကြာအောင် ဝတ်လုံဘဝနှင့် အသက်မွေးခဲ့သည်။ ထိုအတောအတွင်း၌ ရန်ကုန်ကောလိပ်တွင် ဥပဒေကထိကဆရာအဖြစ်ဖြင့် ခေတ္တဆောင်ရွက်ခဲ့ဖူးသည်။ ထို့နောက် အစိုးရရှေ့နေချုပ်၏ လက်ထောက်အဖြစ်ဖြင့် ခန့်ထားခြင်း ခံရသည်။ ထိုမှတစ်ဆင့် ရန်ကုန်မြို့ စမော်ကော်ရုံးကြီးတွင် တရားသူကြီးအဖြစ် ခန့်အပ်ခြင်းခံရသူဖြစ်လေသည်။ သူသည် မြန်မာထဲမှ အဆိုပါရာထူးကို ပထမဆုံး ခန့်အပ်ခြင်း ခံရသူဖြစ်လေသည်။

ထို့နောက်မျှားမကြာမီ တရားသူကြီးအဖြစ်မှ နုတ်ထွက်၍ ဒုတိယအစိုးရ ရှေ့နေချုပ်အဖြစ် ထမ်းရွက်ပြန်သည်။ ဒုတိယအစိုးရရှေ့နေချုပ်အဖြစ် ဆောင်ရွက်နေစဉ် ချိုကုတ်ခေါ် တရားလွှတ်တော်၌ မြန်မာထဲမှ ပထမဆုံး တရားဝန်ကြီးအဖြစ် ခန့်အပ်ထားခြင်း ခံရလေသည်။ ၁၉၂၂ ခုနှစ်တွင် မြန်မာပြည်ချိုကုတ်ကို ဟိုက်ကုတ်အဖြစ်သို့ တိုးမြှင့်လိုက်ရာ ဆာမောင်ခင်မှာ ဟိုက်ကုတ်တရားဝန်ကြီး တစ်ဦးဖြစ်လာခဲ့သည်။

၁၉၂၃ ခုနှစ်၌ မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ပေးလိုက်သောအခါ ဆာမောင်ခင်အား 'ပြည်ထဲရေးဝန်ကြီး' အဖြစ် ခန့်အပ်ခဲ့လေသည်။ ၁၉၂၄ ခုနှစ်တွင် ကေ၊ စီ၊ အိုင်၊ အီး ခေါ် ဆာဘွဲ့ကို မြန်မာထဲမှ ပထမဆုံး ချီးမြှင့်ခြင်း ခံရသူဖြစ်ပေသည်။ ဆာမောင်ခင်သည် ၁၉၀၁ ခုနှစ်၌ အိမ်ထောင်ပြုခဲ့၏။ ဇနီးဖြစ်သူမှာ ရန်ကုန်မြို့ သမာဓိမြို့ဝန် ဦးဖိုး ခေါ်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ရွက်တို့၏ သမီးကြီး ဒေါ်ခင်သန်း မေဖြစ်ပြီး သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့လေသည်။

ဆာမောင်ခင်သည် ရန်ကုန်မြို့ ကန်တော်ကြီးစောင်းရှိ အိုရီယင့်ကလပ်ကို စတင်တည်ထောင်သူတစ်ဦးဖြစ်သည့်အပြင် ထိုကလပ်၌ ပထမဆုံး ဥက္ကဋ္ဌလည်း ဖြစ်ပေသည်။ ရန်ကုန်မြို့ မြင်းပွဲကြီးအသင်းတွင် စတူးဝပ်လူကြီးအဖြစ်ဖြင့် လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ သုတေသနအသင်းကြီးတွင်လည်း ထိရောက်စွာ ကူညီဆောင်ရွက်ခဲ့ပေသည်။

ဆာမောင်ခင်သည် အသားညို၍ အရပ်အမောင်းကောင်းပြီး လျှင် ခံ့ညားသော ဥပမိရုပ်ရှိသူဖြစ်၏။ အားလပ်ချိန်များတွင် မြင်းစီးခြင်း၊ ပန်းပင်စိုက်ခြင်းများကို ပြုလုပ်လေ့ရှိသည်။ မြင်းပြပွဲ၊ ခွေးပြပွဲနှင့် ပန်းပင်ပြပွဲ ပြိုင်ပွဲများကို ဦးစီးကျင်းပလေ့လည်း ရှိ၏။ ဆာမောင်ခင်မှာ နိုင်ငံရေးသမားတစ်ဦး မဟုတ်ခဲ့သော်လည်း အုပ်ချုပ်ရေးဘက်တွင် တတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ အဂတိလိုက်စားခြင်းမှ ကင်းရှင်းသဖြင့် တရားသူကြီးကောင်းတစ်ဦးအဖြစ် ကြည်ညိုလေးစားခြင်းကို ခံရ၏။

ဆာမောင်ခင်သည် ပြည်ထဲရေးဝန်ကြီးအဖြစ် ဆောင်ရွက်နေစဉ် ၁၉၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ ကွယ်လွန်ခဲ့ပါကြောင်း။

❐

# မြန်မာ့ဇာတ်သဘင်လောကမှာ ကတုံးကြောင့်စပြီး နာမည်ကြီးသွားခဲ့တာ ဘယ်မင်းသားလဲ

မြန်မာ့ဇာတ်သဘင်လောကတွင် ကတုံးကြောင့်စပြီး နာမည်ကြီးသွားသော ပုဂ္ဂိုလ်မှာ ဇာတ်မင်းသား (ဦး) စိန်ကတုံးဖြစ်ပါသည်။

တစ်နှစ်တွင် သူသည် မော်လမြိုင်သို့ သွားရောက်ကပြခဲ့ရာ ...တ်များမိခဲ့သဖြင့် သက်သာပျောက်ကင်းသည့်အခါဝယ် ဆံပင်... ကျွတ်လေရာ ခေါင်းတုံးရိတ်လိုက်ရတော့၏။ (ထိုစဉ်က ...၏ ဇာတ်မင်းသားအမည်မှာ မောင်ဖိုးထွန်းဖြစ်သည်။)မင်းသား ...ာင်ဖိုးထွန်းလည်း ဇာတ်ပွဲကပြရာ၌ နာလန်ထစဖြစ်နေ၍ ပဝါ ...ပေါင်းနှင့် ထွက်လာခဲ့၏။ ထုံးစံအတိုင်း ဇာတ်သေတ္တာ... ...င်လျက် ခွန်းထောက်အား–

www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာခါ လူ့ကိုယ်ဖြင့် ချုံးလျက်ပါပဲ... ပွဲတော်မှာ အားကုန်ရှန်းရတယ်။ ကျွန်တော့်ကို ရှုပါတော့... ဟောဗျာ... ဖန်ကတုံး"

ဟု ဆိုပြီးလျှင် ဦးခေါင်း၌ ပတ်ထားသော ပဝါအား ချွတ်လိုက်ရာ ပရိသတ်များ ပွဲကျသွားလေ၏။

"ကတုံးမင်းသားဟေ့... ကတုံးမင်းသား၊ ဖန်ကတုံးဟေ့ စိန်ကတုံးဟေ့"

ဟူ၍လည်း မော်လမြိုင်မြို့သူမြို့သားများ ပါးစပ်တွင် ခေတ်စားသွားသဖြင့် ထိုမှစတင်၍ စိန်ကတုံးဟု အမည်တွင်လေတော့၏။

ဦးစိန်ကတုံးသည် အဖ ဆိုင်းဆရာ ဦးကျော်ဦး၊ အမိ ဒေါ်သစ်တို့၏ သားဖြစ်၏။ ၁၂၃၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ စနေနေ့တွင် ညောင်တုန်းမြို့၌ ဖွားမြင်၍ ငယ်မည်မှာ မောင်ထွန်းလုဟူ၍လည်းကောင်း ခေါ်ကြ၏။ ငယ်ရွယ်စဉ် ကပင် ပလွေ၊ ပတ္တလား၊ ဒိုးပတ်၊ အိုးစည်၊ ဗုံရှည်တို့ကို တီးမှုတ်တတ်သည့်အပြင် ပွဲတော်များ၌ အိုးစည်အက၊ ဒိုးပတ်အက၊ ဗုံရှည်အကတို့တွင် အရွယ်နှင့်မမျှအောင် ကပြတတ်သဖြင့် ကျောင်းသားဘဝ၌ပင် လူအများ၏ချီးမွမ်းခြင်းကို ခံရလေသည်။ ဆယ့်နှစ်နှစ်သားအရွယ်မှစ၍ ညောင်တုန်းမြို့ အရပ်ဇာတ်များတွင် မင်းသားအဖြစ်ဖြင့် ကပြခဲ့သည်။

ကျောင်းမှထွက်သောအခါ ဆရာမွန်းကြီးထံ တပည့်ခံ၍ ဆရာနှင့်အတူ ဇာတ်ကရာ လိုက်ပါလျက် သဘင်ပညာကို



သင်ယူလေ၏။ ၁၂၅၂ ခုနှစ်သို့ ရောက်လေသော် ဇာတ်ပွဲကို တည်ထောင်လေ၏။ ရန်ကုန်တွင် ကပြလေသောအခါ ပုဇွန်တောင် ရပ်ကွက်မှ စပါးပွဲစားကြီး မောင်သာဝေက ဇာတ်ကြီး တည်ထောင်ပေးသည် ဆို၏။ မန္တလေးသို့ လွတ်၍လည်း အိနောင် ဦးစံတုတ်ထံတွင် ယိုးဒယားကနည်းများကို သင်စေသည်ဟုလည်း အဆိုရှိလေသည်။

ဦးစိန်ကတုံးသည် အပြောအဆိုတွင် အနည်းငယ် ထစ်တတ်သည်ဟူ၏။ သို့သော် ပရိသတ်ကျေလောက်အောင် အပြောကောင်းသည့်အပြင် ယိုးဒယားအက အလွန်ကောင်းသောကြောင့် နာမည်ကြီးလာလေ၏။ မင်းသားကလေးဘဝတွင် အသံပျက်သွားရာ သီချင်းကောင်းစွာ မဆိုနိုင်သည့်အတွက် ခါးတောင်းကျိုက် မင်းသား (ဝါ) မင်းသားလတ်လုပ်၍ 'ဝိဋူဍူပ'၊ 'အင်္ဂုလိမာလ'၊ 'ထိလပ်ပိုးအူ'၊ 'ခြေရာတစ်တောင် မောင်မဲခေါင်'၊ 'သူခိုးငတက်ပြား'၊ 'ရွှေမော်ဓော်မှာ နားထွင်းခန်း'၊ 'တပင်ရွှေထီး' စသော ဇာတ်ထုပ်များကို ကပြခဲ့၏။ ဤ၌ လူကြိုက်များလာသဖြင့် ဇာတ်မှန်သမျှတွင် ကတောင်းကျိုက်မင်းသား မပါလျှင် မဖြစ်သလောက်ရှိခဲ့သည်။ နောင်အခါတွင် မင်းသားနအဖြစ် ပြန်လည်ကပြ၏။ ၁၂၇၅ ခုနှစ်တွင် မင်းသမီး အောင်ဗလနှင့် တွဲဖက်ကပြရာ နာမည်ကျော်သည်ထက် ကျော်လာခဲ့ပြန်၏။ ၁၂၈၀ ပြည့်နှစ်မှစ၍ ကိုယ်ပိုင်ရှက်ထည်ရုံကြီး တည်ဆောက်ကာ ခေတ်ဆန်သော ဇာတ်မီးမောင်းထိုး၍ ကပြသည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်လှည့်ကပြရာတွင် ပြည်သူများနှင့် အစိုးရပိုင်းကပါ ရွှေတံဆိပ်ဘွဲ့စသော ဆုလာဘ်အမျိုးမျိုးဖြင့် ချီးမြှင့်ခဲ့ကြသည်။

ဦးစိန်ကတုံးနှင့်တွဲဖက်ကပြသော မင်းသမီးများမှာ နာမည်ကျော် အောင်ဗလအပြင်၊ မစမ်းကြည်၊ မကျော်ဗလ၊ မစိန်နွဲ့၊ မသိန်းညွန့် စသူတို့ ဖြစ်ကြ၏။ ဦးစိန်ကတုံး၏ပထမဇနီးမှာ မင်းသမီး မစမ်းကြည်ဖြစ်၍၊ ဒုတိယဇနီးမှာ ဒေါ်ရှင်ဖြစ်၏။ တတိယဇနီးမှာ ဒေါ်စောတင်ဖြစ်လေသည်။ လက်စွဲ လူရွှင်တော်များမှာ နာမည်ကျော်ဦးရွှေအ၊ ဦးမန်းရိပ်၊ ဦးကျော်ရွှဲ၊ ဦးငှက်ရိုးတို့ ဖြစ်ကြ၏။

ဦးစိန်ကတုံးသည် ဇာတ်ပွဲလှည့်လည်ကပြစဉ် မုံရွာမြို့၌ ၁၂၉၂ ခုနှစ်၊ ပြာသိုလပြည့် ၂ ရက်နေ့၌ ကွယ်လွန်အနိစ္စရောက်လေသည်။

□

## မြန်မာသတင်းစာလောကမှာ ပထမဆုံး မြန်မာအမျိုးသမီး သတင်းစာဆရာဆိုတာ ဘယ်သူလဲ

မြန်မာသတင်းစာလောကတွင် အမျိုးသမီးသတင်းစာဆရာအဖြစ်ဖြင့် ပထမဦးစွာ ပေါ်ပေါက်ခဲ့သောပုဂ္ဂိုလ်မှာ အင်ဒီပင်းဒင့်အပတ်စဉ် သတင်းစာအယ်ဒီတာ ဒေါ်စန်းဖြစ်လေသည်။ ၎င်းအား အင်ဒီပင်းဒင့်ဒေါ်စန်းဟူ၍လည်း ခေါ်တွင်ကြ၏။

ဒေါ်စန်းကို ၁၂၄၈ ခုနှစ်၊ တပို့တွဲလ (၁၈၈၆ ခုနှစ်၊ ဖေဖော်ဝါရီလ) ၌ မန္တလေးမြို့၊ ရွှေခြည်ထိုးရပ်ကွက်တွင် အဖဦးဖိန်၊ အမိဒေါ်ရှုတို့မှ ဖွားမြင်ခဲ့ပြီး မွေးချင်း ၅ ဦးအနက် အကြီးဆုံးဖြစ်သည်။ ဒေါ်စန်း၏အမည်ရင်းမှာ မစန်းယုံဖြစ်၏။ ၎င်းအောက်တွင် မစန်းဖုံနှင့် မစန်းရှင်တို့ ရှိကြ၏။ မိဘများ၏အားပေးမှုဖြင့် ငယ်စဉ်ကပင် သဒ္ဒါ၊ သင်္ချိုဟ်တို့၌ လည်းကောင်း၊ ရာဇဝင် မဟာဝင်တို့၌လည်းကောင်း၊ ပျို့၊ ကဗျာ၊ လင်္ကာတို့၌လည်းကောင်း ကောင်းစွာ လေ့လာသင်အံခဲ့ကြရသည်။ ထိုသို့

www.burmeseclassic.com



လေ့လာလိုက်စား သင်အံခဲ့ကြရသဖြင့် ညီအစ်မသုံးဖော်စလုံးပင် ထိုခေတ်ကာလ စာပေနယ်၌ ထင်ရှားကျော်စောခဲ့ကြရာ အထူး ကျော်စောသူမှာ မစန်းယုံ (အင်ဒိပင်းဒင့် ဒေါ်စန်း) ပင် ဖြစ် ပေ၏။

မစန်းယုံသည် အသက် ၁၄ နှစ်အရွယ်တွင် မြန်မာခုနစ် တန်း စာမေးပွဲ၌ အစိုးရပညာတော်သင်ဆုကို ရရှိအောင်မြင်ခဲ့ လေ၏။ ထို့နောက် မော်လမြိုင် မော်တင်လိန်းကျောင်းမှ မူလတန်းဆရာဖြစ် စာမေးပွဲကို အောင်မြင်၍ တောင်ငူမြို့ နော် မန်ကျောင်း၌ ဆရာမအဖြစ် လုပ်ကိုင်ရင်း ထိုကျောင်းရှိ အလယ် တန်းပြဆရာ – ဆရာကြွက်နှင့် အိမ်ထောင်ကျခဲ့၏။ ဤတွင် သမီးတစ်ယောက် သားသုံးယောက် ထွန်းကားခဲ့၏။ မကြာခင် ခင်ပွန်းသည်သည်လည်းကောင်း၊ ဒုတိယနှင့် စတုတ္ထသားသည် လည်းကောင်း ကွယ်လွန်သွားခဲ့သည်။

ဒေါ်စန်းယုံသည် မူလကပင် စာပေ၌ ဝါသနာထုံသူဖြစ်၏။ အိမ်ထောင်မကျမီ ကျောင်းဆရာမဘဝ၌ စတင်၍ သတင်းစာ၊ မဂ္ဂဇင်းများတွင် ဝတ္ထုများ၊ ဆောင်းပါးများကို ရေးသားခဲ့သည်။ ထို့နောက် သူရိယမဂ္ဂဇင်း ဝတ္ထုတိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ် ပြိုင်ရာ 'ခင်စန်းကြည်' ဟူသော ဝတ္ထုအတွက် ပထမဆု ချီးမြှင့် ခြင်းကို ခံရသည်။ ဤတွင် ဆရာကြီးသခင် ကိုယ်တော်မှိုင်းက 'အမျိုးသမီး စာရေးဆရာတစ်ဦး ထူးခြားစွာ ပေါ်ပေါက်လာ သည်' ဟု ဒေါ်စန်းယုံအတွက် လေးချိုးကြီးတစ်ပုဒ် ရေးသား၍ ချီးကျူးခဲ့သည်။ ထိုစဉ်က ဒေါ်စန်းယုံသည် 'ဗုဒ္ဓဘာသာမြန်မာမ'



ဟူသော အမည်ဖြင့်လည်းကောင်း 'ပုဏ္ဏမီ' ဟူသော အမည်ဖြင့် လည်းကောင်း ဝတ္ထုတိုများ ရေးသား၍၊ ပညာ့အလင်းမဂ္ဂဇင်းတွင် မူ 'မာတာလီ နှင့် ဝိသကြုံစကားပြောခန်း နိုင်ငံရေးဆောင်းပါး များ' ကို ရေးသားခဲ့သည်။ သို့ဖြင့်ဒေါ်စန်းယုံဟူသည့် မူလအမည် သည် သတင်းစာလောကသို့ ရောက်လေသော် ကွယ်ပျောက် သွားပြီး ဒေါ်စန်းဟု ထင်ရှားလာသည်။ ပညာရေးဌာနမှ စည်းကမ်းတင်းကြပ်သဖြင့် ဒေါ်စန်းသည် ပညာရေးလောကမှ ထွက်ပြီး သူရိယသတင်းစာအယ်ဒီတာ ဦးဘသန်းနှင့် တစ်ပင် ထူကာ သတင်းစာလောကသို့ တိုးဝင်ရန်အတွက် ရန်ကုန်သို့ ပြောင်းရွှေ့ အခြေချခဲ့သည်။ ကာလအတန်ကြာသော် ဦးဘသန်း နှင့် အဆင်မပြေဖြစ်ကာ ကွာရှင်းပြတ်စဲပြီး မိမိပိုင် ဥစ္စာပစ္စည်း တို့ကို ထုခွဲရောင်းချလျက် လမ်း ၄၀ သို့ ပြောင်းရွှေ့၍ အယ် ဒီပင်းဒင့် – အပတ်စဉ် သတင်းစာကို ၁၉၂၄ ခုနှစ်တွင် စွန့်စား တည်ထောင်ထုတ်ဝေလိုက်လေသည်။

ဒေါ်စန်းအနေဖြင့် မလွတ်လပ်သော လခစားဘဝသို့လည်း ကောင်း၊ မလွတ်လပ်သော အိမ်ထောင်ရှင်ဘဝသို့လည်းကောင်း ပြန်လည်မကျရောက်လိုသော ရည်ရွယ်ချက်ဖြင့် 'အင်ဒီပင်းဒင့်' အမည်ကို ယူခြင်းဖြစ်ပေ၏။

ဒေါ်စန်းသည် မိမိကိုယ်မိမိအားကိုးစိတ်ဖြင့် အင်ဒီပင်းဒင့် အပတ်စဉ်သတင်းစာတွင် ခေါင်းကြီးပိုင်း၊ မရွှေကျေး ဒိုင်ယာရီ၊ ဦးကျာစိအမေးအဖြေခန်း၊ စာတိုက်ခန်း၊ မာတလိနှင့်ဝိသကြုံ နိုင်ငံရေးဆွေးနွေးခန်း စသည်တို့ကို တစ်ဦးတည်းဒိုင်ခံ၍ ရေး

www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။ ထို့ပြင် သတင်းစာကြော်ငြာလိုက်ခြင်း၊ ကြော်ငြာခ ငွေတောင်းခံခြင်းတို့ကိုသာမက သားသမီးတို့၏ စားဝတ်နေရေး ကိုလည်း ကိုယ်တိုင်ပင် လုပ်ဆောင်ရလေသည်။

၁၉၂၉ – ၁၉၃၀ ခုနှစ်တွင် အင်ဒီပင်းဒင့်သတင်းစာ စောင်ရေသည် တိုးတက်လာခဲ့၏။ ဒေါ်စန်းလည်း တစ်ဦးတည်း အလုပ်တွေ မနိုင်မနင်း ဖြစ်လာ၏။ ထို့ကြောင့် ညီမနှစ်ဦး ဖြစ်သော ဒေါ်စန်းဖုံနှင့် ဒေါ်စန်းရှင်တို့ကို ခေါ်ကာ အကူအညီ ရယူရလေ၏။ ဤတွင် ဒေါ်စန်းဖုံသည် 'သော်တာ' အမည်ဖြင့်လည်းကောင်း ဒေါ်စန်းရှင်သည် 'စန္ဒာငွေရည်' အမည်ဖြင့်လည်းကောင်း လိုအပ်သော အခန်းကဏ္ဍများကို ရေးသားပေးရလေ၏။ အင်ဒီပင်းဒင့်–အပတ်စဉ်သတင်းစာသည် ဗြိတိသျှအစိုးရအုပ်ချုပ်ပုံကို ပြင်းထန်စွာ ဝေဖန်သည့်အတွက် သက်ဆိုင်ရာတို့က သတင်းစာတိုက်ကို မကြာခဏ သတိပေးအရေးယူရ၏။

၁၉၃၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ အိန္ဒိယနှင့်မြန်မာ တိုင်းရင်းသားတို့ အဓိကရုဏ်းဖြစ်ကြရာ ဒေါ်စန်း၏ အင်ဒီပင်းဒင့် သတင်းစာတိုက်မှာ အိန္ဒိယလူမျိုးများ၏ ဖျက်ဆီးခြင်းကို ခံရလေတော့၏။

အမျိုးသမီး သတင်းစာဆရာလောက၏ ရှေ့ဆောင်ဖြစ်သော အင်ဒီပင်းဒင့်ဒေါ်စန်းသည် ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။

□

## မြန်မာ့နိုင်ငံရေးသမိုင်းမှာ သမတ အမည်နဲ့ ရှေးဦးစွာ ကျော်ကြားခဲ့တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်သူလဲ

မြန်မာ့နိုင်ငံရေးသမိုင်းတွင် 'သမတ' အမည်ဖြင့် ရှေးဦးစွာ ကျော်ကြားခဲ့သော ပုဂ္ဂိုလ်မှာ 'ဝံသာနု ဦးချစ်လှိုင်' ဖြစ်၏။ နိုင်ငံရေးကို ဆောင်ရွက်ရာ၌ ပြည်သူပြည်သားများ၏ ကြည်ညိုလေးစားခြင်းကို ခံရသဖြင့် ၁၉၂၂ ခုနှစ်နှင့် ၁၉၂၄ ခုနှစ်တွင် သရက်၊ ပေါင်းတည်မြို့များ၌ ကျင်းပခဲ့သော ပြည်လုံးကျွတ်ညီလာခံကြီးများက 'သမတ ဥက္ကဋ္ဌဘွဲ့' ကို အပ်နှင်းကြ၏။ ယင်းအခါမှ အစပြု၍ 'သမတဦးချစ်လှိုင်' ဟု တွင်ခဲ့၏။ ထိုစဉ်က ဦးချစ်လှိုင်အား 'သရဖူမဆောင်းရသော မြန်မာပြည်၏ ရှင်ဘုရင်' ဟုပင် ခေါ်ကြသည်။

နိုင်ငံရေးတရားများကို လှည့်လည်ဟောပြောစဉ် ရောက်လေရာ အရပ်တိုင်း၌ အမျိုးသားများက ရွှေထီးများ၊ ထီးဖြူများ မိုးပေးခြင်း၊ အမျိုးသမီးများက ဆံပင်ကိုဖြန့်၍ လမ်းခင်း

www.burmeseclassic.com

www.burmeseclassic.com



ပေးခြင်း၊ ကရဝိက်ဖောင်များဖြင့် ကြိုဆိုခြင်းများကို ပြုလုပ်ကြသည်။

ဦးချစ်လှိုင်သည် ဝတ်လုံပညာရှင်လည်း ဖြစ်၏။ ဝိုင်၊ အမ်၊ ဘီ အေ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကို ငွေအား၊ လူအားဖြင့် ကူညီခဲ့၏။ ၁၉၁၇ ခုနှစ်မှစ၍ ဇာတိမြေ မော်လမြိုင်မြို့ ဝိုင်၊ အမ်၊ ဘီ၊ အေ အသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၏။ ၁၉၁၉ ခုနှစ်တွင် ပုသိမ်မြို့၌ ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိုင်၊ အမ်၊ ဘီ၊ အေ နှင့် အလားတူအသင်းများ အစည်းအဝေးပွဲ၌ ဦးချစ်လှိုင်အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြ၏။ နောင်နှစ်တွင် ပြည်မြို့၌ ကျင်းပသော အစည်းအဝေးက ဆုံးဖြတ်ခဲ့သည့်အတိုင်း ဂျီ၊ စီ၊ ဘီ၊ အေခေါ် မြန်မာအသင်းချုပ်ပေါ်လာရာ ဦးချစ်လှိုင်ပင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းကို ခံခဲ့ရသည်။ ဦးချစ်လှိုင်သည် မိမိစီးပွားဥစ္စာများကို အနစ်နာခံလျက် မြန်မာ့နိုင်ငံရေးတွင် ရဲဝံ့စွာ ခေါင်းဆောင်မှုကို ပေးခဲ့သည်။

နောင်အခါ အင်္ဂမမြောက် အက်ဒွပ်ဘုရင်ဖြစ်လာသော အင်္ဂလိပ်ဝေလမင်းသားသည် ၁၉၂၁ ခုနှစ်၌ တိုင်းခန်းလှည့်လည်ရာ ရန်ကုန်သို့ မရောက်မီတွင် အင်္ဂလိပ်အစိုးရက ဦးချစ်လှိုင်အား အခြား မြန်မာခေါင်းဆောင်အချို့နှင့်အတူ ဖမ်းဆီး၍ အကျယ်ချုပ်ထားခဲ့လေ၏။

၁၉၂၂ ခုနှစ်၌ ဗြိတိသျှအစိုးရက မြန်မာပြည်အား ဒိုင်အာခီ အုပ်ချုပ်ရေး ပေးသည့်အခါ လက်ခံသင့်၊ လက်မခံသင့်အရေး



နှင့် စပ်လျဉ်း၍ ၁၉၂၃ ခုနှစ်တွင် ဂျီ၊ စီ၊ ဘီ၊ အေ နှစ်ခြမ်းကွဲသွားသည်။ ဦးချစ်လှိုင်သည် သပိတ်မှောက် ဝံသာနု ဂျီ၊ စီ၊ ဘီ၊ အေကို ခေါင်းဆောင်ပြီး မြန်မာပြည်၏ ရှေ့ရေးနှင့် သက်ဆိုင်၍ ကျင်းပသော ဘီလပ်မျက်နှာစုံညီ အစည်းအဝေးများကို ၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်ကြိမ်၊ ၁၉၃၃ ခုနှစ် အောက်တိုဘာလတွင် တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် တက်ရောက်ခဲ့သည်။ ၁၉၃၅ ခုနှစ် ရွေးကောက်ပွဲ၌ အိန္ဒိယပြည်နှင့် တွဲရေး၊ ခွဲရေးပြဿနာ ပေါ်ပေါက်ခဲ့ရာ တွဲရေးဖက်မှ အရွေးခံရသည်။

ထို့ပြင် ဗြိတိသျှခေတ် ဥပဒေပြုကောင်စီ ဥက္ကဋ္ဌအဖြစ်ဖြင့် ၁၉၃၂ ခုနှစ်၌တစ်ကြိမ်၊ ၁၉၃၅ ခုနှစ်၌ တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ ၁၉၃၇ ခုနှစ်တွင် အောက်လွှတ်တော် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံရသည်။ အင်္ဂလန်ပြည်၊ လန်ဒန်မြို့တွင် ကျင်းပသော ဆဋ္ဌမမြောက် ဂျော့ဘုရင် နန်းတက်ပွဲသို့ ၁၉၃၇ ခုနှစ်၌ တက်ရောက်ခဲ့သည်။ ဦးချစ်လှိုင်သည် နိုင်ငံရေးကို ဆောင်ရွက်ရာတွင် ဦးပု၊ ဦးထွန်းအောင်ကျော်တို့နှင့်အတူ 'လှိုင်၊ ပု၊ ကျော် ပါတီ' ကိုလည်းကောင်း၊ ဦးမြတ်သာထွန်း၊ ဆာပေါ်ထွန်းတို့နှင့်အတူ 'လှိုင်၊ မြတ်၊ ပေါ် ပါတီ' ကိုလည်းကောင်း ဖွဲ့စည်းတည်ထောင်ခဲ့ဖူးသည်။ ထို့ပြင် ဦးချစ်လှိုင်သည် စစ်အတွင်း လွတ်လပ်သော

www.burmeseclassic.com

www.burmeseclassic.com



ခေတ် ၁၉၃၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့၌ အဓိပတိ၏ အတိုင်ပင်ခံ အမတ်တစ်ဦးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရဖူး၏။

ဦးချစ်လှိုင်သည် ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၌ ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ပါသည်။

၀

## မြန်မာ့ရုပ်ရှင်လုပ်ငန်းကို စတင်ပျိုးထောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဆိုတာ ဘယ်သူလဲ

မြန်မာ့ရုပ်ရှင်လုပ်ငန်းကို စတင်ပျိုးထောင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးမှာ 'လန်ဒန်အတ် – ဦးအုန်းမောင်' ဖြစ်ပေ၏။

လန်ဒန်အတ်ဦးအုန်းမောင်သည် ဓာတ်ပုံရိုက်ကူးသော ပညာကို တတ်မြောက်သူဖြစ်ပြီး လခစားအဖြစ် ဒီ၊ အေ၊ အဟူဂျာထံတွင် လုပ်ကိုင်ခဲ့၏။ သို့ရာတွင် လခစားဘဝနှင့် မတင်းတိမ်နိုင်ဘဲ ကိုယ့်ထူးကိုယ်ချွန် လုပ်လိုသောစိတ် ပေါ်ပေါက်လာသဖြင့် ၁၉၁၅ ခုနှစ်တွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၈ လမ်းထောင့်တွင် လန်ဒန်အတ် – ဓာတ်ပုံကူးတိုက်ကို ဖွင့်လှစ်ခဲ့သည်။ ဦးအုန်းမောင်၏ ကြိုးစားမှု၊ အများနှင့်ဆက်ဆံရာတွင် ကောင်းမွန်မှုတို့ကြောင့် အထက်တန်းစား မြန်မာအမျိုးသား အမျိုးသမီးတို့၏ မြှောက်စားခြင်းကို ခံခဲ့ရလေသည်။

သို့သော်လည်း ဦးအုန်းမောင်သည် ရုပ်သေဓာတ်ပုံများတို့သာ ရိုက်ကူးရသည့်လုပ်ငန်းနှင့် မတင်းတိမ်နိုင်၍ ရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ကားရိုက်ကူးရန် ၁၉၁၈ ခုနှစ်တွင် စ၍ ကြံစည်အားထုတ်ခဲ့သည်။ ထိုသို့ အားထုတ်ခဲ့ရာတွင် ဦးအုန်းမောင်သည် ကံအားလျော်စွာ အီ အမ် ဒီဆူဇာ ဆေးတိုက်မှ သုံးမရ ထိုးထားသော မှန်ဘီလူး (လင်းစ) မပါသည့် ရုပ်ရှင်ကင်မရာတစ်လုံးကို ကျပ်ငွေတစ်ရာပေးကာ ဝယ်ယူရရှိခဲ့သည်။ ထိုသို့ ဝယ်ယူပြီးလျှင် ကင်မရာ၌မရှိသည့် မှန်ဘီလူးအတွက် စုံစမ်းရှာဖွေရပြန်ရာတွင် ယခုအခါတွင် ဗိုလ်ချုပ်အောင်ဆန်းဈေးဖြစ်နေသည့် နေရာ၌ ရှိသည့် ရုပ်ရှင်ရုံများအနက် တစ်ရုံဖြစ်သော စီနီမာဒီပဲရစ်ရုံပိုင်ရှင်ကို အကြောင်းပြု၍ ရုပ်ရှင်ရိုက်ကင်မရာ မှန်ဘီလူးတစ်ခုကို ရရှိခဲ့သဖြင့် သူဝယ်ထားသော ကင်မရာတွင် တပ်ကြည့်ရာ အံကိုက်ဖြစ်နေလေ၏။ ထိုကင်မရာ၌ ဖလင်ကော်ပြားလိပ်မှာ ပေတစ်ရာသာ ဝင်လေ၏။

ဦးအုန်းမောင်သည် ထိုကင်မရာဖြင့်ပင် ဗိုလပ်သွား မြန်မာကိုယ်စားလှယ်ကြီး ဦးထွန်းရှိန်၏ ဈာပနသတင်းကားကို ပထမဆုံး စမ်းသပ်ရိုက်ကူးခဲ့၏။ ရိုက်ကူးသည့်အခါ နှစ်ပိုင်းမျှသာ ရှည်၏။ ထိုကားကို ၁၉၂၀ ပြည့်နှစ်၌ အင်္ဂလိပ်–ရယ်ရွှင်ဖွယ်ကားတစ်ပိုင်း၊ ကောင်းဘွိုင်ကား ခြောက်ပိုင်းနှင့်တွဲ၍ စီနီမာဒီပဲရစ်ရုံတွင် ပြသခဲ့သည်။ ထို့ကြောင့် မြန်မာပရိသတ်မျက်မှောက်တွင် ပထမတင်ဆက်သော ဦးထွန်းရှိန်၏ ဈာပနသတင်းကား နှစ်ပိုင်းသည်–ပထမမြန်မာရုပ်ရှင်ဟု ဆိုရပေလိမ့်မည်။

ဦးအုန်းမောင်၏ လက်စွမ်းကို တွေ့မြင်ကြရသောအခါ ဓာတ်လမ်းပါသော ဓာတ်ကားများကို ရိုက်ကူးရန်အတွက်အစုစပ်



ကုမ္ပဏီထောင်၍ အားပေးလာကြ၏။ ပထမဆုံးတည်ထောင်သော မြန်မာရုပ်ရှင်ကုမ္ပဏီမှာ ဘားမားဖလင်းဖြစ်၏။ ထိုရုပ်ရှင်ကုမ္ပဏီမှ ပထမဆုံးဓာတ်လမ်းနှင့် ဓာတ်ကားဖြစ်သော ‘မေတ္တာနှင့် သူရာ’ ဓာတ်ကားကို ရိုက်ကူးခဲ့၏။ အဆိုပါ ဓာတ်ကားအတွက် ဓာတ်ညွှန်းကို ပညာ့အလင်းသထင်းစာ အယ်ဒီတာအဖွဲ့ဝင် ပိုက်ဆံကြီး အမည်ခံ ဆရာကြီး ပီမိုးနင်းက ရေးသားခဲ့၏။ ဓာတ်လိုက်မင်းသားမှာ မြန်မာအဆွေကုမ္ပဏီပိုင်ရှင် ဦးဘညွန့်၏ ဒုတိယသား ဟိုက်စကူးကျောင်းသားကိုညီပု၊ မင်းသမီးမှာ ကြည့်မြင်တိုင်မှ မရီ၊ လူကြမ်းမှာ နာမည်ကျော် ဘောသမား မောင်မောင်ချစ်တို့ ဖြစ်ကြ၏။

ဦးအုန်းမောင်သည် ထိုဓာတ်ကား၏ ဒါရိုက်တာလည်း ဖြစ်ပြီး ဓာတ်ပုံဆရာလည်း ဖြစ်၏။ ဓာတ်ဆောင်တို့၏ အမူအရာကို သင်ပြပေးသူမှာ ပညာအလင်း သတင်းစာ မန်နေဂျာ ဦးပု (နောင်–ဒါရိုက်တာဦးတုတ်ကြီး) ဖြစ်၏။ ထိုဓာတ်ကားမှာ ၁၀ ပိုင်းမျှရှည်ပြီး ရုံတင်ပြခဲ့သောအခါ အောင်မြင်မှု ရခဲ့၏။ ရုပ်ရှင်ပေါ်စ သုံးနှစ်အတွင်းတွင် ဓာတ်ကားများ၏ အမည်များကို အင်္ဂလိပ်အမည်များနှင့်တွဲ၍ ပေးလေ့ရှိခဲ့ကြသည်။ ပြသရာတွင်လည်း မြန်မာစာတမ်းချည်းသာ မပြဘဲ အင်္ဂလိပ်စာနှင့်တွဲ၍ နှစ်ဘာသာ ပူးတွဲပြခဲ့၏။ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးသူမှာလည်း ဆရာကြီးပီမိုးနင်းပင် ဖြစ်ပါကြောင်း။

❒

www.burmeseclassic.com

www.burmeseclassic.com



## မြတ်စွာဘုရားရှင်ဟာ ရာဇဂြိုဟ်မှာရှိစဉ် ဘယ်ကျောင်းတော်မှာ သီတင်းသုံးခဲ့သလဲ

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ရှိစဉ် အလှူရှင်တို့ လှူဒါန်းအပ်သော ကျောင်းတော်များ၊ သဘာဝလိုဏ်ဂူတော်ကျောင်းတော်များ၌ သီတင်းသုံးတော်မူခဲ့ရာ ကျောင်းတော် စုစုပေါင်း (၁၈) ကျောင်းတိတိ ရှိခဲ့၏။ ထိုကျောင်းတော်များမှာ

၁။ ဝေဠုဝန်ကျောင်းတော်
- ဝေဘာရတောင် မြောက်ဘက်၌ ရှိ၏။

၂။ ဥပ္ပသောဏ္ဍိကကျောင်းတော်
- ဝေဘာရတောင် အရှေ့ဘက် ဆင်ခြေလျှော၌ ရှိ၏။



၃။ ပဏ္ဍာရယကျောင်းတော်
- ဝေဘာရတောင် အရှေ့ဘက် ဆင်ခြေလျှော၌ ရှိ၏။

၄။ ဂေါတမ ကန္ဒရကျောင်းတော်
- ဝေဘာရတောင် အရှေ့ဘက် ဆင်ခြေလျှော၌ ရှိ၏။

၅။ တိန္ဒုကရဟာ ကျောင်းတော်
- ဝေဘာရတောင် အရှေ့ဘက် ဆင်ခြေလျှော၌ ရှိ၏။

၆။ တပေါဒါကန္ဒရက ကျောင်းတော်
- ဝေဘာရတောင် အရှေ့ ဆင်ခြေလျှော၌ ရှိ၏။

၇။ တပေါဒါရာမ ကျောင်းတော်
- ဝေဘာရတောင် အရှေ့ဘက် ဆင်ခြေလျှော၌ ရှိ၏။

၈။ ဣန္ဒသာလဂူဟ ကျောင်းတော်
- ဝေဘာရတောင် အရှေ့ဘက် ဆင်ခြေလျှော၌ ရှိ၏။

၉။ ပိပ္ပလိဂူဟ ကျောင်းတော်
- ဝေဘာရတောင် အရှေ့ဘက် ဆင်ခြေလျှော၌ ရှိ၏။

၁၀။ ကာဠသိလာ ကျောင်းတော်
- ဣသိဂိလိ တောင်နံရံ၌ ရှိ၏။

၁၁။ ဂိဇ္ဈကုဋ်တောင်ထိပ် ကျောင်းတော်
- ဂိဇ္ဈကုဋ်တောင်၌ ရှိ၏။

၁၂။ စောရပါတ ကျောင်းတော်
- ဂိဇ္ဈကုဋ်တောင်၌ ရှိ၏။

၁၃။ ကာလဝန္နယျာန ကျောင်းတော်
- ဂိဇ္ဈကုဋ်တောင်နံရံ၌ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၄။ မဒ္ဒကစ္ဆိမိဂဒါယ ကျောင်းတော်
 - ဂိစ္ဆကုဋ်တောင်ခြေ၌ ရှိ၏။
၁၅။ ဇိဝကမွက ကျောင်းတော်
 - ဂိစ္ဆကုဋ်တောင်ခြေ၌ ရှိ၏။
၁၆။ မောရနိဝါပ ကျောင်းတော်
 - ဂိစ္ဆကုဋ်တောင်ခြေ၌ ရှိ၏။
၁၇။ လဋ္ဌိဝနူယျာန ကျောင်းတော်
 - ဂိစ္ဆကုဋ်တောင်ခြေ၌ ရှိ၏။
၁၈။ အန္ဓကဝိန္ဒက ကျောင်းတော်
 - ဂိစ္ဆကုဋ်တောင် အရှေ့မြောက်ဘက်၌ ရှိ၏။
(သိပ္ပနီခေါ် ချောင်းငယ်ခြား၏)

ဗုဒ္ဓဘုရားရှင်သည် ဝေဠုကျောင်းတော်ကြီး၌ အကြာဆုံး သီတင်းသုံးတော်မူပြီး၊ ဗုဒ္ဓဘုရားရှင် လွန်စွာနှစ်သက်တော်မူသည့် သီတင်းသုံးရာ ဒုတိယကျောင်းတော်မှာ ဂိစ္ဆကုဋ်တောင်ထွတ်ရှိ မူလဂန္ဓကုဋီ ကျောင်းတော်ဖြစ်၏။ ဂိစ္ဆကုဋ်ဟူသော အမည်မှာ လင်းတနှင့် ပုံသဏ္ဌာန်တူသော တောင်ဟု အဓိပ္ပာယ်ရပါကြောင်း။

❐

## မြန်မာနိုင်ငံမှာ ပထမဆုံး အလုပ်သမားနေ့ (MAY DAY) အထိမ်းအမှတ်ကို ဘယ်ကာလမှာ စတင် ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းက ဘာတွေ ပြောခဲ့သလဲ

မြန်မာနိုင်ငံတွင် ပထမဆုံး အလုပ်သမားနေ့ (MAY DAY) အထိမ်းအမှတ်ကို ၁၉၄၆ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားခြေတော်ရင်းရှိ ကန်တော်မင်ပန်းခြံအတွင်း စတင် ကျင်းပခဲ့ပါသည်။

အဆိုပါအထိမ်းအမှတ်ပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းသည် သဘာပတိအဖြစ် ဆောင်ရွက်၍ အောက်ပါအတိုင်း မိန့်ခွန်းမြွက်ကြားခဲ့ပါ၏။

..."ကမ္ဘာပေါ်မှာ လူအမျိုးမျိုးရှိကြသော်လည်း ထိုလူမျိုးကို အတန်းအစား ခွဲလိုက်ရင် နှစ်မျိုးနှစ်စားသာ ရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်မျိုးက နှိပ်စက်ညှဉ်းပမ်းခံနေရတဲ့ အလုပ်သမား အတန်းအစားနဲ့ တစ်မျိုးက သွေးစုပ်နေတဲ့ အရင်းရှင် လူတန်းစားများသာ ဖြစ်ကြတယ်”

နောက်တော့ အလုပ်သမားတွေရဲ့ အရေးကိစ္စဟာ ဥပရောပတိုက်မှာလည်း ဆူဆူပူပူ ဖြစ်လာပြီးတဲ့နောက် ‘ကမ္ဘာ့အလုပ်သမားများအားလုံး သွေးစည်းကြရန်’ ဆိုပြီး ဒီမေလ–တစ်ရက်နေ့ကို ‘မေဒေး’ လို့ သတ်မှတ်ပြီး နှစ်စဉ် နှစ်တိုင်း ကျင်းပလာခဲ့ကြပါတယ်။ နိုးကြားတဲ့ နိုင်ငံများ ရှိ စက်ရုံအလုပ်သမားတွေက အရင်းရှင်စနစ်ကို ဖြိုဖျက် တိုက်ခိုက်ရန် ငါတို့ ကမ္ဘာ့အလုပ်သမားတွေ သွေးစည်း ညီညွတ်ကြရမယ်။ ငါတို့အလုပ်သမားတွေ သွေးစည်း ညီညွတ်ကြရင် အရင်းရှင်တွေက ငါတို့အပေါ်မှာ ဘယ်လို ကြိုးတွေနဲ့ ချည်နှောင်ထားပေတဲ့ သင်းတို့ကြိုးတွေသာ ပြတ်သွားဖို့ရှိတယ်ဆိုပြီး နှိုးဆော်ကြတယ်။

ဒါကြောင့် ဒီကနေ့ဟာ ကမ္ဘာတစ်ခုလုံး အလုပ်သမား တွေ သွေးစည်းဖို့ ကြွေးကြော်တာပဲ။ အလုပ်သမားတွေဟာ များစွာ အဖိုးတန်တဲ့ လူတန်းစားတွေပဲ။ ကမ္ဘာပေါ်မှာ သွေးစုတ်ဝါဒတွေကြောင့် အရင်းရှင်ကြီးတွေဟာ ပေါင်းလို့ ရတဲ့နေရာမှာ ပေါင်း၊ ပေါင်းလို့မရတဲ့ နေရာမှာကျတော့ စစ်ဖြစ်အောင် လှုံ့ဆော်ကြတာပဲ။

ကမ္ဘာ့သတင်းစာကြီးတွေနဲ့ဆက်သွယ်ပြီး ကမ္ဘာကို စစ်ဖြစ်ဖို့ လှုံ့ဆော်တတ်ကြတယ်။ စစ်ဖြစ်တော့ကာ သူတို့



ရဲ့ လက်နက်တွေ ရောင်းကြရတာယ်။ ဒီလိုအထဲကမှ အင်မတန် ဆိုးဝါးတဲ့ ဖက်ဆစ်ဝါဒတွေ တစ်ခါ ပေါ်လာ တယ်။ ကမ္ဘာ့အလုပ်သမားများကသာ သွေးစည်းညီညွတ် ပြီး အရင်းရှင်ကြီးတွေက စစ်တိုက်ဖို့လုပ်ရင် စစ်မဖြစ် ရအောင် အလုပ်သမားတွေရဲ့ အင်အား ညီညီညွတ်ညွတ် နဲ့ တောင့်ထားလိုက်နိုင်တယ်။ အလုပ်သမားအားလုံး ကမ္ဘာ တစ်ဝှမ်းလုံးမှာ ညီညွတ်သွားမှလည်း ကမ္ဘာကြီးတစ်ခုလုံး ရဲ့ တကယ့်ငြိမ်းချမ်းရေးအစစ်ကို ရနိုင်တယ်’

ဤသို့ ဗိုလ်ချုပ်အောင်ဆန်းသည် ယနေ့ကဲ့သို့ အလုပ်သမား နေ့မျိုး ကျင်းပသည်မှာ မြန်မာပြည်တွင် စစ်ကြီးဖြစ်ပြီးမှ ယခု အကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ဤနေ့မှာ အလုပ် သမားများ သွေးမြေကျအောင် နှိပ်စက်ခံရသောနေ့ဟူ၍ အမေ ရိကန်မှစပြီး လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်လောက်က စတင်ပေါ်ပေါက်ခဲ့ကြောင်း’ စတင်စကားခံပြီးမှ မြွက်ကြားခဲ့ ခြင်း ဖြစ်ပေသည်။ ယခုဆိုလျှင် မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာနှင့် လွတ်လပ်သော နိုင်ငံဖြစ်ခဲ့ပြီး အလုပ်သမားများမှာ လည်း နိုင်ငံအတွက် အရေးပါအရာရောက်သော အခန်းကဏ္ဍသို့ ရောက်ရှိနေပြီဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းအဖို့ များစွာဝမ်းမြောက် ပီတိ ဖြစ်ပေလိမ့်မည် ထင်ပါ၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့အလုပ်သမား လှုတန်းစားကို မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ် ပထမဆုံး တင်ပေးလိုက်တာ ဘာတိုက်ပွဲလဲ

မြန်မာ့အလုပ်သမား လှုတန်းစားကို မြန်မာ့နိုင်ငံရေး ဇာတ်ခုံ ပေါ် ပထမတင်ပေးလိုက်သည်ကား ခရစ်နှစ် ၁၉၃၈ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် ပေါ်ပေါက်ခဲ့သော ရေနံမြေ အရေးတော်ပုံကြီး ဖြစ်ပေသည်။

ဗြိတိသျှလက်ဝါးကြီးအုပ် ဓနရှင် ဘီအိုစီကုမ္ပဏီ၏ မတရား ဖိနှိပ်သွေးစုတ်မှုကို ရေနံမြေအလုပ်သမားများက သပိတ်လက်နက် နှင့် အန်တုခဲ့သော အလုပ်သမားတိုက်ပွဲကြီး ဖြစ်လေသည်။

သပိတ်မှောက် ရေနံအလုပ်သမားများက မိမိတို့ နစ်နာ ချက်များကို တိုင်းပြည်သို့ တင်ပြရန် သပိတ်တပ်ကြီးဖွဲ့ပြီး နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်သို့ ခြေလျင်ချီတက်လာ ခဲ့ကြရာ အင်္ဂလိပ်အစိုးရက အပြင်းထန်ဆုံး နှောင့်ယှက်ဟန့်တား



ခဲ့လေသည်။ ခေါင်းဆောင်များကို ပုဒ်မ-၁၀၇ (အားပေးကူညီ မှုဖြင့်) ဖမ်းလေ၏။ သပိတ်တပ်ကြီး ချီလာမည့် မြို့များတွင် ပုဒ်မ ၁၄၄ ထုတ်ခဲ့လေသည်။

ဤတိုက်ပွဲကြီးတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက တို့ ဗမာအစည်းအရုံး၏ နာယကကြီးအနေဖြင့် အဖက်ဖက်မှ အစွမ်း ကုန် ကူညီအားပေးခဲ့လေသည်။ သပိတ်မှောက်အလုပ်သမားများ ၏ မိသားစုစားဝတ်နေရေးကို ဖြေရှင်းပေးရန် သပိတ်ရန်ပုံငွေ ရအောင်လည်း မိမိကိုယ်တိုင် တိုင်းပြည်သို့ မေတ္တာရပ်လွှာ တစ်စောင် ထုတ်ပြန်ပေးခဲ့လေသည်။ ထိုမေတ္တာရပ်လွှာတွင်–

..."အကြင်သဘာဝနှင့် မမျှတသော ဓနရှင်ဝါဒသည် ဗမာများတစ်လျှောက် ပေါက်ရောက်လာရကား ရေနံ အလုပ်သမား ဆင်းရဲသားအပေါင်းတို့သည် နှစ်ရှည်လ များစွမ်းမကားနှင့် အားအံကြိုးကုန်း၊ နွားနှယ်ရုန်းသော် လည်း အသုံးမင၊ အစားမဝ၊ ခါးမလှနှင့် ဒုက္ခတွင်းဆုံး၊ လူဖြစ်ရှုံးရသည့် အလျောက်၊ နောက်သောအခါ ခေတ်ဟု ဆိုအပ်သော ခရစ်နှစ် ၁၉၂၂ ခုနှစ်က တစ်ကြိမ်၊ ၁၉၂၅ ခုနှစ်က တစ်ကြိမ်၊ ယခုလောလောဆယ် ၁၉၃၈ ခုနှစ် တွင် တစ်ခါ အဆိုပါဘီအိုစီ ဓနရှင်တစ်ခုကို အန်တုသည့် အလား၊ အလုပ်သမား ဆင်းရဲသားတစ်ခုက စစ်ပြုသည့် အနေ အလုပ်တွေ အကုန်ရပ်စဲ၍ အလုပ်မဆင်းကြဘဲ စည်းမျဉ်းဥပဒေနှင့်အညီ ဤမည်သော သပိတ်လက်နက် ဖြင့် ဖြိုဖျက်တိုက်ခိုက်ကြသည်ကား သိကြားနှင့်အသူရာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖြူဟာ ခင်းသည့်စစ်ပွဲကဲ့သို့ တခဲနက် ဆူညံလျက်ရှိနေသည်"

ဟူ၍ ရေနံမြေ အလုပ်သမားများ တိုက်ပွဲဝင်ရသည့်အကြောင်းနှင့် ရေနံမြေအလုပ်သမားတို့၏ တိုက်ပွဲရာဇဝင်ကို အကျဉ်းမျှပြကာ–

"ဆရာသည် ယခုအခါ ဆိတ်ဆိတ်မနေနိုင်တော့ဘဲ နှဲ့ခဲ့၊ တိုက်ခဲ့သော သပိတ်အင်အားကြီး၍ ဘီအိုစီနေရှင်အား အလုပ်သမားတို့က စစ်ပြုသည်ကို နိုင်နင်းစေရန် အလို့ငှာ ဆရာ၏ စွမ်းအားအလျောက် ထောက်ပံ့အံ့သော တိုင်းနေပြည်သူအပေါင်းတို့ထံမှ ရေနံသပိတ်မှောက် အလုပ်သမားအပေါင်းတို့အတွက် သဒ္ဓါကြေးအလို့ငှာ ဆရာကိုယ်တိုင် မေတ္တာရပ်ခံလိုက်ရပေသည်"

ဟု ပြည်သူကို တိုက်တွန်း နှိုးဆော်ခဲ့လေသည်။

❐

## မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ပထမဆုံး စတင် လှုပ်ရှားခဲ့တဲ့ အသင်းကြီးဆိုတာ ဘာလဲ

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ပထမဆုံး စတင်လှုပ်ရှားခဲ့သော အသင်းကြီးမှာ 'ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး Y.M.B.A (Young Men's Buddhist Association) ဖြစ်သည်။ ယခုဆိုလျှင် နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိနေခဲ့ပါပြီ။

သူ့ကျွန်မခံစိတ်ဓာတ်ရှိကြသော မြန်မာတို့သည် Y.M.B.A အသင်းကြီးကို ဖွဲ့စည်းကြကာ ကနဦးမူလတွင် ဘာသာရေးဆန်ဆန် ဆွမ်းလောင်းခြင်း၊ မင်္ဂလာစာမေးပွဲများ ကျင်းပခြင်းသည့်လုပ်ငန်းများဖြင့် စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် မြန်မာပြည်သူတို့၏ မကျေနပ်ချက်များ၊ နစ်နာချက်များကို ထုတ်ဖော် ပြောဆိုရေးသားပြီး ဗြိတိသျှ အစိုးရထံ တင်ပြတောင်းဆို

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဤနည်းဖြင့် ပြည်သူတို့၏ နား၊ မျက်စိတို့ ပွင့်လင်းစေခဲ့သည်။

အဆိုပါ Y.M.B.A အသင်းကြီးကို ခေတ်ပညာတတ်လူငယ်သုံးဦးဖြစ်သော ဦးဘဖေ B.A (ဘကြီးဘဖေ)၊ M.A မောင်ကြီးနှင့် ဆရာဝန်ဒေါက်တာဘရင်တို့က ၁၉၀၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ကျောင်းသားလူငယ် အယောက် ၂၀ တို့ဖြင့် ရန်ကုန်မြို့၌ ဖွဲ့စည်းခဲ့သည်။ အသင်းကြီး၏ရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတိုးတက်ကြီးပွားရေးကို ဆောင်ရွက်ရန် ဖြစ်သည်။ အသင်းကြီးသည် အစကနဦး၌ ဘာသာရေးဆန်ဆန် ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်း၌ ပြည်သူတို့၏ မကျေနပ်ချက်များ၊ နစ်နာချက်များကို ပြည်သူတို့ကိုယ်စား ဗြိတိသျှအစိုးရထံ တင်ပြတောင်းခံခြင်း၊ ကန့်ကွက်ခြင်း၊ အရေးဆိုခြင်းများ ပြုလုပ်ခဲ့သည်။ ဤတွင် ဗြိတိသျှအစိုးရအနေဖြင့် Y.M.B.A အသင်းကြီးမှ စည်းကမ်းနှင့်အညီ တောင်းဆိုသော တောင်းဆိုချက်များအား လိုက်လျောပေးခဲ့ရလေသည်။

ထင်ရှားသော သာဓကတစ်ခုကို တင်ပြရလျှင် ပဲခူးမြို့နှင့် ဆက်စပ်ပတ်သက်နေသော အဖြစ်အပျက်ကလေးတစ်ခု ဖြစ်၏။ ၁၉၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ ကြာသပတေးနေ့ နံနက် ၄း၄၅ နာရီ၌ ပဲခူးမြို့တွင် စတုတ္ထအကြိမ်မြောက် ငလျင်လှုပ်ခဲ့သည်။ ထိုငလျင်ကြောင့် ရွှေမော်ဓောစေတီတော်ကြီးမှ ငှက်ပျောဖူးကြီးသည် တနင်္လာထောင့်ဘက်သို့ ပြိုကျပျက်စီးသွားခဲ့သည်။ နောက်တစ်နှစ်အကြာ ၁၉၁၈ ခုနှစ်၌ မြန်မာနိုင်ငံသို့



ဘုရင်ခံအသစ်အဖြစ် ရောက်ရှိလာကာ ဆာရယ်ဂျီနယ်ကရက်ဒေါက် (Sir Riginald Crar dock)က ငလျင်ဒဏ် ခံခဲ့ရသော ရွှေမော်ဓောစေတီတော်ကြီး၏ အပျက်အစီးများကို ကြည့်ရှုရန် ရွှေမော်ဓောကုန်းတော်ပေါ်သို့ ဖိနပ်စီး၍ တက်ရောက်ခဲ့သည်။ ဤတွင် ရွှေမော်ဓောစေတီတော်ရှိ ဂေါပကလူကြီးများနှင့် ပဲခူးမြို့သူမြို့သားများ မခံမရပ်နိုင် ဖြစ်ကြကာ ကရက်ဒေါက်၏ အပြုအမူအား ရန်ကုန်မြို့ရှိ Y.M.B.A အသင်းကြီးသို့ တိုင်ကြားကြလေ၏။

ထိုအခါ Y.M.B.A အသင်းကြီးက ၁၉၁၈ ခုနှစ်၊ မေလ ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် ရွှေတိဂုံဘုရားလမ်းရှိ "ဂျူဗလီဟော" (Jubilee Hall)တွင် ရန်ကုန်မြို့လုံးကျွတ် အစည်းအဝေး ကျင်းပပြီး ပဲခူးမြို့၊ ရွှေမော်ဓောစေတီ ကုန်းတော်ပေါ်သို့ ဖိနပ်စီးတက်ခဲ့သည့် ဘုရင်ခံ 'ကရက်ဒေါက်'၏ အပြုအမူကို ကန့်ကွက်ရှုတ်ချကြ၏။ ထို့နောက် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် စသော သာသနိကအဆောက်အအုံများအတွင်းသို့ နိုင်ငံခြားသားများ ဖိနပ်စီး ဝင်ရောက်ခြင်းကို တားမြစ်ပေးပါရန် ဗြိတိသျှအစိုးရထံ တောင်းဆိုခဲ့ကြသည်။ သို့ဖြင့် အစည်းအဝေး ကျင်းပပြီး ၆ လအကြာ နိုဝင်ဘာလ ၉ ရက်၊ သောကြာနေ့တွင် ဗြိတိသျှအစိုးရထံ တောင်းဆိုခဲ့ကြသည်။ သို့ဖြင့် အစည်းအဝေး ကျင်းပပြီး ၆ လအကြာ နိုဝင်ဘာလ ၉ ရက်၊ သောကြာနေ့တွင် ဗြိတိသျှအစိုးရက–

www.burmeseclassic.com

www.burmeseclassic.com



“လူမျိုးခြားများ ဘုရားမြေ၊ ကျောင်းမြေတွင် ဖိနပ် မစီးရ” ဟူသော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပေးခဲ့ရသည်။

Y.M.B.Aအသင်းကြီး၏ စွမ်းဆောင်ချက်ကား ထိရောက်လှပါဘိ။

□

# မြန်မာ့စာနယ်ဇင်းသမိုင်းမှာ ပထမဆုံး ထုတ်ဝေခဲ့တဲ့ ဂျာနယ်ဆိုတာ ဘယ်ဂျာနယ်တဲ့လဲ

မြန်မာ့စာနယ်ဇင်းသမိုင်းတွင် ပထမဆုံး ထုတ်ဝေခဲ့သော ဂျာနယ်မှာ ‘မြန်မာ့ဗျူဟာဂျာနယ်’ ဖြစ်ပေသည်။

မြန်မာ့ဗျူဟာဂျာနယ်ကို ၁၉၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် (၁၂၈၁ – ခုနှစ်၊ နတ်တော်လဆုတ် ၇ ရက်) စနေနေ့တွင် စတင်ထုတ်ဝေခဲ့သည်။ ထိုအချိန်က မြန်မာ့မဂ္ဂဇင်း၊ မြန်မာ့အလင်း၊ သူရိယ၊ ပညာအလင်း... စသော တစ်လတစ်ကြိမ်ထုတ် မဂ္ဂဇင်းများ၊ နေ့စဉ်နှင့် ရက်ခြားထုတ် သူရိယ၊ မြန်မာ့အလင်း... စသော သတင်းစာများ ထွက်ပေါ်နေကြပြီဖြစ်၏။ ဂျာနယ်ဟူသော ဝေါဟာရကိုလည်း မြန်မာ့ဝေါဟာရအဖြစ် စတင် အသုံးပြုသော စာစောင်လည်း ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဗျူဟာဂျာနယ်မှာ ဒီမိုင်းလေးချိုးအရွယ်ဖြစ်၍ အတွင်းစက္ကူမှာ သတင်းစာစက္ကူ အမျိုးအစားပင် ဖြစ်သည်။ မျက်နှာဖုံးမှာ ဟိန္ဒူစတန်စက္ကူအပါးစား အနီရောင်ဖြစ်၍ ရွှေတလေး (ဦးဘကလေး) ၏ လက်ရာဖြင့် မြန်မာ့ဗျူဟာဟု ခေါင်းစည်းရေးထားသည်။ ကြော်ငြာ ၄ မျက်နှာအပါအဝင် စာမျက်နှာ ၂၀ ရှိသည်။ ရန်ကုန်မြို့၊ တိုက်အမှတ် ၁၁ – အေ၊ ကုန်သည်လမ်းမှ ထုတ်ဝေပြီး တန်ဖိုးမှာ ၄ ပဲဖြစ်၏။ မြန်မာ့ဗျူဟာဂျာနယ်၏ တာဝန်ခံအယ်ဒီတာမှာ ဆရာကြီးရွှေဥဒေါင်းဖြစ်၍ အယ်ဒီတာအဖွဲ့ဝင်များအဖြစ် သူရိယသတင်းစာတိုက် အယ်ဒီတာအဖွဲ့ဝင် ဦးဘသန်း (အင်ဒီဝင်းဒင့်ဒေါ်စန်း၏ ခင်ပွန်း)၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ရွှေတလေးနှင့် တိုက်ပိုင်ရှင် ဦးခင်မောင် (နောင်–ဗြူဟာခင်အမည်ဖြင့် စာရေးသူ) တို့ ဖြစ်ကြသည်။

ဆရာကြီးရွှေဥဒေါင်းသည် အင်္ဂလန်မှ **The Tibits Journal** ကို အတုယူ၍ မြန်မာ့ဗျူဟာကို ထုတ်ဝေသည်ဟု သိရ၏။ အတွဲ ၁၊ အမှတ်–၁ တွင် "မြန်မာ့ကျွန်းအောင်ချာ၊ အောင်ချာမြန်ကွန်း ဗျူသောဝ်။ ရန်တွန်းမှောင်ခွာ၊ မှောင်ခွာရန်တွန်း ကူလာသောဝ်။ မာန်စွန်း ရှောင်ကွာ၊ ရှောင်ကွာ မာန်စွန်း ဖြူစွာသောဝ်" ဟူသော ရတုပိုဒ်စုံဖြင့် စတင်ဖွင့်လှစ်သည်။ ခေါင်းကြီးတွင် မြန်မာတို့၏ သေနင်္ဂဗျူဟာသမိုင်းများကို ရာဇဝင်အကိုးအကား အနည်းငယ်ထုတ်နုတ်၍ ယခုအခါ အင်္ဂလိပ်–ဂျာမန်စစ်ပွဲတွင် မြန်မာ စစ်တပ်ဖွဲ့စည်း၍ မြန်မာ့ဗျူဟာ၊ မင်္ဂလာစစ်တပ်၏ ပညတ်ခေါ်ညွှန်း၊ ပေါ်ထွန်းလာခြင်းတည်းဟူသော



ကောင်းညွှန့်၊ ကောင်းဟိတ်၊ ကောင်းနိမိတ်ကို ယူပြီးလျှင် မြန်မာ့ဗျူဟာ ဂျာနယ် ပေါ်ထွက်လာသည့်အကြောင်း ဖော်ပြထားသည်။

မြန်မာ့ဗျူဟာ ခေါင်းကြီးများကို ကြွက်စုတ်ကြီး ကလောင်အမည်ခံ သူရိယဦးဘသန်းကပင် ဒိုင်ခံရေး၏။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဆောင်းပါးများရေး၍ ပါဝင်ကူညီသည်။ 'ပျော်ပျော်နေ သေခဲသည်' ရယ်ရွှင်ဖွယ်ကဏ္ဍကို ဆရာကြီးရွှေဥဒေါင်းက ဒိုင်ခံရေးသည်။ နောင်သော် ပြင်ပမှရေးပို့ကြရန် ဖိတ်ခေါ်သည်။ ဤအခန်းကဏ္ဍသည် **The Tibits Journal** မှ အရွှန်းများကို အတုယူ၍ ရေးခြင်းဖြစ်သည်။ 'ရွှေဥဒေါင်း၏ ဒိုင်ယာရီမှတ်တမ်း' ဟူသော အခန်းကိုလည်း ဆရာကြီးရွှေဥဒေါင်းပင် တာဝန်ယူ၍ ရေးသည်။ တစ်ပတ်အတွင်း တစ်နေ့စီ ဟာသဆန်ဆန် ရေးထားခြင်းဖြစ်၏။

အမျိုးသမီးကဏ္ဍ၊ ကမ္ဘာအရပ်ရပ်မှ အဖြစ်အပျက်ဆန်းများကို ဖော်ပြသော 'အဆန်းအပြားသတင်းများ'၊ 'အိမ်ရှင်မတို့မှတ်သားရန် အချက်များ' ဟူသော အခန်းများလည်း ပါဝင်သည်။ 'လက်ဖက်ရည်ကြမ်းဝိုင်း' နှင့် 'စနေတစ်ပတ်အတွင်း အရေးကြီးသော သတင်းများ' ကဏ္ဍလည်း ဖတ်ရှုရသည်။ ဝတ္ထုတိုနှင့် အခန်းဆက်ဝတ္ထုရှည်များကိုမူ ဆရာကြီးရွှေဥဒေါင်းပင် အရေးများသည်။ ပထမစာစောင်တွင်ပါသော ဝတ္ထုတိုမှာ 'မသိန်းလှနှင့် မသိန်းမြ' ဖြစ်၍၊ အခန်းဆက်ဝတ္ထုရှည်မှာ 'မေတ္တာအစစ်၊ အနှစ်တစ်ရာ' ဖြစ်လေသည်။ အားလုံးပင် ဆရာကြီး ရွှေဥဒေါင်း၏ လက်ရာများ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဗျူဟာဂျာနယ်ကို ထုတ်ဝေရခြင်းမှာ သူရိယ သတင်းစာတိုက်မှ ဦးဘဖေ၊ ဦးလှဖေစသော လူကြီးများနှင့် ဆက်ဆံရေး မပြေပြစ်သောကြောင့် မခံချင်စိတ်ဖြင့် ထုတ်ဝေခြင်းဖြစ်သည် ဟု ဆို၏။ မြန်မာ့ဗျူဟာဂျာနယ်မှာ အောင်မြင်သော်လည်း လုပ်ငန်းထုတ်ဝေမှု မကျွမ်းကျင်သဖြင့် တစ်ကြောင်း၊ ဂျာနယ်ကို ဦးဆောင်သူ ပုဂ္ဂိုလ်များမှာ သူရိယမှ အလုပ်တစ်ဖက်နှင့် မအားလပ်သူများဖြစ်၍ တစ်ကြောင်း။ တစ်နှစ်ကျော်မျှသာ တည်တံ့ခဲ့ပေသည်။ သို့ရာတွင် မြန်မာ့ဂျာနယ်သမိုင်း၌ မြန်မာ့ဗျူဟာ ဂျာနယ်သည် သမိုင်းဝင် ပထမဦးဆုံးသော မြန်မာဂျာနယ်အဖြစ် မော်ကွန်းတင် သွားခဲ့လေပြီတကား။

❐

## ရယ်မောခြင်း ဘယ်နှပါးရှိသလဲ

လူမျိုးတစ်ရာ့တစ်ပါးတွင် ဘာသာစကားကွဲပြားကြသော်လည်း တူညီမှု အချက်နှစ်ချက်ရှိ၏။ ယင်းမှာ 'ရယ်မောခြင်း' နှင့် 'ငိုကြွေးခြင်း' တို့ ဖြစ်ကြ၏။ ထိုအချက်နှစ်ချက်သည် လူမျိုးမရွေး နားလည်နိုင်ကြသော အမူအရာတို့ပင် ဖြစ်ကြသည်။

ရယ်မောခြင်းသည် စိတ်ကို ရွှင်လန်းစေ၍ လူမျိုးမရွေး နှစ်သက်ကြချေ၏။ လူတို့သည် ကိုယ်စိတ်နှစ်ပါး ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့ရသည့်အခါ ဘဝအမောများကို ဟာသဖြင့် ဆေးကြောလေ့ ရှိကြ၏။ ရယ်မောခြင်းဟူသည် နှုတ်ခမ်းဖွင့်ဟလျက် ရွှင်မြူးစွာ အသံထွက်ပေါ်စေခြင်းပင် ဖြစ်၏။ ရယ်မောခြင်းကို ဖြစ်စေသော အကြောင်းအရာမှာ ဟာသဖြစ်ပေ၏။ မြန်မာစာပေတွင် ဟာသအမျိုးအစားကို ခွဲခြားမထားသော်လည်း ရယ်ခြင်း (၆) ပါးရှိသည့် အကြောင်းကိုမူ မြို့ပင်ကြီး ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော်၏ သင်္ဂြိုဟ်အဓိပ္ပာယ်ကောက်ချက်တွင် ဖော်ပြထားပါသည်။ ထိုရယ်ခြင်း (၆) ပါးကား-

### (၁) သိတ

မျက်စိပွင့်ရုံ ပြုံးခြင်းဖြစ်၏။ ရယ်ခြင်း (၆) ပါးတွင် သိမ်မွေ့သော အနုစားရယ်ခြင်း ဖြစ်၏။ အသံထွက်အောင် ရယ်ခြင်း မဟုတ်ဘဲ 'ပြုံးယောင်သမ်း၍ ခပ်မဆိတ်နေတော်မူ၏' ဆိုသကဲ့သို့ ဝါတော် ခြောက်ဆယ်ရ အပြုံးမျိုးပင် ဖြစ်ချေ၏။

### (၂) ဟသိတ

သွားပေါ်ရုံရယ်ခြင်း ဖြစ်၏။ ခေါင်းတုံးပြောင်ပြောင် ဘုန်းကြီး လှူထွက်သည် ခေါင်းပေါင်းမချွတ်ဘဲ မြစ်ကမ်းစပ်၌ နစ်တုံပေါ်တုံ ရေငုပ်နေသည်ကို မြင်သော် ရမည်းသင်းစား သီလဝသည် (ရယ်ခဲလှစွာ) ရယ်လေ၏။ သွားပေါ်ရုံပြုံးရယ်ခြင်းကို ဟသိတဟု ခေါ်ပေ၏။

### (၃) ဝိဟသိတ

အသံညှင်းညှင်းထွက်၍ ရယ်ခြင်းဖြစ်၏။ "အလောင်းစည်သူမင်းကြီး လက်ပျဉ်းတော်ကျသည်ကို အမတ်တို့မြင်လျှင် ရယ်နိုးကြလေ၏" ဟု သမိုင်းတွင်ဆိုရာ ရယ်လည်းရယ်ချင်၊ မင်းကြီးကြားမှာလည်းစိုး၍ ခိုးပြီး ရယ်သွမ်းသွေးခြင်း ဖြစ်၏။ စာသင်ခန်းထဲရှိ ကျောင်းသူအပျိုပေါက်မကလေးသည် အလွန်လေလည်နေချင်သဖြင့် အောင့်ထားပါသော်လည်း ရုတ်တရက်



'ပြီခနဲ' အသံထွက်သွားရာ နောက်ခုံတန်းရှိ ယောကျ်ားလေးများ ကြားသွားလေမလားဟု စောင်းငဲ့ကြည့်ရင်း ခိခနဲခိုးရယ်မိခြင်းသည် ဝိဟသိတရယ်ခြင်း သဘောပင်ဖြစ်လေ၏။

### (၄) ဥပဟသိတ

ပခုံးနှင့်ခေါင်း လှုပ်အောင် ရယ်ခြင်းဖြစ်၏။ လူပျိုပေါက် ကျေးလက်ကာလသားများ လှုပြက်ပြက်သော 'အောက်ပြက်လုံးများ'ကို တစ်ကိုယ်လုံးခါအောင် တဟားဟား ရယ်လေ့ရှိကြ၏။ ကိုယ့်ရည်းစားပြောသမျှ သဘောကျပြီး တဟီးဟီး ဖြစ်နေခြင်းကို မြင်းရယ်နည်းဟု ခေါ်ကြ၏။ ဥပဟသိတ ဖြစ်ပေ၏။

### (၅) အပဟသိတ

မျက်ရည်ထွက်အောင် ရယ်ခြင်းဖြစ်၏။ ကျေးလက်တောရွာများတွင် ရှက်ကြောပြတ်သွားသည့် မအေများ သန်းတုပ်ရင်း အတင်းပြောကြရာဝယ် ဘာတွေပြော၍ သဘောကျသွားမှန်းမသိ၊ ခွက်ထိုးခွက်လန် ရယ်မောကြရာ ထဘီများပင် ကျွတ်တော့မတတ် မျက်ရည်ထွက်အောင် ဣန္ဒြေမရ ရယ်ခြင်းသည် သူမိုက်ရယ်နည်း အပဟသိတ ဖြစ်ချေ၏။

### (၆) အတိဟသိတ

ဤသည်လည်း သူမိုက်ရယ်နည်းပင် ဖြစ်၏။ ကာလသားလောကတွင် ဟာသကို တမင်ဖန်တီးပြီး ရယ်မောကြ၏။ အချင်းချင်း ကလိထိုး၍ ရယ်မောကြ၏။ လူရွှင်တော်တို့သည် ဟာသဖြတ်လုံးများကို တစ်လုံးပြီးတစ်လုံး ဖြတ်ချလိုက်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



ဤသြန္ဒြေမရ၊ ပတ်တုပ်၍ မရလောက်အောင် ခုန်ပေါက်၍ ရယ်မော ခြင်းသည် အတိဟသိတ ဖြစ်ပေ၏။

ဤကား ရယ်ခြင်း (၆) မျိုးပင် ဖြစ်လေသတည်း။

❒

## ရေနံမြေအရေးတော်ပုံမှာ ချောက်မြို့ မျက်နှာဖြူ အရေးပိုင်ကို ပါးရိုက်ခဲ့တဲ့ သခင်မဆိုတာ ဘယ်သူလဲ

ရေနံမြေအရေးတော်ပုံ၌ ချောက်မြို့၊ မျက်နှာဖြူ အရေး ပိုင်ကို ပါးရိုက်ခဲ့သည့်သူမှာ သခင်မဒေါ်အေးဆိုသူ ဖြစ်ပါသည်။

ထိုနေ့ကား ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်၊ စနေနေ့ ဖြစ်၏။ ချောက်မြို့ဘီအိုစီ မော်တော်ယာဉ်ဌာနက သပိတ် စမှောက်ပြီ ဆိုသည်နှင့်၊ ဆောက်လုပ်ရေး အလုပ်သမားများ အလုပ်ကို ရပ်ဆိုင်းပြီး စီတန်းလှည့်လည်သည့်အထဲ ပါလာကြ ၏။ ရေနံမြေတစ်ခုလုံး မီးခိုးတိတ်သွား၏။ သပိတ်သမားတို့က ဘီအိုစီကုမ္ပဏီအား တောင်းဆိုချက်နှစ်ချက်ကို တင်သွင်းတောင်း ဆို၏။ ဤသည်ကို မြင်တွေ့ရသဖြင့် ဘီအိုစီကုမ္ပဏီက အလုပ် ဖြုတ်ခံရသော သခင်ခင်အား အလုပ်ပြန်ဆင်းရန် ပြောင်းဖျ ၏။ သို့ရာတွင် သခင်ခင်က အလုပ်ပြန်မဆင်းတော့။

www.burmeseclassic.com

www.burmeseclassic.com



သပိတ်က ရက်ကြာလာသည်နှင့်အမျှ သပိတ်သမားထဲမှ ခိုးကြောင်ခိုးဝှက်နှင့် အလုပ်ပြန်ဆင်းသည့် အလုပ်သမားအချို့ ရှိလာ၏။ ထို့ကြောင့် အမျိုးသမီးများက သပိတ်တားကြ၏။ သပိတ်တား အမျိုးသမီးခေါင်းဆောင်များမှာ သခင်မဒေါ်အေး၊ သခင်မဒေါ်ညို၊ သခင်မဒေါ်ဆယ်၊ သခင်မ ဒေါ်မြင့်၊ သခင်မ ဒေါ်အေးခင်တို့ ဖြစ်ကြ၏။ သပိတ်တားသည့် အမျိုးသမီးများကိုလည်း ဗြိတိသျှအစိုးရက အကြမ်းဖက်နှိမ်နင်း၏။

တစ်နေ့ စတိုဂိတ်ဝတွင် သခင်မဒေါ်အေးတို့ အမျိုးသမီးခေါင်းဆောင်များက အလုပ်လာဆင်းကြသူအချို့အား မဆင်းကြရန် သပိတ်တားကြ၏။ ထိုအခါ ပုလိပ်တို့ ရောက်လာပြီး မီးသတ်ပိုက်ဖြင့် ရေများပက်ဖျန်းကာ လူစုခွဲလေ၏။ ထိုစဉ် တိုက်ပိုင် ဆွာရမ်ဆင် ရောက်လာပြီး 'ခေါင်းဆောင် ဘယ်သူလဲ' ဟု မေး၏။ ဤတွင် သခင်မ ဒေါ်ညိုက ရှေ့တက်ပြီး ရင်ကော့ရပ်ပြ၏။ အလုပ်ဆင်းလာသည်ကို အဘယ်ကြောင့် ကဖျက်ယဖျက် လုပ်ရသနည်းဟု ဆွာရမ်ဆင်က မေးလေ၏။ သခင်မဒေါ်ညိုကလည်း ကျွန်မတို့ အလုပ်သမားအခွင့်အရေးကို ညီညီညွတ်ညွတ် တောင်းဆိုနေကြခြင်းသာဖြစ်ကြောင်း မဆိုင်းမတွ ပြောလိုက်၏။ ဆွာရမ်ဆင်က ဖယ်ခိုင်း၏။ အမျိုးသမီး ခေါင်းဆောင်များက ဖယ်မပေး၊ ထိုအခါ ကားဖြင့် နင်းကြိတ်မည်ဟု ဆိုပြီး ကားကို မောင်းလာ၏။ အမျိုးသမီးခေါင်းဆောင်များက ဖယ်မပေးနိုင်၊ အသက်ကို အသေခံမည်ဟု ပြောဆို၍ မြေပေါ်တွင် တုံးလုံးလှဲ အိပ်လိုက်ကြ၏။ မော်တော်ကားမှာလည်း



ဘီးနှင့်လူ ထိတော့မည့် အနေအထားအထိ လိမ့်လာ၏။ အမျိုးသမီးများက ကြောက်ရွံ့ဟန် အလျဉ်းမရှိ၊ ဖယ်လည်း မပေးသောအခါ ကားမှာ နောက်သို့ ပြန်ဆုတ်သွားရလေ၏။ တစ်ဖက်ကလည်း မီးသတ်ပိုက်များဖြင့် တရကြမ်း ထိုးပက်ပြန်၏။ အမျိုးသမီးခေါင်းဆောင်တို့မှာလည်း ရေထဲရွံ့ထဲတွင် ဖင်ပြန်ခေါင်းပြန် အိပ်ပြီး သပိတ်ကို တားကြလေ၏။ ဆောင်းတွင်းမို့ ခိုက်ခိုက်တုန်အောင် ချမ်းသဖြင့် တဆတ်ဆတ် တုန်နေသော်ငြား နောက်ဆုတ်ခြင်း မရှိခဲ့။

ထိုအခါ တိုက်ပိုင်က ဖမ်းမည်လုပ်၏။ အမျိုးသမီးများက မိမိတို့အား ဖမ်းမည်ဆိုပါက တစ်ယောက်တည်း မဖမ်းနှင့်၊ အားလုံးကို ဖမ်းဟု ပြောလေ၏။ ဤတွင် တိုက်ပိုင်က တစ်ယောက်တည်း ဖမ်းမည်ဟု ပြောဆိုပြီး တုတ်ဆွဲကာ ရှေ့သို့ တိုးလာခဲ့၏။ လုံ့ခွပ်တပ်သားများကလည်း ရှေ့သို့ တိုးလာ၏။ ဤတွင် သခင်မဒေါ်အေးသည် တိုက်ပိုင်၏တုတ်ကို ဆတ်ခနဲ ဆွဲယူပြီး ပါးကို လှမ်းရိုက်လိုက်လေ၏။ သခင်မဒေါ်အေး၏ ပါးရိုက်ခြင်းကို ခံရသူကား ချောက်မြို့၊ မျက်နှာဖြူအရေးပိုင် ဖြစ်လေ၏။ ထိုသို့ပါးရိုက်သည့်အတွက် သခင်မ ဒေါ်အေးကို ချက်ချင်း ဖမ်းချုပ်လိုက်ပြီး ကားနှင့်တင်သွားကြလေ၏။ ကားပေါ်တွင် ပန်ချာပီပုလိပ်များ စောင့်ကြပ်ကြ၏။ ကားသည် ရဲဌာနသို့ ဦးတည်မောင်းနှင်လာရာ ဘီအိုစီရုံးကွေ့အနီးသို့ ရောက်လာခဲ့၏။ ထိုအခါ သခင်မ ဒေါ်အေးကား အပေါ်အင်္ကျီ ချွတ်လိုက်ပြီး လက်နှစ်ဖက်က ထဘီတစ်စစီဆွဲ၍ ထဘီအလံထူရင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသွား၏။ ကျန်ရစ်နေသူများအား ဖ... ယောက်ဖမ်းလျှင် နှစ်ယောက်၊ နှစ်ယောက်တက်ပါဟု မှာသဖြင့် အမျိုးသမီးများ တစ်ဗိုလ်ကျ တစ်ဗိုလ်တက်စနစ်ဖြင့် သပိတ်တားကြ၏။ ပုလိပ်တို့က အတင်းဆံပင်ဆွဲ၍ တုတ်ဖြင့် ရိုက်ပြီး ဖမ်းကြ၏။ သားက လူများဝိုင်းလာပြီး မဖမ်းရန် တားသော်လည်း မရချေ။ အမျိုးသမီးချည်း အယောက် (၄၀) ကို သိမ်းကျုံးဖမ်းဆီး ခေါ်ဆောင်သွားကြ၏။ သည့်နောက် အဆိုပါ အမျိုးသမီးများကို မော်တော်ယာဉ်ဖြင့်ဖြန့် သံဆန်ခါများကြားတွင် အကျဉ်းချထားလိုက်လေ၏။

ဤကား နယ်ချဲ့တို့၏ လူမဆန်သောလုပ်ရပ်နှင့် မဟုတ်မခံ ရဲစွမ်းသတ္တိထက်လှသော မြန်မာအမျိုးသမီးများ၏ ပြယုဂ်ပင် ဖြစ်လေသတည်း။

❐

## ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေး အခမ်းအနားမှာ အမှာစကားပြောရင်း ရုတ်တရက် မူးမေ့လဲကျ ကွယ်လွန်သွားခဲ့တာ ဘယ်စာရေးဆရာလဲ

ရုပ်ရှင်ကန်တော့ပွဲပေး အခမ်းအနား၌ ရှင်းရေးသားသော 'အမေနှင့်သမီးများ' ဝတ္ထုနှင့် စပ်လျဉ်း၍ အမှာစကားပြောရင်း ရုတ်တရက် မူးမေ့လဲကျကာ ကွယ်လွန်သွားခဲ့သော စာရေးဆရာကား... ဆရာမောင်သိန်းဆိုင် ဖြစ်၏။ ထိုနေ့သည် ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့ ဖြစ်၏။ ဒါရိုက်တာ အဏ်ထော်ဇော်က ရုပ်ရှင်ရိုက်ကူးရန်အတွက် ပါဝင်သူ သရုပ်ဆောင်များနှင့်အတူ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ Excel Tower ၌ ရုပ်ရှင်ကန်တော့ပွဲ ကျင်းပစဉ် ဖြစ်ပွားခဲ့ရခြင်းဖြစ်၏။

ဆရာမောင်သိန်းဆိုင်ကို ၁၉၄၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့၌ အဖဦးတင့်ဆန်း (စာရေးဆရာ – တင့်ဆန်း)၊ အမိဒေါ်အုန်းရီတို့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အပိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကြီးကျေးရွာတွင် မွေးဖွားခဲ့သည်။ ဆရာမောင်သိန်းဆိုင်သည် ၁၉၅၃ ခုနှစ်၊ အသက် ၁၃ နှစ်သားအရွယ်ကပင် စုံထောက်မဂ္ဂဇင်း၌ 'လည်ဆွဲရတနာ' ဝတ္ထုတိုဖြင့် စာပေကို စတင်ရေးသားခဲ့သူဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်မှစ၍ ကလေးဂျာနယ်၊ သွေးသောက်မဂ္ဂဇင်းတို့တွင် ဝတ္ထုတို၊ ဝတ္ထုရှည်များ ပုံပြင်များ၊ ဘာသာပြန်များ ရေးသားပြီး 'လှျို့ဝှက်သည်းဖိုမဂ္ဂဇင်း' ၌ ပင်တိုင် စာရေးဆရာဖြစ်လာသည်။ ထို့ပြင် အခြားမဂ္ဂဇင်းများတွင်လည်း ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားကာ 'အသည်းလွှာမြေမဟီဝယ်' ဝတ္ထုဖြင့် လုံးချင်းဝတ္ထုလောကသို့ တိုးဝင်ခဲ့၏။

၁၉၆၄ ခုနှစ်တွင် ထုတ်ဝေသော 'ခင်ပပမြိုင်' ဝတ္ထုဖြင့် စတင်နာမည်ရလာပြီး စာပေနယ်၌ ခြေချနိုင်လောက်အောင် အောင်မြင်မှု ရရှိခဲ့သည်။ ထိုစဉ်က ၃ ကျပ်တန် လုံးချင်းဝတ္ထုစာအုပ်ဖြစ်သည်။ ဆရာမောင်သိန်းဆိုင်သည် 'ရေနံ့သာ ခင်ခင်ကြီး' ဝတ္ထုဖြင့် ပို၍ ထင်ရှားလာကာ 'မောင်သိန်းဆိုင်' ဆိုလျှင် 'ရေနံ့သာခင်ခင်ကြီး' ဟု သိသကဲ့သို့၊ 'ရေနံ့သာခင်ခင်ကြီး' ဟု ဆိုလျှင်လည်း 'မောင်သိန်းဆိုင်' ဟု သိစေခဲ့၏။

ရေနံ့သာခင်ခင်ကြီးဝတ္ထုရှည်သည် စာလုံးရေ ၆ သိန်းခန့်ရှိသော ဝတ္ထုရှည်ကြီး ဖြစ်၏။ ၁၉၆၉ ခုနှစ်တွင် ပထမတွဲ၊ ဒုတိယတွဲအဖြစ် ထုတ်ဝေခဲ့ပြီး၊ ၁၉၇၀ ပြည့်နှစ်တွင် တတိယတွဲကို ထုတ်ဝေခဲ့သည်။ ထို့နောက် သုံးတွဲစလုံးကို တစ်ပေါင်းတစ်စည်းတည်း ထုတ်ဝေခဲ့သည်။ 'ရေနံ့သာခင်ခင်ကြီးသည် မြန်မာ့နိုင်ငံရေးဘဝကို နောက်ခံပြုကာ လူ့တန်းစားအလွှာကို



ခြယ်မှုန်းပြသည့် ဝတ္ထုဖြစ်သည်။ ရေနံချောင်းမြို့ပေါ်ရှိ တွင်းစားမျိုးရိုးနှစ်ခု၏ အာဃာတနှင့် ဇာတ်လမ်းကို စတင်ခဲ့သည်။ ရေနံမြေ အရေးတော်ပုံ၊ ဒုတိယကမ္ဘာစစ်၊ အရင်းရှင်ဒီမိုကရေစီခေတ်ကို ကျောထောက်နောက်ခံပြု ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။ သို့သော် နောက်ခံကာလထက် မိန်းမသား တစ်ယောက်၏ စရိုက်လက္ခဏာ၊ စိတ်နေစိတ်ထားကို အဓိက အားပြုရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။ မြန်မာဝတ္ထုရှည်သမိုင်းကြောင်းကို ပြောလျှင် ထိုရေနံ့သာခင်ခင်ကြီးဝတ္ထုကို ထည့်သွင်းပြောကြရသည်ဟု ဆိုကြသည်။

ဆရာမောင်သိန်းဆိုင်၏ အခြားထင်ရှားသော ဝတ္ထုများမှာ 'ပုဂံမြို့သူ'၊ 'အတ္တအကျဉ်းသား'၊ 'တစ်နေ့နေ့ တစ်ချိန်ချိန်'၊ 'အမေနှင့်သမီးများ'၊ 'ပဆစ်အိမ်'...စသည်တို့ ဖြစ်သည်။ ဆရာမောင်သိန်းဆိုင်၏ဝတ္ထုတို့ကို ရုပ်ရှင်ရိုက်ကူးခဲ့ရာ... 'ပုစ္ဆာဆန်သော မိန်းကလေး'၊ 'တံခါးခေါက်သံ'၊ 'စိတ္တဇ'၊ 'မိန်းကလေးရှင်ရဲ့ ဆန္ဒ'၊ 'ဒဏ္ဍာရီထဲက သတို့သမီး'... စသည်တို့မှာ ထင်ရှားသည်။ ဆရာမောင်သိန်းဆိုင်သည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ညွှန်းများ ရေးသားခဲ့ရာ 'နှလုံးသားရေအလျဉ်' နှင့် 'ညမင်းသား' ဇာတ်ညွှန်းများမှာ ထင်ရှားသည်။ ဆရာမောင်သိန်းဆိုင်မကွယ်လွန်မီ ရေးသားထုတ်ဝေလိုက်သော ဝတ္ထုမှာ 'နန္ဒဝန်မှမြသီတာ' ဖြစ်သည်။ ကွယ်လွန်သည့်အချိန်အထိ လုံးချင်းဝတ္ထု ၁၀၀ ကျော်နှင့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ညွှန်း ၇၀ ခန့် ရေးသားခဲ့သည်။ ဆရာမောင်သိန်းဆိုင်သည် ပန်မဂ္ဂဇင်းနှင့် လှျို့ဝှက်

www.burmeseclassic.com

www.burmeseclassic.com



သည်းဖို–မဂ္ဂဇင်းများတွင်လည်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာမောင်သိန်းဆိုင်သည် ၁၉၆၁ ခုနှစ်တွင် ဖျာပုံမြို့မှ မကြည်ကြည်စမ်းနှင့် အိမ်ထောင်ကျပြီး သားသမီး ၅ ယောက် ထွန်းကားခဲ့သည်။

□

# ရန်ကုန်မြို့တော်မှာ မြတ်ဗုဒ္ဓ ခြေတော်ရာပါဒ စေတီတည်ရှိတဲ့ ဘုရားစေတီတွေ ဘယ်လောက်ရှိသလဲ

ဂေါတမမြတ်စွာဘုရားရှင်သည် တပည့်သာဝကများ သတိသံဝေဂ ဖြစ်ကြစေရန်နှင့် မင်္ဂလာတရားထူးများကို ရကြစေရန် ရည်သန်၍ဖြစ်စေ၊ နောင်လာနောက်သားတို့ ထာဝရပူဇော်နိုင်ကြစေရန် ရည်သန်လျက် ဝေနေယျသတ္တဝါတို့၏ တောင်းပန်ချက်ကြောင့် ဖြစ်စေ အဓိဋ္ဌာန်ဖြင့် ခြေတော်ရာကို ချထားတော်မူခဲ့ခြင်း ဖြစ်၏။ ၎င်းတွင် အကန့်တစ်ထောင်၊ ပုံတောင်းချက်မ၊ အကွပ်တောင်ငူနှင့် (၁၀၈) ကွက် လက္ခဏာတို့နှင့် ပြည့်စုံသော စက်ဝန်းတို့ ထင်ရှားစွာ မြင်တွေ့ရကြောင်းကို ဒေါဏသုတ်ပါဠိတော်၌ ပြဆိုထားပေသည်။

စင်စစ် ခြေတော်ရာဟူသည် အကန့်တစ်ထောင် အကွပ်တံကူ (အနားရေး နှုတ်ခမ်းသတ်) ပုံတောင်း (ဗဟိုချက်) နှင့်

www.burmeseclassic.com

www.burmeseclassic.com



တကွ ၁၀၈ ကွက် လက္ခဏာတို့နှင့် ပြည့်စုံသော စက်ဝန်းပါရှိသည့် မြတ်စွာဘုရားရှင်တို့ ချခဲ့သော ခြေဖဝါး အရာတော်ပင် ဖြစ်ပေသည်။ ဘုရားရှင်၏ ခြေတော်ရာသည် မြန်မာနိုင်ငံဒေသတော်တော်များများတွင် ရှိကြပေ၏။

ဤမြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သော ရန်ကုန်မြို့၌ မြတ်စွာဘုရားရှင်၏ ခြေတော်ရာ ပါဒစေတီဘုရားတို့မှာ (၂၇) ဆူရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ၎င်းတို့မှာ

၁။ ရွှေတိဂုံဘုရား

၂။ ငါးထပ်ကြီးဘုရား၊ ဗဟန်းမြို့နယ်။

၃။ ခြောက်ထပ်ကြီးဘုရား၊ ဗဟန်းမြို့နယ်။

၄။ ပါဠိတက္ကသိုလ် ညောင်တုန်းတိုက်၊ ဗဟန်းမြို့နယ်။

၅။ မူလ ကမ္ဘာအေးဘုရား၊ သွေးဆေးကန်အနီး၊ ဗဟန်းမြို့နယ်။

၆။ မဟာဓမ္မရံသီ အိမ်တော်ရာစေတီ၊ ဒဂုံမြို့နယ်။

၇။ ဆူးလေဘုရား၊ ကျောက်တံတားမြို့နယ်။

၈။ ရွှေဘုန်းပွင့်ဘုရား ပုဇွန်တောင်မြို့နယ်။

၉။ ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်။

၁၀။ ကမ္ဘာအေးဘုရား၊ မရမ်းကုန်းမြို့နယ်။

၁၁။ နာဂလိုဏ်ဂူဘုရား၊ မရမ်းကုန်းမြို့နယ်။

၁၂။ အောင်သိဒ္ဓိပါဠိကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်။

၁၃။ အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီ၊ မရမ်းကုန်းမြို့နယ်။



၁၄။ မယ်လမုဘုရား၊ မြောက်ဥက္ကလာပ မြို့နယ်။

၁၅။ လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီးဘုရား၊ အင်းစိန်မြို့နယ်။

၁၆။ ရွာမစာသင်တိုက်၊ အင်းစိန်မြို့နယ်။

၁၇။ မဟာဆေးဝက်ဘာ အာလိန်ငါးဆင့် ကျောင်းတိုက်၊ အင်းစိန်မြို့နယ်။

၁၈။ ကျိုက္ကလော့ဘုရား၊ မင်္ဂလာဒုံမြို့နယ်။

၁၉။ အောင်စေတီ သာသနာ့ဗိမာန်ကျောင်း (ဆယ်မိုင်ခွဲ) မင်္ဂလာဒုံမြို့နယ်။

၂၀။ အောင်မြေသာယာဘုရား၊ လှိုင်သာယာမြို့နယ်။

၂၁။ ကျိုက္ကဆံ ဆံတော်ရှင်ဘုရား၊ သင်္ဃန်းကျွန်းမြို့နယ်။

၂၂။ ဂျိုးဖြူသာသနာ့ပြုကျောင်းတိုက်၊ တိုက်ကြီးမြို့နယ်။

၂၃။ (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်ဘုရား၊ သာကေတမြို့နယ်။

၂၄။ ဆင်ဖြူတောင် စာသင်တိုက်၊ သာကေတမြို့နယ်။

၂၅။ အောင်တော်မူအေးစေတီ၊ တာမွေမြို့နယ်။

၂၆။ မဟာဝိဇယဘုရား၊ ဒဂုံမြို့နယ်။

၂၇။ မဟာဇေယျ အတုလမာရဇိန်ကြေးသွန်းဘုရားကြီး၊ ဗဟန်းမြို့နယ်။

စသည်တို့ ဖြစ်ကြပါကြောင်း။

❐

www.burmeseclassic.com

www.burmeseclassic.com

## ရှင်သာမဏေကို ဘယ်အချိန်မှာ ဝတ်ပေးသင့်သလဲ

သက်န်းမနိုင်၊ ဘာမနိုင်နှင့်၊ မည်သည့်တရားစကားကိုမှ မပြောနိုင် မဆိုနိုင်သော အရွယ်သေးငယ်လွန်းလှသော ရှင်သာမဏေကလေးများကို တွေ့ဖူးပါလိမ့်မည်။ မိဘတွကတော့ 'ကိုရင်လေး... ကိုရင်လေး' ဟု တဖွဖွရွတ်ဆိုကာ ရှုမဝချစ်မဝ ဖြစ်နေကြသည်၊ တကယ်တမ်းမှာမူ အရွယ်မရောက်၊ အသိမကြွယ်သေးသော ကလေးငယ်အား ရှင်သာမဏေပြုပေးခြင်းမှာ အကျိုးထက် အပြစ်က များပါလိမ့်မည်။

သို့ဆိုလျှင် မည်သည့်အရွယ်၌ ရှင်သာမဏေ ပြုပေးသင့်ပါသနည်း။

ဘုရားရှင်က ရှင်သာမဏေပြုသင့်သောအရွယ်ကို–

"၁၅ နှစ်ပြည့်သော သူငယ်ကိုသာ ရှင်ပြုရမည်"

ဟု ရှေးဦးစွာ ပညတ်တော်မူခဲ့သည်။ နောက်၌ကား အရှင်အာနန္ဒာ၏ ကွယ်လွန်သွားသော အလုပ်အကျွေး ဒါယကာ၏



သားကလေးများ ဖြစ်ကြသော မိဘမဲ့ကလေးနှစ်ယောက်ကို အကြောင်းပြု၍–

"ကျီးခြောက်နိုင်လောက်သော (မိမိရှေ့၌ ချထားသော ဆွမ်းကို ကျီးမနှိုက်အောင် ခြောက်၍ စားနိုင်လောက်သော) ကလေးကို ၁၅ နှစ်မပြည့်သေးသော်လည်း ရှင်ပြုပေးနိုင်၏"

ဟူ၍ နောက်ထပ်ခွင့်ပြုတော်မူခဲ့ပါ၏။

ဤ၌ထိုကဲ့သို့ ခွင့်ပြုတော်မူရခြင်းမှာ အားကိုးရာမဲ့သော ကလေးများကို သနားစိတ်ထားကာ ငဲ့တော်မူသောကြောင့် မလွှဲသာ၍သာ ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ၁၅ နှစ်မပြည့်သော်လည်း ၁၂ နှစ်၊ ၁၃ နှစ်ရှိမှ ယခုခေတ်အနေဖြင့် သရဏဂုံကို ပီပီသသ ရွတ်ဆိုနိုင်၍ သီလသိက္ခာများကိုလည်း ထိန်းသိမ်းစောင့်ရှောက်နိုင်ဖွယ်ရာ ရှိပါသည်။ မဟာဂန္ဓာရုံ ဆရာတော်ကြီးကလည်း–

"မိမိသားငယ် တပည့်ငယ်များကို လောကဓမ္မ မနစ်နာရအောင် (သနားစဖွယ် ငယ်လွန်းသော ကလေးများကို ကျောင်းသားဖိုးသူတော်အဖြစ်ဖြင့် ထိန်းသိမ်းထား၍) ရှင်ကျင့်ဝတ်အတိုင်း နေနိုင်လောက်မှသာ ရှင်ပြုပေးသင့်ကြပါသည်"

ဟု တိုက်တွန်းထားပါသည်။

ထို့ကြောင့် မိမိတို့၏ သားရှင်လောင်းကို ဆရာသံ အပ်နှံ

www.burmeseclassic.com

www.burmeseclassic.com



ကြရာ၌ ကျနစွာ သင်ပြပေးတတ်သော ဆရာအထံ အပ်နှံဖို့ လိုအပ်ပါသည်။ ထိုသို့ အပ်နှံရာ၌လည်း ဆိုခဲ့ပြီးသော သရဏဂုံများကို ပီပီသသ ရွတ်ဆိုနိုင်ဖို့ရန် (၇) ရက်မျှဖြင့် မလုံလောက်ဘဲ အနည်းဆုံး (၁၅) ရက်ခန့် အပ်နှံမှ သင်္ကန်းတောင်း၊ ပုတီးစိပ်၊ သရဏဂုံတို့အတွက် ပြည့်စုံနိုင်လောက်ပါသည်။ အချိန်ရလျှင်မူ တစ်လ၊ တစ်လခွဲမျှ ဆရာအရှင်ထံ အပ်နှံ၍ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယ သိက္ခာပုဒ်များကို သင်စေပါက ရှင်သာမဏေဘဝ၌ အချိုးကျ အပြစ်ကင်းစွာဖြင့် နေတတ်စားတတ်သွားပါလိမ့်မည်။

ထို့အပြင် ရှင်သာမဏေဘဝမှ လူဝတ်လဲသည့် အခါတွင်လည်း နေထိုင်စားသောက်မှုတို့၌ အကျင့်ကောင်းတို့ပါသွားကာ နေတတ်၊ စားတတ်သွားပါလိမ့်မည်။ အချိုးကျသွားပါလိမ့်မည်။ ရှင်သာမဏေပြုခြင်း၊ ရဟန်းပြုခြင်းနှင့် စပ်လျဉ်း၍ မဟာဂန္ဓာရုံ ဆရာတော်ကြီးက

"သာသနာတော်၏ အရေးကို ကလေးကစားသကဲ့သို့ မလုပ်ကြဘဲ မလုပ်နိုင်ရင် ဘာသိဘာသာနေ၊ လုပ်လိုရင်ကား လေးလေးစားစား ပြုလုပ်ကြပါရန် လေးနက်စွာ တိုက်တွန်းပါသည်။

..."သင်္ကန်းချည်ရပြီးရော" ဆိုသည့် သဘောဖြင့် မည်သည့် ဆရာမိဘမဆို သိက္ခာကို မစောင့်ထိန်းနိုင်သေးသော (စောင့်ထိန်းနိုင်သော်လည်း သဒ္ဓါတရားမရှိသော) ကလေးသူငယ်များအား သင်္ကန်းဝတ်ပေးကာ ဗုဒ္ဓမြတ်စွာ၏ အထွတ်အထိပ်သာသနာတော်ကို ကလေးကစားသလို မပြုကြဖို့အကြောင်း ထပ်လောင်း၍ သတိပေးပါသည်"

ဟူ၍ မိန့်ကြားခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ရွှေတိဂုံစေတီတော်မြတ်ကြီးမှ အံ့ဖွယ် (၂၁) ပါး ဘုရားဘွဲ့တော်များဆိုတာ ဘာတွေလဲ

'ရွှေတိဂုံ' ဆိုသည်မှာ မြန်မာနိုင်ငံ၏အထွတ်၊ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း၏ ဥကင်ဖြစ်ပါသည်။ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်၌ အံ့ဖွယ်တန်ဖိုးကြီးဘုရား (၂၁) ဆူ ရှိပါသည်။ ၎င်းတို့၏ သတ်မှတ်ထားသော ဘုရားဘွဲ့တော်များနှင့် တည်ရှိရာ နေရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### ၁။ ရွှေတိဂုံစေတီတော်မြတ်ကြီး

ရန်ကုန်မြို့၏ အထင်ကရ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် တည်ရှိပြီး ဘုရားရှင်လေးဆူ၏ ဓာတ်တော်များ ကိန်းဝပ်တော်မူသည်။ ထို့ကြောင့် 'လေးဆူဓာတ်ပုံ ရွှေတိဂုံ' ဟု ဆိုကြသည်။

### ၂။ ကကုသန်ဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦး အရုဏ်ခံ



တန်ဆောင်း အတွင်း၌ ရှိ၏။ လက်ပက်လက်ဘုရားဟူ၍လည်း ခေါ်ကြ၏။

### ၃။ ကောဏာဂုံဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်ဦး အရုဏ်ခံ တန်ဆောင်းအတွင်း၌ ရှိ၏။

### ၄။ ကဿပဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်ဦး အရုဏ်ခံ တန်ဆောင်းအတွင်း၌ ရှိ၏။

### ၅။ ဂေါတမဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မြောက်ဘက်မုခ်ဦး အရုဏ်ခံ တန်ဆောင်းအတွင်း၌ ရှိ၏။

### ၆။ ပတ္တမြားမျက်ရှင်ဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အထက်ပစ္စယာ အရှေ့ဘက် အရုဏ်ခံတန်ဆောင်း အပေါ်ဘက်မှာ ရှိ၏။

### ၇။ အင်းပန်းပေါင်းဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အဂ္ဂိထောင့်အနီး တန်ဆောင်းထဲ၌ ရှိသည့် ထိုင်တော်မူဘုရားငါးဆူအနက်မှ အလယ်ရုပ်ပွားတော်ကြီးဖြစ်၏။ ထိုတန်ဆောင်းမှာ (စတုသစ္စာပါရမီအသင်း) ဆိုင်းဘုတ်တင်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**၈။ ပန်းပေါင်းဘုရား၊**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တနင်္လာထောင့် ဘိုးဘိုးအောင် ဂူဘုရားအနီးရှိ ထိုင်တော်မူ ရုပ်ပွားတော်သုံးဆူအနက် အလယ်မှ ရုပ်ပွားတော် ဖြစ်၏။ အင်းပန်းပေါင်းဘုရားနှင့် ပန်းပေါင်းဘုရား ရုပ်ပွားတော်နှစ်ဆူမှာ မျက်နှာတော်ချင်းတူပြီး တစ်ဘာသာထူးခြားလှပါသည်။

**၉။ ဝိဇ္ဇာဓော်ဂျီဘုရား**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စနေထောင့် နေလဘုရားအနီးတွင်ရှိသည့် ဂူဘုရားတစ်ဆူဖြစ်ပြီး အပေါ်ဘက်စေတီပေါ်၌ ဝိဇ္ဇာဓော်ဂျီရုပ်များ ပြုလုပ်ထားပါသည်။

**၁၀။ ရှင်စောပုဘုရား**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရာဟုထောင့် ချမ်းသာကြီးဘုရားအနီး၌ရှိ၏။ ဘုရားအနောက်ဘက် အုတ်ခုံများအပေါ်၌ စေတီတော်များရှိ၏။ ဘုရားအရှေ့ဘက်တွင် စကားဝါပင်တစ်ပင်ရှိ၏။ ထိုအပင်မှာ နွေ၊ မိုး၊ ဆောင်း... အမြဲတမ်း ပွင့်နေပါသည်။ ယခင်က စကားဝါစိမ်းပန်းပင်ရှိရာ ၁၉၇၅ ခုနှစ်က မြေပြိုရာတွင် ပါသွားခဲ့၏။

**၁၁။ ဘိုးဘိုးအောင် ဂူဘုရား**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့် ရင်ပြင်အနီးရှိ တန်ဆောင်းအတွင်း၌ရှိ၏။ ဘုရားမှာ ဂူအတွင်းပိုင်း၌ရှိပြီး တံခါးပြုလုပ်၍ သော့ခတ်ထားပါသည်။ တချို့လူများက ထိုဂူပေါက်မှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အောက်ခြေသို့ သွားရာ လမ်းပေါက်ဖြစ်သည်ဟု ဆိုကြ၏။ တနင်္လာထောင့်မှာလည်း ဘိုးဘိုးအောင် ဘုရားတစ်ဆူရှိပါသေး၏။



**၁၂။ ကျောက်မျက်ရှင်ဘုရား**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အောင်မြေနေရာအနီး၌ ရှိ၏။ ဂူပတ်ပတ်လည်တွင် ရုပ်ပွားတော်များရှိရာ လူသွားလမ်းအနီး၌ ဘုရားဖူးလာသူများ ရပ်ကြည့်နေကြသော ရုပ်ပွားတော် ဖြစ်ပါသည်။

**၁၃။ ဆံတော်တွင်းဘုရား**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မြောက်ဘက်မုခ် အရှေ့ဘက်ခံ တန်ဆောင်းအနီး၌ ရှိ၏။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ရာတွင် ဆံတော်များကို ဆေးသော နေရာဖြစ်သည်ဟု ဆိုပါသည်။ ထိုနေရာမှ ဆင်းလျှင် စေတီတော်ကြီး အောက်ခြေကို ရောက်သည်ဟု ဆိုကြ၏။

**၁၄။ နောင်တော်ကြီး ဘုရား**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်၊ အနောက်ဘက်တွင် ရှိ၏။ အမျိုးသမီးများ တက်ခွင့်မရပါ။ နောင်တော်ကြီး အထက်ပစ္စယမှာ ပုတီးစိပ်သူများစွာ ရှိ၏။ ဘုရားတံခါးကို နံနက် (၆:၀၀) နာရီတွင် ပိတ်သည်။ နောင်တော်ကြီးမှာ ထူးခြားသော ဖြစ်စဉ်များစွာ ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၁၅။ ပြဒါးရှင်ဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တနင်္လာထောင့်၊ အနောက်ဘက် လှူသွားလမ်းကြားတွင် ရှိ၏။ ပြဒါးရှင်ဘုရားမှာ ကုန်းတော်ပေါ်တွင်ရှိသော ရုပ်ပွားတော်များအနက် အသပ္ပာယ်ဆုံးဘုရားဖြစ်ပြီး ပြဒါးရှင်ကို ဌာပနာထားသည်ဟု ဆိုကြပါသည်။

## ၁၆။ ရှင်မထီးဘုရား

နောင်တော်ကြီးစေတီ၏ အနောက်ဘက်မှာ ရှိ၏။ ပုဂံပြည်ကောင်းစားစဉ်က ထွက်ရပ်လမ်း လိုက်စားခဲ့သော ရှင်မထီးဆရာတော် တည်ခဲ့ခြင်း ဖြစ်သည်ဟု ဆို၏။

## ၁၇။ ရှင်အဇ္ဈဂေါဏဘုရား

နောင်တော်ကြီးစေတီ၏ အတက်အဆင်း ဘေးနားတွင်ရှိ၏။ ပုဂံပြည်၌ ရွှေဖြစ်၊ ငွေဖြစ် အဂ္ဂိရတ်ပညာဖြင့် ကျော်ကြားခဲ့သော ဘုရားဖြစ်၏။ ရှင်အဇ္ဈဂေါဏ၏မျက်လုံးများမှာ ဆိတ်မျက်လုံး တစ်ဖက်၊ နွားမျက်လုံး တစ်ဖက်ဖြစ်၍ ရုပ်ပွားတော်ကြီး၏ မျက်လုံးများမှာ တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ် ဖြစ်နေပါသည်။

## ၁၈။ ဘိုးဘိုးအောင် ဆုတောင်းပြည့်ဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် တနင်္လာဆောင်၊ ထီးတော်ပုံ အနောက်ဘက်တွင် ရှိပါသည်။ ဘိုးဘိုးအောင် ဆုတောင်းပြည့်ဘုရား အနောက်ဘက်တွင် ဓမ္မစေတီဘုရား ရှိပါသည်။



## ၁၉။ ဘိလပ်ပြန်ဘုရား

ဘိလပ်ပြန်ဘုရားသည် ရွှေတိဂုံကုန်းတော်ပေါ်တွင် နှစ်ဆူရှိပါသည်။ တစ်ဆူမှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အင်္ဂါထောင့် တံခွန်တိုင်တွင်ရှိပြီး၊ ကျန်တစ်ဆူမှာ တနင်္ဂနွေထောင့် ဘာယာဝတီမင်းခေါင်းလောင်းကြီးဘေး၏ တန်ဆောင်းအတွင်း၌ ရှိပါသည်။

## ၂၀။ ဓမ္မစေတီဘုရား

ဟံသာဝတီဘုရင် ဓမ္မစေတီမင်း လှူဒါန်းခဲ့ခြင်းဖြစ်၏။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တနင်္လာထောင့် ဘိုးဘိုးအောင် ဆုတောင်းပြည့်ဘုရား အနောက်ဘက်တွင် ရှိ၏။

## ၂၁။ ကိုးနဝင်းဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရာဟုထောင့် စဉ့်ကူးမင်းခေါင်းလောင်းကြီးအနီးတွင် ရှိ၏။ ထူးခြားပုံမှာ သစ်သား ရုပ်ပွားတော်သုံးဆူ၊ ကျောက်သားရုပ်ပွားတော် သုံးဆူ၊ အုတ်ရုပ်ပွားတော် သုံးဆူ စုစုပေါင်း ကိုးဆူကို ကိုးနဝင်းကျေ တည်ထားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## လယ်တီဆရာတော်ဘုရားကြီးထံ အန္တရာယ်ကင်း တံဆိပ်တော် ဘယ်လိုဘယ်ပုံ ရောက်ရှိလာခဲ့သလဲ

လယ်တီဆရာတော်ကြီးသည် 'ရောဂန္တရ ဒီပနီကျမ်း' ကို ရေးသားနေတော်မူစဉ်က ဖြစ်၏။

ထိုကာလ၏ ညတစ်ညဌ် ဆရာတော်ကြီးထံသို့ ရသေ့တစ်ပါး ကြွလာပြီး အန္တရာယ်ကင်း တံဆိပ်တော်ထူးကို လာရောက်ကပ်လှူခဲ့၏။ ထိုတံဆိပ်တော်မှာ အလွန်ထူးခြားသော တစ်ကြောင်းဆွဲ အန္တရာယ်ကင်း 'ပထရမ' တံဆိပ်တော် ဖြစ်၏။ ပုံစံမှာ–

ဖြာမ ဖြစ်ပါသည်။ ထိုခေတ်ထိုကာလ၌ ဖြစ်ပွားလျက်ရှိသော ပလိပ်ရောဂါကို ကာကွယ်နိုင်သည့်အကြောင်း လျှောက်ထားခဲ့ပါသည်။ ထိုအကြောင်းကိစ္စနှင့်စပ်လျဉ်း၍ လယ်တီပဏ္ဍိတ



တကိုယ်တော် (လယ်တီဦးလှတင်) က လယ်တီမဟာ ထေရုပ္ပတ္တိကထာတွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့ပါသည်။

တိုင်းနယ်စပ်တွင် နေထိုင်သော ဆရာရသေ့သည် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ အဖူးအမြော် အကန်တော့ ရောက်ရှိလာ၏။ ဆရာရသေ့သည် ဆရာတော်ဘုရားကြီးအား ဤသို့ လျှောက်ထား၏။

"ဆရာတော်ဘုရားကြီးသည် ပလိပ်ရောဂါကို ကာကွယ်ရန် ရောဂန္တရဒီပနီကျမ်းစာအုပ် စီရင်တော်မူသည်ဟု ကြားသိရပါသည်။ ဆရာတော်ဘုရားကြီးအား အက္ခရာ (စ–မ) တံဆိပ် လှူဒါန်းပါရစေ"

ဤသို့ ဆရာတော်ဘုရားကြီးသည် ဆရာရသေ့၏ အက္ခရာ (စ–မ) တံဆိပ်နှင့်ပတ်သက်၍ အကျိုးသွားနှင့် အကြောင်းအရာ စုံလင်စွာ ပြောပြစေလိုကြောင်း အမိန့်တော်ရှိရာ ဆရာရသေ့က–

"တစ်နေ့သ၌ တပည့်တော်ဆွမ်းခံနေသော တောရွာကလေးမှ ပလိပ်ကပ်ရောဂါ ဖြစ်ပါသည်။ ည၌အခါ အိပ်မက် မြင်မက်သည်မှာ တပည့်တော်၏ ကျောင်းသခ်မ်းသို့ ဝတ်ဖြူစင်ကြယ်နှင့် လူဆယ်ယောက်ခန့် တက်လာပါသည်။ အကြီးအမျူးပြုလုပ်သူက တပည့်တော်အား ပြောဆိုသည်မှာ ဆရာရသေ့၏အပေါ် ကျေးရူးများနေသော ရွာငယ်ကလေး၌ ပလိပ်ရောဂါဖြစ်နေသည်ကို အဘယ်ကြောင့် လျစ်လျူရှုနေသနည်း"

ဟု ပြောဆိုပါသည်။ ထိုအခါ တပည့်တော်က–

www.burmeseclassic.com

www.burmeseclassic.com



“ထိုအန္တရာယ်ကို ဆရာရသေ့ ပျောက်ငြိမ်းအောင် မတတ်နိုင်ပါ”

ဟု ပြန်ပြောပါသည်။

“ဒါဖြင့် ထိုအန္တရာယ်ကို ပျောက်ငြိမ်းအောင် နည်းကောင်း ပေးပါမည်။ ခဲတံနှင့် စက္ကူပေးပါ”

ဟု တောင်းရာ တပည့်တော်က–

“တောထဲ၌ ခဲတံ၊ စက္ကူ ဘယ်ရှိမှာလဲ”

ဟု ပြောပါသည်။ ထိုအခါ အကြီးအမှူး ပြုလုပ်သူက နောက်ပါလူတစ်ယောက်အား သစ်ရွက်တစ်ခုကို အခူးခိုင်းလိုက်ပါသည်။ ကျောင်း၏လေှကားရင်းတွင်ရှိသော ငှက်ပျောရွက် တစ်ရွက်ကို ခူးယူခဲ့ပါသည်။ ၎င်းငှက်ပျောရွက်ပေါ်တွင် တစ်ကြောင်းဆွဲအက္ခရာ (စ–မ) တံဆိပ်ကို ရေးဆွဲပြီး–

“အဲဒီ အက္ခရာတံဆိပ်သည် ပုလိပ်ရောဂါကို ပျောက်ငြိမ်းစေတတ်သည်”

ဟုပြောပြီး ပျောက်ကွယ်သွားပါသည်။

နံနက်မိုးလင်းသောအခါ အနားတွင် ချထားသော ငှက်ပျောရွက်ကို ကြည့်ရှုရာ အက္ခရာ (စ–မ) တံဆိပ်ကို တွေ့မြင်ရ၍ ထန်းရွက်၊ ပေရွက်၊ စလူရွက်တို့တွင် ရေးပြီး ရေစွင် စိမ်၍ တိုက်ခြင်း၊ ပက်ဖျန်းခြင်း၊ လည်ပင်း၌ ဆွဲထားခြင်း စသည်တို့ကို ပြုလုပ်ရာ နေ့ချင်း၊ ညချင်း ပျောက်ကင်းသွားပါကြောင်း... သို့ဖြစ်၍ ဆရာတော်ကြီး



သည် တစ်နိုင်ငံလုံး၏ ကျေးဇူးရှင်ကြီး ဖြစ်တော်မူသည့်အတိုင်း ဤအက္ခရာ (စ–မ) တံဆိပ်ကို အသုံးပြုတော်မူပါဘုရား”

ဟူ၍ လျှောက်ထားလေ၏။

လယ်တီဆရာတော်ဘုရားကြီးလည်း ၎င်းအက္ခရာ(စ–မ) တံဆိပ်တော်ကို မီးခြစ်စည်သွပ်ပြားတွင်ရေး၍ လက်ဖွဲ့ပြုလုပ်ပြီးလျှင် ဘုရားရုပ်ပွားတော်၏ ရှေ့မှောက်၌ ဂုဏ်တော်ကိုးပါးနှင့် (၂၄) ပစ္စည်းတို့ကို ရွတ်ဖတ်မန်းမှုတ်ပြီးလျှင် မိမိထံသို့လာ၍ ဖြစ်စေ၊ တရားပွဲများ၌ဖြစ်စေ... ကျွဲသား... နွားသားတို့ကို ရှောင်ရန် ကတိထားသူတို့ကို ဦးစွာ ပထမတစ်လုံးစီ ချီးမြှင့်တော်မူခဲ့ပါသည်။

ထိုစဉ်က ပရိတ်ရေ၊ ပရိတ်မီးလုပ်ငန်း၊ တစ်ကြောင်းဆွဲ တံဆိပ်တို့ကို ပြသပေးလျက် ပလိပ်ရောဂါကပ်အပေါင်းမှ ကင်းဝေးစေခဲ့ပါကြောင်း။

❒

www.burmeseclassic.com

www.burmeseclassic.com

## လူသေပြီး ခုနစ်ရက်တိုင် အိမ်မှာ နေနိုင်သလား

မိရိုးဖလာဗုဒ္ဓဘာသာဝင် တော်တော်များများပင် လူတစ်ယောက် သေပြီးသည့်နောက် ခုနစ်ရက်တိုင်တိုင် အိမ်၌ရှိနေနိုင်သည်ဟု စွဲမှတ်နေကြသည်။ ထိုအစွဲသည် လွန်စွာမှ မှားယွင်းနေပါသည်။

သုံးဆယ့်တစ်ဘုံအတွင်းရှိ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ သေပြီးပါက (ဘုရားနှင့်ရဟန္တာမှလွဲလျှင်) အောက်ပါဘဝ ၅ မျိုး၌ ပဋိသန္ဓေအသစ် ပြန်ဖြစ်ရလေ၏။

(၁) နတ်၊ ဗြဟ္မာဘဝ
(၂) လူ့ဘဝ
(၃) တိရစ္ဆာန်ဘဝ
(၄) ငရဲဘဝ
**(၅) တစ္ဆေ၊ သရဲ ပြိတ္တာဘဝတို့ ဖြစ်ကြ၏။**

သေဆုံးသွားကြသူတို့သည် ဥပါဒါန်ခေါ် အစွဲများကြောင့်



အပါယ်သို့ လားရောက်ကြရ၏။ ထို့ကြောင့်လည်း ဥပါဒါန်ကြောင့် ဥပါဒ်ရောက်သည်ဟု ဆိုကြခြင်း ဖြစ်ပေလိမ့်မည်။ ဂေါတမဘုရားရှင်လက်ထက်က ခွေးကဲ့သို့အကျင့်၊ နွားကဲ့သို့ အကျင့်တို့အား ကျင့်သူများ ရှိခဲ့ကြသည်။ ထိုအကျင့်ကို ကျင့်သူများက ထိုကဲ့သို့ ကျင့်သည့်အတွက် ကိလေသာမှ စင်ကြယ်သည် သံသရာမှ လွတ်မြောက်သည်ဟု အစွဲအလမ်းများခဲ့ကြသည်။ ထိုအခါ ဘုရားရှင်က–

"ချစ်သားတို့... ခွေးလိုကျကျနန ကျင့်တဲ့သူ သေတဲ့အခါ ခွေးအဖြစ်ကို ကျရောက်ပြီး နွားလို ကျကျနနကျင့်တဲ့သူ သေတဲ့အခါ နွားအဖြစ်ကို ကျရောက်တယ်"

ဟူ၍ ရဟန်းသံဃာတို့အား မိန့်ကြားခဲ့၏။ ယခုလည်း ဘာသာရေးအသိချို့တဲ့သူများက လူသေပြီး ခုနစ်ရက်တိုင်အိမ်၌ နေသည်ဟု မှားယွင်းစွာ မှတ်ယူကြ၏။ သည့်အတွက် အချို့က ခုနစ်ရက်ပြည့်မြောက်၍ အိမ်မှဆင်းသွားလျှင် သိရအောင်ဟု ဆိုကာ ဆန်ကောတွင်းသို့ ပြာထည့်၍ အိမ်တံခါးဝ၌ ချထားကာ ခြေရာထင်၊ မထင် စမ်းကြသည်ဟု ကြားရဖူးလေသည်။ ထိုဥပါဒါန်အစွဲများမှာ လွန်စွာမှ မှားယွင်းလှပေသည်။ သို့ဖြစ်၍ မဟာစည်ဆရာတော်ဘုရားကြီးက "စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက်နိဗ္ဗာန်ပြည်" ဟူ၍ ဆုံးမတော်မူခဲ့ပေသည်။ ထိုသို့ အစွဲအလမ်းမှားများ၊ အယူအဆမှားများ ကင်းပျောက်စေရန်အတွက် ဆရာကောင်း၊ ဆရာမြတ်များအား ဆည်းကပ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



တရားနာခြင်း၊ ဓမ္မဆိုင်ရာစာပေတို့အား ဖတ်ရှုခြင်းတို့ ပြုရပေမည်။

ဆိုခဲ့ပြီးသော ဘုရားဟောဘဝ (၅) မျိုးတွင် အထက် (၄) မျိုး၌ သေသွားပြီးဖြစ်ပါက အနီးအနားဝယ် မည်သည့်နည်းနှင့်မျှ မရှိနိုင်။ နောက်ဆုံး (တဇ္ဈေ၊ သရဲ) ပြိတ္တာ ဖြစ်သွားလျှင်ကား အိမ်အနီးအနားရှိ သစ်ပင်များ၌လည်းကောင်း၊ တော၊ တောင်သမုဒ္ဒရာများ၌လည်းကောင်း ရောက်ရှိတတ်၊ ဖြစ်တတ်သည်။ ဖြစ်သည်ဆိုရာ၌လည်း လူတိုင်းဖြစ်သည် မဟုတ်ပေ။ သေခါနီးလောဘတဏှာဖြင့် ဇနီးမယား၊ သမီးသား၊ ဥစ္စာပစ္စည်းများကို စွဲလမ်းပြီးသေပါက ဖြစ်တတ်သည်။ သို့ဖြစ်၍ မစွဲလမ်းရန် တားမြစ်သတိပေးခြင်း ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင် အစစ်အမှန်တို့အဖို့ လူသေပြီး ခုနစ်ရက်တိုင် အိမ်၌နေသည် ဆိုခြင်းမှာ မဖြစ်နိုင်သော အယူအဆမှားကြီးအဖြစ် လက်သင့်မခံ၊ မစွဲလမ်းရန် သတိကြီးစွာ ထားရပေမည်။ လက်ခံစွဲလမ်းမိလျှင်ကား အဘယ်သို့ ဖြစ်မည်နည်း။

ရှင်းရှင်းကလေးပင် ဖြစ်ပါသည်။

ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ရသကဲ့သို့ အယူအဆမှားကြီးအား လက်ခံစွဲလမ်းမိပါက အပါယ်သို့ လားနိုင်ပါသည်။ သို့ဖြစ်၍ လူသေပြီး ခုနစ်ရက်တိုင် အိမ်မှာနေသည်ဆိုသော အယူအဆကို ဖယ်ရှားပစ်ရပါလိမ့်မည်။

□

## လွတ်လပ်ရေးအရသာနဲ့ ကျွန်ဘဝအကြောင်းကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဘယ်လိုရင်ဖွင့်ခဲ့သလဲ

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် နိုင်ငံရေးခေါင်းဆောင် စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာအဖြစ် ထင်ရှားကျော်ကြားခဲ့ပြီး နိုင်ငံတကာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးဆု၊ ပြည်တွင်း၌ မဟာပညာအကျော် အလင်္ကာကျော်စွာ ဘွဲ့များ ရရှိခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်၏။ ဆရာကြီးသည် ၁၂၉၉ – ခုနှစ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ၏ ပုသိမ်ညီလာခံသဘင်ဖွင့်လှစ်ပွဲ၌ လွတ်လပ်ရေး၏အရသာနှင့် ကျွန်ဘဝအကြောင်းကို အောက်ပါအတိုင်း ရင်ဖွင့်ပြောကြားခဲ့ပါသည်။

..."ဆရာဟာ (၁၃) နှစ်သားလောက်ကပဲ ဝံသာနုစိတ်ဓာတ် ဝင်စားခဲ့တယ်။ မန္တလေးမြို့မြတောင်တိုက်တွင် စာသင်စဉ် (၁၁) နှစ်သားလောက်က သီပေါဘုရင် အင်္ဂလိပ် ဖမ်းသွားတာကို မြင်ခဲ့ရသဖြင့် အလွန်အကျူးဝမ်းနည်းခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗမာဘုရင်ကို ဖမ်းသွားပုံဟာ ကြက်ဖမ်း၊ ငှက်ဖမ်းသကဲ့သို့ ဖြစ်သဖြင့် မကျေမနပ် ဖြစ်ခဲ့တယ်။ ကလေးပင်ဖြစ်သော်လည်း တိရစ္ဆာန်လောက်မှ မလွတ်လပ်ပါကလားလို့ စဉ်းစားမိခဲ့တယ်။ ဒုလ္လဘတရားဖြစ်သော အလွန်တစ်ရာမှ ရခဲ့တဲ့ လူ့မနုဿဘဝကို ရနေသော်လည်း နွားကြီးလောက်တောင်မှ နေရာမကျဘူး။ တိရစ္ဆာန်ဘုံကို... ကြည့်။ စာကလေးဟာ လက်မလောက်ပဲ ငယ်သော်လည်းလင်းတဟာ စာကလေးအပေါ် ဘုရင်မလုပ်ဘူး။ ခြေလေးချောင်း သတ္တဝါကို ကြည့်ဦး။ နွားတို့မည်သည် ထားရာကိုနေတယ်။ စိတ်သဘော နူးညံ့အောက်ကျတယ်။ ခြေလေးချောင်းရှိတဲ့နွားဟာ သတ္တိမရှိပင်ဖြစ်လင့်ကစား ပါးစပ်ပြဲသောကျားသည် နွားအုပ်ကြီးထဲသို့ မဝင်ရဲဘူး။ ဒီတရားတွေဟာ သဘာဝနိယာမအတိုင်းပဲ။

ငရဲတို့၊ တိရစ္ဆာန်တို့၊ ကာမဘုံတို့ သုဂတိလားတယ်ဆိုတာတွေဟာ ကံအားလျော်စွာ နေကြထိုင်ကြဖို့ပဲ။ သဘာဝအတိုင်း ဖြစ်ကြတာပဲ။ ငရဲသားဟာ ငရဲမှာပဲ နေနိုင်တယ်။ ဗြဟ္မာ (၂၀) ကို မတက်နိုင်ဘူး။ အီတလီတို့၊ အင်္ဂလိပ်တို့ လိုက်ပြီး စားပြတိုက်နေကြတယ် ဆိုတာတွေ ရှေးတုန်းက ဗမာတွေ ဗမာတွေ လုပ်ခဲ့သလိုပဲ အခုအချိန်မှာ ကျုပ်တို့တတွေဟာ အင်္ဂလိပ်နယ်ချဲ့စနစ်ထဲ ရောက်နေကြတယ်။ ဘာနဲ့တူသလဲဆိုတော့ လယ်သမားလက်ထဲ ရောက်နေတဲ့



နွားနဲ့ တူနေကြတယ်။ အခုတော့ တို့တတွေ ကျွန်ဖြစ်နေတော့ အုပ်ချုပ်ရေး တောင်းကြတယ်။ လွတ်လပ်ရေး လိုချင်တယ် ပြောကြတယ်။

ဒါပေမဲ့ ရှေးတုန်းက ကျုပ်တို့တတွေလည်း နိုင်ငံချဲ့ခဲ့တာပဲ။ အာသံတို့၊ မဏိပူရတို့၊ အက်ဂဘတ်တို့၊ ဆေးဂုံတို့ ဆိုတာတွေဟာ ကျုပ်တို့ အိုင်ပါယာထဲ ပါခဲ့တာပဲ။ အဲဒါပဲ ကြည့်တော့။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်တွေပဲ။ ဝမ်းနည်းဖွယ်ရာ မရှိပါဘူး။

အင်္ဂလိပ်တွေလည်း ကျွန်ဘဝက တက်လာတာပဲ။ ရှေးတုန်းက ဒင်းတို့တတွေဟာ ရောမလူမျိုးတွေအောက် ပြားပြားဝပ် နေခဲ့ရတာပဲ။ ရောမတိုင်းပြည်ကို လူရိုင်းတွေဝင်လာတော့မှ အင်္ဂလိပ်လူမျိုးတွေကို မင်းတို့ဟာ မင်းတို့လုပ်ကြပေတော့၊ ငါတို့တော့ မတတ်နိုင်ဘူးဆိုပြီး ပစ်ပေးကြတာပဲ။ အဲဒီတော့မှ အင်္ဂလိပ်တွေ လွတ်လပ်ရေး အချောင်ရကြတာပဲ။ သတ္တိကြောင့် မဟုတ်ဘူး။ လူရယ်လို့ ဖြစ်လာရင် လွတ်လပ်ခြင်း မရတာဟာ ဒုက္ခအကြီးဆုံးပဲ”

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကား အသက် (၉၈) နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့သည်။ မကွယ်လွန်မီ ၁၉၆၄ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့တွင် ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိခဲ့ပြီး ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့၌—

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမသေခင် ငြိမ်းချမ်းရေးတော့ မြင်ချင်သေး
သကွာ"

ဟူ၍ နောက်ဆုံး စကားကို ဆိုခဲ့ပါသတည်း။

□

## သတင်းဆောင်းပါးရေးတာနဲ့ ပတ်သက်လို့ ဆရာဇဝန ဘယ်လို လမ်းညွှန်ခဲ့သလဲ

ဆရာဇဝနဟူသည် သတင်းစာဆရာကြီးတစ်ဦးအဖြစ်သာ မဟုတ်။ ရသစာပေ၌လည်း လွန်စွာအရေးကောင်းသည့် စာရေးဆရာကြီးတစ်ဦးလည်း ဖြစ်ပါသည်။ ဆရာ၏ရသစာပေများစွာ အနက် ကောလိပ်ကျောင်းသား၊ ကောလိပ်ဂျင်တို့မှာ စာပေနယ်ပယ်တွင်သာမက ရုပ်ရှင်အဖြစ်ပါ အထူးအောင်မြင်ကျော်ကြားခဲ့ပါသည်။

ဆရာဇဝနသည် သတင်းစာများ၌ ဆောင်းပါးများစွာ ရေးသားခဲ့သည်။ ထိုဆောင်းပါးတို့ကို စာဖတ်ပရိသတ် အပေါင်းကလည်း နှစ်ခြိုက်ခဲ့ကြသည်။ ဆရာဇဝန၏ ဆောင်းပါးများသည် ခပ်ရှင်ရှင်၊ ခပ်သွက်သွက်ဖြစ်ပြီး စာဖတ်သူ၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်စွမ်းရှိသည်။ ဤ၌ ဆရာဇဝနသည် ယခုကဲ့သို့ စာဖတ်ပရိသတ် လက်ခံနှစ်သက်လာအောင် မည်ကဲ့သို့ ရေးသားကြောင်းကို လမ်းညွှန်ခဲ့ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



..."သတင်းဆောင်းပါး ရေးသားခြင်းသည် ကျမ်းပြုခြင်း မဟုတ်၍ စာကောင်းပေမွန်အဖြစ် အမွှမ်းတင်တန်ဆာဆင်နေရာမလိုပေ။ သတင်းဆောင်းပါးဆိုသည်မှာ အများစိတ်ဝင်စားလိမ့်မည်ဟု ယူဆရသော အဖြစ်အပျက်၊ အကြောင်းအရာတို့နှင့် အတွေးအခေါ် အယူအဆတို့ကို စကားပြေဖြင့်– ရေးသားတင်ပြချက်များပင်ဖြစ်၍ ရေးသူ၏ ဆိုလိုရင်းကို ဖတ်သောသူတို့ အလွယ်တကူ သဘောပေါက်နိုင်ဖို့ လိုပေသည်။ နားရှုပ်ထွေးခြင်း မရှိစေအပ်ပေ။ ယင်းသို့ ဆိုလိုရင်းကို ရှင်းလင်းစွာ နားလည်စေနိုင်ရန် ပေါလွင်ထင်ရှားသော ဝေါဟာရစကားလုံးကို အများဆုံး အသုံးပြုရပေလိမ့်မည်။ ထိုစကားလုံးများဖြင့် ဖွဲ့စည်းထားသော ဝါကျများသည် တိုတောင်းလေ ကောင်းလေဖြစ်သည်။ မလွှဲသာမှသာ ဝါကျရှည်များကို သုံးအပ်ကြသည်။ စကားများလျှင် အမှားပါသည်ဟု ဆိုရိုးရှိသည့်အတိုင်း အရေးအသားမနိုင်မနင်းဘဲ ဝါကျရှည်များကို သုံးလျှင် အမှားပါတတ်သည်။

... သတင်းများသည် နောင်တစ်ခေတ်တွင် သမိုင်းဝင်မှတ်တမ်းများ ဖြစ်လာနိုင်ဖွယ်ရှိသဖြင့် သတင်းရေးသားရာတွင် တိကျမှန်ကန်မှုသည် အလွန်အရေးကြီးလေသည်။ ထို့ကြောင့် သတင်းရေးသားရာ၌ မိမိသုံးနှုန်းသော ပုဒ်ပါဌ်၊ အက္ခရာတို့သည် တိကျမှန်ကန်မှုရှိသော စကားလုံး



များ ဖြစ်ဖို့ရန် လိုသည်။ တိကျမှု မရှိသောစကားလုံးများ၊ ဝါး၍ချသော စကားလုံးများကို ရှောင်ကြဉ်ကြရသည်။ ထို့အတူပင် မလိုသော စကားလုံးများ၊ ပိုသော စကားလုံးများကို သုတ်သင်ပစ်ရမည်။

... သတင်းရေးရာ၌ ရိုးရိုးမြန်မာစာကိုပင်သုံး၍ အရေးအသားရှင်းလင်း ပြတ်သားစေရန် ကြိုးစားရမည်။ တိကျမှန်ကန်စေရမည်။ သတင်းစာဖတ်သူအား ပဟေဠိပုစ္ဆာထုတ်သကဲ့သို့ မဖြစ်စေရ။ ကြီးကျယ်သော စကားအသုံးအနှုန်းများကိုရှောင်၊ စကားတိုတိုနှင့် အဓိပ္ပာယ်ပြည့်စုံနိုင်လျှင် တိုတိုပဲ သုံးစွဲ၊ မိမိ၏အထင်ကို မရေးနှင့်။ အသိကို ရေး။ မသေချာသော ကိစ္စ၊ စွပ်စွဲထားသော အမှုများဖြစ်မှသာ 'ဆို၏' ဟူသော စကားကို သုံးပါ။ သို့မဟုတ်သော် ထိုစကားကို မသုံးပါနှင့်။ ထိုးလျှင်ထိုးသည်၊ ရိုက်လျှင် ရိုက်သည်ဟူ၍ သေချာသည့်အတိုင်း ရေးရမည်။ ဂိုးစောင့်ကို ဝင်၍ဆောင့်သည်ဟု ရေးနိုင်လျှင် ပြီးနိုင်လျက်နှင့် 'ဂိုးစောင့်အား ဝင်၍ ဆောင့်သည်ကို ကျွန်ုပ်ကိုယ်တိုင်မြင်ရ၏' ဟု ရေးရန်မလို၊ သတင်းရေးနေခြင်းကို ဖွင့်ဖော်ရေးသားရန် အကြောင်းမရှိ။ 'ဒိုင်လူကြီးမှားသည်ဟု ယူဆရပေသည်' ဟူသော ထင်မြင်ချက်မျိုး မထည့်ရ။ ထိုအချက်မှာ အယ်ဒီတာ၏အလုပ်ဖြစ်သည်။ သတင်းထောက်၏ အလုပ်မဟုတ်။ မိမိက သေချာလျှင် လူကျွံသော ဖြစ်နေသည်ကို ဒိုင်လူကြီးက မမြင်ဘဲ ဂိုးပေးလိုက်သည်ဟု

www.burmeseclassic.com



ရေးသားနိုင်သည်။ ဖြေရှင်းစရာရှိလျှင် နောက်မှ ဖြေရှင်းရသည်။ သတင်းထောက်သည် မိမိ၏ ရုပ်လုံးနှင့် ထင်မြင်ချက်ကို သတင်းထဲ၌ မပါစေရပေ"

❒

# သိပ္ပံမောင်ဝရဲ့လက်ထပ်မင်္ဂလာပွဲအတွက် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ဘာကို လက်ဖွဲ့ခဲ့သလဲ

ခေတ်စမ်းစာဆို သိပ္ပံမောင်ဝသည် ညောင်တုန်းမြို့ နယ်ပိုင်ဝန်ထောက်မင်း မောင်စိန်တင်အဖြစ် သက္ကရာဇ် ၁၂၉၄ ခုနှစ်၊ ကဆုန်လဆန်း (၁၁) ရက်နေ့တွင် ကျိုက်လတ်မြို့စက်သူဌေးသမီး ခင်ခင်မြင့်နှင့် လက်ထပ်မင်္ဂလာပွဲသဘင်ကို ကျင်းပခဲ့ပါသည်။

၎င်း၌ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု ရှိကြသဖြင့် စာပေပညာရှင်ကြီးတစ်ဦးဖြစ်သော လယ်တီပဏ္ဍိတဦးမောင်ကြီးသည် 'အောင်ဆုမင်္ဂလာ (၈၀) ပေါ် တေးထပ်' ကို မင်္ဂလာလက်ဖွဲ့အဖြစ် ရေးသားချီးမြှင့်ခဲ့ပါသည်။

နယ်ပိုင်ဝန်ထောက်မင်း ဦးစိန်တင်သည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရင်း သိပ္ပံမောင်ဝ ကလောင်အမည်ကို ခံယူကာ စာပေတာဝန်များကို ထမ်းရွက်ခဲ့သူဖြစ်သည်။ ၁၉၂၇ ခုနှစ်တွင်

www.burmeseclassic.com



မြန်မာစာဂုဏ်ထူးဘွဲ့ကို ပထမတန်း၊ ပထမဆင့်မှ ပထမဦးဆုံး ရယူခဲ့သူဖြစ်ပေသည်။ သိပ္ပံမောင်ဝ၊ သိပ္ပံကျောင်းသား မောင်မြသွင်၊ တင်မောင်မြင့်၊ မောင်သံချောင်း၊ ကောလိပ်ခင်ခင် စသော ကလောင်အမည်ခွဲ အမျိုးမျိုးဖြင့် ဂန္ထလောက၊ ဒဂုံ၊ သူရိယ၊ ကြီးပွားရေးနှင့် ကောလိပ်မဂ္ဂဇင်းတို့တွင် ဆောင်းပါးများ၊ ပြဇာတ်များ၊ ပေးစာများကို ရေးသားခဲ့သည်။ ဝါကျတိုများဖြင့် ရှင်းရှင်းလင်းလင်းရှိလှသော သွက်လက်သည့် စကားပြေအရေးအသားတို့ကြောင့် 'ခေတ်စမ်းစာပေ' ကို ဦးဆောင်သူအဖြစ် ထင်ရှားသည်။ ကိုလိုနီခေတ်တွင် မှေးမှိန်နေသော မြန်မာစာကို ရှေ့တန်းရောက်အောင် ပြန်လည်ကြိုးစား ထုတ်ဖော်ခဲ့သူလည်း ဖြစ်သည်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ရေးသားလက်ဖွဲ့သော 'အောင်ဆုမင်္ဂလာ (၈၀) ပေါ်တေးထပ်' တွင် မင်္ဂလာမောင်မယ်နှစ်ပါးတို့၏ ဇာတိမျိုးနွယ်ကြီး မြတ်ပုံ၊ ရှေးဘုန်းရှေးကံတို့ကြောင့် နှစ်ဦးသား ဖူးစာဆုံခဲ့ကြပုံ၊ မင်္ဂလာသတို့သား၏ ဂုဏ်ရည်၊ မောင်မယ်နှစ်ပါးပေါ် ဆုတောင်းပတ္ထနာပြုချက်တို့ကို နှစ်သက်ကြည်နူးဖွယ် အားတက်ဖွယ် တွေ့ရှိရသည်။ အဆိုပါ တေးထပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

*'သဏ္ဍာဘာဂီ ငွေသစ်နှင့်*
*ရွှေမင်အလှ ဆေးစပ်ခြယ်*
*ဂဟေဆင်သ ရေးမှတ်ရှယ်သည်*
*သူဌေးဇာတ်နွယ် မြင့်တစ်ဦး။*
*စိန်ထွတ်တင်တဲ့ ကျက်သရေဂုဏ်မှာ*



*မင်္ဂလဒေပုံ မိန့်ခွန်းသံရင့်ကျူး၊*
*ဘုန်းနှင့်ကံနှင့် ပေါင်းစု ဖန်တယ်*
*တောင်စုနှစ်ကံ ပတ္ထနာထူး။*
*ကောင်းမှုသန့်သန့် သမ္ဘာမြူးလို့*
*ရတနာညွန့်ဖူး မောင်နှင့်မယ်*
*မေတ္တာပန်းခိုင် ဝေဝေကြွေ*
*ရွှေဂေဟ ခြေမြှားခိုင် မြဲစေစိမ့်တွယ်။*
*ရှင်ရဲ့ထွတ်နဲ့ တစ်မွတ်နွယ်လို*
*မခတ်တကယ် ခေါင်နေကျန့်လို့*
*တောင်သခြေပြကျွန့် မှန်ကင်းကေတုလို*
*ရန်ခွင်းဓေယျူဗိုလ်။*
*ကြီးခိုင်စွင့်တဲ့ ရွှေမြင့်မိုရ်လို*
*ရေပြင်ဗဟို ကြာပန်းရုံသို့လေး...*
*တင်နှင့်မြင့်တို့ ကောင်းကင်လယ်မှာ*
*ခေါင်းမင့်သဖွယ် ဂုဏ်ထွန်းပေလိမ့်လေး'*

အဆိုပါတေးထပ်ကား ရာဇဝင်နှင့် ကျမ်းဂန်စာပေတို့ကို ကိုးကားဖွဲ့ဆိုခြင်းဖြင့် မင်္ဂလာပွဲသဘင်ကို ခမ်းနားစေခဲ့သည်။ ကောင်းကင်အလယ်တွင် ခေါင်းမင်းနေစကြာသည် ထွန်းလင်းတောက်ပတည်ရှိသကဲ့သို့ မောင်စိန်တင်နှင့် ခင်ခင်မြင့်တို့သည်လည်း တန်ခိုးဂုဏ်သိန်တိုးပွားကာ လောကအလယ်တွင် တင့်တယ်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုခဲ့ပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## သင်္ကန်းရဲ့မူလအစဟာ ဘယ်ကဖြစ်သလဲ

သင်္ကန်းဟူသည် ဘုရားရှင်နှင့်တကွ ရဟန်းတော်များ သုံးဆောင်တော်မူသည့် ပစ္စည်းတစ်ပါး ဖြစ်ပါသည်။

သင်္ကန်းကို ပါဠိဘာသာဖြင့် 'စီဝရ' ဟု ခေါ်ဆိုပါသည်။ စီဝရဆိုသည်မှာ ဒါယကာတို့ စွန့်ပစ်ထားသော အဝတ်အပိုင်းအစတို့အား ချုပ်၊ စပ်၊ လျှော်ဖွပ်ကာ ဖန်ရည်ဆိုးထားသည့် အထည်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် သင်္ကန်းဆိုသည်မှာ မအပ်သည့်ဆိုးရည်၊ မအပ်သည့်အရောင်ကို ပယ်စွန့်ပြီး၊ အပ်သည့် ဆိုးရည်၊ အပ်သည့်အရောင်များဖြင့် ဆိုးထားသည့်အတွက် (ကသာဝေန ရတ္တံ ကာသာဝံ) ဟူ၍ ပါဠိလိုခေါ်ပါသည်။

သင်္ကန်း၏အစသည် ကြာပန်းက ဖြစ်၏။ ထို့ကြောင့်ပင် ရှေးစာဆိုများက 'သင်္ကန်းအစ ကြာပန်းက' ဟူ၍ ဆိုရိုးစကားပြုထားခဲ့ခြင်းဖြစ်သည်။ သင်္ကန်း၏မူလအစသည် ကမ္ဘာနိမိတ်



ဖြစ်သည့် ကြာပန်းအတွင်း တန်ခိုးအားဖြင့် ဖြစ်ပေါ်လာသော သင်္ကန်းစတင်ခဲ့သည့်အတွက်ကြောင့် ဖြစ်သည်။ ၎င်းကို မဟာပတနသုတ်အဖွင့်တွင် ရေးထားသည်။

ကမ္ဘာကြီးတည်စက ကမ္ဘာမြေကြီးသည် ရေပြင်ပေါ်တည်သည့် ကြာရွက်ကဲ့သို့ ရေပြင်ထက်၌ တည်နေ၏။ မဟာဗောဓိပလ္လင်တည်ရာအရပ်သည် ကမ္ဘာပျက်စဉ် နောက်ဆုံးမှ ပျက်စီးကာ တည်ပြန်တော့လည်း ရှေးဦးစွာ တည်၏။ ရှေးဦးစွာတည်သည့် မြေပြင်ထက်တွင် ပုဗ္ဗနိမိတ်အဖြစ် ကြာရုံပေါ်ပေါက်လာခဲ့၏။ ဘုရားပွင့်သောအခါ ကြာရုံမှ ကြာပန်းများ ဖူးလာခဲ့၏။ ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူ ပွင့်မည်ဖြစ်လျှင် ကြာပန်းငါးပွင့် ပွင့်သည်။ ကြာပွင့်သည့်အချိန်တွင် သုဒ္ဓါဝါသဗြဟ္မာများ လာရောက်ကြည့်ရှုပြီး ကြာပန်းထဲတွင်ပါသည့် ပရိက္ခရာရှစ်ပါးကို ဗြဟ္မာများက သိမ်းထားပြီး ဘုရားအလောင်းတော်ထွက်တော်မူသည့်နေ့သို့ ရောက်သောအခါ လာရောက်ဆက်သကြလေ၏။

ထိုအဖြစ်ကို ရည်ရွယ်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူသဖြင့် 'သင်္ကန်းအစ ကြာပန်းက' ဆိုသည်မှာ အမှန်ဖြစ်ပါသည်။ ဘုရားအလောင်းတော်သည် ကြာပန်းကို ဝတ်ရုံပြီး ဘုရားအဖြစ်သို့ ရောက်တော်မူသဖြင့် ကြာပန်းသည် သင်္ကန်းအစဟု ဆိုရခြင်းဖြစ်၏။ ထိုအဖြစ်ကို ရည်ရွယ်ပြီး–

"ဝိဝဋ္ဋဝယ်၊ ဘဒ္ဒလက္ခဏာ၊ ပေါ်ဦးခါ၌၊ သဏ္ဌာန်အနေ၊
သိန်းကုဋေဟု၊ တွက်ရေစက္ကဝါ၊ မြေသကာ၏၊ အချာ
မိပတိ၊ ဗောဓိရှေ့ပြင်၊ ပလ္လင်ရောက်ရာ၊ ရပ်ဝန်းပါထက်၊

www.burmeseclassic.com

www.burmeseclassic.com



ငါးဖြာခက်မ၊ ငုံပွင့်ပွင့်၍၊ ဘုရားပရိက္ခရာ၊ လေးဆယ်ပါ၍၊ မြဟ္မာဦးညိတ်၊ ရှင်သည့်စိတ်နှင့်၊ နိမိတ်ဆိုရာ၊ ငါးပွင့်ကြာ..."

ဟု စပ်ဆိုထားပေသည်။

ဘုရားအလောင်းတော်သည် ဘုရားရှင်ဖြစ်တော်မူပြီးနောက် သာသနာတော်အတွင်းသို့ ပဥ္စဝဂ္ဂီငါးဦးသည် ပထမဆုံး ဝင်ရောက်လာကြသည်။ ထို့နောက် နာလကထေရ်နှင့် ယသသတို့သား တို့ ဝင်ရောက်လာခဲ့ကြ၏။ ယနေ့သံဃာတော်များ ဝတ်ရုံဆင်မြန်းထားသော သင်္ကန်းမှာ မာဂဓလယ်ကွက်သဏ္ဌာန် ချုပ်လုပ်ထားခြင်း ဖြစ်ပါသည်။ ဘုရားရှင်သည် သင်္ကန်းနှင့် ပတ်သက်၍ ရဟန်းတို့သည် မဖြတ်သောသင်္ကန်းများကို မသုံးဆောင်ရ။ ဖြတ်သော ဒုကုဋ်၊ ဖြတ်သော ကိုယ်ဝတ်၊ ဖြတ်သောသင်းပိုင်များကိုသာ သုံးဆောင်ရမည်ဟု မိန့်တော်မူခဲ့သည်။

ထိုကဲ့သို့ သင်္ကန်းအား အပိုင်းပိုင်းဖြတ်စေခြင်းမှာ–

(၁) အထည်ကို အပိုင်းပိုင်း ဖြတ်လိုက်သဖြင့် သူတစ်ပါး မလိုချင်သည်က တစ်ကြောင်း၊

(၂) စနစ်တကျ ချုပ်လုပ်ထားသောကြောင့် ကြည့်ညို ဖွယ်ရာ ကောင်းသည်က တစ်ကြောင်း၊

**(၃) ပုညခေတ္တံ အနုတ္တရံ ဆိုသည့်အတိုင်း သံဃာတော်**သည် ကောင်းမှုတည်းဟူသော မျိုးစေ့၏တည်ရာ လယ်မြေနှင့်တူသည်ဆိုသည့် အဓိပ္ပာယ်ကို **ဆောင်**သည်က တစ်ကြောင်း



စသည့်အကြောင်း သုံးမျိုးကြောင့် သင်္ကန်းကို လယ်ကွက်သဏ္ဌာန်ဖြတ်ချုပ်တော်မူစေခြင်း ဖြစ်၏။ ဘုရားရှင်သည် ထိုအချိန်မှစ၍ ချမ်းအေးသော ရာသီဥတုကို ကာကွယ်နိုင်အောင် ရဟန်းတို့အား သင်္ကန်းသုံးထည်ကို ခွင့်ပြုတော်မူခဲ့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## သူတော်ကောင်းတို့ ကျင့်စဉ်တွေထဲမှာ ဝစီပိတ်ကျင့်စဉ်ပါသလား

လောက၌ ပညာမဲ့တို့သည် ပညာရှိတို့ထက်ပို၍ အင်အားများပြား၏။ ထိုပညာမဲ့ အများစုတို့သည် တကယ်အစစ်အမှန်လော... အတုအယောင်လော... ဆိုသည်ကို မိမိတို့ဉာဏ်ဖြင့် ဆန်းစစ် ဝေဖန်နိုင်ခြင်း မရှိလေရကား မည်သည့်နေရပ်ဒေသ၌ မည်သို့သောသူ၊ မည်သို့သောအရာသည် ထူးခြားဆန်းကြယ်နေသည်ဟု သဲ့သဲ့မျှ ကြားလျှင်ပင် ထိုနေရာသို့ ဦးစွာ ရောက်သွားတတ်စမြဲ ဖြစ်၏။

ဤ၌ စဉ်းစားဉာဏ် အသင့်အတင့်ရှိသူပင်လျှင် အနည်းအကျဉ်းမျှတော့ တွေဝေငေးမောသွားတတ်၏။ ရင်စစ် လူဆိုသည်မှာ အထူးအဆန်းဆိုပါက စိတ်ဝင်စားတတ်ကြသည် မဟုတ်ပါလား။



ယခုကာလ သမယ၌ 'မည်သည့်ပုဂ္ဂိုလ်သည် ဝစီပိတ်အကျင့်ကို ကျင့်နေသည်' ဟူသော သတင်းကြားလျှင် အထူးအဆန်းဖြစ်ကာ ထိုပုဂ္ဂိုလ်ထံသို့ သွားရောက်ဆည်းကပ်လေ့ ရှိကြပေသည်။ ပညာရှိသူတော်ကောင်းကြီးများ လုပ်လေ့လုပ်ထ မရှိခြင်းကို မစဉ်းစား။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဖြစ်၏။

ရဟန်းတော်တစ်စုသည် ကောသလတိုင်းအတွင်းရှိ ဇရပ်အရပ်၌ သွားရောက်ဝါဆိုကာ ဝစီပိတ်အကျင့်ကို ကျင့်စဉ်တစ်ရပ်အဖြစ် ကျင့်ခဲ့ကြ၏။ ထိုသို့ ဝါတွင်း တစ်တွင်းလုံး ဝစီပိတ်ကျင့်စဉ်ကို ကျင့်ခဲ့ပြီး ဝါကျွတ်သည့်ရှိသော် ဘုရားရှင်အား ဖူးမြော်ရန်အတွက် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်သို့ ထွက်လာကြလေ၏။

ဘုရားရှင်ထံ ရောက်ရှိဖူးမြော်ကြပြီးလေသော် ဘုရားရှင်က–

"ချစ်သားတို့... သင်တို့သည် ချမ်းချမ်းသာသာ နေထိုင်ကာ တရားကျင့်ခဲ့ပါသလော"

ဟု မေးတော်မူလေ၏။ ထိုအခါ ရဟန်းတို့က–

"အရှင်ဘုရား... တပည့်တော်တို့သည် ချမ်းချမ်းသာသာဖြင့် ဝစီပိတ်ကျင့်စဉ်ကို ကျင့်ခဲ့ကြပါ၏"

ဟု ဖြေကြားကြလေ၏။ ဤတွင် ဘုရားရှင်လည်း...

"ဟယ်... မင်္ဂဖိုလ်မရ၊ ကိစ္စမပြီး၊ အချည်းနှီးသော ယောကျ်ားတို့..."

www.burmeseclassic.com

www.burmeseclassic.com



သင်တို့ကား ခြင်္သေ့၊ သစ်၊ ကျားတို့ နေထိုင်ခြင်း၊ ရန်သူတို့၏ နေထိုင်ခြင်းဖြင့် နေထိုင်ပြီး စကားမပြော တုံ့ဏှိဘောနဲ့ နေထိုင်ခဲ့ကြတာကိုတောင်မှ ချမ်းချမ်းသာသာ နေထိုင်ရတယ်လို့ ဆိုတယ်၊ ဝန်ခံကြတယ်။

သင်တို့ဟာ တိတ္ထိဂိုဏ်းဝင်တွေ ဆောက်တည်ကျင့် သုံးလေ့ရှိတဲ့ 'မူဂဗ္ဗတ' လို့ ဆိုတဲ့ သူဆွံ့၊ သူအ တို့ရဲ့ အကျင့်ကို ဘာကြောင့် ကျင့်သုံးရတာတဲ့လဲ။ သင်တို့ ကျင့်တဲ့ ဝစီပိတ်အကျင့်ဟာ မကြည်ညိုသေးသူတွေကို ကြည်ညိုဖို့ မဖြစ်စေနိုင်သလို၊ ကြည်ညိုပြီးတဲ့သူတွေကို လည်း တိုးပြီး မကြည်ညိုစေနိုင်ဘူး။

သည်တော့ ဝစီပိတ်အကျင့် ကျင့်တဲ့ရဟန်းမှန်သမျှ ဒုက္ကဋ် အာပတ်သင့်စေ..."

ဟူ၍ ပညတ်တော်မူခဲ့သည်။

သို့ဖြစ်၍ 'ဝစီပိတ်အကျင့်' စသည်တို့ကို မသိသူတို့က အကျင့်ကောင်းတစ်ခုဟု ထင်မှတ်နေကြသော်လည်း အမှန်စင်စစ် မူကား ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ပိတ်ပင် တားမြစ်တော်မူခဲ့သည့် အကျင့်ပင် ဖြစ်ပေသည်။

❐

## အနာမျိုး (၉၆) ပါးဆိုတာ ဘာတွေတဲ့လဲ

လူဟူ၍ ဖြစ်လာသည့်နောက် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဆိုသည့်အတိုင်း ရောဂါဝေဒနာတွေက ယှဉ်တွဲပါလာတတ်သည်။ လူတိုင်းပင် အနာရောဂါဝေဒနာမှ ကင်းဝေးလိုကြသည်။ လူကြီး သူမများကလည်း ဆုပေးသောအခါတွင် 'အနာမျိုး (၉၆) ပါးမှ ကင်းဝေးကြပါစေ...' ဟု ထည့်သွင်းပေးလေ့ရှိ၏။

ဤသို့ အနာမျိုး (၉၆) ပါးဆိုသည်မှာ အဘယ်နည်း။ လေ့လာရှာဖွေမိသမျှကို ဖော်ပြလိုက်ပါသည်။

၁။ မျက်စိ၌ ဖြစ်သောအနာ

၂။ နား၌ ဖြစ်သောအနာ

၃။ နှာခေါင်း၌ ဖြစ်သောအနာ

၄။ ပါးစပ်၌ ဖြစ်သောအနာ

၅။ လျှာ၌ ဖြစ်သောအနာ

၆။ ကိုယ်၌ ဖြစ်သောအနာ

၇။ နားရွက်၌ ဖြစ်သောအနာ

www.burmeseclassic.com

www.burmeseclassic.com



၈။ ခံတွင်း၌ ဖြစ်သောအနာ
၉။ သွား၌ ဖြစ်သောအနာ (သွားကိုက်နာ)
၁၀။ ချောင်းဆိုးနာ
၁၁။ ကြို့ထိုးနာ၊ ကုပ်ဟီးနာ (ပန်းနာ၊ ရှုနာ)
၁၂။ မှတ်သိနာ၊ ထိပ်ကတ်နာ (ဆောင်းမေးခါနာ)
၁၃။ ကိုယ်တွင်း၌ ပူသောအနာ
၁၄။ အဖျားနာ
၁၅။ ဝမ်း၌ဖြစ်သော အနာ
၁၆။ မူးဝေ မိန်းမောသော အနာ
၁၇။ သွေးအန်နာ
၁၈။ သေးထိုးရင်ကျပ်နာ
၁၉။ ဝမ်းကျနာ၊ ကာလနာ
၂၀။ နူသောအနာ
၂၁။ ထွင့်မြင်းနာ၊ အိုင်းနာ၊ မြင်းဖုနာ
၂၂။ ခရုသင်း၊ ညှင်း၊ တင်းတိပ်နာ
၂၃။ အဆုတ်နာ၊ သွေးသားခန်းခြောက်နာ
၂၄။ ဝက်ရူးနာ၊ ကြက်ရူးနာ၊ နတ်ဘီလူးဖမ်းအနာ
၂၅။ ပွေးနာ
၂၆။ ဝဲငယ်ဝဲခြောက်နာ
၂၇။ ဝဲကြီး ဝဲစိုနာ
၂၈။ လက်သည်း၊ ခြေသည်းခြစ်သည့်အနာ
၂၉။ လက်ဖဝါးကွဲ၊ ခြေဖဝါးကွဲအနာ



၃၀။ သွေးသည်းခြေနာ
၃၁။ ဒူလာသရောနာ၊ ဆီးချိုနာ
၃၂။ မြင်းသရိုက်နာ၊ ဒူလာလိပ်ခေါင်းနာ
၃၃။ ဖောရောင်နာ
၃၄။ ဘင်နာ၊ ဂရင်ဂျီနာ
၃၅။ သည်းခြေနာ
၃၆။ သလိပ်နာ
၃၇။ လေနာ
၃၈။ လေ၊ သလိပ်၊ သည်းခြေအနာ
၃၉။ ဥတုပြောင်းလဲခြင်းကြောင့်ဖြစ်သောအနာ
၄၀။ ကိုယ်ကိုမသင့်စွာ ဆောင်၍ ဖြစ်သော အနာ
၄၁။ တမင်လုပ်၍ဖြစ်သော အနာ
၄၂။ ဥပစ္ဆေဒကကံ နှိပ်စက်ခြင်းအနာ
၄၃။ ဝမ်းကိုက်နာ
၄၄။ ကိုယ်ခံအားနည်းသောအနာ
၄၅။ သုက်ပျက်နာ
၄၆။ ကြို့ထိုးနာ
၄၇။ နှုတ်မမြိန်သောအနာ
၄၈။ ပျို့အန်နာ
၄၉။ ရှူးသွပ်နာ
၅၀။ ပေါင်ခွတောင့်တင်းသော အနာ

www.burmeseclassic.com

www.burmeseclassic.com



၅၁။ တစ်ကိုယ်လုံး တောင့်တင်းသော အနာ
၅၂။ ဝမ်းဖောဝမ်းရောင်အနာ
၅၃။ ဂုလုံးနာ၊ အလုံးအခဲစွဲသောအနာ
၅၄။ နှလုံးသည်းပွတ်အနာ
၅၅။ ရင်အောင့်သောအနာ
၅၆။ ဆီးအောင့်၊ ဆီးကျင်နာ
၅၇။ ဆီး၊ ဝမ်းချုပ်သောအနာ
၅၈။ ကျောက်တည်သောအနာ
၅၉။ အဖျဉ်းအဆုတ်နာ
၆၀။ ကိုယ်ရောင်သောအနာ
၆၁။ လည်ပင်းကြီးနာ
၆၂။ မြင်းစဉ်နာ
၆၃။ ကြွက်နို့နာ
၆၄။ ခြေထုံနာ
၆၅။ အနာပဆုပ်၊ သွေးစုနာ၊ သက်တံနာ
၆၆။ အရိုးကျိုးသောအနာ
၆၇။ ကာလသားရောဂါ
၆၈။ အင်္ဂါဇာတ်၌ အဖုပေါက်သောအနာ
၆၉။ ဝက်သက်နာ၊ ရေယုံနာ
၇၀။ ကျောက်ရောဂါ
၇၁။ ချည်မျှင်ကဲ့သို့ အကြောထွက်သောအနာ



၇၂။ မီးလောင်နာ
၇၃။ အစာမကြေသောအနာ
၇၄။ ဝမ်းကြောတင်းသောအနာ
၇၅။ ကြပ်နာ
၇၆။ လည်ချောင်းနာ
၇၇။ ဝမ်းချုပ်နာ
၇၈။ အနာစိမ်း
၇၉။ လိပ်ဥရောင်သော မုတ္တနာ
၈၀။ ခြေဖောနာ၊ ခြေပူနာ
၈၁။ ဆင်ခြူလည်ပြတ်နာ
၈၂။ နို့သက်နာ
၈၃။ မေးရိုးနှင့်လည်ချောင်း အစပ်အနာ
၈၄။ လက်ရုံးနဘောခုံ၌ ပေါက်သောအနာ
၈၅။ ခြေသည်း၊ လက်သည်းပုပ်အနာ
၈၆။ အနာသစ်ငုတ်
၈၇။ ဆံကျွတ်၊ မွေးကျွတ်နာ
၈၈။ ဒက်နာ
၈၉။ မိတ်နာ၊ ကြာဆူးနာ
၉၀။ သင်းလိပ်နာ
၉၁။ မှဲ့ခြောက်နာ
၉၂။ ပါးသက်နာ

www.burmeseclassic.com

www.burmeseclassic.com



၉၃။ မုယကုပ်နှာ

၉၄။ လိင်ရေလျှော့သော အနှာ

၉၅။ ကျင်သွားလိင်နှာ

၉၆။ ကျင်ချုပ်လိင် နှာ... စသည်တို့ ဖြစ်ကြပါကြောင်း။

▢

## အမေ ဆိုတာ ဘယ်လိုမျိုး အဓိပ္ပာယ်တွေနဲ့ ဖွဲ့စည်းထားပါသလဲ

'ကျေးဇူးကြီးလှ၊ မိနှင့်ဖ' ဟု ဆိုကြသည်။ အနန္တော အနန္တ ဂိုဏ်း၌ မိဘနှစ်ပါးကို သွတ်သွင်းပေးထားကြသည်။ 'လက်ဦးဆရာမည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ' ဟူ၍လည်း မှတ်တမ်းပြုကြသည်။

သို့ရာတွင် မိမိတို့ မြန်မာနိုင်ငံ၌ အမေ့ကျေးဇူးသည် ဝင်းပြက်၊ လင်းလက်နေသလောက် ဖခင်၏ကျေးဇူးမှာမူ မှေးမှိန် မှေးမှိန်ဖျော့တော့လွန်းလှသည်။ ပြာသိုလရောက်ပြီဆိုလျှင် 'အမွှေးမနေ့' အဖြစ် အနယ်နယ်အရပ်ရပ်တွင် လှုပ်ရှားကြတော့သည်။ မွေးမေ ကျေးဇူး၊ ဆပ်ဖူးချင်သူတွေ၊ ဂန္ထဝင်မေမေ၊ ကရုဏာမေမေ၊ မြင်းမိုရ်မေမေ၊ ကောင်းကင်မေမေ တမ်းတသူတွေများမှများ။ အမေ့ခြေရာ ပုံလောင်းသူတွေ ပေါ်မှပေါ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၀ယ် ဖခင်တို့၏ အနေအထားသည် အလိုလိုနေရင်း သိမ်ငယ်သလို ဖြစ်သွားရတော့သည်။ အမေ့ကျေးဇူးကြီးသကဲ့သို့ အဖေ့ကျေးဇူးမှာလည်း မသေးငယ်လှပါ။ 'အမေနေ့' ရှိခြင်းကို သဘောကျနှစ်သက်သလို 'အဖေနေ့' ပေါ်ထွက်လာဖို့ရာကိုလည်း မျှော်လင့်ပါသည်။ ကျွေးဖေ ကျေးဇူးဆပ်ဖူးချင်သူတွေ၊ ဂန္ထ၀င်ဖေဖေ၊ ကရုဏာဖေဖေ၊ မြင်းမိုရ်ဖေဖေ၊ ကောင်းကင်ဖေဖေ တမ်းတသူတွေများလာစေချင်ပါသည်။ အဖေ့ခြေရာ ပုံလောင်းသူတွေလည်း ပေါ်လာစေချင်ပါသည်။

အမေ၏စွမ်းဆောင်မှုမှာ မြင့်မားလွန်းပါသည်။ ထို့အတူ အဖေဖြစ်သူ၏ စွန့်လွှတ်အနစ်နာခံ၊ အပင်ပန်းခံပေးဆပ်မှုတွေမှာလည်း ကြီးမားလှပါသည်။ စင်စစ် 'အမေ' ဖြစ်လာရခြင်းမှာ 'အဖေ' ကြောင့်ဟု ဆိုရပါလိမ့်မည်။ အဖေမရှိလျှင် အမေလည်း မရှိလာနိုင်ပါ။ သားသမီးတို့အတွက် အဖေသည် ဆရာသမား၊ သူရဲကောင်း၊ သမားတော်၊ ငယ်ကျွန်၊ သူငယ်ချင်း၊ အတိုင်ပင်ခံ၊ ကယ်တင်ရှင်၊ အရှင်သခင်၊ လမ်းပြမှူး... အစရှိသဖြင့် ထူးကဲလှစွာသော ဂုဏ်ပုဒ်တို့ ပြည့်နေပါသည်။ ဤ၌ ပညာရှင်များ သရုပ်ခွဲပြသည့် အဖေ (FATHER = F + A + T + H + E + R) ၏ အဓိပ္ပာယ် ဖွင့်ဆိုအချက်အချို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။



**FATHER = အဖေ**

F = Faithful = သစ္စာရှိသူ
(ကိုယ့်သားသမီးအပေါ်၌ ထာ၀ရသစ္စာ စောင့်သိတတ်သူ)

A = Assurence = အာမခံချက်ပေးသူ
(ကိုယ့်သားသမီးအတွက် အရာရာ အဆင်ပြေစေရန် အာမခံဆောင်ရွက်ပေးသူ)

T = Tender = နူးညံ့သိမ်မွေ့သူ
(ကိုယ့်သားသမီးအပေါ်တွင် အမြဲထာ၀ရ သနားကြင်နာတတ်သူ)

H = Helpful = ကူညီပေးသူ
(ကိုယ့်သားသမီးအတွက် အမြဲထာ၀ရ ကူညီစောင့်ရှောက်တတ်သူ)

E = Energetic = အားအင်ပြည့်၀သူ
(ကိုယ့်သားသမီးအတွက် အချိန်တိုင်း အားအင်ပြည့်၀နေတတ်သူ)

R = Resourceful = အခက်အခဲဖြေရှင်းသူ
(ကိုယ့်သားသမီး၏ အခက်အခဲအားလုံးကို စွမ်းနိုင်သမျှဖြေရှင်းပေးသူ)

ဟူ၍ ဖြစ်ပေသည်။ အချို့ပညာရှင်များကလည်း အောက်ပါအတိုင်း (Father) ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



F = Faith (သစ္စာရှိသူ)
A = Authority (ဩဇာရှိသူ)
T = Teacher (လမ်းညွှန်ပြသူဆရာ)
H = Hero (သူရဲကောင်း)
E = Energetic (အားအင်ပြည့်ဝသူ)
R = Righteous (ဖြောင့်မတ်မှန်ကန်သူ)

ဟူ၍ ဖြစ်ပါကြောင်း။

❒



ဗိုလ်အောင်ကျော်ရုပ်တုနှင့် အထိမ်းအမှတ်ကျောက်တိုင်

## အရှင်နှစ်ပါးကို ထောဝရတမ်းတပြီး ပါတော်မူနေ့ကို တစ်ယောက်တည်း ကျင်းပတာ ဘယ်သူလဲ

ပါတော်မူ အရှင်နှစ်ပါးကို ထာဝရတမ်းတသူ။

မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ပါတော်မူနေ့တွင် ဗကသနှင့် တကသမှ ကျောင်းသားများက မည်သည့်အထိမ်းအမှတ်ပွဲမျှ မလုပ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မိမိအခန်းတွင် အစာမစား၊ စကားမပြောဘဲ တစ်ယောက်တည်း ထိုင်ကာ ပါတော်မူနေ့ အထိမ်းအမှတ်ကို ကျင်းပသူ။

သူကား... နေမျိုးသီဟသူရဘွဲ့ခံ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ဖြစ်၏။

သူ့ကို ၁၉၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်နေ့တွင် အဖ ဦးကျော်ထင်၊ အမိ – ဒေါ်ရွှေကျော့တို့မှ ဟင်္သာတခရိုင်၊ အင်္ဂပူ မြို့နယ်၊ ရုံးဇင်ရွာတွင် မွေးဖွားခဲ့သည်။

မယ်ဇလီကုန်း အမျိုးသား အလယ်တန်းကျောင်းမှ သတ္တမ တန်း အောင်မြင်ပြီး ဟင်္သာတမြို့၊ ဒေါက်တာကမ်းမင်းကျောင်း မှ၊ အထက်တန်း အောင်မြင်သည်။ ထို့နောက် ဂျပ်ဆင်ကောလိပ် တွင် ပညာဆက်လက်ဆည်းပူးသည်။ မြန်မာစာတွင် ထူးချွန် ၍ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သူဖြစ်သည်။ ကောလိပ် တွင် ကျောင်းတက်နေစဉ်အတွင်း အမျိုးသားရေးလှုံ့ဆော်စာများ ရေးသားခဲ့ပြီး အမျိုးသားရေးကို လှုံ့ဆော်သည့် တရားပွဲများ ဟောပြောပွဲများတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ရန်ကုန် တက္ကသိုလ်ကျောင်းသားများ သမဂ္ဂနှင့် ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများသမဂ္ဂတို့တွင် အလုပ်အမှုဆောင် အဖွဲ့ ဝင်တစ်ဦး ဖြစ်သည်။

ခေတ်ပြိုင်ကျောင်းသားများမှာ သခင်အောင်ဆန်း၊ သခင်နု၊ သခင်လှဖေ၊ ကိုထွန်းရှိန် စသူတို့ဖြစ်သည်။ တက္ကသိုလ်ကျောင်း သားအများစုမှာ လက်ဝဲဝါဒကို ယုံကြည်သူများ ဖြစ်ကြသော် လည်း ကိုအောင်ကျော်မှာမူ ပါတော်မူအရှင်နှစ်ပါးကိုသာ ထာဝ တမ်းတနေသူဖြစ်သည်။



၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ညတွင် ဗကသ ဥက္ကဋ္ဌကိုလှရွှေ ဦးဆောင်သော သမဂ္ဂဝင်များက တောင်သူ လယ်သမား၊ အလုပ်သမားများ၊ ကျောင်းသားများ၏ တောင်းဆို ချက်များကို မလိုက်လျောသည့် ဒေါက်တာဘမော်အစိုးရအား ဆန္ဒပြသည့်အနေဖြင့် ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင် ဖြစ်သော အတွင်းဝန်ရုံး (ယခုဝန်ကြီးများရုံး) ကို ဝိုင်းရံဆန္ဒပြ ကြရန် ဆုံးဖြတ်ခဲ့သည်။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် နံနက် ၈ နာရီတွင် ကိုလှရွှေ၊ ကိုထွန်းရွှေ၊ ကိုအောင်ကျော်နှင့် သံဃာတော်များ ဦးဆောင်သည့် ကျောင်းသူကျောင်းသား ၇၀၀၀ ကျော်သည် အတွင်းဝန်ရုံး အဝင်ဝများ အားလုံးကို ပိတ်ဆို့ကာ ဆန္ဒပြကြ တော့သည်။

နေ့လယ် ၁၂ နာရီခန့်တွင် ကျောင်းသားခေါင်းဆောင် ကိုလှရွှေက ဆန္ဒပြပွဲကို ရုပ်သိမ်းကာ ကျောင်းသားများကို စုဆေးစေပြီး စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း) အတိုင်း ချီတက်ခဲ့သည်။ ထိုစဉ် မြင်းစီး ဂေါ်ရာစစ်ပုလိပ်များ ရောက် ရှိလာကာ ကျောင်းသားထုအတွင်း ဝင်ရောက်၍ နံပါတ်တုတ် နှင့်ရိုက်၊ မြင်းနှင့်ကန်ကာ ဆန္ဒပြသူများကို ဖြိုခွင်းခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ဗိုလ်အောင်ကျော်အပါအဝင် ကျောင်းသား သူငယ် ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၂-ရက်နေ့တွင် ဗိုလ်အောင်ကျော်သည် ဦးခေါင်း တွင် ရရှိထားသော ဒဏ်ရာကြောင့် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်အောင်ကျော် ကွယ်လွန်ပြီးနောက် ဈာပနကျင်းပရေးကော်မတီက ပြည်သူများ၏ဆန္ဒအရ ဗိုလ်အောင်ကျော်အား 'နေမျိုးသီဟသူရ' ဘွဲ့ ချီးမြှင့်၍ ဂုဏ်ပြုခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့အတွင်းဝန်များရုံး (ဝန်ကြီးများရုံး) နံဘေးရှိ စပတ်လမ်းကို ဗိုလ်အောင်ကျော်လမ်းဟု ပြောင်းလဲခေါ်တွင်စေခဲ့သည်။

❒

## အာဇာနည်ဦးရာဇတ်
## ဘယ်လိုကဗျာ ရေးခဲ့သလဲ

ဆရာကြီးဦးရာဇတ်သည် အာဇာနည်ခေါင်းကြီး ဖြစ်သည်။

ဆရာကြီးဦးရာဇတ်သည် စာပေဝါသနာပါသူဖြစ်ပြီး စာအရေးအသားကောင်းသူလည်း ဖြစ်၏။ စာစီစာကုံး အရေးကောင်းလွန်းသည့်အတွက် အများကို ရေးသားပေးရလေ့ရှိ၏။ သည့်အတွက် သူ့အား စေတနာ့ဝန်ထမ်း လျှောက်လွှာစာရေးကြီးဟူ၍ပင် နောက်ပြောင်လေ့ရှိကြသည် ဟူ၏။

ဆရာကြီးသည် အိန္ဒိယနိုင်ငံထုတ် နယူးတိုင်းမဂ္ဂဇင်းတွင် ရှမ်းပြည်နယ် (၃၆) ကောင်ထီအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးရေးခဲ့၏။ အဆိုပါဆောင်းပါးတွင် ကြေးစည်ရုပ်တုနှင့်တကွ အတိတ်ပေးပုံ၊ ကပ်တိတ်၊ အနီးတိတ်၊ ပေါက်ကောင်၊ ကိုယ်စားလှယ်အကောင် စသည့် ရှီးရာတီဝါဟာရင်းလင်းချက်များနှင့်တကွ ရေးသားပေးပို့ခဲ့ရာ ဆောင်းပါး

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြခဲ့ရပြီး ထိုဆောင်းပါးအား ပထမဆုအဖြစ် ချီးမြှင့်ခြင်း ခံရ၏။

ဆရာကြီးမှာ ဘာသာခြားဖြစ်သော်လည်း ငယ်စဉ်က နန်းတော်ရှေ့ ရွှေကျောင်းဆရာတော် ဦးသီလဝံသထံ၌ ပါဠိဘာသာ အခြေခံများ သင်ယူခဲ့ရဖူးပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာနှင့်လည်း မစိမ်းပါ။ ထို့အပြင် မြန်မာ ကဗျာ စာပေအပေါ်၌လည်း အကျွမ်းတဝင် ရှိလှပေသည်။ ဤ၌ ထူးထူးခြားခြားဆိုသလို မင်္ဂလာပိုဒ်စုံရတုတစ်ပုဒ်ကို ရေးဖွဲ့ခဲ့ပါသည်။ ထိုမင်္ဂလာပိုဒ်စုံရတုကို အချို့ အချည်းရေးဖွဲ့ထားရာ ဆရာကြီး၏ ကဗျာစွမ်းရည်ကို လေ့လာသိရှိနိုင်ပါသည်။

"ငယ်ပေါင်းချစ်ဆွေ၊ မန်းရပ်မြေကာ၊ စေ့ရေတွေးဆ၊ ချီအချဖြင့်၊ ညီမျှစေမူ၊ စုံရတုဟု၊ ယခုရေးစီ၊ စာပလီကို၊ နာရီဖင့်လျား၊ ခွင့်မအားလည်း၊ ရင်ခြားတွေ့မှု၊ စာပေသူအား၊ ရေးယူကြောင်းတိတ်၊ ချစ်ကြည်စိတ်ဖြင့်၊ တဆိတ်လောက်ပင်၊ ရှုစေချင်သည်၊ ထိုစဉ်ငယ်သော်၊ သက်ဆယ်ကျော်က၊ နှစ်ဖော်တူကွ၊ မေတ္တာမျှ၍၊ ဒေသကွာဝေး၊ ရှိလေသေးလည်း၊ အေးလျှင်အတူ၊ ပူလျှင်မကွဲ၊ ရှိစမြဲဟု၊ ဝမ်းထဲပိုက်ခါ၊ ဆင်မိပါ၏၊ ခုမှာတစ်ကြောင်း၊ တစ်ဖာတ်ပြောင်း၍၊ ငယ်ပေါင်းမျိုးမြတ်၊ ခင်မောင်လတ်၏၊ စုတ်သပ်ချင်ဖွယ်၊ ချစ်ကြိုးနွယ်သည်၊ ပျက်ပြယ်ထင်ရပြန်တော့သည်။

သွယ်ပြောင်းလှစ်ခြွေ၊ မှာလိုက်ပေ၏၊ ဂုဏ်ရေမကွာ၊ ထိုစဉ်ခါက၊ စာလာစာပြန်၊ စာတမန်သည်၊ ဖန်ဖန်သွယ်ဆက်၊ ရှိပါလျက်နှင့်၊ ဖြစ်ပျက်ရပုံ၊ ကြောင်းဥသုံကို၊ စေ့ငုံသေချာ၊ မသိပါငဲ့၊ ထင်ရာထင်ရှား၊ ကြံစဉ်းစားသော်၊ ရပ်ခြားနယ်ဝေး၊ မြို့မကွေးက၊ စာပေးလေတိုင်း၊ ရေလှိုင်းမြစ်ကြော၊ စာသဘောသည်၊ ဝဲသြဃဝုတ်၊ နစ်ခါမြုပ်၍၊ ငုတ်လေသလော၊ ကြံစိတ်စောလျက်၊ တွေးတောစဉ်တွင်၊ ယခင်မိတ်ဦး၊ သူက ထူး၏၊ အိမ်မှူးထံမှောက်၊ ဖို့ရောက်စာလာ၊ လတ်၏စာကို၊ သေချာသိမှ၊ သတိရ၍ ဖြစ်ရလေကွယ်၊ ပြုံးစိတ်ငယ်သည်၊ ရှက်ဖွယ် မြင်ရပြန်တော့သည်။

ဘယ်ကြောင်းဖြစ်တွေ၊ မြင်ရချေ၏၊ ရွှေငွေစုပေါင်း၊ ရေနံချောင်းဟု၊ မြစ်စောင်းမို့မို့၊ မှိုင်းရီညို့တဲ့၊ မြို့နဂရာတွင်၊ သပြာစန်းငွေ၊ သန်းကုဋေဖြိုး၊ မှန်းခြေတိုး၍၊ အကျိုးခွင့်ပေး၊ တွင်းသူဌေး၏၊ ရင်သွေးပိုက်ဖြား၊ ပျိုနုထွားနှင့်၊ စုလျားပတ်ရစ်၊ လွန်ပေါင်းကျစ်၍၊ အချစ်ဓာတ်ငွေ့၊ သူ့ရင်ငွေ့ကြောင့်၊ မေ့လေသလား၊ စဉ်းစားတတ်ပေါင်၊ သို့မောင်မောင်သည်၊ ယခေါင်ပြကတော့၊ စိတ်မှရွှေ့လျက်၊ လိပ်မြေဖွတ်မေ့၊ ပတာပ်မေ့နှင့်၊ မေ့အမျိုးမျိုး၊ မေ့ပင်ပျိုးလည်း၊ မညှိုးမေတ္တာ၊ ရှိလျက်ပါဟု၊ ထက်ညာမန်းပျော်၊ အဆွေတော်က၊ ထုတ်ဖော်ရှုဖွယ်၊ စီကုံးချယ်သည်၊ ဆက်သွင် ခင်ရပြန်တော့သည်။ ။"

❐



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂလိပ်-မြန်မာအဘိဓာန်ကြောင့် မြန်မာနိုင်ငံမှာ ထိပ်တန်းပညာရှင်တစ်ဦးဖြစ်ခဲ့တာ ဘယ်သူလဲ

အင်္ဂလိပ်–မြန်မာအဘိဓာန်ကို ပြုစုခဲ့သည့်အတွက်ကြောင့် မြန်မာနိုင်ငံ၌ ထိပ်တန်းပညာရှင်တစ်ဦး ဖြစ်လာခဲ့သူမှာ 'ဒေါက်တာဘဟန်' ဖြစ်ပါသည်။

ဒေါက်တာဘဟန်မှာ ပညာတတ်သော၊ ပညာကို လိုလားသော မိဘတို့မှ မွေးဖွားခဲ့သူ ဖြစ်သည့်အလျောက် သူ့ခေတ်၌ အကောင်းဆုံးသော ကျောင်းတွင် ပညာသင်ကြားခွင့်ရခဲ့သည်။ သူသည် ကျောင်း၌ ပညာထူးချွန်သော ကျောင်းသားစာရင်းဝင် ဖြစ်ပေသည်။ ဤကဲ့သို့ ထူးချွန်၍လည်း ၁၉၀၉ ခုနှစ်တွင် တက္ကသိုလ်မှ ဘီအေတန်းကို ဘာသာစုံ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ငယ်ရွယ်စဉ်ကပင် အင်္ဂလိပ်စာပေနှင့် ဘာသာစကားကို အထူးလေ့လာခဲ့သည်ဖြစ်ရာ ဘွဲ့ရချိန်၌ အင်္ဂလိပ်စာဘက်တွင် အလွန်နှံ့စပ်ထူးချွန်သူ ဖြစ်၍လာလေ၏။



သူသည် ဘွဲ့ရပြီးသည့်အခါ အစိုးရဌာန၌ လက်ထောက်စာတော်ပြန် အရာရှိအဖြစ်ဖြင့် အဘိဓာန်ဆရာကြီး ဦးထွန်းငြိမ်း၏ လက်အောက်တွင် အမှုထမ်းခွင့်ရသည်။ အထက်အရာရှိတစ်ဦးအနေနှင့် ဦးထွန်းငြိမ်းက ဌာနဆိုင်ရာစည်းကမ်းအတိုင်း ဦးဘဟန်နှင့်ပတ်သက်၍ အကဲဖြတ်မှတ်ချက်ရေးရာ မြန်မာစာထက် အင်္ဂလိပ်စာကို ပိုမိုကျွမ်းကျင်သူဖြစ်ကြောင်း ဖော်ပြခဲ့၍ ... 'အင်္ဂလိပ်စာသာ တတ်သည်၊ မြန်မာစာမတတ်' ဟု ဆိုရာရောက်သဖြင့် အကြီးအကျယ် အခံရခက်သွားခဲ့သည်။

သို့သော် ဦးထွန်းငြိမ်း၏ မှတ်ချက်မှာ မှန်ကန်နေသဖြင့် မြန်မာစာပေ၌လည်း ကျွမ်းကျင်ရမည်ဟု သိန္နိဋ္ဌာန်ချပြီး ထိုစဉ်က မြန်မာပညာရှိပုဂ္ဂိုလ်များထံ ဆည်းကပ်နည်းနာခံ၍ မြန်မာဂန္ထဝင်စာပေများကို အပြင်းအထန် ဖတ်ရှုလေ့လာတော့သည်။

ဦးဘဟန်သည် ဉာဏ်ပညာ ထက်မြက်သည့်အပြင် မူလအခြေခံကြီးမားသူဖြစ်ရာ မြန်မာစာဘက်တွင် သိသိသာသာ တိုးတက်ကျွမ်းကျင်လာခဲ့သည်။ သူ့အား... မှတ်ချက်ရေးခဲ့သူ ဆရာကြီးဦးထွန်းငြိမ်းကိုယ်တိုင် ကျေနပ်အားရပြီး ဦးထွန်းငြိမ်း အဘိဓာန်(ဒုတိယအကြိမ်)ကို တည်းဖြတ်ပြင်ဆင်ရန် ဒေါက်တာဘဟန်သည် သုံးနှစ်ကြာမျှ အပတ်တကုတ်ကြိုးစားပြီး ဦးထွန်းငြိမ်း၏ အင်္ဂလိပ်–မြန်မာအဘိဓာန်ကြီးကို ခေတ်နှင့်လျော်ညီစွာ ဝေါဟာရသစ်များ ဖြည့်စွက်ခြင်း တည်းဖြတ်ခြင်းများ ပြုလုပ်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်တွင် မြန်မာနိုင်ငံ၌ ကျောင်းသူကျောင်းသားများ၊ ပြင်ပလေ့လာသူများအတွက် အင်္ဂလိပ်–မြန်မာ အဘိဓာန် ကောင်းတစ်ခု လိုအပ်ချိန်၊ ဦးထွန်းငြိမ်း၏အဘိဓာန်ကလည်း နှစ်ကာလကြာပြီဖြစ်သည့်အတွက် ခေတ်နှင့်များစွာ အံမဝင်ဖြစ်နေချိန်တွင် ဒေါက်တာဘဟန်၏ အင်္ဂလိပ်–မြန်မာ အဘိဓာန်ကြီး ထွက်ပေါ်လာလေသည်။

၎င်း ဒေါက်တာဘဟန်၊ အင်္ဂလိပ်–မြန်မာအဘိဓာန်ကို ၁၉၅၁ ခုနှစ်မှ စတင်၍ တစ်ဦးတည်း ပြုစုခဲ့ရာ ၁၅ နှစ်ကြာမှ ၁၉၆၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ယခုဆိုလျှင် နှစ်ပေါင်းမနည်းတော့။ ယနေ့ထိတိုင် ပညာရှာမှီးလိုသူများအတွက် များစွာ အသုံးဝင်နေဆဲ၊ တန်ဖိုးရှိနေဆဲလည်း ဖြစ်၏။ ဒေါက်တာလှဟန်၏ အင်္ဂလိပ်–မြန်မာအဘိဓာန်သည် အားလုံးသော အင်္ဂလိပ်–မြန်မာအဘိဓာန်များအနက် အပြည့်စုံဆုံး၊ အကောင်းဆုံးအဖြစ် လေးစား အသိအမှတ်ပြုခံနေရဆဲလည်း ဖြစ်သည်။

နောက်ပိုင်းတွင် ဒေါက်တာဘဟန်သည် အိန္ဒိယနှင့် ဥရောပတိုင်းပြည်များမှ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့များရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် ဥပဒေပညာ–ပါမောက္ခ၊ ထို့နောက် ဥပဒေပညာဌာနမှူး၊ ထို့နောက်တွင် နိုင်ငံတော်ရှေ့နေချုပ်တာဝန်များအထိ ထမ်းဆောင်ခဲ့သော ပညာရှင်တစ်ဦး ဖြစ်ပေ၏။

❒

## အင်္ဂလိပ်–မြန်မာအဘိဓာန်ကို မြန်မာတွေထဲက ပထမဦးဆုံး တီထွင်ပြုစုခဲ့တာ ဘယ်သူလဲ

မြန်မာစာပေသမိုင်းတွင် အင်္ဂလိပ်–မြန်မာအဘိဓာန်ကို ပြုစုသူများရှိခဲ့ကြ၏။ ထိုအထဲ၌ မြန်မာနိုင်ငံသားများထဲမှ ပထမဦးဆုံး တီထွင်ပြုစုခဲ့သူမှာ 'မက္ခရာမင်းသားကြီး' ဖြစ်ပေ၏။

မက္ခရာမင်းသားကြီးသည် အမရပူရ ပထမမြို့တည် ဗဒုံမင်းတရားကြီးနှင့် မိဖုရားကြီးသိရိမဟာ ရတနာဒေဝီတို့မှ ဖွားမြင်သန့်စင်သော သားတော်ဖြစ်၏။ အင်းဝဘုရင် ဘကြီးတော်၏ ဦးလေး တော်စပ်၏။

မက္ခရာမင်းသားကြီးသည် အင်းဝနေပြည်တော်ရောက် အင်္ဂလိပ်လူမျိုးများနှင့် ဆက်ဆံရာတွင် ထိုသူတို့မှတဆင့် ခေတ်မီဝိဇ္ဇာသိပ္ပံပညာရပ်များ၏သဘောကို သိရှိနားလည်ခဲ့သည်။ ထိုပညာရပ်များကို တတ်မြောက်မှသာ မြန်မာတို့ ခေတ်မီနိုင်မည်

www.burmeseclassic.com

www.burmeseclassic.com



ကို သဘောပေါက်ခဲ့သည်။ ထို့ကြောင့် မြန်မာများ ခေတ်မီရေးကို မင်းသားကြီးသည် အစွမ်းကုန် အားထုတ်ခဲ့လေသည်။ မင်းသားကြီးသည် အင်းဝသို့ ရောက်ရှိနေသည့် အင်္ဂလိပ်ကုန်သည်ကြီး မစ္စတာရော်ဂျာထံမှ အင်္ဂလိပ်စာကို သင်ယူသည်။ ထို့နောက် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် အနောက်တိုင်းဝိဇ္ဇာသိပ္ပံဆိုင်ရာ ပညာရပ်များကို လေ့လာဆည်းပူးသည်။ ရီး၏စွယ်စုံကျမ်း (Ree's Encyclopaedia)ကို လေ့လာ ဆည်းပူးသည်။ မြန်မာအမျိုးသားတို့ လေ့လာဆည်းပူးနိုင်ရန်လည်း ထိုကျမ်းပါသိပ္ပံပညာရပ်အချို့ကို မြန်မာဘာသာသို့ ပြန်ဆိုလေသည်။

မင်းသားကြီးသည် အလွန်ခေတ်မီသူဖြစ်၏။ စာကြည့်ဆောင်နံရံမှ အပူအအေးချိန်သော သာမိုမီတာနှင့် လေဖိအားချိန်သော ဗရိုမီတာတို့ကို အမြဲတမ်း ချိတ်ဆွဲထားသည်။ ကမ္ဘာလုံးသည်ဟူသော အယူအဆကိုလည်း နှစ်သက်လက်ခံယုံကြည်ထားသည်။ လော်ဂရစ်သမ် ဂဏန်းသင်္ချာတွက်နည်းကို အင်းဝရောက် အင်္ဂလိပ်ကုန်သည်ကြီး မစ္စတာလိန်းထံက သင်ကြားလေ၏။

အင်းဝတွင် အမှုထမ်းနေသော ကာနယ်ဘာနေးသည် မက္ခရာမင်းသားကြီးအား အင်္ဂလိပ်စာတတ်ကျွမ်း၍ ခေတ်မီ ဝိဇ္ဇာသိပ္ပံပညာရပ်များကို လေ့လာလိုက်စားသူ ပညာရှင်တစ်ဦးအနေဖြင့် ကြည်ညိုကာ သွားရောက်တွေ့ဆုံလေ့ရှိ၏။ မင်းသားကြီးကလည်း ကာနယ်ဘာနေးအား လေးစားစွာ ဆက်ဆံပြီး သူ



တတ်ကျွမ်းလိုသော အက္ခရာသင်္ချာ အတတ်ကို မေးမြန်းလေ့ရှိ၏။ သို့ဖြစ်၍လည်း ကာနယ်ဘာနေးက – သူ၏မှတ်တမ်း၌–

…"ကျွန်ုပ်သည် မင်းသားကြီး၏ ဗဟုသုတစုံလင်ပုံကို မချီးမွမ်းဘဲ မနေနိုင်ပါ။ ဤမြန်မာနိုင်ငံတွင် မင်းသားကြီးကဲ့သို့ ပညာဗဟုသုတပြည့်စုံ၍ ဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်မျိုးကို မတွေ့ဖူးပါ။ ဤမင်းသားကြီးကဲ့သို့ ပညာဗဟုသုတအရာတွင် အငတ်မပြေ သိကျွမ်းလိုသော သူမျိုးကို မတွေ့ဖူးပါ"

ဟူ၍ ရေးသားထားခဲ့လေသည်။ ထို့ပြင် မင်းသားကြီး၏ အင်္ဂလိပ် – မြန်မာအဘိဓာန် ပြုစုနိုင်ခြင်းကိုလည်း လေးစားချီးကျူးခဲ့သည်။

မက္ခရာမင်းသားကြီးကား ထီးရေးနန်းရေး ကိစ္စများကို အလေးမမူ၊ မြန်မာများ အင်္ဂလိပ်ဘာသာ တတ်ကျွမ်းကာ ခေတ်မီဝိဇ္ဇာသိပ္ပံဘာသာရပ်များ တတ်ကျွမ်းရေးကိုသာ အာရုံပြုခဲ့သည်။ သူသည် ထိုစဉ်က အင်္ဂလိပ်စာပေတွင် ခေတ်စားသည့် ဂျွန်ဆင်၏ အင်္ဂလိပ်အဘိဓာန်ကို အခေါက်ခေါက်အခါခါ လေ့လာသည်။ ထို့နောက် အင်္ဂလိပ်ကုန်သည်ကြီး မစ္စတာချားလိန်းနှင့် တွဲဖက်လျက် အင်္ဂလိပ် – မြန်မာအဘိဓာန်ကို တီထွင်ပြုစုလေသည်။ ပြုစုရာ၌ မစ္စတာလိန်းက ရှေးဦးစွာ အင်္ဂလိပ် အဘိဓာန်ကို မြန်မာဘာသာပြန်ဆိုသည်။ ထို့နောက် မြန်မာဘာသာပြန်ဆိုချက်ကို မင်းသားကြီးက စေ့စပ်သေချာစွာ ပြင်ဆင်လေသည်။ ထိုအဘိဓာန်ကို ၁၈၄၁ ခုနှစ်တွင် ကာလကတ္တားမြို့၊ သာသနာ

www.burmeseclassic.com

www.burmeseclassic.com



ပြု ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ဒီဖိုင်းဆိုက်ကြီးအရွယ်ဖြစ်၍ စာမျက်နှာ ၄၆၈ အထူရှိလေ၏။

အဆိုပါအဘိဓာန်ကို ပထမအကြိမ်သာ ရိုက်နှိပ်ခြင်းပြုနိုင်ခဲ့သဖြင့် ယခုခေတ်တွင် အလွယ်တကူ ရှာဖွေမတွေ့နိုင်တော့ပေ။ သို့ရာတွင် ကံအားလျော်စွာ မပျက်စီးဘဲ ကြွင်းကျန်နေသေးသည့် ယင်းအဘိဓာန် ၂ အုပ်ကား ရှိနေပါသေး၏။ တစ်အုပ်မှာ အမေရိကန်ပြည် ဝါရှင်တန်မြို့ ကွန်ဂရက် စာကြည့်တိုက်တွင် ရှိပြီး ကျန်တစ်အုပ်မှာ ရန်ကုန်မြို့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသား စာကြည့်တိုက်တွင် ရှိလေ၏။

မက္ခရာမင်းသားကြီးကား မြန်မာသက္ကရာဇ် ၁၁၅၃ ခုနှစ်တွင် ဖွားမြင်၍ ၁၂၁၀ ပြည့်နှစ် အသက် (၅၇) အရွယ်တွင် ကံတော်ကုန်ရှာလေသတည်း။

❒

## အင်္ဂလိပ်နယ်ချဲ့အစိုးရရဲ့ ပထမဆုံး ဆုငွေအထုတ်ခံခဲ့ရတဲ့ တော်လှန်ရေးသမားဆိုတာ ဘယ်သူလဲ

မြန်မာနိုင်ငံတွင် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဆုငွေအထုတ်ခံရသည့် ပုဂ္ဂိုလ်များမှာ သုံးဦးသာရှိ၏။ ထိုပုဂ္ဂိုလ်သုံးဦးမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဂဠုန်ဆရာစံနှင့် စံဖဲတို့ ဖြစ်ကြ၏။

ထိုပုဂ္ဂိုလ်သုံးဦးအနက် ပထမဆုံး ဆုငွေ အထုတ်ခံခဲ့ရသည့် တော်လှန်ရေးသမားဆိုသူမှာ စံဖဲဖြစ်လေ၏။

စံဖဲကို ၁၂၉၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် (၁၀) ရက် အင်္ဂါနေ့တွင် သာစည်မြို့နယ်၊ ဂုံညင်းနွယ်ဘွဲ့ခြားရွာ၌ အဘဦးဘိုးသိန်း၊ အမိဒေါ်စံမယ်တို့မှ မွေးဖွားခဲ့သည်။ သားသမီးခုနစ်ယောက်ရှိရာ စံဖဲမှာ ဆဋ္ဌမမြောက်သားဖြစ်သည်။ စံဖဲကို မွေးဖွားပြီးနောက် သာစည်မြို့နယ် အရှေ့ဘက် မဲတောရွာသို့ ပြောင်းရွှေ့ခဲ့သည်။ စံဖဲ၏ယောက်ဖကိုလုံးသည် သာစည်မြို့၊ သားရေကုမ္ပဏီပိုင်ရှင် မစ္စတာတရစ်ထံတွင် အလုပ်လုပ်သည်။ စံဖဲအား ကိုလုံးက ခေါ်ထားသည်။ မစ္စတာတရစ်က စံဖဲကို

www.burmeseclassic.com

www.burmeseclassic.com



မွေးစားထားသည်။ စံဖဲအမည်မှ မောင်မောင်အမည်သို့ ပြောင်းသွားသည်။ သို့သော် စံဖဲဟုသာ အမည်တွင်သည်။

စံဖဲကို သားရေကုမ္ပဏီပိုင်ရှင် မစ္စတာတာရစ်က အမဲလိုက်ရာခေါ်၍ သေနတ်ပစ်သင်ပေးသည်။ စံဖဲသည် လက်ဖြောင့်သေနတ်သမားဖြစ်သည်။ စံဖဲသည် မဲတောရွာမှ ဦးစံလှ + ဒေါ်မယ်လှတို့၏သမီး မသိန်းရင်နှင့် အိမ်ထောင်ကျသည်။ မသိန်းရင်ကို မဲတောသူကြီးဦးရာပိုင်၏သား ငပုဆိုသူကလည်း တစ်ဖက်သတ်ကြိုက်နေသူဖြစ်သည်။ မသိန်းရင်ကို စံဖဲရယူသွားသဖြင့် စံဖဲအပေါ် မကျေမနပ်ဖြစ်နေသူ ဖြစ်သည်။

သာစည်ဓားပြမှုတစ်ခုတွင် ရှမ်းတူမီးသေနတ်တစ်လက်ဖမ်းဆီးရမိသည်။ ထိုသေနတ်မှာ သားရေကုမ္ပဏီပိုင်ရှင် မစ္စတာတာရစ်အိမ်မှ ပျောက်သွားသော သေနတ်ဖြစ်သည်။ ဤတွင်ငပုက နယ်ချဲ့ပုလိပ်နှင့်ပေါင်းကာ စံဖဲအား မသင်္ကာမှုဖြင့် ချောက်တွန်း၍ ထောင်ခြောက်လချလိုက်သည်။ စံဖဲ ပထမအကြိမ်မတရားခံလိုက်ရခြင်း ဖြစ်သည်။ ဤတွင် ငပုသည် မသိန်းရင်ကို သိမ်းပိုက်လိုက်သည်။

စံဖဲထောင်မှ လွတ်လာသောအခါ ငပုသည် အင်္ဂလိပ်အလိုတော်ရိ၊ အရာရှိဆိုးများနှင့်ပေါင်း၍ အက်တူးလူဆိုးစာရင်းဝင် ဖြစ်ရန် လာဘ်ဖန်တီးပေးပြီး စံဖဲအား ရွာတွင် နေထိုင်ခွင့်မပေးဘဲ သဲတောမြို့နယ်၊ ဆူးပန်းကျေးရွာသို့ အက်တူးစာရင်းဝင် လူဆိုးကြီးအဖြစ် အပို့ခံလိုက်ရပြန်သည်။ ၁၉၂၆ ခုနှစ်ဒီဇင်ဘာလ (၃) ရက်နေ့က ရာဇဝတ်အုပ်ဦးညီမောင်သည်



သာဂရသူကြီး ဦးလာဘအိမ်တွင် သာဂရရွာ ရောက်နေသောစံဖဲအား ဖမ်းဆီးစစ်ဆေးသည်။ ဤတွင် ရာဇဝတ်အုပ်စားရန်ချမြပဲလော့်အား စံဖဲသည် ဆာလောင်နေသဖြင့် ယူစားရာရာဇဝတ်အုပ်ဦးညီမောင်က

“ဟိတ်ကောင်... ဒါ လူစားတဲ့အစာကွ။ မင်းလိုကောင် စားဖို့ ချထားတာ မဟုတ်ဘူး”

ဟု ချိုးနှိမ်ပြောသဖြင့် စံဖဲသည် ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်၊ နာကျည်းမှုလည်း ဖြစ်၊ မတရားတာခံရ၍ ဒေါသထွက်ကာ အနီးရှိ ငှက်ကြီးတောင်ဓားကို ဆွဲယူပြီး ဦးညီမောင်၏ ဇက်ကို ပိုင်းချီလိုက်ရာ နေရာတွင် ပွဲချင်းပြီးလေတော့၏။ အစောင့်ပုလိပ်မှာလည်း စံဖဲ၏ဓားချက်မိကာ ထွက်ပြေးသွားရသည်။ သာဂရသူကြီးက မောင်းထု၍ ရွာသားများအား စံဖဲနောက်သို့ လိုက်စေရာ စံဖဲသည် လက်ထိတ်ချွတ်၍ သာဂရရွာသားများအား လှမ်းပစ်ပေးထားခဲ့၏။ သည့်အတွက် အားလုံးသည် အထူးအဆန်းဖြစ်ကြပြီး စံဖဲသည် ‘တုတ်ပြီး၊ စားပြီးရဲမကာ သေနတ်ပင် မီးမကူး’ ဟူ၍ သတင်းထွက်လာသည်။

ထိုမှ စံဖဲသည် တောပုန်းကြီးစံဖဲဟု နာမည်ကြီးလာပြီးနယ်ချဲ့တို့ကို ကြီးစွာသော အနှောင့်အယှက်ပြုခဲ့သဖြင့် နယ်ချဲ့တို့က ဆုငွေထုတ်ပြန်ရာ ၅၀၀ဝိ/ အထိ ဖြစ်လာခဲ့၏။ နောက်ဆုံးစံဖဲကိုယ်တိုင် ငှက်ဖျားရောဂါကြောင့် အဖမ်းခံခဲ့၏။

စံဖဲကို ဗြိတိသျှအစိုးရသည် ၁၉၂၈ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့တွင် မြင်းခြံထောင်၌ ကြိုးပေးသတ်ဖြတ်ခဲ့သည်။

□

www.burmeseclassic.com

www.burmeseclassic.com



## အိမ်သစ်ဆောက်လျှင် ဘာတွေ သတိထားသင့်သလဲ

မိမိတို့ မြန်မာနိုင်ငံသားများသည် ရှေးမိဘဘိုးဘွားတို့ လက်ထက်မှစ၍ ယနေ့ထိတိုင် အိမ်သစ်ဆောက် လုပ်တော့မည်ဆိုလျှင် စည်းစနစ်တကျရှိရေး၊ မလိုလားအပ်သော ဘေးအန္တရာယ်ဆိုးများမှ ကင်းဝေးစေရေးအတွက် ဆောင်သင့်၊ ရှောင်သင့်သည်တို့ကို လမ်းညွှန်ခဲ့ကြပါသည်။ ဤသို့ အိမ်သစ်ဆောက်လုပ်သည့်အခါ အောက်ပါအချက်များကို သတိထားသင့်ကြပါသည်။

(၁) အိမ်တိုင်သည် အသစ်မဟုတ်ပါက ပန်းမဆွဲရ။

(၂) ထုပ်မစွပ်ခင် ရက်မကို မတင်ကောင်း။

(၃) ကြမ်းထက် တိုင်ကို မပိုစေရ။ (မှိုမပေါက်ပါစေနှင့်ဟု အိမ်ဆောက်ကျမ်းများ၌ ဖွင့်ဆိုထား၏။)

(၄) ကြမ်းပြင်ကို ထမ်းထားသည့် ဆင့်များအား ထောင်ထားသော ထောက်တိုင် (တိုင်တို) များသည် ကြမ်းပြင်ကို ဖောက်၍ အပေါ်မှာ အစွန်းမထွက်စေရ။

(၅) ကွန်းတိုင် (ခေါင်တိုင်) ပေါ်တွင် ငါး (အခုအခံသစ်) မတင်ရပါ။

(၆) အိမ်မဆောက်ခင် ဝင်းမခတ်ရ။ (ခြံလှောင်သည်ဟု ခေါ်၏။) အကယ်၍ ဝင်းခတ်ထားပါက အိမ်ဆောက်သောအခါ၌ ဝင်းထရံ ခေတ္တဖယ်ရှားထားပါ။

(၇) တိုင်ထူရာတွင် တိုင်အချင်းချင်း မထိခိုက်စေရပါ။

(၈) ထုပ်စွန်းထက် စံရွေး မရှည်စေရပါ။

(၉) အနောက်မြောက်အရပ်၊ အနောက်တောင်အရပ်က တံခါး မထားရပါ။

(၁၀) ဝမ်းမပေါက်စေရ (ခေါင်လျှောက်ပေါ်တွင် ခွတင်မပြီးခင် ကြမ်းကို မဖောက်ရဟု ဆိုလိုပါသည်)

(၁၁) အမျိုးမတူသော သစ်နှစ်ခုကို မဆက်ရ။

(၁၂) ကျီးမနားပါစေနှင့်။
(အိမ်စတင်ဆောက်သည်မှစ၍ အိမ်သစ်တက်ပွဲ မပြုလုပ်မီအတွင်း ကျီးသတ္တဝါများ မနားစေရပါ)

(၁၃) လင်မယားစုံတွဲများလည်း အိမ်သစ်မတက်သေးမီ အိမ်ပေါ်မှာ မအိပ်စေရ။

(၁၄) စည်မတီးစေရ။ အိမ်တိုင်ထူသောအခါတွင် ဆူဆူညံညံ မလုပ်စေရ။

www.burmeseclassic.com

www.burmeseclassic.com



(၁၅) မယိမ်းစေနှင့်။ တိုင်ကို တည့်တည့်မတ်မတ်နှင့် ထုပ်လျောက်တို့၏ ထုထည်က ပို၍ မကြီးစေရ။

(၁၆) စို့မရိုက်စေနှင့်။ အိမ်အခန်းဆီး ကာရန် ကြံတိုင်စိုက်ရာ၌ ကြံတိုင်များသည် ကြမ်းပြင်ကိုဖောက်၍ အောက်သို့ မထွက်စေရ။

(၁၇) လျှာမထွက်စေနှင့်။ ခန်းဆီးကြံတိုင်များကို ထုပ်လျောက် ထက် ကျော်၍ မထားရ။

(၁၈) ရင်မခွဲစေနှင့်။ အိမ်အလျားတိုင်း နံရံဗဟိုမှာ ခေါင်ရှိ၍ ထိုခေါင်အတိုင်း တစ်လျှောက်လုံး အိမ်ကို တစ်ဝက်စီခွဲ၍ အခန်းမကာရ။

(၁၉) အိမ်တိုင်ခေါင်း မအောင်းပါစေနှင့်။ စရွေးထုပ်ထဲ၊ လျောက်ထဲမှာ အသားအတိုအစများ မရှိစေရ။

(၂၀) ရောင်မလိုးပါနှင့်၊ တိုင်ထူပြီးမှ စရွေးမဖြတ်ရ။

(၂၁) အိမ်မျူးကြမ်းပြင် ကြန်မဝင်စေရ။ သုံးခန်းအိမ်မှာ အရှေ့ခန်းအလွတ် အနောက်နှစ်ခန်းကို ဆိုလိုပါသည်။ ထို နှစ်ခန်းရှိ အလယ်ထောက်တိုင်သည် ထုပ်ကို ထိစေရမည်။ ကြမ်းပြင်ကိုမူ မထိစေရ။

(၂၂) အိမ်တိုင်လေးတိုင် တစ်ပြိုင်နက် တွင်းမချရ။

(၂၃) လူမနေခင် အိမ်ပေါ်တွင်တက်၍ ထမင်းမချက်ရ။

(၂၄) သစ်၏အရင်းမှာ သစ်မင်းစိုက်ပါ။

(၂၅) သစ်၏အဖျားမှာ အပ်စိုက်ပါ။

(၂၆) တိုင်မ အောက်ခြေက ဘုမ္မရာဇာခံ (မြှုပ်၍) စိုက်ပါ။



အိမ်သစ်ဆောက်လုပ်သူများ အနေဖြင့် 'ရှေးထုံးလည်း မပယ်နှင့်' ဟူသော စကားကို လိုက်နာကျင့်သုံးပါက အကျိုးများဖွယ်ရာသာ ဖြစ်ပါကြောင်း။

□

www.burmeseclassic.com

www.burmeseclassic.com

## အက်ဆေး (essay) ရဲ့ သဘော သဘာဝဆိုတာ ဘယ်လိုရှိသလဲ

အက်ဆေး (essay)ဟူသော အမည်သည် ပညာရေးလောက အတွင်း၊ စာပေလောကအတွင်း၌ ဝင်ရောက်လျက်ရှိပါသည်။

အက်ဆေးကို အများအားဖြင့် 'စာစီစာကုံး' ဟူ၍ နားလည်နေကြသည်။ စာစီစာကုံးဟူသည် ကျောင်းလေ့ကျင့်ခန်းအဆင့်တွင်သာရှိ၍ စာရေးသူ၏ အတွေးအမြင်ခံစားမှုများကို ထည့်ချင်တိုင်း ထည့်ခွင့်မရပေ။ ကျောင်းသား၏ ဗဟုသုတအတွေးအမြင်တို့ကို ကိုယ်ပိုင်အရေးအသားဖြင့် အစီအစဉ်တကျ ရေးသားတတ်အောင် လေ့ကျင့်ရသည့် သဘော အလေးကဲပါသည်။

အက်ဆေးဟူသောအမည်ကို စာရေးဆရာကြီး တက်တိုး က...

"မြန်မာဘာသာ၌ မရှိသေးသော ဝေါဟာရထုံး တိုင်းခြား ဝေါဟာရဖြင့် ခေါ်ချင်သေးသည်"



ဟူ၍ အဆိုအမိန့်ပြုပြီး အသုံးပြုခဲ့သည်။ ဆရာတက်တိုး၏ 'ရွှေစင်နှင်းဆီနှင့် အခြားအက်ဆေးများ' စာအုပ်သည် ထင်ရှားလှစွာသော သာဓကဖြစ်ပေသည်။ ၁၉၈၆ ခုနှစ်တွင် စာပေဗိမာန်က ကြီးမှူး၍ အက်ဆေးစာပေ စာတမ်းဖတ်ပွဲ ပြုလုပ်ရန် စီစဉ်သောအခါ မည်သည့်အမည်ကို အသုံးပြုမည်ဟူသော ပြဿနာရှိလာသည်။ ဤတွင် အက်ဆေးကို စာတမ်းငယ်ဟူ၍ ပြန်ဆိုလျှင် အသင့်မြတ်ဆုံး ဖြစ်ဖွယ်ရှိကြောင်း မြန်မာစာအဖွဲ့၏ အကြံပေးချက်အရ "စာတမ်းငယ်စာပေ စာတမ်းဖတ်ပွဲ" ဟူ၍ အမည်တပ်ခဲ့သည်။ ယခုအခါတွင် စာတမ်းငယ်၏ ရသပါဝင်မှုကို ဖော်ညွှန်းသည့် "ရသစာတမ်းငယ်" ဟူသော အမည်ကို အများလက်ခံ အသုံးပြုလျက်ရှိသည်။ ဆရာမြသန်းတင့်၏ "နိုင်ငံတကာ ရသစာတမ်းငယ်များ" သည် ထင်ရှားသော သာဓက ဖြစ်သည်။

စင်စစ်စာတမ်းငယ်သည် ကျောင်းတွင် စာစီစာကုံးထက်များစွာ ရင့်ကျက်သော သဘောပါသည်။ စိတ်ကူးရှိသလို ကလောင်လူးလွန့်ခွင့်ရသည်။ စာတမ်းငယ်သည် ဆောင်းပါးနှင့်လည်း တူသယောင်ရှိသည်။ စာတမ်းငယ်နှင့်ဆောင်းပါးကို အဓိကခွဲခြားပေးသော အချက်မှာ ရသဖြစ်သည်။ ဆောင်းပါးက စာဖတ်သူကို သုတသက်သက် ပေး၏။ သူ့စိမ်းတရံဆံက အကျိုးလို၍ ထောက်ပြပုံမျိုး ဖြစ်သင့်ဖြစ်ထိုက်သည်ဟု ယူဆ၍ ဦးနှောက်မှ ထွက်လာခြင်းမျိုး ဖြစ်နေသည်။ အပြင်မှနေ၍ ခပ်စိမ်းစိမ်းပြောပုံမျိုး ဖြစ်နေသည်။ အကြောင်းအရာက ထင်းနေပြီး စာရေးသူက မှိန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာတမ်းငယ် (ခေါ်) အက်ဆေးကမူ စာဖတ်သူကို ခံစားစရာ ရသပေးလေ၏။ ထိုသို့ပေးရာတွင်လည်း သွေးသားရင်းချာချင်းကဲ့သို့ အတွင်းဝင်ပြီး တရင်းတနှီးပြောပုံမျိုးဖြစ်သည်။ စာရေးသူပေးသည့် အကြောင်းအရာကို ကျော်ဖြတ်ပြီး စာရေးသူကို ထင်းခနဲ မြင်နေရတတ်သည်။ စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးဟု ခေါ်ရမည့် သဘောစရိုက်သွင်ပြင် လက္ခဏာများ ပေါ်လွင်နေတတ်သည်။

စာတမ်းငယ်ဟူသည်ကား စာပေအနုပညာမှ ဖြာထွက်လာသော ရောင်စဉ်လွှာများဟု ဆိုကြ၊ တင်စားကြသည်။ စာတမ်းငယ်သည် သိမှတ်စရာအားလုံး အတွေးအခေါ်အားလုံး၊ ဝိဇ္ဇာပညာအားလုံး၊ သိပ္ပံပညာအားလုံးကို သူ့နယ်ပယ်တွင်းသို့ သွင်းပြီး ရောင်စုံယှက်ဖြာနေသည့် သဘောကို ဆိုလိုခြင်းဖြစ်ပေလိမ့်မည်။ စာတမ်းငယ်သည် ဆရာဝန်၏ခွဲစိတ်ဓားကဲ့သို့ ပုဂ္ဂိုလ်ရေးဘက် အေးစက်စက်နိုင်သည့်နည်းတူ၊ အချစ်ကဗျာကဲ့သို့လည်း နွေးနွေးထွေးထွေး ပုဂ္ဂိုလ်ရေးဆန်နိုင်သည်ဟူ၍လည်း အဆိုအမိန့်ရှိပြန်ပါ၏။ စာတမ်းငယ်တစ်ပုဒ်ကို နာရီဝက်အတွင်း ဖတ်နေရသည့် အတွေ့အကြုံကို ဆရာတိုက်စိုးက–

"အဖော်တစ်ယောက်နှင့် အေးအေးလူလူ ထိုင်ကာ သူ့စကားကို နားထောင်နေရသည်နှင့် တူသည်ဟု ဆိုရတော့မည်။ ထိုအခါ ဝမ်းမြောက်ရွှင်လန်းစရာများ၊ လောကီဘုံသားတို့၏ ခွင့်လွှတ်စရာ အပြစ်အနာအဆာလေးများ မတော်မတဲ့ ဟာသအကွက်များကို မိမိလည်း အက်ဆေး (စာတမ်းငယ်) ဆရာနှင့်အတူ ကြားရ၊ မြင်ရ၊ ခံစားရသကဲ့သို့ ဖြစ်ကာ ပီတိပွားရလေသည်"

ဟူ၍ ဥပမာပေးထားလေသည်။

အက်ဆေး (essay) ခေါ် စာတမ်းငယ်သည် ရသစာပေပုံသဏ္ဌာန်တစ်ရပ်အဖြစ် ၁၆ ရာစုမှစ၍ ပေါ်ထွန်းလာခဲ့ကြောင်း၊ ခေတ်အဆက်ဆက် ဖွံ့ဖြိုးလာခဲ့ကြောင်းကို လေ့လာတွေ့ရှိရပေသည်။

❐



www.burmeseclassic.com

www.burmeseclassic.com

## ဥပုသ်သည်တွေ နေ့လွဲညစာ ဘယ်အချိန်မှာ စားရသလဲ

'ဝိကာလဘောဇန' တည်းဟူသော သိက္ခာပုဒ်သည် ဥပုသ်သည်တို့အတွက် အထူးပင် ခက်ခဲသော သိက္ခာပုဒ်ဖြစ်၏။ နေ့စဉ် မနက်တိုင်း၊ ညတိုင်း စားနေကျဖြစ်ရာမှ ဥပုသ်စောင့်သောနေ့တွင် ညစာ မစားရသဖြင့် အခက်အခဲတွေ့ရတတ်ပါ၏။

ဤတွင် ဝိကာလဘောဇနဌ် 'ဝိကာလ' မှာ နေ့လွဲအခါဖြစ်ပြီး... 'ဘောဇနာ' မှာ စားသောက်ခြင်းဖြစ်၏။ ဝိကာလဆိုရာဌ်လည်း ကာလ – စားသင့်သောအခါ၊ ဝိ – မဟုတ်ဟု အဓိပ္ပာယ်ရသည့်အတွက် ဝိကာလ – မစားသင့်သောအခါဟု အဓိပ္ပာယ်ထွက်လေ၏။ ထို ဝိကာလ၊ မစားသင့်သောအခါဟူသည် နေ့လယ်မွန်းတည့် (၁၂:၀၀) နာရီမှစ၍ ထိုနေ့ ညနေပိုင်း၊ ညပိုင်း နောက်နေ့ အရုဏ်တက်သည့် အချိန်တိုင်အောင် ထမင်း၊ ဟင်းလျာတို့ကို မစားသောက်ရပေ။



အချို့အချို့သော ဥပုသ်သည်တို့မှာမူ ဝိကာလဘောဇနသိက္ခာပုဒ်ကို ခက်ခဲပင်ပန်းစွာ ထိန်းသိမ်းစောင့်စည်းပြီး နောက်တစ်နေ့ နံနက် (၄)နာရီထိုးသောအခါ အရုဏ်တက်ပြီဟူ၍ မှတ်စွဲလျက် စားသောက်မိတတ်ကြသည်။ ဤတွင် တစ်ညလုံး အဆာခံ စောင့်ထိန်းခဲ့သော ဝိကာလဘောဇနသိက္ခာပုဒ်မှာ မိနစ်ပိုင်းလေး အလိုကျကာမှ ကျိုးပျက်သွားရတော့သည်။ ထိုအဖြစ်ကို ဥပုသ်သည် အများစုမှာ မသိရှိကြပေ။

စင်စစ် အရုဏ်ဟူသည် အစောဆုံးတက်သောလဖြစ်စေကာမူ (၄း၃၀) နာရီကျမှသာလျှင် တက်၏။ ထို့ထက်စောသောလ မရှိပေ။ ထိုအချက်ကို အချို့သော ရဟန်းသာမဏေများပင်လျှင် မသိကြပါပေ။ သို့ဖြစ်၍ မဟာစည်ဆရာတော်ဘုရားကြီးက–

"တစ်နေ့လုံး၊ တစ်ညလုံး မစားဘဲ ရှောင်ကြဉ်လာခဲ့ပြီးမှ အရုဏ်တက်ခါနီး တစ်နာရီခန့်၊ နာရီဝက်ခန့်အတွင်းမှာ စားသုံးမိလို့ အာပတ်သင့်ရတယ်ဆိုရင် တစ်နေ့လုံး၊ တစ်ညဥ့်လုံး ရှောင်ကြဉ်ထားခဲ့တာတွေဟာ အလကားလိုဖြစ်သွားတယ်။ ဝမ်းနည်းစရာပဲ"

ဟု မိန့်တော်မူခဲ့ဖူးသည်။

အရုဏ်တက်ချိန်ဟူသည်မှာ တစ်လနှင့်တစ်လ မတူညီကြ (၁၀) မိနစ်ကွာသွား၏။ အစောဆုံး အရုဏ်တက်သောလ ... ဝါဆိုလဖြစ်၏။ (၄း၃၀) နာရီတွင် အရုဏ်တက်၏။ နောက် ... ၌ (၁၀) မိနစ်စီ နောက်ကျသွား၏။ ထို့ကြောင့် ဝါခေါင် ... ၌ (၄း၄၀) နာရီ၊ တော်သလင်းလ၌ (၄း၅၀) နာရီ၊ သီတင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်လဒ္ဒ (၅း၀၀) နာရီ၊ ဤသို့ဖြင့် ပြာသိုလသည် နောက်အကျဆုံး ဖြစ်သွားလေတော့၏။ (၅း၃၀) နာရီမှသာလျှင် အရုဏ်တက်၏။ တစ်ဖန် (၁၀) မိနစ်စီ စောလာပြန်၏။ တပို့တွဲလဒ္ဒ (၅း၂၀) နာရီ၊ ဝါဆိုလဒ္ဒ (၄း၃၀) နာရီပြန်ဖြစ်သွားလေ၏။

သို့ဖြစ်၍ ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်၊ ဥပုသ်သည်တို့သည် အထက်ပါလများ၏ အရုဏ်တက်သည့် နာရီ၊ မိနစ်ချိန် ရောက်မှသာလျှင် ဆွမ်း၊ အာဟာရတို့ကို စားသောက်ရ၏။ ထိုအချိန်မတိုင်မီ စားသောက်ပါက အဆိုပါသိက္ခာပုဒ် ပျက်ယွင်းရလေ၏။ ဤတွင် မဟာစည်ဆရာတော်ကြီးကပင်–

"ဒါပေမဲ့ ရှင်ရဟန်းများ၊ သာမဏေ၊ ဥပုသ်သည်များမှာ ထိုအချိန်ထက် (၅) မိနစ်၊ (၁၀) မိနစ်ခန့် နောက်ကျပြီးမှ စားသုံးလျှင် သာပြီး သံသယကင်းဖွယ် ရှိပါတယ်"

ဟူ၍ သတိပေးတော်မူပါသည်။ မှန်ပါသည်။ ဝါဆိုလ (၄း၃၀) နာရီ အရုဏ်တက်နေရာမှ ဝါခေါင်လ (၄း၂၀) နာရီ အရုဏ်တက်ချိန်သို့ ဝုန်းခနဲ ရွေ့လျားသည် မဟုတ်ပါ။ နေ့စဉ် နည်းနည်း၊ နည်းနည်း… မိနစ်များ၊ စက္ကန့်များ ကွာခြားသွားနေသည်ကို သတိပြုခြင်းဖြင့် ရဟန်း၊ သာမဏေ၊ သီလရှင်များ သာမက ဥပုသ်သည်များပါ နေ့လွဲညစာအား မည်သည့်အချိန်တွင် စားသောက်သင့်သည်ကို သဘောပေါက်လိမ့်မည်ဟု ယူဆပါသည်။

❐

## မိုးငြိမ်းကိုးကားမှုများ


၁။ ကမ္ဘာလူသားတို့ စဉ်းစားဖွယ်
(ဆရာကြီး ရွှေဥဒေါင်း)

၂။ ကလျာမဂ္ဂဇင်း
(၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ် ၂၀၂)

၃။ ကေတုမတီ တောင်ငူရာဇဝင်

၄။ ကိုလိုနီခေတ် မြန်မာ့သမိုင်း အဘိဓာန်
(မြဟန်)

၅။ ကုန်းဘောင်ရာဇဝင်

၆။ ကြိုးစင်ပေါ်မှ ဂျူနီဦးစော
(ရဲဘော်ကျော်ဆန်း)

၇။ ဂန္ဓလောက မဂ္ဂဇင်း
(၁၉၃၅ ခုနှစ်၊ မေလ)


www.burmeseclassic.com

www.burmeseclassic.com



**၈။ ဂန္ဓာရီ မဂ္ဂဇင်း**
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ)
**၉။ ဋ္ဌတာရီ မဂ္ဂဇင်း**
(၂၀၁၂ ခုနှစ်၊ ဇွန်လ)
**၁၀။ စကားပြေအရေးအသားနှင့် သဒ္ဒါ**
မေမြို့မိုးကြည်
(မြန်မာစာပေ စစ်တမ်း)
**၁၁။ စံမြင့်မှတ်စု**
**၁၂။ စာဏကျနီတိကျမ်း**
(အရှင်ပဏ္ဍိတမထေရ်၊ ဟံသာဝတီတိုက်ထုတ်)
**၁၃။ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်ကြီး**
သုဒဿနစာစောင် (ပဲခူးမြို့မှ ထုတ်ဝေသည်)
**၁၄။ တိုးတက်ရေးမဂ္ဂဇင်း**
**၁၅။ ဒီလှိုင်းဂျာနယ်**
အမှတ် (၁၄)၊ (၂၃.၄.၂၀၁၂)
**၁၆။ နှစ် ၅၀ ပြည့် စာပေလှုပ်ရှားမှု ကနဦး အမှတ်တရ**
တက်တိုး
(စာပေဂျာနယ်၊ အမှတ် ၃၊ ၁၉၈၉ ခုနှစ်)
**၁၇။ ပညာရှိများအကြောင်း**
(မော်ဘီ – ဆရာသိန်းကြီး)
**၁၈။ ပထမအင်္ဂလိပ် – မြန်မာ အဘိဓာန်ဆရာ**
(မင်းယုဝေ)



**၁၉။ ပုဂံသားနှင့် အသုံးအနှုန်း**
(တိုက်စိုး)
**၂၀။ ပုဂံသားဂျာနယ် (အမှတ် – ၄)**
**၂၁။ ပြည်သူ့အသံ – သတင်းစာ**
(၁.၅.၁၉၄၆)
**၂၂။ ဖက်ဆစ်မှတ်တမ်း**
တိုက်စိုး
(မြန်မာစာပေ မိတ်ဖွဲ့)
**၂၃။ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ**
**၂၄။ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့မှတ်တမ်း**
(ယဉ်မျိုး – စာအုပ်တိုက်)
**၂၅။ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ (၁၉၄၅ – ၁၉၄၇)**
ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁ ခုနှစ်။
**၂၆။ ဗုဒ္ဓဘာသာဝင်တို့၏ အစ, အလယ်, အဆုံးနှင့် ဓမ္မ ဆောင်းပါးများ**
(ဘိုကလေးအရှင်ပဏ္ဍိတ၊ ဓမ္မာစရိယ M.A Dip Eng, သီရိလင်္ကာ)
**၂၇။ မလိခ ပြဓာတ်အညွှန်း**
**၂၈။ မဟာဓေယျ အတုလမာရဇိန် ကြေးသွန်းဘုရားကြီး၊ ရာပြည့် သမိုင်းမော်ကွန်း**
**၂၉။ မင်္ဂလာပါ... ၂၀၁၂**
မော်ဝန်းကြည်မြတ်
(အကျိုးဆောင်ဂျာနယ်၊ ၅.၁.၂၀၁၂)

www.burmeseclassic.com

www.burmeseclassic.com



၃၀။ မင်းလှစံတာပ်ကြီး၏ သမိုင်းပုံရိပ်
မကွေးလှမြင့်
(၅.၉.၂၀၁၂၊ ကြေးမုံသတင်းစာ)

၃၁။ မြတ်ဘုရားရွှေတိဂုံနှင့် အုံ့ဖွယ် ၂၀ ပါး
(ညွှန့်မောင်ဦး)

၃၂။ မြန်မာ့ရိုးရာ အိမ်ခြံမြေ နည်းပညာ
(သုဂတဝေသီ သန်းဦး)

၃၃။ မြန်မာအမျိုးသမီး
စောမုံညင်း
(၁၇.၃.၁၉၅၂၊ မြန်မာ့အလင်းသတင်းစာ)

၃၄။ မြတ်ပန်းရဂုံမဂ္ဂဇင်း
(၂၀၁၂ ခုနှစ်၊ ဧပြီလ)

၃၅။ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ အာသနပလ္လင်တော်နှင့် ဝါဟနစီးတော်ယာဉ်များ၊
(ဆရာကြီး စပ်ထွန်းမှတ်ဝင်း)

၃၆။ မြန်မာ့စွယ်စုံကျမ်း
(အမှတ် ၂/၁၅)

၃၇။ မြန်မာ့စွယ်စုံကျမ်း အနှစ်ချုပ်
(၂၀၀၇ ခုနှစ်)

၃၈။ မြန်မာအဘိဓာန် အကျဉ်းချုပ်

၃၉။ မြန်မာဝတ္ထုရှည် နှစ် ၁၀၀ ခရီး
(ဦးအေးချို၊ မဟာဝိဇ္ဇာ)



၄၀။ မြန်မာစာပေ ညွှန်စာတမ်း
(ဒေါက်တာ လှဘေ)

၄၁။ မှတ်မိသေးတယ် ဂျပန်ခေတ်ဆေးရုံကြီးဝယ်
(ဝဏ္ဏကျော်ထင် ဒေါက်တာမြင့်ဆွေ)

၄၂။ ရတနာ့ဘုံခွန်မဂ္ဂဇင်း
(၂၀၁၂ ခုနှစ်၊ ဇူလိုင်လ)

၄၃။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ
(မွေ့ာစရိယ ဦးဌေးလှိုင်)

၄၄။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ တိုးတက်ဖွံ့ဖြိုးရေး
ဦးစီးဌာန နှစ်လည်မဂ္ဂဇင်း (၂၀၁၂ ခုနှစ်)

၄၅။ ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ
(သန်းဝင်းလှိုင်)

၄၆။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန
နှစ် ၆၀ ပြည့် အထိမ်းအမှတ် စာစောင် (၂၀၀၁ ခုနှစ်)

၄၇။ ရုပ်ပြဗဟုသုတဘဏ် (အတွဲ – ၄)

၄၈။ ရှေးခေတ်စာဆိုများနှင့် လောကဝတ်အစဉ်အလာ
(ပါမောက္ခဦးချမ်းမြ)

၄၉။ ရောင်ပြန်မဂ္ဂဇင်း
(၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ)

၅၀။ ရွှေတိဂုံစေတီတော်ဝန်းကျင် အထင်ကရ ဝိုမာန်များ
(တင်နိုင်တိုး)

www.burmeseclassic.com

www.burmeseclassic.com



၅၁။ **လယ်တီဆရာတော်ဘုရားကြီး၏ အန္တ ရာယ်ကင်း တံဆိပ်တော်**
ရှင်ဣန္ဒြေဘာသ
(ဘုန်းရောင်ဂျာနယ်၊ ၁၄.၉.၂၀၁၂)
၅၂။ **လူတို့ကျင့်ဖွယ် အသွယ်သွယ်**
(ဘဒ္ဒန္တ ဝါယမ)
၅၃။ **လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်**
– တင်မိုး
(မြန်မာစာပေစစ်တမ်း)
၅၄။ **လွတ်လပ်မှုနှင့် ငြိမ်းချမ်းရေးကိုသာ မျှော်လင့်ခဲ့သည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း**
(စောကျော်အေး – ပန်းဘဲတန်း)
၅၅။ **လှို့ဝှက်သော မြန်မာများ**
မောင်တင်အုန်း
(ပညာလောက စာစောင်)
၅၆။ **သခင်ကိုယ်တော်မှိုင်းစာ၊ သခင်ကိုယ်တော်မှိုင်း ဘဝ**
(မောင်တင်ရွှေ)
၅၇။ **သမီးသားတို့အတွက် မိဘမေတ္တာ**
(တက္ကသိုလ်သျှင်သီရိ + ဓမ္မာစရိယ၊ ဘီအေ)
၅၈။ **သတင်းလောကကို ဖြတ်သန်းခြင်း**
(ဖိုးဥဘဏ်)



၅၉။ **သာယာဝတီဂဠုန်ဦးစော နောက်ဆုံးနေ့**
ဦးသန်းမြင့်
(အိုးဝေဂျာနယ်၊ ၁၅.၇.၁၉၇၁)
၆၀။ **သတင်းစာလောက**
(ဆရာမကြီး ဒေါ်ခင်မျိုးချစ်)
၆၁။ **သတင်းစာဂျာနယ်**
(၁၄.၉.၂၀၁၂)
၆၂။ **အတွေးအမြင် (၁၀၇)**
(၁၉၉၅၊ ဇန်နဝါရီလ)
၆၃။ **အလင်္ကာဝတ်ရည်ဂျာနယ်**
(အမှတ် – ၂၁၊ မတ်လ – ၂၄၊ ၂၀၀၆ ခုနှစ်)
၆၄။ **အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ**
(နာဂလိုဏ်ဂူဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသ)
၆၅။ **အုပ်ရေတစ်သိန်း ရိုက်ရသောစာအုပ်**
– မင်းချစ်
(Hot News – ဂျာနယ်)

❒

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ငြိမ်းချမ်းရေး ဖခင်ကြီး

# ဆရာကြီးသခင်ကိုယ်တော်မှိုင်း

နန္ဒာမိုးကြယ် ပြုစုသည်။

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၁၆၅၀၅၁၂

ဖြန့်ချိရေး - မြတ်ပန်းရဂုံစာပေ
အမှတ် (၁၉၄)၊ ၂၉လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၃၉၄၄၅၀၊ ၁၉ ၅၁၅၅၅၇၄၃

## သိမှတ်ဖွယ်ရာ

# မြန်မာ့လျှို့ဝှက်ချက် ၁၀၀

နန္ဒာမိုးကြယ် ပြုစုသည်။

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၁၃၇၁၀၁၀

ဖြန့်ချိရေး - မြတ်ပန်းရဂုံစာပေ
အမှတ် (၁၉၄)၊ ၂၉လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၃၉၄၄၅၀၊ ၀၉ ၅၁၅၅၅၇၄၃

www.burmeseclassic.com